
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ပရိသတ်များအတွက်

ထာဝရအမှတ်တရ...

မယ်မင်းဘုံ



မောင်ကျော်လှိုင်

# စေတနာ

စာပေ

Ph - 01 382163

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ

4 in 1

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ် (၅၉) ၁၉–လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

အမှတ် (၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

မယ်မင်းဘုံ ၈၉၅- ၈၃

4 in 1 ၊ မယ်မင်းဘုံ၊ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

၂၈၀-စာ၊ ၅×၇

4 in 1

www.burmeseclassic.com

www.burmeseclassic.com



# စေတနာ့စာပေ၏

## အမှတ်တရအစီအစဉ်

Sunday
28.7.2013

To

Dear Ma Ma Min,

နုနုက ဝတ္ထုဆိုတာ တက္ကသိုလ်ရောက်မှ ဖတ်ဖူးတာပါ။ စာရေးဆရာမတွေလည်း အများကြီးဖတ်ဖူးပါတယ်။ မမင်းရဲ့အရေးအသားတွေက အားလုံးထဲက ခွဲထွက်နေတယ်။

စကားလုံးလေးတွေက ခေတ်ဆန်တယ်။ မမဆီမိတ်ဆက်စာရေးရင်း အကြံပြုချင်တာလေးရှိလို့ အကြံပြုလိုက်ပါရစေ။ ပထမဦးဆုံး မိတ်ဆက်စာဆိုတော့ အမှားပါရင် ခွင့်လွှတ်ပေးပါနော်။ မမင်းရဲ့ "ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ" စာအုပ်ထဲက စကားလုံးလေးတွေကအရမ်းမိုက်တယ်။ တက္ကသိုလ်ကျောင်းသူကျောင်းသားတွေရဲ့ အကြောင်းတွေကို မမမင်း ရေးတာ အရမ်းကွက်တိဖြစ်နေတယ်။ ဒါပေမဲ့ ဟိုတုန်းက တက္ကသိုလ်ကျောင်းသူ/သားတွေပဲ ကျူတိုရီရယ်မှာကူးလို့ရတယ်။ အခု နုနုတို့တွေက ကူးလို့မရတော့ဘူး။ အလွတ်ဖြေရတာပါ။ အလကား နောက်တာနော်။ မမင်းကို အမြဲအားပေးနေပါတယ်။ မမရဲ့စာအုပ်တော်တော်များများကိုလည်း ကြိုက်ပါတယ်။ နုနုလည်း စာရေးတာ ဝါသနာပါတယ်။

မမမင်းကို စာပေလောကရဲ့ အစ်မရင်းတစ်ယောက်အနေနဲ့ ခင်မင်ပါရစေ။ ဒီလိုနောက်လို့ မမင်း စိတ်မဆိုးဘူးဆိုရင် ပြန်စာရေးပေးပါ။ ပြန်စာမှာ မမမင်းရဲ့ဓာတ်ပုံ၊ ဖုန်းနံပါတ်နဲ့ မမမင်းအကြောင်းကိုလည်း ရေးပေးပါနော်။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မမမင်းရဲ့အချိန်တွေကို အနှောင့်အယှက်ဖြစ်အောင် Phone ခဏ ခဏ မဆက်ပါဘူး၊ ခင်ခွင့်ရရုံလေးပါ။

သြော် ... မမမင်း ကျောင်းတွေက ပိတ်တော့မှာမို့လို့ ပြန်စာလေးကို မြန်မြန်လေး ရေးပေးပါနော်။ မရမှာစိုးလို့ပါ။

ဟဲ ဟဲ ... မမမင်းရဲ့အောင်မြင်မှုကို ဂုဏ်ယူရင်းနဲ့ ပြန်စာကို မျှော်နေမယ်နော် မမမင်း။

စာပေလောကမှာ ဒီထက်မက အောင်မြင်မှုတွေ ရပါစေလို့ ဆုတောင်းရင်းနဲ့ ...

ချစ်မမမင်းရဲ့

ညီမလေး(သို့)ပရိသတ်တစ်ဦး

**ဆုမွန်မွန်အောင်**
ဒုတိယနှစ်–ဂုဏ်ထူးတန်း(သမိုင်း)
မုံရွာတက္ကသိုလ်

**နှနှ**
First year (law)
စစ်ကိုင်းတိုင်းဒေသကြီး
မုံရွာမြို့



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်း မင်္ဂလာပါ ...

ညီမလေး ဒုတိယအကြိမ် မိတ်ဆက်စာရေးလိုက်တာပါ။ မမရဲ့စာအုပ်တွေကို အရမ်းကြိုက်ပါတယ်။ ကြိုက်လို့လည်းအမြဲတမ်းဖတ်မိတယ်။ ယခုလထွက်တဲ့ နှလုံးသား Hacker ကို အရမ်းကြိုက်တယ်၊ နာမည်လေးတွေကလည်း တစ်ခုနဲ့တစ်ခု မထပ်ဘူးနော်။ မမရဲ့ idea အရမ်းကောင်းတယ်၊ ယခုထွက်မဲ့ စာအုပ်လည်း ဘယ်လိုစာအုပ်ဇာတ်လမ်း ပုံစံလေး ဖြစ်မလဲ မသိဘူး။ တွေးပြီးပျော်ရွှင်မိတယ်၊ မမတစ်ယောက် ပျော်ရွှင်မှုတွေနဲ့အတူ ဒီထက်မက စာတွေကို ရေးသားနိုင်ပါစေ။

အမြဲထာဝစဉ်စောင့်မျှော်အားပေးလျက်ပါ။

မမမယ်မင်း ညီမလေး ဇာတ်ပုံ(၁)ပုံလောက် တောင်းပါရစေ။

**မအိအိမွန်**
မုံကွေးတိုင်း
ရေနံချောင်းမြို့
ရေခဲစက်ရပ်ကွက်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေး

## အမှတ်တရအစီအစဉ်

သို့

ညီမလေး မယ်မင်းဘုံ

ပဌမအကြိမ် ထပ်မံစာရေးလိုက်ပါတယ်။ ညီမလေးရဲ့ နှလုံးသား Hacker စာအုပ်လေးကို ဖတ်ပြီးသွားပါပြီ။ အရမ်းကောင်းပါဝသယ်။ စိတ်ကူးလေးတွေက တစ်မျိုးပြီးတစ်မျိုး ဆန်းတယ်နော်။ ညီမလေးက အရမ်းတော်တယ်နော်။ အစ်မ ... ညီမလေးကို အားကျတယ်။ လေးစားတယ်ဆိုတာ ညီမလေးယုံနော်။

ညီမလေး ဒီထက်မက အောင်မြင်ပါစေလို့ အမြဲ ဆုတောင်းပေးနေပါတယ်။

ဇာတ်ကောင်လေးတွေရဲ့ နာမည်လေးတွေကလည်း အရမ်းလှတယ်နော်၊ အမြဲအားပေးနေပါတယ်။

**ယွန်းနန္ဒီသူရိန်**
မကွေးတိုင်း
ရေနံချောင်းမြို့
ရွာသစ်ရပ်ကွက်



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါမမယ်မင်း

ညီမက မမယ်မင်းရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ ညီမက မမယ်မင်းကို ဆယ်ကျော်သက်ဂိမ်းဆိုတဲ့ နာမည်နဲ့တွဲပြီးသတိထားမိသွားတာပါ။ အဲဒီနောက်ပိုင်း မမယ်မင်းရဲ့ စာအုပ်တွေကိုဖတ်ဖြစ်သွားတာပါ။ မမယ်မင်းရဲ့ fancy ဆန်တဲ့ ဘမ်းစကားတွေ ကဗျာလေးတွေကို အရမ်းကြိုက်တယ်၊ မမယ်မင်းက ချောတယ်လို့ ပြောတယ်။

ညီမလေးဇာတ်ပုံ မမြင်ဖူးတော့ သူများပြောတာပဲနားဆောင်ရတာ ... ညီမလေးကို မမယ်မင်းရဲ့ ဓာတ်ပုံတစ်ပုံထည့်ပြီးပြန်ပေးပါလား အစ်မ။

မမယ်မင်း အောင်မြင်တဲ့ စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ညီမ ဆုတောင်းပေးလိုက်ပါတယ်။

မမယ်မင်းကို အစဉ်အားပေးလျက် ...

**မသင်းသင်းမော်**
No. 160 ဓီဇဝါ(၂)လမ်း
၂-ရပ်ကွက်
မြောက်ဥက္ကလာပ

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ ...

မင်္ဂလာပါနော် ... ညီမလေး တတိယအကြိမ် မိတ်ဆက်စာရေးတာပါ။ မမမယ်မင်းဘုံ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများစွာဖြင့် စာတွေအများကြီး ရေးနိုင်ပါစေလို့ ညီမလေး ထာဝရဆုတောင်းပေးနေပါတယ်။

မမရဲ့ ဒီလထွက်တဲ့ နှလုံးသား Hacker စာအုပ်လေးက အရမ်းကောင်းတယ်နော်။

မမ တစ်လထက်တစ်လ စာရေးတာ ပိုပြီးကောင်းလာတယ်လို့ ညီမလေး ထင်ပါတယ်။ တကယ်လည်း တော်တယ်။

ညီမလေးက မမကို မြှောက်ပြောတာ မဟုတ်ဘူးနော်။ မမက အရမ်းတော်နေလို့ ညီမလေးက မချီးကျူးဘဲကို မနေနိုင်အောင်ဖြစ်ရတာပါ။

မမ နောင်ကိုလည်း ဒီထက်ပိုပြီး စိတ်ဝင်စားဖို့ကောင်းတဲ့စာတွေ အများကြီး ရေးပါလို့ ညီမလေး တောင်းဆိုပါရစေ။

ဒါပဲနော် မမ ... မမ နောက်လထွက်မယ့်စာအုပ်ကိုလည်း မျှော်နေမယ်။ ညီမလေးကို ဓာတ်ပုံ(၁)ပုံလောက် ပေးပါဦးနော်။

**ပေရယ်ဖူး(ခ)ဖူးဖူး**
ရှမ်းတဲကြီးအထက်ကျေးရွာ
လှည်းကူးမြို့နယ်



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

ညီမလေးရေ ...

ညီမလေးရဲ့အရေးအသားတွေက တစ်အုပ်ထက်တစ်အုပ် ပိုပိုမိုက်လာတယ်။ ဒီလထွက်တဲ့"ကွန်းခိုဖြစ်သောမျက်ဝန်းဆီ"စာအုပ်ကလည်း အရမ်းကောင်းပါတယ်။

ဓာတ်လမ်းတည်ဆောက်ပုံကိုလည်း အရမ်းကြိုက်ပါတယ်။

ညီမလေးရဲ့ဓာတ်ပုံ ပို့ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

ညီမလေး ဒီထက်မက အောင်မြင်ပါစေ။

**မိုးမနှာမြင့်**
ခ/၄၅၄၊ မြရတနာ(၂)လမ်း
မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်း ...

ညီမလေး(၂၃)ကြိမ်မြောက် စာချွန်လွှာလေး ပါးလိုက်ပါတယ်။ ဒီလထွက်တဲ့ စာအုပ်လေး ဖတ်ပြီးသွားပါပြီ။ ညီမလေးက "လွှမ်း"ရဲ့ပုံစံလေး ပိုပြီးသဘောကျမိတယ်။ စာအုပ်လေးက ၂၀၁၀ က ရေးထားတာ ဆိုပေမယ့် စကားလုံးအသုံးအနှုန်းလေးတွေနဲ့ ဇာတ်လမ်းလေးက ခေတ်မီတယ် ...။

ဇာတ်လမ်းလေးက ဆွဲဆောင်မှုရှိတယ်။ စာအုပ်အဖုံး ကာဗာလေးကလည်း ခေါင်းစဉ်နဲ့ လိုက်တယ်နော်။ စာအုပ်အဖုံးလှလှလေးတွေ ထည့်ထားတော့ စာအုပ်တွေကြားမှာရောပြီးနေလည်း တွေ့လိုက်တာနဲ့ မမဘုံ စာအုပ်မှန်း သိရတယ်။

ညီမလေးတို့ရဲ့မိတ်ဆက်စာတွေကို လစဉ်ထည့်ပေးတဲ့ အတွက်လည်း မမဘုံကို ကျေးဇူးတင်ပါတယ်။ မမ ညီမလေးတို့ကို ထည့်ပေးလိုက်တဲ့ ဓာတ်ပုံထဲမှာ မမ နည်းနည်းပိန်သွားတယ်နော်။ စာတွေကျက်နေရလို့လား ?။ မမ နောက်ကျရင် "အရမ်းအေးဆေးတည်ငြိမ်ပြီး လူကြီးဆန်တဲ့ကောင်လေးနဲ့ အရမ်းဂျစ်ကျပြီး ရည်းစားပွေတဲ့ကောင်မလေး" ဇာတ်လမ်းမျိုးလေးတွေ ရေးပေးပါနော် ... ဟဲ ဟဲ ... မမရဲ့ လစဉ်ထွက်မယ့် စာအုပ်တိုင်းကို စောင့်မျှော်နေမယ့်

ညီမလေး **နှင်းယောသူ**
(Super One) ရွှေဘုံသာ



## စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

ညီမလေး မယ်မင်းဘုံ ...

ဆဌမအကြိမ်မြောက် ထပ်မံစွာရေးလိုက်ပါတယ်။ ယခုလထွက်တဲ့ "ကွန်းခိုဖြစ်သော မျက်ဝန်းလေးဆီ"စာအုပ်ကို ဖတ်ပြီးပါပြီ။ စာအုပ်ထဲက ဇာတ်ကောင်နာမည်တွေနဲ့ အမူအကျင့်လေးတွေက အရမ်းဖတ်လို့ ကောင်းတယ်နော်။

အစ်မက ဒီလိုဇာတ်လမ်းလေးတွေကို စိတ်ဝင်စားတော့ အရမ်းကြိုက်တယ်။ ဓာတ်ပုံလေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်နော်။

ညီမလေး ဒီထက်မက အောင်မြင်ပါစေ။

**ယွန်းနန္ဒီသူရိန်**
မကွေးတိုင်း
ရေနံချောင်းမြို့
ရွာသစ်ရပ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမယ်မင်း ...

ညီမ အစ်မဆီ စာရေးတာ(၂)ကြိမ်မြောက်ပါ အစ်မ။

အစ်မရဲ့ အခုလထွက်တဲ့ "ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ"ဆိုတဲ့ စာအုပ်လေးကလည်း ဖတ်လို့ကောင်းပါတယ်။

အဲ့အထဲက "လွန်း"ဆိုတဲ့ ကောင်မလေးရဲ့အပြောအဆိုကိုလည်း ကြိုက်တယ်။

ဓာတ်လမ်းဖွဲ့ဆိုထားတာလေးလည်း မဆိုးဘူး။ ကြိုက်ပါတယ်။ နောက်လထွက်မယ့် စာအုပ်လေးကိုလည်း ဖတ်ချင်နေပြီ အစ်မရယ်။ အစ်မလည်း ရှေ့ဆက်ပြီး အောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အစ်မရဲ့ အမြဲတမ်း စာပတ်ပရိသတ်တစ်ယောက်ပါ၊
အမြဲတမ်းပါ အစ်မ။

**သင်းသင်းမော်**
No. 160 ဗိုဓေါ်(၂)လမ်း
မ/ဥက္ကလာပ



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မမယ်ရေ ...

မမယ်ရဲ့ဝတ္ထုတွေဟာ ပြောစရာမရှိအောင် ဆွဲဆောင်အား ကောင်းပါတယ်။ မမယ်ရေ ညီမ တစ်ခုတောင်းဆိုမယ်နော်။ ငယ်ရွယ်တဲ့အချိန်မှာ အချစ်ဟာ ချိုမြိန်တယ်လို့ ထင်ရပေမယ့် မပြေလည်တဲ့ဘဝကြီးမှာ ဆင်းရဲစွာရုန်းကန်နေရတဲ့ အိမ်ထောင်ရေးတွေရဲ့အကြောင်းလေးတွေ ရေးပေးပါ။ မမယ်ရဲ့စာအုပ်တွေဟာ ရုပ်ရှင်တွေဖြစ်လာတဲ့အတွက် မမယ်ရဲ့အောင်မြင်မှုကို ချီးကျူးပါတယ်။

မမယ်ရေ ... ညီမဖတ်ဖူးတဲ့ ကလောင်ရှင်များစွာတွေထဲမှာ မမယ်ဆီကို ပထမဦးဆုံးအကြိမ် စာရေးလိုက်တာပါ။

မမယ်ရဲ့ဓာတ်ပုံလေး(၂)ပုံနှင့် လက်မှတ်ကလေးပါတဲ့ ပြန်စာကို ညီမ မျှော်နေမှာပါ။

မမယ် ဒီထက်မက အောင်မြင်ပါစေ။

အခက်အခဲမရှိ အနုပညာလွင်ပြင်မှာ ထာဝရဖြတ်သန်းနိုင်ပါစေ။

မမယ်ရဲ့ပရိသတ် ...

**မခိုင်ခင်သန့်**
ဦးစောဝင်း+ဒေါ်မူမူအေး
အမှတ်(၁၃၄) ~ ပြည်တော်သာ(၁)လမ်း
ရွာကြီးကုန်းရပ်ကွက်၊ သာယာဝတီမြို့
ပဲခူးတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

မင်္ဂလာပါ ဘုံ ...

မမဘုံရဲ့ ပြန်စာဓာတ်ပုံလေးကိုလည်း ရရှိပါတယ်။

ညီမလေးကို စာပြန်ပေးလို့ ကျေးဇူးပါ မမဘုံ။

နတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း ဗီဒီယိုဓာတ်ကားလေး ဘယ်တော့လောက် ထွက်မှာလဲ၊ ကြည့်ချင်လှပြီမို့ပါ။

မမဘုံ ဖန်တီးထားတဲ့ ဓာတ်လမ်းလေးတွေကို အရမ်းကြိုက်တာပဲ။

မမဘုံ စာပေခရီးမှာ ချောမွေ့ပြီး ချစ်ခင်သူပေါများပါစေ။

ဆန္ဒဖြင့် မျှော်လင့်သူ APP
စပ်စုံထွန်းလမ်း၊ (၂)ရပ်ကွက်
ကျောက်မဲမြို့



## စေတနာစာပေ၏

### အမှတ်တရအစီအစဉ်

သို့

မမယ်ရေ ...

သူစိတ်နာတဲ့ ကြားဖြတ်အစီအစဉ်ကလည်း အရမ်းကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ပါလို့ ပြောပါရစေ။ ဖတ်လာသမျှစာအုပ်တွေထဲမှာ မူကွဲတဲ့စာအုပ်လေး တစ်အုပ်လို့ ထင်ပါတယ်။

မမယ်ရေ ... 4 in 1 ဆိုတာ ဘယ်လိုပါလိမ့်ဆိုပြီး အရမ်းဖတ်ချင်မိပါပြီ။

မမယ် အောင်မြင်မှုရရှိပါစေ။ ဒီထက်မက ...

**နိုင်နိုင်** (1st Year. Eng)
ရှမ်းတဲကြီးကျေးရွာ(အထက်)
လှည်းကူးမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ၊ မမယ်မင်းဘုံ ...

အမှတ်တရအစီအစဉ်မှာ ကျွန်တော့်ရဲ့စာလေး ပါလား လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

ကျွန်တော်လေ ဆရာမ အခုထွက်တဲ့ သူ့စိတ်နှာတဲ့ ကြားဖြတ်အစီအစဉ်လေးကို သိုပ်ကြိုက်ပါတယ်။

ဆရာမရေးတဲ့ ကဗျာလေးတွေကိုလည်း ကြိုက်ပါတယ်။ People မဂ္ဂဇင်းမှာပါတဲ့ ဆရာမရဲ့ဝတ္ထုတိုလေးလည်း ဖတ်လိုက်ရပါတယ်။ update အရမ်းဖြစ်ပါတယ် ဒီနာမည်လေးနဲ့ လုံးခြင်းလေးဖြန့်ထုတ်ရင် အရမ်းကောင်းမှာပဲလို့ အကြံပြုပါရစေ။ Exam အရမ်းနီးပြီမို့ အမြန်ဖတ်ရတယ် ဆရာမရေ။

**ရေဝတီ(ဒုနစ်–စီးပွားရေး)**
ရွှေနံ့သာရပ်ကွက်
အုတ်လမ်း
ဗဟန်းမြို့နယ်
ရန်ကုန်မြို့



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဆရာမ မင်္ဂလာပါလို့ ဦးစွာနှုတ်ဆက်ပါရစေ ...

ညီမလေးတို့မြို့မှာတော့ မမက အငှားရဆုံး စာရေးဆရာမပါ။

မမယ်မင်းဘုံရဲ့စာအုပ်တွေကို ညီမတို့လိုပဲ တခြားသူတွေကလည်း ကြိုက်ကြပါတယ်။ အခွေတွေလည်း ကြည့်ဖြစ်ပါတယ်။

အောင်မြင်ပါစေ မမယ်မင်းဘုံ။

အရမ်းအားပေးနေမှာပါ။

**ထူးထူး**
ဗိုလ်မင်းရောင်လမ်း
တောင်ပြင်ရပ်ကွက်
တောင်တွင်းကြီးမြို့

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းရေ ...

ကျန်းမာပါစေရှင်။ အောင်မြင်နေတဲ့ မမယ်မင်းကို အရမ်းအားကျချစ်ခင်ပါကြောင်း ပြောပါရစေ။

နဖူးမှာရေးဖို့မေ့တဲ့စာ အခွေလေးလည်း ကြည့်ပြီးပါပြီ။

ဝတ္ထုနဲ့ တစ်သားတည်းကျလို့ သိပ်ကောင်းပါတယ်လို့ ဂုဏ်ယူစွာဖြင့် ပြောပါရစေ။

သူစိတ်နာတဲ့ ကြားဖြတ်အစီအစဉ်ကိုတော့ အကြိုက်ဆုံးပါနော်။ မမယ်မင်းရဲ့ (၂၅)အုပ်မြောက် ငွေရတုအမှတ်တရဆိုတဲ့အတိုင်း အမှတ်တရ ရှိစေပါတယ်။

အညာသဘော်သီးလေးမိုးကြူးကိုလည်း အမှတ်တရ ပါပဲလို့။

မမယ်မင်းရဲ့ပရိသတ် ...

**နိုင်းနိုင်း**
ရေငယ်(အရှေ့)
ဘုရားကြီးလမ်း
ပြင်ဦးလွင်မြို့
မန္တလေးတိုင်း



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မယ်မင်းရေ ...

နှလုံးသား Hacker စာအုပ်လေး အရမ်းကောင်းပါတယ်။ တစ်အုပ်နဲ့တစ်အုပ်မထပ်အောင် ရေးနိုင်တဲ့ မယ်မင်းကို အရမ်းချီးကျူးမိပါတယ်။ ပျိုလေးရည်းစားမြို့ကြီးသားကလည်း သိပ်ကောင်းတာပဲ။ ခေါင်းစဉ်လေးတွေကလည်း အရမ်းဆန်းပြီး စိတ်ဝင်စားဖို့ကောင်းတာကိုက အောင်မြင်ဖို့လမ်းပါ။

ညီအစ်မတွေ အားလုံးက မယ်မင်းရဲ့ပရိသတ်ပါ။
အမြဲအားပေးနေတာယုံပါ။
ချစ်တဲ့မယ်မင်း အောင်မြင်မှုတွေ ပြည့်လျှံနေပါစေ။

ချစ်တဲ့ ...

**မိုးမိုး**
ရတနာပုံမြို့သစ်
၆-ရပ်ကွက်
ပြည်ကြီးတံခွန်
မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

ဆရာမမယ်မင်းဘုံ ...

ညီမက ဆရာမ်ရဲ့ပရိသတ်ပါ။ နှလုံးသား Hacker ကို သိပ်သဘောကျမိပါတယ်။ ထွက်သမျှစာအုပ်လေးတွေကို အကုန်ဖတ်ပါတယ်။

ခေါင်းစဉ်နှင့် ဇာတ်သိမ်း တစ်ထပ်တည်းကျအောင် ရေးသားနိုင်တဲ့ ဆရာမကို လေးစားပါတယ်။ နောက်ထပ်လည်း ဇာတ်လမ်းကောင်းလေးတွေ ရေးသားနိုင်ပါစေ။

**အေးစိမ့်**
စကားဝါလမ်း
နှယ်အေးရပ်ကွက်
ဒေါပုံ



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်းဘုံ ...

အစ်မရဲ့ပြန်စာကို ရရှိပါတယ်။ အစ်မက အရမ်းသဘောကောင်းပြီး မာနမကြီးတတ်သူနော်။ အစ်မရဲ့ထွက်ရှိလာမယ့် စာအုပ်လေးတွေကိုလည်း အမြဲမျှော်လင့်နေပါတယ်။

ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ ဝတ္ထုလေးကိုလည်း သိပ်ကြိုက်ပါတယ်။ တက္ကသိုလ်တက်နေတဲ့ ကျောင်းသားတွေရဲ့တကယ့် အဖြစ်တွေအတိုင်း ရေးသားနိုင်တာ ကျေးဇူးပါ။

အစ်မရဲ့ Fancy ဆန်တဲ့ အရေးအသားလေးတွေရယ်၊ ဆမ်းစကားလေးတွေရယ်ကို သိပ်ကြိုက်ပါတယ်။ အစ်မရဲ့ပြန်စာကိုလည်း တန်ဖိုးထား သိမ်းထားပါတယ်။

**ထူးထူး**
(၂၈)လမ်း၊ ၈၁ x ၈၂ လမ်းကြား
ချမ်းအေးသာဇံမြို့နယ်
မန္တလေးမြို့

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

သို့

ချစ်တဲ့ မမမယ်မင်းဘုံ ...

ဒါဟာ ပထမဆုံးမိတ်ဆက်စာဖြစ်တာမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမဆီကို စာရေးဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့ပေမယ့် မရေးဖြစ်ခဲ့ပါဘူး။ ဒီတစ်ခါတော့ သေသေချာချာကို စာကြည့်စားပွဲမှာ ထိုင်ပြီး စိတ်နှစ်ကာ ရေးလိုက်ပါတယ်။

သမီးက ရွှေအင်ကြင်းကျော်ပါ။ ရတနာပုံတက္ကသိုလ်မှာ English မေဂျာ ယူထားပါတယ်။ မမရဲ့စာအုပ်တွေထဲက ဇာတ်ကောင်မင်းသမီးတွေလို သွက်လက်ထက်မြက်စွာ အခက်အခဲတွေကို ကျော်လွှားနိုင်သူအဖြစ် နေနိုင်အောင် အမြဲစိတ်ကူးယဉ် ကြိုးစားနေသူပါ။ မမဝတ္ထုတွေကို ဖတ်ရတာ အရမ်းအားရှိပါတယ်။ အမြဲတက်ကြွစေပါတယ်။ မမရဲ့စာတွေမှာ မမရဲ့စာဖတ်ပရိသတ်အပေါ်ထားတဲ့ စေတနာကိုလည်း မြင်တွေ့ရပါတယ်။ မမက အရမ်းချစ်ဖို့ကောင်းတယ်နော်။ မမ ဓာတ်ပုံလေးတွေပါတာကလည်း အရမ်းဆွဲဆောင်မှုရှိပါတယ်။ မမက ငယ်ငယ်လေးနဲ့ အခုလို အားေးမှုများစွာ ရရှိနေတဲ့ စာရေးဆရာမအဖြစ် အောင်မြင်နေတာကို အရမ်းအားကျရပါတယ်။ မမကို နည်းနည်းလောက် အင်တာဗျူးပါရစေနော်။ မမက ဒီလိုအောင်မြင်တဲ့ စာရေးဆရာမတစ်ယောက်ဖြစ်အောင် ဘယ်လိုကြိုးစားခဲ့ရပါသလဲ။ ပြီးတော့ မမရဲ့နာမည်အရင်းလေးနဲ့ မမရဲ့မိသားစုအကြောင်းလေးတွေကိုပါ သိချင်ပါတယ် မမ။



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

မေးခွန်းတွေများသွားလို့ စိတ်မဆိုးလိုက်ပါနဲ့နော်။ မမကို ကိုယ့်အစ်မရင်းလို ချစ်မိလို့ မမ အကြောင်းလေးတွေ သိချင်လို့ပါ။

မမ သမီးဆီကို စာပြန်ရေးမယ်မှလားဟင်။ ပြန်ရေးပေးပါလား မမရယ်။ ဖြစ်နိုင်မယ်ဆိုရင်ပေါ့။ မမ လက်မှတ်ပါတဲ့ မမရဲ့ဓာတ်ပုံလေးတစ်ပုံလောက် ထည့်ပေးလိုက်ပါနော်။

မမရဲ့ဝတ္ထုစာအုပ်တွေက အရမ်းမိုက်တယ်နော်။ တစ်လတစ်အုပ်ထွက်တဲ့ စာအုပ်တွေက မထပ်ဘူး။ လူငယ်ဆန်သလို တစ်ခါတစ်ရံမှာ လူကြီးဆန် ရင့်ရင့်ကျက်ကျက်လေးတွေ ရေးတတ်တယ်။ အဲဒါကို အရမ်းလေးစားတယ်။ မမရေ ... စာရှည်သွားလို့ ဖတ်ရတာ ညောင်းနေပြီထင်တယ်၊ ချစ်သောမမ အအောင်မြင်ဆုံး အသာယာဆုံး ဘဝကို ပိုင်ဆိုင်ပါစေလို့ ဆန္ဒပြုဆုတောင်းလိုက်ပါတယ်။

ညီမလေး

**ရွှေအင်ကြင်းကျော်**

ပခန်းကျောင်းမြောက်ရပ်

မစိုးရိမ်ရပ်ကွက်

ပျဉ်းမနားမြို့။

www.burmeseclassic.com

www.burmeseclassic.com





## အမှတ်တရအစီအစဉ်

မမမယ်မင်းဘုံ ...

ဝတ္ထုတွေက တစ်လထက်တစ်လ ပိုလို့သာကောင်းလာတယ်။ အကြံပြုစရာလေး ရှိပါတယ်။ မမရဲ့ဝတ္ထုတွေက Romance တွေများပြီး လူငယ်ဇာတ်တွေပဲ ဖြစ်နေတယ်။ အိမ်ထောင်ရေးပုံစံလေးတွေလည်း ရေးပေးပါဦးလို့ တောင်းဆိုချင်ပါတယ်။ မမရေးဖူးတဲ့ "ပျားရည်ဆမ်းဒွိဟ"ဆို အရမ်းကြိုက်တာ။ အိမ်ထောင်ရေးဇာတ်လေးတွေ မမက အဲဒီတစ်အုပ်ပဲ ရေးသေးတယ်နော်။ ထပ်ရေးပေးပါဦးလို့ တောင်းဆိုပါရစေ။ ဒီတစ်လထုတ်တဲ့ "နှလုံးသား Hacker "လေးလည်း မိုက်တယ်။ အဆောင်ဇာတ်လေး ခပ်ဆန်းဆန်းပုံလေးမို့ သိပ်ကြိုက်ရပါတယ်။ ဟာသလေးလည်း မြောက်တယ်နော်။ မမက စွယ်စုံရတဲ့ စာရေးဆရာမမို့ ပိုပြီးသဘောကျတယ်။ မမ ဒို့ထက်မက အောင်မြင်ပါစေ။

**ချိုလေး**
ညောင်ပင်ကုန်းကျေးရွာ
ဘိုးသာအောင်ကုန်းအုပ်စု
ပေါင်းတည်မြို့။



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမမယ် ...

မင်္ဂလာပါနော်။ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် စာကောင်းများကို ဒို့ထက်မက ဖန်တီးနိုင်ပါစေ။ ထားဝယ်သူလေးကို မှတ်မိပါသေးရဲ့လား။ မမမယ်ရဲ့ဝတ္ထုတွေက တအားဖတ်လို့ ကောင်းပါတယ်။ မမမယ်ရဲ့နှလုံးသား Hacker ၊ ကွန်းနိုဖြစ်သော မျက်ဝန်းလေးဆီ အဲဒီစာအုပ်လေးတွေကို သိပ်သဘောကျတယ်။ မမမယ်ရဲ့ ကဗျာလေးတွေကိုလည်း တအားကြိုက်တယ်။ ကဗျာစာအုပ် ထုတ်ပါလားဟင်။ မမမယ်ကို အရမ်းကြိုက်တယ်။ မမရဲ့အရေးအသားတွေက ပိုပြီးလှုငယ်ဆန်ကာ လက်ရာပိုမြောက်လာတယ်။ စိတ်ပျိုတော့ ကိုယ်နုတယ် ဆင်ပါရဲ့။ မမမယ်ရေ ... အချိန်ရမယ်ဆို စာပြန်ပေးပါဦးနော်။ စာပြန်ဖြစ်လည်း ရပါတယ်ရှင်။ မမမယ်က အလုပ်တွေများတဲ့သူဆိုတော့ သမီးစာလေးကို ဖတ်ပေးရင်ပဲ အတိုင်းမသိ ဝမ်းသာလှပါပြီ။ မမမယ် ပျော်ရွှင်ပါစေ။

ထားဝယ်သူလေး ...

**အိပြူ**
၆ (ခရစ်)၊ ရတနာလမ်း
ထားဝယ်မြို့.

www.burmeseclassic.com

www.burmeseclassic.com





## အမှတ်တရအစီအစဉ်

မမရဲ့ဝတ္ထုတွေကို ရိုက်ထားတဲ့ ဗီဒီယိုတွေကို ကြည့်ရတယ်။ ကောင်းပါတယ်။ ဒါပေမဲ့ မမဝတ္ထုကို မီအောင်တော့မကောင်းဘူးနော်။ "ကျွန်မသာစိတ်မကောက်ခဲ့ဘူးဆိုရင်" ကားလေးလည်း သဘောကျတယ်။ ဒါပေမဲ့ ဝတ္ထုကို ပိုကြိုက်တယ်။ ဒါပေမဲ့ မမကို အမြဲအားပေးနေပါတယ်။ မမရဲ့ဝတ္ထုကိုကော၊ မမရဲ့ဝတ္ထုကို ရိုက်ထားတဲ့ ဗီဒီယိုတွေကိုပါ အမြဲအားပေးနေတာပါ၊

မမရေ ... ဒီထက်ပိုပြီး အောင်မြင်ပါစေလို့ ဆုတောင်းပေးနေပါတယ်။

ဝေးတစ်နေရာမှ ...

**ကြယ်စင်**
စစ်ကိုင်းတိုင်းဒေသကြီး
ရွှေဘိုမြို့နယ်၊ ညောင်ပင်လှရွာ။





## အမှတ်တရအစီအစဉ်

To

ဆရာမ ...

ဆရာမရဲ့ဝတ္ထုတွေက အားလုံးကောင်းတယ်။ ဖတ်ဖူးတာ မကြာသေးပေမယ့် အရမ်းကြိုက်တယ်။ ဆရာမက ညီမတို့ အကြိုက်ဆုံး စာရေးဆရာမပါ။ ဒီထက်မက ပိုပြီးနှစ်သက်စရာကောင်းတဲ့ ဝတ္ထုများ ဖန်တီးနိုင်ပါစေ။

**ချင်းချင်း+အေးအေး+သူသူ**
၁၀/တိုးချဲ့ရပ်ကွက်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

မမဘုံ ...

"ကွန်းခိုဖြစ်သော မျက်ဝန်းလေးဆီ"ဝတ္ထုက အရမ်းမိုက်တယ်နော်။ အဲဒီဝတ္ထုလေးပြီးတဲ့နေ့က ၆-၃-၂၀၁၀ နော်။ တော်တော်တောင် ကြာနေပြီ။ ဒါပေမဲ့ လုံးဝ out of date မဖြစ်သေးဘူးနော်။ အလန်းပဲ update ဖြစ်တယ်။ မမဘုံရဲ့"သူစိတ်နာတဲ့ကြားဖြတ်အစီအစဉ်"က ဘယ်လိုမျိုးလေးလဲဟင်။ ခေါင်းစဉ်လေးက တအားဆန်းတယ်နော်။ မိုက်မယ်၊ လန်းမယ် ဆိုတာ ယုံကြည်ပါတယ်။ မမဘုံ ဒီထက်အောင်မြင်ပါစေ။

စာအုပ်တွေလည်း တစ်လမှာ နှစ်အုပ်သုံးအုပ်ထွက်နိုင်ပါစေနော်။

**စောပြည့်သာ**(ကျုံ့ဒိုး)
ရှမ်းတဲကြီး စံပြရွာ
လှည်းကူးမြို့
ရန်ကုန်တိုင်းဒေသကြီး။



စေတနာစာပေ၏

## အမှတ်တရအစီအစဉ်

သို့

ဆရာမရေ ...

မင်္ဂလာပါ။ "ပျိုလေးရည်းစားမြို့ကြီးသား"ဖတ်ပြီး စာရေးလိုက်တာပါ။ ဝတ္ထုလေးကိုတော့ တအားကြိုက်သွားပြီ ဆရာမရေ။ ဘာကယ့်ကို ကျေးလက်သဘာဝလေးတွေပါတဲ့ ဝတ္ထုလေးပါ။ လှလေးလွန်က တကယ်မိုက်တာနော်။ အိမ်စည်ကိုကိုချစ် ဆိုတာကိုလည်း နာမည်လေးနဲ့တင် သိပ်သဘောကျတာပဲ။ ဆရာမက နာမည်ဆန်းဆန်းလေးတွေ အရမ်းပေးတော်တာပဲနော်။

ကျွန်မတို့ရွာက ဆရာမရဲ့ပရိသတ်တွေချည်းပဲ။ ဆရာမ အလည်လာပါလို့ ဖိတ်ခေါ်ပါတယ်။ ဟီး ဟီး ... ပြီးတော့ "ပျိုလေး ည်းစားမြို့ကြီးသား"ဝတ္ထုကို ဗီဒီယိုရိုက်ရင် မခိုင်သင်းကြည်ကို ပေး ိုက်ပါလို့ တောင်းဆိုချင်ပြီး ကျွန်မတို့ရွာမှာ လာရိုက်ဖို့လည်း ဖိတ် ခေါ်ပါတယ်။ ဆရာမပါ လာလည်နော်။ ဆရာမကို အရမ်းကြိုက်တာ။ ဝတ္ထုထဲမှာပါတဲ့ ဆရာမရဲ့ခါတ်ပုံလေးတွေက တအားလွတ်ချစ်စရာ ကောင်းတာပဲနော်။ ငယ်ငယ်လေးနဲ့အောင်မြင်မှုတွေများစွာ ပိုင်ဆိုင် ားရတာဟာ အရမ်းတော်လို့နော်။ ဆရာမ ဆက်ကြိုးစားပါနော်။

ဆရာမမယ်မင်းဘုံ ဘဝမှာ ပျော်ရွှင်မှုတွေကိုသာ ထာဝရ ိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

ဆရာမရေ ... အချိန်ရရင် စာလေးပြန်ပေးပါနော်လို့ တောင်းဆိုပါရစေ။

ဆရာမမယ်မင်းဘုံရဲ့ ထာဝရအမာခံပရိသတ်

**နွယ်မ**
မရမ်းကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့
ဧရာဝတီတိုင်းဒေသကြီး



## အမှတ်တရအစီအစဉ်

Dear Ma Mae Min Bon,

Happy time ပါ။ အစ်မရဲ့ထာဝရပရိသတ်ပါ။ ပထမဆုံး အစ်မကို ကျေးဇူးတင်ပါတယ်ဗျ။ ဒဂုံတက္ကသိုလ်နောက်ခံ "ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ" ဝတ္ထုလေးကို ရေးပေးလို့ပါ။ ဇာတ်လမ်းလေးက တအားဆန်းတယ်နော်။ ထူးထူးခြားခြား လေးပွင့်ဆိုင်ဇာတ်လေးနော်။ အဲဒီဝတ္ထုလေးကို ကျွန်တော်တော့ အရမ်းသဘောကျတယ်။ နောက်လထွက်မယ့် "သူစိတ်နာတဲ့ကြားဖြတ်အစီအစဉ်" ဆိုတဲ့ စာအုပ်လေးကိုတော့ ခေါင်းစဉ်မြင်ကတည်းက အရမ်းစိတ်ဝင်စားနေပြီ။ (၂၅)အုပ်မြောက်စာအုပ်ဆိုတော့ အစ်မအတွက် အမှတ်တရဖြစ်မှာပေါ့နော်။ အစ်မကို အမြဲအားပေးနေပါတယ်။

အစ်မ မယ်မင်းဘုံ စာပေခရီးမှာ ဆူးငြောင့်ခလုတ်ကင်းဝေးစွာဖြင့် အောင်မြင်စွာ ဖြတ်သန်းနိုင်ပါစေ။

H.T.Z
3rd year (Physics)
ရူပဗေဒ
ဒဂုံတက္ကသိုလ်။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ**

## အမှတ်တရအစီအစဉ်

သို့

ချစ်ခင်ရတဲ့ မယ်မယ်ရေ ...

မင်္ဂလာပါနော် ...

အစဉ်အလာမပျက် လစဉ် ပေးပို့နေတဲ့ လမင်းရဲ့ အားပေးစာလေးတွေက အခုဆိုရင် (၂၅)ကြိမ်မြောက် ရှေ့ရတုဆောင် တိုင်ခဲ့ပြီနော်။ ထွက်သမျှ စာအုပ်တိုင်းကို မလွတ်တမ်း ဖတ်ခဲ့သလို ထွက်သမျှစာအုပ်တွေကိုလည်း အရမ်းလိုချင်မက်မောမိလို့ (၂၅)အုပ် လုံးကို အပိုင်ဝယ်သိမ်းထားပါတယ်။ မယ်မယ်ရဲ့စာအုပ်တွေကို အရမ်း ကြိုက်နှစ်သက်ပြီး ရူးသွပ်ရတဲ့ အမှာခံပရိသတ်ပါ။ ပြောရင်ယုံမလား တော့ မသိဘူး။ ကလေးမြို့မှာဆို မယ်မယ်ရဲ့ဝတ္ထုအသစ်ထွက်ပြီဆိုရင် လမင်းက ပထမဦးဆုံး ဖတ်ရတဲ့သူပါ။

"သူ့ စိတ်နာတဲ့ ကြားဖြတ်အစီအစဉ်"ကလည်း ဖတ်လို့ ကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ ကြံသကာဆိုတဲ့ နာမည်လေးကိုတော့ ချစ်သွားပြီ။ မိုးသားကြူးဆိုတဲ့ အညာသားသဘော်သီးကလည်းမဆိုး ပါဘူး။ ဒါပေမဲ့ သက်ဘုန်းခေါင်ဆိုတော့ သနားတယ်။ သူကကျန်နေ ခဲ့တာ ဆိုတော့လေ။ ထုံးစံအတိုင်းပဲပေါ့ မယ်မယ်ရယ်။ ကျန်နေခဲ့တဲ့ "သက်ဘုန်းခေါင်"ကိုပဲ လမင်းဆီသာ အရောက်ပို့ပေးလိုက်ပါတော့။

လမင်း တာဝန်ယူလိုက်ပါ့မယ်။ ဟဲ ... ဟဲ ...။ ဖြစ် တယ်နော်, မယ်မယ်။ 4 in 1 ဆိုတဲ့ နာမည်လေးကလည်း ကွဲထွက် နေပြန်ပြီနော်။



**စေတနာစာပေ**

## အမှတ်တရအစီအစဉ်

ချစ်ရတဲ့ မယ်မယ် စာမေးပွဲမှာ အလန်းလွန် အလွန် လန်းပြီး မဂွမ်းဘဲ ဖလန်း ဖလန်း ထနိုင်ပါစေနော်။

လမင်းလည်း စာမေးပွဲမှာ လက်လက်ကိုထလို့ရအောင် စာကြိုးစားနေပါတယ်။ မယ်မယ်ရေ ... Fighting ။

ဆန္ဒဖြင့် ...

**လမင်း**<br>
အမှတ်(၄၄/၃)<br>
တော်ဝင်သစ်ခွခြံ<br>
မင်္ဂလာဥယျာဉ်ရပ်ကွက်<br>
ကလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံ အစ်မရဲ့ ဓာတ်ပုံနှင့် ပြန်စာကိုရလို့ အတိုင်းမသိ ဝမ်းသာပါတယ်။ မက phone နံပါတ်ပေးတော့ ဆက်ကြည့်ချင်ပါတယ်။ ဒါပေမဲ့ မကိုင်ရင် ဝမ်းနည်းရမှာမို့လို့ မဆက်ဖြစ်တာပါ။ အခုလိုရေးမိတာ စိတ်မဆိုးပါနဲ့နော်။ တချို့မင်းသားမင်းသမီးတွေဆိုရင် Phone နံပါတ်ရလို့ ဆက်ကြည့်တာ မကိုင်ဘူးလေ။ အစ်မက မာနမကြီးဘူးပေါ့နော်။ အစ်မရဲ့အခုလ "သူစိတ်နာတဲ့ ကြားဖြတ်အစီအစဉ်"ကိုတော့ ဝတ္ထုတွေထဲမှာ အကြိုက်ဆုံးပါ။ သကာကိုလည်း သနားတယ်။ မိုးသားကြူးကိုတော့ နည်းနည်းအမြင်ကတ်တယ်။ ဒါပေမယ့် ဖတ်လို့အရမ်းကောင်းပါတယ်။ အစ်မ ဒီတစ်ခါပို့တဲ့ဓာတ်ပုံက သေးတယ်နော်။ အစ်မ ပိန်သွားတယ်။ အခု ဓာတ်ပုံတွေကို သမီးက သိမ်းထားတာပါ။ အစ်မ ဒီတစ်ခါ ပြန်စာနဲ့ဓာတ်ပုံကိုတော့ ကြီးတာလေး ထည့်ပေးပါနော်။ အဲဒီလိုပြောလို့ လောဘကြီးတယ်လို့ မထင်ပါနဲ့နော်။ သမီးက မရဲ့ဝတ္ထုတွေကို မနားတမ်းဖတ်ချင်တာ။ တစ်လမှတစ်ခါဆိုတော့ လ,မြန်မြန်ကုန်ပါစေလို့ ဆုတောင်းနေတာ။ အစ်မလည်း ဒီ့ထက်မက famous popular ဖြစ်ပြီးတော့ ဗီဒီယိုကားတွေ အစ်မရဲ့ဝတ္ထုကို များများရိုက်နိုင်ပါစေလို့ ဆန္ဒပြုပြီးတော့ အစ်မရဲ့ပုံနဲ့ပြန်စာကို စောင့်မျှော်နေပါမယ်။

ပြန်စာနဲ့ဓာတ်ပုံကို မျှော်နေမည့် အိမ်မဲ့သူ။

**မဆွေဆွေငယ်**

အိမ်အမှတ်(၁၃)၊ အနော်ရထာလမ်း

အိမ်မဲကြီး(၂)လမ်း၊ အိမ်မဲမြို့၊ ရွှေအိမ်သီရိ။

# မယ်မင်းဘို



## 4 in 1



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မယ်မင်းဘုံ၏ ထွက်ပြီးစာအုပ်များ

၁။ အချစ်ရေယာဉ်ပြင်ပသို့ရောက်ရှိနေပါသဖြင့်
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

၂။ ချစ်ရင် . . . နှစ်မိနစ်စောင့် (ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)

၃။ ငွေတောင်ပြည်ကမြို့သူ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၄။ ချစ်သူလိမ်းဖို့ ဒေးကရင်မ် (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)

၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၇။ ဆယ်ကျော်သက်ဂိမ်း

၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်။
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင်
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၁၁။ အနန်းမြို့ကသတို့သား
(မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ
မိုးလင်းခဲ့တယ် (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသ[illegible]
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] နှတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] ဘာညာသာရကာ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] ပျားရည်ဆမ်းဒွိဟ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] အနမ်း Equation (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] တဆိတ်လောက်ခင်ဗျာ-ချစ်သူကို.. ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] အပြီးကွန်ယက်နှတ်သမီး (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] မှိုလေးရည်းစား မြို့ကြီးသား (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] အမုန်းပြယ်ဝိုင် (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] နှလုံးသား Hacker (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible] သူစိတ်နာတဲ့ ကြားဖြတ်အစီအစဉ် (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

[illegible]

[illegible] 4 in 1

[illegible]

[illegible] လရောင်စစ်စစ်သမီးရည်းစား

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# အမွှင့်

www.burmeseclassic.com

www.burmeseclassic.com



လှလို့ချစ်တယ်ဆိုတဲ့

ခံစားချက်တွေ ရှိနေသရွေ့

ကျွန်မတို့အားလုံးက

ရွှေမင်းသမီးတွေပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



"ရှာစမ်းပါဟယ်၊ ဒီအကောင့်ကိုတွေ့မှဖြစ်မယ်၊ ငါ့ကို စိန်ခေါ်တုန်းကခေါ်ပြီး ခုမှရှောင်နေတယ်လို့၊ ဒီအကောင် သေချာပေါက် ဒီထဲမှာ ရှိကိုရှိတယ်"

"ဩော် ... စိတ်ချ၊ ငါတို့ ရအောင်ရှာမယ်၊ ဘယ့်နှယ် ဒီလို လာလုံးတင်လို့ ဘယ်ရမလဲ၊ တစ်စစီတောင် ပြုတ်ထွက်သွားဦးမယ် ... ဟင်း"

မဒီက ကားကို ဘီးလိမ့်ရုံသာမောင်းကာ မျက်လုံးကလည်း လျှင်လျှင်ကစား၍ ဟိုကောင့်ကို ရှာရသေးသည်။ မဒီတို့ ဒေါသတွေက မိုင်ကုန်ထွက်နေပြီဖြစ်သဖြင့် တွေ့ရင်တော့ နှဲဆု ဆိုတဲ့အကောင် လွယ်မယ်မဟုတ်ပါ။ မဒီတို့အုပ်စု တစ်ဖွဲ့

www.burmeseclassic.com



လုံး ဝိုင်းဖွဲ့တော့မယ်ဆိုတာကို ကြိုသိနေတဲ့ သကောင့်သားက ဂုဏ်ကိုးကို ဖုန်းထဲကသာ ချဲလင်းလုပ်ရဲပြီး ချိန်းပွဲလုပ်မယ်လည်း ဆိုရော ပတ်ပြေးနေတဲ့ ကြောင်ဖြစ်သည်။ တစ်သက်လုံး ကိုယ်တွေကလည်း လုံးကြီးတင်လာခဲ့သမျှ ဒီကောင်နဲ့တွေ့မှ ကျတ်ကြွသွားရတယ်လို့တော့ ရာဇဝင်အတင်မခံနိုင်ပါဘူး။ တွေ့ရင်တော့ သေပြီသာမှတ်။

"တောက် ... ဂန်းနာကလည်း တော်တော် အပုန်းကောင်း နေတယ်၊ အလကား ကြောက်၊ ရှာစမ်းပါဦး မဒီရယ်၊ ဟဲ့ ... နင်တို့လည်း မျက်စိရှင်ရှင်ထားပြီး ရှာပါဦးဟာ"

"ဟယ် ... ဟဲ့ ... ဟဲ့၊ ကားရပ်လိုက် ... ရပ် ... ရပ်၊ ဟိုမှာမှလား၊ ဟိုကောင် ဖွဲ့ဆု"

မှိုင်းက ကားရပ်ဖို့ လောဆောလျှင် မဒီက ကားရပ်လိုက်ကာ မှိုင်း ညွှန်ပြရာကို လှမ်းကြည့်လိုက်လေသည်။ ဟုတ်ပါ၊ ဟိုအကောင် ဖွဲ့ဆု။ သကောင့်သားက မဒီဟို့ကို ကျောပေးထိုင်လျက် ကန်ရေပြင်နှင့် မျက်နှာချင်းဆိုင်ထားကာ သဘာဝတရားရဲ့ အလယ်မှာ ထိုင်နေပြီး ဖုန်းကို ကလိနေပါသည်။ ဒီကောင့်ကို တွေ့ပြီဆိုတာနှင့် မဒီတို့တွေက တက်ညီလက်ညီ ကားပေါ်က ဆင်းလိုက်ကြကာ သူ့ဆီကို သွားလိုက်သည်။





"ပြောတုန်းကပြောပြီး အခုမှကြောက်လို့ ပုန်းနေတာလား ဖွဲ့ဆု ... ဟင်"

ဂုဏ်ကိုးက သူ့ရဲ့နောက်ကျောကို ဖြန်းခနဲ ရိုက်ကာ ပြောလိုက်တာနှင့် သူက လန့်ဖျပ်ကာ ထိုင်ရာမှထ၍ ဂုဏ်ကိုးတို့ အဖွဲ့ကိုမြင်လျှင် တော်တော်ဖြုံသွားပုံရသည်။

"ဂုဏ် ... ဂုဏ်ကိုး။ လူစုံတက်စုံပါလား၊ အဟဲ ... နေကောင်းတယ်နော် မှိုင်းတို့"

"ဒီမှာ ... နင် အရှုံးကွက်မနင်းနဲ့၊ နင် ဖုန်းထဲမှာပြောတဲ့ စကား ပြန်ပြောလိုက်စမ်း၊ ဂုဏ်ရှိန်ကိုး ဆိုတာ စာရင်းမရှိ ပါဘူးဆို ... ပြောလိုက်လေ"

ဂုဏ်ကိုးက မျက်နှာကြောတင်းတင်းနှင့် ကောနေတာရယ် ပြီးတော့ မှိုင်းရယ်၊ မဒီနှင့် ဘန်ဘန်ကပါ သူ့ကို မျက်စောင့်နီနှင့် အပိဖြုတ်တော့မယ့်ဒီဇိုင်း ရှိုးနေတာကြောင့် တော်တော်ကို အပိုးကျိုးသွားကာ ရှောချလေတော့သည်။

"ဆော ... ဆောရီးပါ ဂုဏ်ကိုးရယ်၊ အဲဒီတုန်းက ကိုယ် တော်တော်မှန်နေတာ၊ အဲဒါကြောင့် ပြောချင်တာတွေပြော နေတာ၊ ကိုယ်မူးနေလို့ ပြောမိသွားတာပါ၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်တယ်၊ ဂုဏ်ကိုးကို ချော့တဲ့သဘောနဲ့ ပြောတာ မဟုတ်ပါဘူး"

"ဒီမှာ နင်နဲ့ ဂုဏ်ကိုးက ဘာအကန့်မှမရှိဘူး၊ ဂုဏ်ကိုးက လည်း နင်လိုကောင်ကို စာရင်းမထည့်ဘူး၊ ဒီကိစ္စက ဂုဏ်ကိုးနဲ့နင် ရှင်းရမယ့်ကိစ္စဆိုပေမယ့် နင်က ငါတို့ကိုပါ ပုတ်ခတ်ထားတာဆိုတော့ ငါတို့ပါ ဝင်ရတာ၊ ဘာလဲ နင် ယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားဆိုရင် ပေါ်တင် ချဲရတယ်ဟဲ့၊ ဖုန်းထဲကနေ ဘယ်သူက ဘာဖြစ်တယ် အတင်းမချနဲ့ ...

ပြောစမ်း ... နင်က ငါတို့လေးယောက်ကို ဘာကိစ္စ ယောကျ်ားတန်မဲ့ စာရင်းမရှိဘူး၊ ဘာညာပြောရတာလဲ၊ နင့်အဆင့်ကသာ ငါတို့အတွက် ဖုန်တစ်မှုန့်စာလောက် တောင် တန်ဖိုးမရှိတာ ...

နားလည်လား"

မှိုင်းက ဝင်ကောလေလျှင် ဖွဲ့ဆုဟာ လုံးဝကို မဟန်တဲ့ အခြေအတွက် မှိုင်းတို့လေးယောက်ကို ရေလည်ဖြုံသွားကာ အရှုံးပေးသွားရတော့သည်။





"ဆောရီးပါ၊ ဂုဏ်ကိုးရော မှိုင်းရော၊ ဘန်ဘန်နဲ့ မဒီကိုပါ တောင်းပန်ပါတယ်၊ အဲဒီတုန်းက ကိုယ်က မူးနေတာဆို တော့ ပြောမိတာပါ၊ ဂုဏ်ကိုးကို ဖုန်းဆက်မိတာက ကိုယ် တကယ် အသိစိတ်လွတ်ပြီး ပေါက်ကရပြောမိသွား တာပါ၊ ပြဿနာမရှာကြပါနဲ့ဗျာ၊ လုံးဝ တောင်းပန်ပါ တယ်"

"ဘယ်လိုလဲ ဂုဏ်ကိုး၊ ဒီလောက်နဲ့ ကျေနပ်မှာလား"

ဘန်ဘန်က မေးလေလျှင် ဂုဏ်ကိုးက မျက်နှာတစ် ချက်ရှုံ့ကာ မဲ့ပြုံးပြုံးရင်း ...

"အေးလေ ... ဒီကောင် နောင်ကြဉ်သွားလောက်ပါ ပြီ၊ ဟဲ့ ... ဒီမှာ မှတ်ထားလိုက် ဖွဲ့ဆု၊ နင်နဲ့ငါ ဘာအကန့် မှ မရှိဘူးနော်၊ နင် ငါတို့လေးယောက်ကို ထင်ယောင်ထင် မှား နင်နဲ့ ဘာလိုလိုဆိုပြီး ပြောနေတဲ့စကားတွေကို ရပ်လိုက် နော်၊ မရပ်ဘဲ ကောလာဟလတွေ လျှောက်ဖြန့်ချင်တယ် ဆိုရင်တော့ ငါတို့ ငြိမ်ခံနေမှာမဟုတ်ဘူး၊ နင် တောင်းပန် လိုက်လို့ ဒီကိစ္စ ဒီနေရာမှာ ရပ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အဲဒီအတွက် ကျေးဇူးလည်းတင်ပါတယ်၊ ကိုယ့်စကားကြောင့် ဂုဏ်ကိုးတို့ အနှောင့်အယှက်ဖြစ်ရတာကိုလည်း တောင်းပန်ပါတယ်၊ နောက်ဆို ကိုယ်အပြောအဆို ဆင်ခြင်ပါ့မယ်"

"ဟေ့ ... ဒီစကားက ဆင်ခြင်ရမှာမဟုတ်ဘူး၊ လုံးဝကို ပြောခွင့်မရှိတာ၊ နင်နဲ့ငါတို့ အကန့်က ဘာမှ မရှိဘူးနော်၊ နောက်တစ်ခါ ဒီအသံမျိုး ထပ်ကြားရရင် နင် မလွယ်ဘူးနော်၊ လစ်တော့"

မဒီက လစ်တော့ဆိုတာနဲ့ သကောင့်သားက တစ်ချိုးတည်းလစ်သွားတော့သည်။ တော်တော်လည်း အသိတရားတွေ ရသွားပုံရ၏။ မှန်တေတေ ကုပ်ချောင်းချောင်းဒီဇိုင်းဖြင့် ခေါင်းတစ်ချက်ညိတ်ကာ လစ်သွားလေတော့သည်။ ကောလည်းကောပြီး သွားပြီမို့ စိတ်ကတော့ ပြေသလိုရှိသွားလေ၏။

"ဟူး ... အလကားငကြောက်၊ ပြောတော့ဖြင့် လေကြီးမိုးကြီး၊ တကယ်တမ်း လစ်ဆိုတာနဲ့ တန်းနေအောင် ဂိုးသွားတာပဲ"





"ဟား ဟား ... ဒီလိုကောင်မျိုးတွေက အဲဒီလို ကောပစ်မှဟ၊ နို့မို့ဆို သွေးတိုးက စမ်းချင်နေတာ၊ ဒီလိုပဲ ဘော်ဒါအကန့်စကား ဘာညာပြောတာလေးကို သူနဲ့ပဲ ငါတို့ထဲက တစ်ယောက်က ဘာလိုလိုဒီဇိုင်းနဲ့ လူရှိန်အောင် ဝါဒဖြန့်နေတာ၊ ဒီလိုကောင်မျိုးကို ဒီလို အပြတ်ကောပြီး ဖြတ်ပစ်မှဟ၊ ဘယ် ... အဓိပ္ပာယ်မရှိတာ၊ ငါတို့ကို ဒီလိုဖယားလာကပ်လို့ ဘယ်ရမလဲ"

"right။ ဒီလိုယောကျ်ားတွေကို အပီကောပစ်မှ ... ဟား ဟား"

ဘန်ဘန်တို့လေးယောက်က တစ်ချိုးတည်းလစ်သွားသော ဟိုကောင့်အကြောင်းကို မပြန်သေးဘဲ ထိုင်ကာ ဟားသလုပ်နေမိသည်။ ပြီးတော့ လေးယောက်သားဟာ မတွေ့ရတာကြာပြီဖြစ်သည့်အလား စကားတွေ ဖောင်ဖွဲ့တုန်း မြင်ကွင်းထဲသို့ ဝင်လာတဲ့ ရိုးရှင်းသော အရာတစ်ခုက အာရုံလေးခုစလုံးကို တစ်နေရာတည်းသို့ ဆွဲချုပ်ထားလိုက်လေသည်။

ဟား ... မြင်ကွင်းက ရင်အေးစရာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်အဖြူဆွတ်ဆွတ်ကို စကြာပုဆိုး ဝတ်ထားကာ ကတ္တီပါဖိနပ်စီးထားတဲ့ အမျိုးသားဟာ အရမ်းကိုကြည့်ကောင်းတာပဲ။ သူ့လက်ထဲမှာကိုင်ထားတဲ့ ရေပုံးလေးက အဝါရောင်လေး။ ကန်စပ်နားမှာ သူက ဆောင့်ကြောင့်ထိုင်လိုက်ပြီး ရေထဲသို့ ပုံးထဲက ငါးတွေကို လွှတ်ပေးလေ၏။ ကြည့်ရတာ ငြိမ်းအေးလိုက်တာ။ ငါးလွှတ်ပြီး ကုသိုလ်ကောင်းမှုပြုနေတဲ့ အမျိုးကောင်းသားလေးရဲ့ စိတ်ဓာတ်ကိုဖော်ညွှန်းတဲ့ အပြုအမူကို သဘောကျမိသွားသည်။ သူ ငါးလွှတ်ပြီးသည်အထိ လေးယောက်စလုံးက ငြိမ်တိတ်ပြီး သူ့ကိုသာ သဘောတကျငေးကြည့်နေမိ၏။ ခပ်ချောချော သူက ငါးလွှတ်ပြီးနောက်မှာ ကျေနပ်နေသော အပြုံးတစ်ခုကို သူ့ဘာသာသူပြုံးပြီးနောက် သူ့ကားပေါ်တက်ကာ ပြန်သွားတော့သည်။

"ဟော့ ... ဟော့ ... မိန်းမတွေ ဒါ ဘယ်ကို အာရုံရောက်နေတယ်ဆိုတာ သိတယ်နော်၊ ဘယ်လိုဖြစ်တာလဲ၊ သတိလေး ဘာလေး ထားပါဦး"

"အမယ် ... မဒီ၊ နင်ပဲအပြောကောင်း၊ ရှင့်မျက်လုံးတွေကော ဘယ်ရောက်နေတယ်ဆိုတာ ကိုယ့်ဘာသာသဘောပေါက်ဦး ... ဟွန်း"





မဒီအပြောကို မှိုင်းက ခပ်ဆတ်ဆတ်လေးချေပလေသျှင် မဒီက ရှက်ရယ်တစ်ချက် ရယ်သွမ်းသွေးလိုက်ကာ ပေါ်တင်ခင် ချီးကျူးမိသွားသည်။

"လုံးဝကို ငြိမ်းချမ်းတယ်ကွာ၊ တကယ့်ရှားပါးကုန်ပဲ"

"အေးဟာ ... တကယ့်ဟတ်ထိချင်စရာ၊ အဆင်သစ်ကလေး၊ ဂွတ်ရှယ်ပဲ"

မဒီ့စကားကို အပြည့်အဝ ထောက်ခံကာ ထပ်မံ၍ Comment ပေးသူကတော့ ဂုဏ်ကိုးပဲဖြစ်သည်။ အားလုံးက ဂုဏ်ကိုး ဒီလိုပြောမယ်မထင်တာကြောင့် ဟမ်ဆိုတဲ့ အာမေဍိတ်နဲ့အတူ ဂုဏ်ကိုးကို ပြူးကြည့်မိသွားလျှင် ဂုဏ်ကိုးက မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကလေးအထာဖမ်းကာ ဘာလဲလုပ်လိုက်လျှင် မှိုင်းက ဂုဏ်ကိုးရဲ့နားထင်ကို လက်ဖြင့် ဆတ်ခနဲ တွန်းလိုက်ရင်းက ...

"အမယ်လေး ... အဲ့ဒါတွေ့ပဲ ဒေါ်ကိုးရယ်၊ နင်ဟာလေ ... ဓာတ်လမ်းက အခုတင်ပြီးသွားတယ်၊ အခုကွိုင်က နင်အကြောရှည်စပ်ဆော့ပြီး အိစကလီသွားလုပ်လို့ ဟိုအကောင်က ဘာလိုလို သတင်းထုတ်သွားတာနော်၊ ဟွန်း ... ဒါတောင် မမှတ်ဘူး၊ အဆင်က သစ်ချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ကိုးက ကိုယ့်အပြစ်နဲ့ကိုယ်မို့ လျှာလေးတစ်လစ်ဖြင့် ဖြောင့်ချက်ပြန်ပေးလိုက်လေသည်။

"အဟဲဟဲ ... ဒါကတော့ မျက်စိအစာကျွေးတာလေ၊ အေးဆေးအထာပါ"

"ဟီ ဟီ ... မယ်ကိုးတို့ကတော့ တကယ့်မနိုင်စိန်၊ ကဲ ... သွားမယ်၊ တစ်ခုခုသွားစားကြရအောင်"

ဘန်ဘန်က အစားအသောက်ကို Topicပြောင်းပေးလိုက်လျှင် နှစ်ခါညှိစရာမလိုတဲ့ မိန်းမတွေဟာ ချက်ချင်းဝင်တက်ကြွစွာဖြင့် အားလုံး Okဖြစ်သွားတော့လေသည်။





# ၄ ၂ ၈

ထုံးစံအတိုင်း ဘန်ဘန်တို့က သင်တန်းကအပြန်တစ်နေရာရာကို လည်ပတ် စားသောက်နေကြမို့ ဒီနေ့လည်းလေးယောက်သား ပန်းစွယ်တော်မှာ ဝင်ဆွဲပြီး၊ မိုက်ပြည့်တော့မှ Junction Square ထဲမှာ Window Shopping ပတ်နေကြတာဖြစ်သည်။ ဘန်ဘန်တို့လေးယောက်က ဘယ်တော့မဆို စိတ်တူသဘောတူဖြင့် အမြဲ right ပဲဖြစ်သည်။ သူငယ်တန်းအရွယ်ငစ်ကွေး ကလေးဘဝကတည်းက လက်တွဲမဖြုတ် တွဲလာတဲ့သူတွေမို့တစ်ယောက်အပေါ်တစ်ယောက် သံယောဇဉ်ကြီးကြကာ ညီအစ်မအရင်းတွေထက်တောင် ပိုချစ်ကြတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ငါတို့သွားနေရတာ ပျင်းစရာကြီး၊ ငါတို့ နည်းနည်းပါးပါး exerciseလေးဘာလေးဖြစ်အောင် Gymသွားဆော့မလားလို့၊ ဘယ်လိုလဲဟင်"

"အမယ်လေး ... ဘယ်လိုလဲများ မေးနေရသေးတယ်၊ ငါက နင် Okဆို Okပြီးသား"

ဘန်ဘန်က အားလုံး Okမှတော့ Gymမှာ ဖလန်းဖလန်းလုပ်ဖို့ Ideaတွေ ဆက်ဆွဲနေမိတော့သည်။ ဘန်ဘန်တို့က စကားတပြောပြောဖြင့် Shoppingပတ်နေရင်းကနေ ဆိုင်တစ်ဆိုင်ထဲဝင်အကြည့်မှာ အရမ်းမိုက်တဲ့ ဖိနပ်ကလေးကို သွားတွေ့လေသည်။

"ဟယ် ... ဟိုဒေါက်လေးက အရမ်းမိုက်တာပဲ၊ ဘန်ဘန် ငါတို့တွေ ဆင်တူစီးရအောင်"

"အေးဟာ ... တကယ်ပဲ အရမ်းမိုက်တယ်"

ဂုဏ်ကိုးက ငွေရောင်နဲ့အနက်စပ်ထားတဲ့ ဒေါက်ဖိနပ်လေးကို ခြေထောက်မှာစွပ်လျှိုကြည့်လိုက်ကာ ဖိနပ်စီးထားတဲ့ ခြေထောက်လေးကို မှန်ထဲမှာကြည့်ရင်း ကိုယ့်ခြေလှမ်းကိုယ် ယုံကြည်မှု ပိုရှိသွားရသည်။





"အေးဟာ ... ဒီဇိုင်းက အမိုက်စားပဲ၊ ဒီဖိနပ် sizeအတိုင်းပဲ လေးရန်ယူမယ်နော် ညီမ"

"ရှင် ... ဟို ... အားနာလိုက်တာ အစ်မရယ်၊ ဒီ,ဒီဇိုင်းက မနေ့ကမှ sampleအသစ်ပြတဲ့ဒီဇိုင်းမို့ ဒီတစ်ရန်ပဲရှိတော့တယ်"

"ဟယ် ... အဲဒီတော့ မရှိဘူးပေါ့"

"ဟုတ်ကဲ့ ... နောက်တစ်ပတ်လောက်မှ ရမယ် အစ်မ၊ အခုလောလောဆယ်တော့ ဒီတစ်ရန်ပဲ ရှိတော့တယ်"

ဖိနပ်ကလည်း ဒီတစ်ရန်ပဲရှိတော့မို့ အရစ်ကတော့ ဘက်ပြိဖြစ်သည်။ ဒီဖိနပ်လေးကို လေးယောက်လုံးက ကြိုက်နေတာဖြစ်သည်။

"ကဲ ... ဘယ်လိုလုပ်ကြမလဲ၊ ဖိနပ်က တစ်ရန်ပဲရှိတော့တာ၊ အဲဒီတော့ ဒီဖိနပ်ကို ဘယ်လိုလုပ်မလဲ"

"ငါ အရင်မြင်တာနော်၊ ငါပဲယူမှာ"

"အမယ် ... ဟဲ့ ... နင် ဟိုတစ်ခါ နေကာမျက်မှန်တုန်းကလည်း ယူထားပြီးပြီ၊ မရဘူး ငါပဲယူမှာ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ ... ငါလည်း ကြိုက်တာပဲ”

ထုံးစံအတိုင်း လိုချင်ပြီဆို တစ်ယောက်နဲ့ တစ်ယောက် အပြိုင်အဆိုင်လုတတ်ကြတာမို့ ဂုဏ်ကိုးက ကြားထဲက ညှိလိုက်ရတော့သည်။

“ကဲ ... ငါတို့အားလုံးကလည်း ဒီဖိနပ်မှ ဒီဖိနပ်လိုချင်နေကြပြီဆိုတော့ ထုံးစံအတိုင်းပေါ့၊ ကျေနပ်လား”

“အင်းလေ ... ငါတို့လည်း အဲဒီအကြိုက်တူတဲ့ အကျင့်ဆိုးကြီးကို ဘယ်လိုဖျောက်ရမလဲ၊ ပြီးရော ... ထုံးစံအတိုင်း မဲနှိုက်ကြတာပေါ့၊ အားလုံး Ok တယ်နော်”

မဒီက အားလုံးကိုညှိလိုက်လျှင် အားလုံးက သဘောတူစွာ ခေါင်းညိတ်လိုက်လေသည်။ အဲဒီအတွက် ဆိုင်ကနေ ဖိနပ်ကို အရင်ဝယ်လာခဲ့ပြီးမှ Ice-cream bar ဝင်ထိုင်ကာ မဲလိပ်လိပ်လိုက်ကြသည်။ ပြီးတော့ မဒီကပဲ မဲလိပ်တွေကို လက်ဝါးထဲထည့်ကာ လက်ကိုလှုပ်၍ မဲမွှေလိုက်ရင်း ...

“ကဲ ... အမှန်ခြစ်ထားတဲ့ မဲလိပ်ပေါက်တဲ့သူက ဖိနပ်ပိုင်ရှင်ပဲ၊ အိုခေ ... တစ်ယောက်တစ်လိပ်စီ ယူလိုက်တော့”





ဂုဏ်ကိုးရယ်၊ ဘန်ဘန်နဲ့မှိုင်းက မဲလိပ်တစ်ယောက်တစ်လိပ်စီ ယူလိုက်ကာ ကျန်တဲ့တစ်လိပ်ကို မဒီက အသာဖွင့်ကြည့်လိုက်သည်။ ဟင် ... ဗလာ။

“ကဲ ... ဖိနပ်ပိုင်ရှင် ဘယ်သူလဲ”

ဘန်ဘန်က သူ့ရဲ့ဗလာမဲလိပ်လေးကို စားပွဲပေါ်ဆောင့်ချကာ မေးလိုက်လျှင် မှိုင်းတစ်ယောက်က ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် သူ့မဲလိပ်လေးကို ထောင်ပြကာ ...

“ရွှေဖိနပ်ပိုင်တဲ့သူ ကျွန်မပါပဲရှင့်၊ ရော့ ... မဒီ ရှင် ခုနက ဖိနပ်ဖိုးရှင်းထားတဲ့ပိုက်ဆံ၊ ပေး ... ဖိနပ်”

မဒီက ဖိနပ်ဘူးလေးကို မှိုင်းရဲ့လက်ထဲ ထည့်ပေးလိုက်လေသည်။

“ဟဲ့ ... အားလုံး ကျေနပ်တယ်နော်”

“အမယ်လေး ... အပိုစာသားတွေ လာလုပ်နေပြန်ပြီ၊ ဒီဖိနပ်ကိစ္စလေးနဲ့သာ မကျေနပ်ဘူးဆိုရင် ငါတို့တွေ အပေါင်းအသင်းတွေ ဖြစ်မလာဘူး ချစ်ဆုံးရယ်”

“ဟီ ဟီ ... ဒါတော့ ဟုတ်တယ်နော်၊ ငါတို့တွေလည်း အဲဒီလိုအကြိုက်တူ၊ စိတ်တူ သဘောတူတွေကြောင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့တစ်ယောက် အရမ်းချစ် အရမ်းခင်တာပဲဖြစ်ရမယ်"

"အမယ် ... ဖိနပ်ရသွားတော့ မှိုရထားတဲ့ မျက်နှာကြီးနဲ့၊ မိန်းမ ... ဒီမိုင်း နင် ရှင်းရမှာနော်"

"ဟား ဟား ... ဒီလောက်ကတော့ မိုင်နှာပါဟာ၊ အေးဆေး ... နွေးထွေး၊ ကဲ ... ချစ်ဆုံးတို့ တူမောရိုး ငါတို့ Gym တက်ဖို့ကိစ္စ ဒိတ်လိုက်တော့မယ်နော်၊ အိုခေ"

အားလုံးက လက်မထောင်ပြလိုက်လျှင် မှိုင်းက သဘောကျကျေနပ်စွာ ခေါင်းဆတ်ပြရင်း Ice Cream ဆက်စားလိုက်သည်။ မှိုင်းတို့တွေဟာ တစ်ယောက်နဲ့တစ်ယောက် အရမ်းကိုချစ်ကြကာ နားလည်ငုံ့ညှာကြသူများ ဖြစ်ကြလေသည်။

❥ ○ ❥





"ဟယ်လို ... ဘန်ဘန်၊ မှိုင်းတို့ရေ ... စားလို့ရပြီဟေ့၊ Ready ပဲ၊ လာ ..."

မဒီက မီးဖိုခန်းထဲကနေ လှမ်းခေါ်လျှင် သုံးယောက်သားဟာ ဝုန်းဒိုင်းကြဲပြီး နောက်ဖေးထဲ ဝင်လာကြလေသည်။ ဒီနေ့က သင်တန်းပိတ်ရက်လည်းဖြစ်တာမို့ မဒီဖားသားကြီးက ဒေါ်ဘတ်ဒေးအတွက် လက်ဆောင်ပေးထားတဲ့ ဒီတိုက်ခန်းလေးမှာ စုရုပ်လုပ်ပြီး ပျော်ကြပါးကြတာဖြစ်သည်။ မဒီတို့လေးယောက်အတွက်တော့ ဒီအခန်းလေးက နိဗ္ဗာန်ဖြစ်လေသည်။ ဒီအခန်းထဲမှာ မဒီတို့ရဲ့ စိတ်ကူးတွေ၊ ပျော်ရွှင်မှုတွေ အများကြီးရှိလေသည်။

ဒီနေ့လည်း မဒီက မဒီ့ရဲ့လက်ရာ ရှမ်းခေါက်ဆွဲကို ဒေါယ်ရှယ်စီစဉ်ထားပြီး စားပွဲကြီးကျင်းပနေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝါး ... တယ်မွှေးပျံ့နေပါလား၊ အရသာကတော့ ရှယ်ပဲနေမှာ၊ အခုလို ငါတို့ရဲ့မဒီကြီး ကျေးရမွေးရ လှူဒါန်းခွင့်ရတဲ့ကုသိုလ်ကြောင့် ဘဲချောချောလေးရပါစေ"

"အမယ်လေး ... ဒီဆုကတော့ မတောင်းဘဲလည်း ပြည့်ပြီးသား၊ ပြည့်ပြီးသား ... ဟဲ ဟဲ၊ ကဲ ... စားကြည့်ဦး၊ ဘာလိုသေးလဲလို့"

မဒီက ပြောလည်းပြောရင်းက ရှမ်းခေါက်ဆွဲကို တူဖြင့် သမအောင်နယ်ပြီးမှ ပါးစပ်ထဲသို့ တစ်လုတ်ထိုးသွင်းလိုက်သည်။

"အားပါး ... တယ်ကောင်းပါလား၊ မဒီမ ... ရှင့်လက်ရာတွေ အရမ်းမြှောက်လာပါလား၊ စားသောက်ဆိုင်ဖွင့်ပါလား"

"အမယ်လေး ... တော်စမ်းပါ မယ်ကိုးရယ်၊ နင်ကပါ ဝင်မြှောက်ပေးနေပြန်ပြီ၊ အိမ်မှာလည်း ဒယ်ဒီက ငါ့ကို စီးပွားရေးလုပ်တော့ ဆိုတာချည်းပဲ၊ ငါ့မှာ လှည့်ပတ်ပြီးတော့ အကြောင်းမျိုးစုံပြနေရတယ်၊ ငါတို့တွေကို လတ်လျားလတ်လျား သွားနေလို့ ကြည့်မရတော့ဘူးတဲ့"





"အေးလေဟာ ... အလုပ်ဆိုတာ နောက်မသေမချင်းလုပ်ရမယ့်ဟာကို၊ လူကြီးတွေကလေ နားလည်ပေးမယ်ကိုမရှိဘူး၊ ငါ့မားသားလည်း ဒါဘာထူးလို့လဲ၊ ငါ့ကို စီးရီးလေးထုတ်ပေးပါဆိုတော့ ရေထဲ အဲဒီပိုက်ဆံ သွားလွှင့်ပစ်ရင်တောင်မှ ပလုံမြည်ဦးမယ်တဲ့၊ ငါ့ကို စီးရီးထုတ်ပေးရင် အရှုံးပေါ်ချက်က အသံတောင်ထွက်လိုက်မှာမဟုတ်ဘူးတဲ့၊ ဟော ... အဲဒီတော့ "အိပ်မက်ဆုံရာ"မှာ သွားပြိုင်မယ် ဆိုတော့လည်း လက်သင့်မခံပြန်ဘူး၊ ဟူး ... ခက်၏။ ခက်၏"

ဘန်ဘန်က သူ့ရဲ့ခံစားချက်တွေ ဖောက်နေလျှင် ဒေီတို့က အကြောင်းသိတွေပီပီ တဟားဟားနဲ့ ရယ်ကြတော့တာပဲဖြစ်သည်။

အဲဒီလို စိတ်ကူးအိပ်မက်မျိုးကတော့ ဘန်ဘန်တင်တော မဒီတို့လေးယောက်စလုံးမှာ ရှိထားတာဖြစ်သည်။ မဒီတို့အုပ်စုက လုံးဝမိုက်ခဲတွေပဲဖြစ်သည်။ အားလုံးက သီချင်းဆိုတာကို လုံးဝ အရူးအမူး ဝါသနာကြီးကြတာမို့ လေးယောက်သားဆုံဖြစ်ရင် အသွားအများဆုံး နေရာကတော့ မဒီတို့ရဲ့ Favourite ဆိုင်ဖြစ်တဲ့ Music box ကိုပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ ... ငါတို့လည်း လေးယောက်ပေါင်းလောင်းကျော်နေတာ ကြာတော့ လူကြီးတွေက မျက်စိစပါးမွေးစူးလာကြပြီဟ၊ နည်းနည်းတော့ အနေအထိုင် ဆင်ခြင်ရမယ်ဟေ့"

"အမယ်လေး ... ဆင်ခြင် မှိုင်းရေ၊ ဆင်ခြင် ... မနက်ဖြန်ပဲ Gymသွားဆော့ဖို့ Scheduleတစ်ခုက ဝင်လာပြန်ပြီ၊ အဲဒါ ဘာဆင်ခြင်ဦးမှာလဲ"

"ကဲပါ ... ကဲပါ ... ဘာမှ စိတ်ပူမနေနဲ့၊ နောင်ခါလာ နောင်ခါဈေးပဲ၊ စား ... စား ... စားပြီးရင် ဆက်လက်မိုက်ခဲကြစို့ဟေး"

ဘန်ဘန်က ပွဲပိတ်စကားဆိုလိုက်လျှင် အားလုံးကညီစေပဲ ဖြစ်သွားတော့သည်။ ဘန်ဘန်တို့ဘဝတွေမှာ ဒုက္ခဆိုလို့ မိဘကဆူတာတစ်ခုကိုပဲ မဟာဒုက္ခအဖြစ် ခံစားခဲ့ဖူးတော့ အရာရာဟာ အေးရာအေးကြောင်းပဲဖြစ်သည်။





အချစ်ဟာ
နေပူပူ မိုးရွာရွာ
မပြောင်းလဲဘူးဆိုတဲ့ ဂုဏ်သတ္တိရှိနေရင်
အချစ်က လက်တစ်ကမ်းအကွာ အနေအထားမှာပါ။

မဒီဘွဲ့ဖြူ
ပြာရီမှိုင်း
ရွှေဘဏ္ဍာ
ဂုဏ်ရှိန်ကိုး



www.burmeseclassic.com

www.burmeseclassic.com



# ( ၃ )

စိတ်တိုင်းကျ ရေကူးပြီးသွားတဲ့အခါမှာ သူဟာ ရေမိုးချိုး အဝတ်လဲပြီး အတွင်းလမ်းထဲက ပြန်လျှောက်လာကာ သူ့ရုံးခန်းသို့ ပြန်လာခဲ့တာဖြစ်သည်။

"Meeting အတွက် ready ဖြစ်ပြီလား သူရ"

"အဆင်သင့်ပါပဲ ဘော့စ်၊ ဘော့စ်ရောက်တာနဲ့ စလို့ရပါပြီ"

"အိုခေ ... ဒါဆို သွားမယ်လေ"

သူဟာ သူ့ရဲ့အတွင်းရေးမှူး သူရနဲ့အတူ Meeting Roomကိုသွားကာ ဒီဟိုတယ်ရဲ့ ရှေ့ဆက်လုပ်ငန်းဆောင်တာတွေ၊ အသစ်တိုးချဲ့မှုတွေအတွက် ဆွေးနွေးမှုတွေ လုပ်ပြီးသွားလျှင်





တော့ ညနေစောင်းစောင်းပြီဖြစ်သည်။ လူက အလုပ်တွေ့တောက်လျှောက် run သွားရတော့ အရမ်းကို ပင်ပန်းနေတာပဲဖြစ်သည်။ လက်ရှိမှာ သူဟာ ဒီဟိုတယ်အပြင် Consturction ကြီးတစ်ခုကိုပါ အောင်မြင်စွာ တည်ထောင်ထားနိုင်သူမို့ အဲဒီအောင်မြင်မှုနဲ့ထပ်တူ အလုပ်တွေကတော့ တကယ်ကို ဖယ်ဆက်သလို များတာပဲဖြစ်၏။

"ဘော့စ် ... ကိုနေသွေး ရောက်နေတယ်"

"ဪ ... လွှတ်လိုက်၊ လွှတ်လိုက် ... ပြီးတော့ ငါတို့ကို Pool side မှာ ဒင်နာစီစဉ်ပေး၊ ဒီကောင်နဲ့ငါ ညစာစားဖို့ချိန်းထားတာ"

"ဟုတ်ကဲ့ ဘော့စ်"

သူရက ထွက်သွားလျှင် နေသွေးက သူ့ကို လက်တစ်ဖက်ထောင်ကာ နှုတ်ဆက်ရင်း ...

"ဟာ ... ဘယ်လိုလဲ ဘောစ်ကြီး၊ မတွေ့ရတာကြာတော့ ငါတို့ဘော့စ်ကြီးက ပိုချော့ပိုခန့်လာပါလား"

"ဟား ဟား ... မင်းကတော့ လာတာနဲ့ဖောက်ပြီ၊ ကဲ ... ထိုင်ကွာ၊ ဘယ်လိုလဲ ... မင်းကော၊ မင်း ဒီတစ်ခါသဘော်ကပြန်လာတာ ပိုဝလာသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဘီယာဗိုက် ထွက်လာတာပါကွာ၊ မင်းလို ရုပ်ရှိ ရေလျှံမဟုတ်ဘူးလေ၊ ငါတို့က ဘဝသမားတွေ၊ သားကျွေးမှု မယားကျွေးမှု ရှိသေးတယ်၊ မင်းကော မယူသေးဘူးလား"

မယူသေးဘူးလား ဆိုတဲ့ အမေးအတွက် သူက သဘောတကျဖြင့် ဟက်ဟက်ပက်ပက် ရယ်မောမိသွားသည်။

"မင်းလည်း ငါ့အကြောင်းသိရဲ့သားနဲ့ နေသွေးရာ၊ ငါ့မှာ အလုပ်တွေ လုံးချာလည်လိုက်နေတာနဲ့ပဲ ဘယ်မိန်းမကိုမှ အချိန်မပေးနိုင်တော့ဘူး၊ လူပျိုကြီးဖြစ်ဖို့ကတော့ 80% သေချာနေပါပြီကွာ"

"ဟား ဟား ... မင်းကွာ၊ မင်းဘေးနားမှာ ဒီလောက်ဝိုင်းဝိုင်းလည်နေတာကို ကြိုက်တဲ့ စိတ်တိုင်းကျတစ်ယောက် ရွေးလိုက်ပေါ့ကွာ"

"ဟား ... တော်ပါတော့ကွာ၊ မင်းမလည်း ရောက်လာကတည်းက Topic က မိန်းမအကြောင်းချည်းပဲ၊ ကဲ ... လာ မင်းအတွက် စပါယ်ရှယ်ဒင်နာ စီစဉ်ထားတယ်၊ ငါ့ဟိုတယ်ရဲ့ အကောင်းဆုံးစားဖိုမှူးလက်ရာနော်"





"အေးဆေးပေါ့ကွာ၊ ခဏနေမှ စားတာပေါ့၊ မင်းကော အိမ်မပြန်ဘူးလား၊ အန်ကီတို့ကော နေကောင်းလားကွ"

"ပြန်ပါတယ်၊ ငါက အလုပ်များတော့ တစ်ခါတလေ ဒီမှာပဲ အိပ်ဖြစ်တယ်၊ အမေကော အန်တီလေးကော ကျန်းမာတာမှ ဒေါင်ဒေါင်မြည်ပဲ"

"ကျန်းမာတယ်ဆိုပေမယ့် သူတို့လည်း အားကိုးရတဲ့ ချွေးမလေး လိုချင်တာပေါ့ကွ"

ဘာပဲပြောပြော နေသွေးရဲ့ဘူတာက ဒီကိုပဲ လာဆိုက်တာမို့ သူက နေသွေးကို ပခုံးတစ်ချက်သာ တွန့်ပြကာ ဒင်နာစားဖို့ Pool side ကို ဆင်းလာခဲ့တော့သည်။

"ချီးယားစ် ... ငါ့သူငယ်ချင်းကြီးရဲ့ လုပ်ငန်းအောင်မြင်မှု အထိမ်းအမှတ်အတွက်"

နေသွေးက သူ့ကို ချီးယားစ်လုပ်တာမို့ သူက ခွက်ချင်းတိုက်ကာ ဘလက်လေဘယ်တစ်ငုံ သောက်လိုက်သည်။ ပွဲလမ်းသဘင်ကိစ္စလောက်မှသာ သူက သောက်တတ်တာမို့ နေသွေးနဲ့ ဆုံတဲ့နေ့ဖြစ်နေတာကြောင့် သူက နည်းနည်းပါးပါး တော့ သောက်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုက်တယ်ကွာ၊ မင်းဟိုတယ်က ရေလည်သာယာတယ်ကွ၊ ရှယ်ပဲ"

"ဟင်း ဟင်း ... ဒီအဲ့ခြေအနေမျိုး ရောက်လာအောင် ငါ မနည်းကြိုးစားခဲ့ရတာ၊ ပေးဆပ်ရတဲ့ အချိန်ကာလတွေ၊ ငွေအင်အားတွေက နည်းတာမှ မဟုတ်တာကွ၊ ဒီဟိုတယ် တစ်ခုလုံးကို ငါ့ပိုင်ဆိုင်မှုဖြစ်အောင် ရေရေလည်လည် ကြိုးစားခဲ့ရတာလေကွာ၊ အခုတော့ အဲဒီအကျိုးတွေ ခံစားခဲ့ရတယ် ဆိုပါတော့ကွာ ...

မင်းကလည်း အားရင် ဒီမှာ ရေကူးတာတို့ Gym တို့ လာဆော့ပါလားကွ၊ ငါတောင် အခုတလော နေရထိုင်ရတာ နည်းနည်းလေးလို့ Gym ဆော့နေတာ"

"ဟာ ... မိုက်တယ်ကွာ၊ ဒါကြောင့်မို့ အရွယ်တင်နုပျိုပြီး မင်းက အမိုက်စားဖြစ်နေတာကိုးကွ၊ အေးပါ ... ငါလည်း မိန်းမနဲ့ တိုင်ပင်လိုက်ဦးမယ်၊ သူ့ကိုပါ လာကစားခိုင်းရမယ်"

"အေးပါ ... ဟုတ်ပါပြီ၊ ဟော့ကောင် ... စားလိုက်ဦး"





နေသွေးနှင့် သူက စကားတပြောပြောဖြင့် ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း သူ့စိတ်တွေဟာ relax တစ်ခုတော့ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောနင်း ... မေ၊ မောနင်း တီလေး"

ဖန်ယွန်းက ဘာရိတ်ဖတ်စ်ဝိုင်းမှာ ဝင်ထိုင်ရင်း မေမေနဲ့တီလေးကို နှုတ်ဆက်ကာ ကော်ဖီတစ်ငုံသောက်လိုက် သည်။ သူက မနက်ဆို ကိုးနာရီလောက်မှ ထတတ်တာဖြစ်ပေ မယ့် ဒီတလောမှာ သူဟာ အလုပ်တွေများနေကာ ပင်ပန်းမှု Stress တွေကြောင့် ကိုယ်လက်ထိုင်းမှိုင်းနေတာတွေ ပြေ လျော့ အောင် ခုနစ်နာရီဆို သူ့ဟိုတယ်မှာပဲ Gym သွား,သွားကစား ဖြစ်သည်။ အိမ်မှာ စက်တွေရှိပေမယ့်လည်း သူက အပေါင်းအသင်း တွေနဲ့ အားကစားလုပ်ရတာမျိုးကို ပိုသဘောကျတာမို့ ဟိုတယ် ကိုပဲ သွားဖြစ်နေတာဖြစ်သည်။

"သား ... ဒီနေ့ကော Gym သွားဦးမလို့လား"





"ဟုတ်တယ် မေမေရ၊ ဟိုမှာက နေသွေးတို့၊ ဖိုးဇော်တို့ပါ လာဆော့နေတာဆိုတော့ သားက အဲဒီမှာ သွားသွားလုပ် ဖြစ်နေတာ၊ မေမေ ပြောစရာရှိလို့လား"

"အေး ... ပြောစရာ ဆိုတာထက် မေးစရာရှိလို့ သား၊ သား အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ဘူးလား"

ထုံးစံအတိုင်း မနက်ခင်းတေးသံသာက စလာပြီမို့ သူက ကွတ်ကီးကို ကိုက်ဝါးရင်းက ပြုံးလိုက်ကာ ...

"ဘာလဲ မေမေရ၊ သားကို လူပျိုကြီး မဖြစ်စေချင်ဘူးလား"

"မဖြစ်စေချင်ဘူး ဖန်ယွန်း၊ မင်းကို မေမေတို့ စီစဉ်ပေးမှ ဖြစ်တော့မယ်၊ နောက်ရက်ကျရင် မင်း မေမေတို့ကိုအချိန် ပေး၊ မင်းကို မိတ်ဆက်ပေးမယ်"

"ဟာဗျာ ... မေမေကလည်း ကိုရီးယားကားထဲကလို ကျွန်တော့်ကို အိမ်ထောင်ဖက် တွေ့ခိုင်းမလို့လား၊ မလုပ်ပါ နဲ့ဗျာ၊ သား အဲဒါတွေ စိတ်မဝင်စားဘူး"

"ဟဲ့ ... မဝင်စားလို့ မရဘူး၊ မေမေတို့ မင်းတီလေးတို့ မရှိတော့တဲ့အခါ မင်း ဘယ်သူနဲ့ နေမလဲ၊ အခုပဲ မင်း အသက်က သုံးဆယ်ကို တော်တော်စွန်းလာပြီ၊ မေမေတို့ လည်း မြေးချီချင်ပြီ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် ... မမရဲ့သားသမီးတွေက အမေ့မြေးအရင်း ခေါက်ခေါက်တွေပါ၊ အမေ့မှာ မြေးတွေ ရှိပါတယ်ဗျ"

ဖန်ယွန်းက စကားစကို အမြန်ဖြတ်နေသော်လည်း မေမေက သူလိုချင်တာကို လက်လျှော့မည့်ဟန်မတူဘဲ သူ့ကို အခြေအတင်ကို ဆွေးနွေးနေတာမို့ သူဟာ ဘယ်လိုပတ်ပြေးရင် ကောင်းမလဲ စဉ်းစားနေတာဖြစ်သည်။

"အမယ်လေး ... ငါက မင်းရဲ့သားသမီးကိုပါ လိုချင်တာ၊ မင်းအစ်မကလည်း မင်းကို အိမ်ထောင်ပြုစေချင်နေတာ၊ ဒီတစ်ခါ မင်းအစ်မသူငယ်ချင်းရဲ့ ညီမလေး၊ ကောင်မလေးက ချစ်စရာလေး သားရယ်၊ တွေ့ကြည့်လိုက်ပါလားကွာ"

မေမေက ဇွတ်ကိုဖြစ်နေတာမို့ ဖန်ယွန်းက ပြီးပြီး ရောဖြစ်အောင် အင်း အင်း ဟုကာ ခေါင်းညိတ်ကာ ကော်ဖီကို အပြီးသတ်မော့ချလိုက်ရင်းက ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ သား အားတဲ့ရက်ကျရင် တွေ့တာပေါ့၊ အခုလောလောဆယ်တော့ သား သွားပြီ မေမေရာ၊ နောက်ကျနေပြီဗျ၊ တာ့တာ"





ဖန်ယွန်းက အမြန်အမြန်လစ်ထွက်လာကာ ကားဆီ သို့သွားကာ ဟိုတယ်ကို မောင်းထွက်လာခဲ့တော့သည်။ ပြောရရင် ဒီလိုမနက်ခင်းပိုင်း ဟိုတယ်မှာ Gymဆော့ရတာကို သူ အရမ်း သဘောကျမိသည်။

အရင်က အလုပ်တွေများလို့ မလုပ်ဖြစ်ပေမယ့် အခုတလောတော့ အပေါင်းအသင်းပါကောင်းနေတာမို့ နေ့တိုင်း နေ့တိုင်း အချိန်ပေးပြီး ဆော့ဖြစ်နေတာဖြစ်သည်။ သူက ကားပါ့ခ်ထဲမှာ ပါကင်ထိုးပြီးတော့မှ ဟိုတယ်ထဲ လမ်းလျှောက်လာတတ် သူဖြစ်တာကြောင့် ကားပါ့ခ်မှာ ပါကင်ထိုးပြီးသွားလျှင် သူ့ရဲ့ adiads sport type အိတ်လေးကိုဆွဲကာ ..အေးရာအေးကြောင်း လမ်းလျှောက်လာတုန်း အရှိန်ပြင်းပြင်းဝင်ချလာတဲ့ Mark x တစ်စီးကြောင့် သူ့ရဲ့အာရုံက အဲဒီကားဆီရောက်သွားမိတာဖြစ် သည်။

ကားပေါ်က ဆင်းလာတာက လုံးဝအမိုက်စားကောင် မလေး လေးယောက်ပဲဖြစ်သည်။ အားလုံးက ဒီခေတ်ရဲ့အထာတွေ အတိုင်း အလန်းလွန် အလွန်လန်းနေကာ လေးယောက်စလုံးကို ကြည့်ရတာ ပလူလိုပျံထနေတာပဲဖြစ်သည်။ မိန်းကလေးများသည်



www.burmeseclassic.com

www.burmeseclassic.com



သူကြည့်နေတာကို သတိတောင်ထားမိပုံမရဘဲ ဖလန်းဖလန်းပုံစံတွေဖြင့် ဟိုတယ်ထဲကို ဝင်သွားကြလေသည်။ ပုံစံကြည့်တာနှင့် ပလူလိုပျံ့ထနေတာမို့ သူဟာ မျက်စိနောက်စရာ ချာတိတ်မလေးတွေကို ကြည့်ရင်း ခေါင်းတစ်ချက်ယမ်းမိကာ ဟိုတယ်ထဲသို့ ဝင်လာလိုက်တာဖြစ်သည်။

"ဟား ... မောနင်း ဖန်ယွန်း၊ ဒီနေ့ မင်းလာတာ နောက်ကျလှချည်လားကွ၊ ငါတို့က တော်တော်တောင် သွေးပူနေပြီ"

"အေးကွာ ... အိမ်က မားသားက ငါ့ကို တရားဟောနေသေးလို့ ဟော့ကောင်ရေ"

သူက ဘယ်ရီရိုက်နေလျှင် သူ့ဘေးမှာထိုင်ကာ နေသွေးနှင့် ဖိုးဇော်က တော်လ်ကီပွားပေးနေတာဖြစ်သည်။ ပြောနေရင်းက အဲဒီနှစ်ကောင်ရဲ့အကြည့်တွေက ဟိုဘက်ခန်းမထဲဝင်သွားတဲ့ ကောင်မလေးတွေဆီရောက်နေတာမို့ သူက သတိလှမ်းပေးရလေသည်။

"ဟော့ကောင်တွေ ... မင်းတို့ ငမ်းကြောထနေတာတွေ မင်းတို့မိန်းမတွေကို ပြန်တိုင်မှာနော်"





"ဟား ဟား ... မျက်စိကိုလည်း ကျန်းမာရေးကောင်းအောင် လေ့ကျင့်ခန်းလုပ်ပေးနေတာပါကွာ၊ မင်းဟိုတယ်မှာ Gymလာဆော့တဲ့ မဒီလေးတွေက ရေလည်မိုက်တယ်ကွာ၊ လုံးဝ ဘာလင်း ဘာလင်းတွေ၊ ဟွန်း ... အဆီတစ်ထပ် အသားတစ်ထပ်ဆိုလို့ ငါတို့မိန်းမတွေပဲ ရှိတယ်"

နေသွေးက ကြိတ်မနိုင်ခဲမရလေသံကြီးနဲ့ ပြောလေလျှင် သူက မနိုင်တာမို့ သဘောကျစွာ ရယ်မိသွားသည်။

"ဟား ဟား ... ဒီအချိန်မှာ မင်းတို့ လူပျိုမဟုတ်တာ နာတာပဲကွာ၊ အခုကျမှ လူပျိုရဲ့တန်ဖိုးကို မင်းတို့နားလည်ပြီမလား၊ ကလေးအဖေတွေ အခုမှတော့ ဘာမှ နှမြောမနေနဲ့တော့၊ မင်းတို့မိန်းမတွေကို သွားပြန်အပ်လို့လည်း မရတော့ဘူး၊ အိမ်ထောင်သည်တွေက အိမ်ထောင်သည်တွေလိုနေစမ်းပါကွာ ... ဟား ဟား"

"တောက် ... နာတာပဲကွာ၊ ဟင်း ... ကဲ ... အဲဒါထားလိုက်၊ ငါတို့ပြီးရင် အပြင်မှာ Breakfast သွားစားရအောင်"

"ဘာလုပ်ဖို့လဲ၊ ဒီမှာပဲ စားစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဟိုတယ်စာတွေ ခံတွင်းမတွေ့တော့ဘူးကွ၊ ငါတို့ လက်ဖက်ရည်ဆိုင်လေး ဘာလေး သွားထိုင်ရအောင်"

ဖန်ယွန်းက လက်ဖက်ရည်ဆိုင်ထိုင်ဖို့ အဖော်ညှိတဲ့ ဖိုးဇော်စကားကို ရယ်မိသွားသည်။ ပြီးတော့ ဘေးမှာချထားတဲ့ ရေဘူးကို ဖွင့်သောက်လိုက်ပြီးမှ ...

"ဟား ဟား ... မင်းကွာ ... မင်းမိန်းမက လွှတ်မလားကွ၊ လက်ဖက်ရည်ဆိုင်ထိုင်တယ်ဆိုတာ လူပျိုတွေ အလုပ်ပါကွ"

"ဟောကောင် ... မင်းက လူပျိုဆိုပေမယ့် လူပျိုသိုးကြီး ရောင်းမထွက် အဆင့်ဖြစ်နေပြီ၊ လုပ်စမ်းပါ ဖန်ကြီးရာ၊ ဒီနေ့တစ်ရက်ပဲ ငါတို့ လူပျိုလုပ်လို့ရမှာကွ၊ ငါတို့မိန်းမတွေက ဟိုမှာ Gym ဆော့ပြီးရင် မင်း Beauty Saloon မှာ nail art လုပ်မယ်ဆိုလား ဘာဆိုလားပဲကွ၊ ကြာမှာ ... သူတို့ကိုစောင့်ရင်း ငါတို့ လက်ဖက်ရည်ဆိုင် သွားထိုင်တာပေါ့ကွာ၊ ဘာလဲ ... မင်းက ဟိုတယ်ပိုင်ရှင် ဘောစိဆိုပြီး လက်ဖက်ရည်ဆိုင်မထိုင်နိုင်လောက်အောင် ဘဝင်မြင့်သွားတာလား"





သူ့ကို မလိုက်လိုက်အောင်ပြောနေတာမို့ ဖန်ယွန်းအလည်း လက်ဖက်ရည်ဆိုင်မထိုင်ရတာကြာပြီမို့ ခေါင်းညိတ်ပြလိုက်သည်။

ဖန်ယွန်းက ပြေးစက်မှာ ဆယ့်ငါးမိနစ်လောက်ပြေးတာ သွေးပူသွားပြီဆိုလျှင် ဒီနေ့ Gym ဆော့တာကို brake လုပ်လိုက်ကာ ရေသွားချိုးလိုက်လေသည်။ အမှန်ဆို သူ ရေမိုးချိုးပြီးအနှင့် သူ အလုပ်လုပ်ဖို့အတွက် ခန့်ညားထည်ဝါခြင်းကိုဆောင်သည့် အနောက်တိုင်းဝတ်စုံပြည့်ကို ဝတ်မှာဖြစ်ပေမယ့် နေ့သွေး…က လက်ဖက်ရည်ဆိုင်သွားမယ် ဖြစ်နေတာမို့ သူဟာ ပေါ့ပေါ့…ပါးဖြစ်အောင် မနက်ကဝတ်လာတဲ့ နံ့သာရောင် Polo စပို့ရှပ်…ဂျင်းကိုသာ ပြန်ဝတ်ဆင်လိုက်သည်။ သူက သွားဖို့ ready …နေချိန်မှာ ဟိုနှစ်ကောင်က မပြီးသေးတာမို့ အောက်ထပ်က…တီမှာ ထိုင်စောင့်နေလိုက်သည်။ သူ့အတွင်းရေးမှူး သူရ…လည်း လုပ်ရမယ့် instruction တွေပေးပြီးပြီမို့ သူဟာ ဆက်တီ…မှာ မဂ္ဂဇင်းတစ်အုပ် ထိုင်ဖတ်ရင်း စောင့်နေလိုက်သည်။

"ဟား ဟား ... of course၊ ငါပဲ နိုင်ရမှာပေါ့ ... ဟား ဟား"

www.burmeseclassic.com



နားထဲမှာ အသံတွေဆူလာတာမို့ သူက ကြည့်လိုက်လျှင် မနက်ခင်းတုန်းက သူတွေ့ခဲ့တဲ့ လေးယောက်ပဲဖြစ်သည်။ တစ်ကမ္ဘာလုံးမှာ သူတို့လေးယောက်ပဲရှိတဲ့အလား စကားတွေများကာ လျှောက်လာကြတာဖြစ်သည်။ အင်း ... ပုံစံတွေ ဒီဇိုင်းတွေကတော့ ဟိုကောင်တွေပြောသလို လုံးဝ ဘလင်း ဘလင်းဖြစ်၏။ သူသဘောကျတဲ့ Girls Generation က ကောင်မလေးတွေလိုမျိုး လေးယောက်စလုံးဟာ ဆိုက်တူကိုက်တူဖြင့် ရေရေလည်လည် အမိုက်စားလေးတွေဖြစ်သည်။ သူက လင်းလင်းလက်လက်အထာလေးတွေမို့ ဘာရယ်မဟုတ် ကြည့်မိလိုက်စဉ် ကောင်မလေးတစ်ယောက်က သူ့ဘောင်းဘီအနောက်အိတ်ကနေ ဖုန်းကို ဆွဲထုတ်လိုက်စဉ်မှာ အောက်ကို တစ်စုံတစ်ခုက ပြုတ်ကျသွားတာကို သူ လှမ်းတွေ့လိုက်မိသည်။ သိဟန်မတူသောလေးယောက်က အေးဆေးပင် ထွက်သွားတာမို့ သူက ကျသွားတဲ့ ကီးချိန်းလေးကို ကောက်ကာ သူမတို့ကို လှမ်းခေါ်လိုက်သည်။

“ဟေ့ ... ဟေ့ ... ရှေ့က လေးယောက် ခဏ”

သူ့လှမ်းခေါ်သံကြောင့် လှည့်ကြည့်လျှင် ဖုန်းယွန်းက သူမတို့ဆီလျှောက်သွားလိုက်ရင်းက ကီးချိန်းလေးပြုတ်ကျန်ခဲ့တဲ့ ကောင်မလေးကို သူမကီးချိန်းလေး ပြန်ပေးလိုက်ကာ...





“ရော့ ... မင်း ခုနက ကျကျန်ခဲ့တာ”

ကောင်မလေးက သူ့ကို မျက်လုံးတစ်ချက်ဝင့်ကြည့်ပြီးမှ သူ့မကီးချိန်းလေးကို ပြန်ယူကာ ခေါင်းတစ်ချက်ဆတ်ပြပြီး...

“Thank you”

မာဆတ်ဆတ်လေသံဖြင့် ကျေးဇူးလုပ်သွားပြီး လေးယောက်စလုံးက ချာခနဲလှည့်ထွက်သွားလေတော့သည်။ ဟား ... ဘာလဲကွ။ လူမှုရေး ခေါင်းပါးလှချည်လား။ ဖန်ယွန်းက အဲဒီလို ကြွပ်ဆတ်ဆတ် စိတ်ပါသလို မပါသလိုအထာဖြင့် သူ့ကို ကျေးဇူးတင်သွားပုံကို စိတ်ထဲက ဒေါကန်သွားလေသည်။

“တောက် ... ကွာ”

“ဟေ့ကောင် ... ပြီးပြီ သွားမယ်ကွ”

သူဒေါသဖြစ်နေတုန်း နေသွေးတို့က ရောက်လာတာမို့ အဲဒီကိစ္စကို ခေါင်းထဲကထုတ်ပစ်ကာ နေသွေးတို့နဲ့အတူ ထွက်လာခဲ့တော့သည်။ စိတ်ထဲမှာတော့ တကယ့် တနုံ့နုံ့ဖြစ်သွားတာဖြစ်သည်။ ဒီချာတိတ်မလေးတွေ သူ့ကို ဘာကောင်ထင်နေသလဲမသိဘူး။ လုံးဝ Stupid girl တွေ။



www.burmeseclassic.com

www.burmeseclassic.com



## ၄

"အာ ... သိပြီ ... သိပြီ၊ ဒါကြောင့် ငါ မြင်ဖူးပါတယ် စဉ်းစားနေတာ၊ ဟဲ့ ... ဟိုဟာလေဟာ၊ ဂုဏ်ကိုးကိစ္စနဲ့ ငါတို့ ခွဲဆုကို သွားဖွဲ့ဖို့ ကန်တော်ကြီးသွားတဲ့နေ့ကလေ ငါးလာလွှတ်တဲ့ ဘိုးတော်လေ အဲဒါ"

မှိုင်းက စပြီး သတိပေးလိုက်တော့မှ, အားလုံးဟာ အဲဒီနေ့က ငါးလာလွှတ်တဲ့ အမိုက်စားဘဲကြီးအကြောင်းကို သွား သတိရတော့တာဖြစ်သည်။ ဟား ... ဟုတ်တာပေါ့။ အဲဒါကြောင့် မှိုင်းတို့အားလုံးဟာ Gymမှာ တွေ့တုန်းက ဒီဘဲကြီးကို မြင်ဖူးပါ တယ်ပေါ့ဆိုပြီး စိတ်ထဲ တနုံ့နုံ့ဖြစ်နေပေမယ့် ဘယ်မှာတွေ့ဖူးတာ လဲမှန်း ဘယ်လိုမှ စဉ်းစားလို့မရ။ မှိုင်းက သတိရသွားပြီး





ဆောက်ပြလိုက်မှပဲ အားလုံးက ရေရေလည်လည်မှတ်မိသွားတာ ဖြစ်သည်။

"မှိုင်းရဲ့ memoryတွေက ဒါမျိုးဆို သိပ်ကောင်းတာပဲဟေ့"

"ဟဲ ဟဲ ... ဒီလိုပဲလေ၊ မိုက်တယ်ဟာ၊ ဘာကြီးမှန်းမသိ အောင်ကို ဘဲကြီးကမိုက်တာ၊ Mother Father Gentleman ပဲ ဟီး ဟီး၊ ဒါကြောင့် ငါ့ကို ကီးချိန်ပြန်လာပေးတာ"

မှိုင်းက အစွန်းဖောက်ရင်း စားစရာရှိတာကို ဆက် စားတာ ခဏနှုတ်ဆိတ်သွားပေမယ့် အတွေးအာရုံတွေကတော့ သူထံရောက်နေတာပဲဖြစ်သည်။ မှိုင်းတို့ ဂါရတဲ့ဘဲဆိုတာ မရှိ လောက်ကိုရှားတာဖြစ်သည်။

အခုတွေ့ရတဲ့ ဒီဘဲကြီးကတော့ လုံးဝ မိုက်တာပဲဖြစ် သည်။ မှိုင်းဆက် အသက်အတော်အတန်ကြီးမယ့်ပုံပေါ်ပေမယ့် တာတော့ လုံးဝနုပျိုနေတာပဲဖြစ်သည်။ မသိရင် ကိုရီးယားမင်း သား ဒါရိုက်တာရင်ကို ကြည့်နေရသည့်အလား ရင့်ကျက်တည်ငြိမ် သော ချောမောပြေပြစ်မှုရှိသူဖြစ်သည်။ မနက်က မှိုင်းရဲ့ကီးချိန်း အေးကို လာပေးကတည်းက သူ့ကိုမြင်ဖူးနေတာဆိုပြီး စိတ်ထဲ မှာ အမှတ်ထင် ရှိနေစဉ်မှာပဲ Gym ကအပြန် သပြေရိပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



brakefast ဝင်ဆွဲနေတုန်း တိုက်တိုက်ဆိုင်ဆိုင် သူတို့ကို ထပ်မံဆုံရတာမို့ လုံးဝကြီးကို ပြောဖို့ topic တစ်ခုအဖြစ် စကားရသွားတာမျိုးပဲဖြစ်သည်။

"ဟဲ့ ဟဲ့ ... ငါတို့ကိုလည်း သူတို့မြင်တယ်ဟ။ လှမ်းကြည့်နေတယ်"

"ဟိ ဟိ ... ဘိုးတော်ကလည်း အသက်ကလေး မဆိုစလောက်သာ ကြီးသွားတာပါပဲ။ အကြည့်တွေက စူးရှနေတာပဲ"

ဘန်ဘန်နဲ့ဂုဏ်ကိုးကပါ လေသံတွေ တက်ကြွလာတာမို့ ငြိမ်နေတဲ့ မဒီက ရေနွေးခွက်ကိုမကာ ခပ်ဖြည်းဖြည်းသောက်လိုက်ပြီးတော့မှ ...

"ရှိုးတာကတော့ ငါတို့ကို လှမ်းလှမ်းရှိုးနေတယ် နော်။ ဘယ်လိုလဲ အချစ်ဆုံးတို့၊ ကြုံတုန်းဆုံခိုက်လေး မွှေကြမလား၊ ဘဲကြီးကြည့်ရတာ ငါတို့နဲ့ ရေစက်ပါပုံပဲဟဲ့"

မဒီက မျက်စတစ်ချက်ပစ်လိုက်ကာ ဆော်ဆော်တွေကို ညိုလိုက်လျှင် အားလုံးက ညီစေပဲဆိုတာကြောင့် မဒီတို့က ဝိတ်တာလေးကို လှမ်းခေါ်ကာ ဘေလ်တောင်းလိုက်တော့သည်။





"ရှင်းမယ်၊ ဒီဝိုင်း ... ပြီးတော့ ဟိုဘက်ထောင့်က အင်္ကျီနဲ့သာရောင်နဲ့လူကိုတွေ့လား"

"ဟုတ်ကဲ့ခင်ဗျ"

"အေး ... သူတို့ဝိုင်းရဲ့ဘေလ်ပါ တွက်လိုက်၊ သြော် ... ငါတို့ရှင်းတယ်ဆိုတာ မသိစေချင်ဘူး၊ ဖြစ်မလား"

မဒီက လှမ်းညိုလိုက်လျှင် စားပွဲထိုးလေးက သဘောပေါက်စွာ ဟုတ်ကဲ့ခင်ဗျလုပ်ပြီး နှစ်ဝိုင်းစာ ပိုက်ဆံတွက်ပေးလေ၏။ မဒီတို့က ပိုက်ဆံရှင်းပြီးသွားတဲ့အခါမှာ သာသာယာယာပင် ဆိုင်ထဲကထွက်လာခဲ့တော့သည်။ ပြီးတော့ စားပွဲထိုးကောင်လေးကိုလည်း သူတို့မေးလွန်းမကမေးလျှင်ဖြေဖို့ အဖြေကိုပါ မဒီတို့က သင်ပေးခဲ့ပြီးသား။

"အစ်ကိုတို့ဝိုင်းကို ခုနကထွက်သွားတဲ့ အစ်မလေးယောက်က ရှင်းတာပါ၊ သူတို့က ကျေးဇူးအတင်မခံချင်လို့လို့ပြောလိုက်ပါတယ်"

... တဲ့။ လို့ဆိုလိုက်တာနှင့် အဲဒီဘဲကြီးက မဒီတို့ကို လုံးလုံးလျားလျားကြီးကို မှတ်မိသွားမှာသေချာတာမို့ မဒီက အခွင့်ပွဲ အဲလို ပြောခိုင်းလိုက်တာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဒီမ ဒါ ဘာအထာတွေ ခင်းနေတာလဲ"

ကားပေါ်ရောက်ရောက်ချင်း ဂုဏ်ကိုးက လှမ်းမေးလေလျှင် မဒီက ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်းက ...

"တုံးချင်ရင်လည်း နင်ပဲ၊ ဒီလောက်ရိုးရှင်းတဲ့အကွက်ကို နင် သဘောမပေါက်ဘူးလား၊ ဒီဘဲကြီး ငါတို့ကို လုံးဝ မမေ့နိုင်တော့တဲ့အကွက်မျိုး ခင်းလိုက်တာလေ၊ ငါတို့ Gymဆော့တယ်ဆိုတာ သူ မတုံးဘူးဆိုရင် သဘောပေါက်လိမ့်မယ်၊ အဲဒီအတွက် အခုလို ငါတို့က ပိုက်ဆံရှင်းပေးလိုက်ခြင်းအားဖြင့် အဲဒီအမိုက်စား အာဂျီးရှိကြီး ငါတို့ကို လာတွေ့ကို တွေ့လိမ့်မယ်"

မဒီက အပိုင်ကို အကွက်ကျပြောနေတာမို့ ဂုဏ်ကိုးမှာ မယုံသလိုလို ပေကလပ်ပေကလပ် ဒီဇိုင်းဖြင့် ကြည့်နေလျှင် မဒီက ဂုဏ်ကိုးရဲ့ပါးကို တစ်ချက်ဆွဲလိမ်လိုက်ကာ ...

"စောင့်ကြည့်လိုက်လေ ချစ်ဆုံးရဲ့၊ ဒီလို ဒီလို အမိုက်စားဘဲကြီးတွေက သိပ်ပြီး မပိန်းတတ်ကြပါဘူးဟယ်၊ အခု တော့ ငါတို့ ဒီကနေ လစ်ကြစို့"





မဒီက လစ်စို့ဟုဆိုကာ CD Playerကိုဖွင့်လိုက်လျှင် 2NE1 ရဲ့ I love you သီချင်းက လွင့်ပျံလာလေသည်။ I love you တဲ့။ ချစ်ရမယ့်သူ မရှိသေးတဲ့အတွက် ဒီစကားလုံးဟာ လေးယောက်စလုံးအတွက် စိမ်းသေးသည့်စကားလုံးပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖန်ယွန်းက မနေ့ကကိစ္စကို စိတ်ထဲ တနုံ့နုံ့ဖြစ်နေတာမို့ ဒီကိစ္စကိုရှင်းဖို့ စောစောစီးစီး Gymခန်းမရဲ့ ဆက်တီမှာ လာထိုင်စောင့်နေတာဖြစ်သည်။ ပြောရရင် သူ တော်တော်ဒေါကန်တာဖြစ်သည်။

မလောက်လေးမလောက်စား ချာတိတ်တွေကများ သူတို့စားထားတဲ့ မုန့်ဖိုးကို ရှင်းသွားပြီး "ကျေးဇူးအတင်မခံချင်လို့ ရှင်းသွားတာ"ဆိုပြီး ပြောသွားတာကို သူက ပိုတနုံ့နုံ့ဖြစ်ရတာဖြစ်သည်။

"ဟုတ်တယ် ... အဲဒီကားက အရမ်းကောင်းတာတဲ့။ Face book မှာလည်း like တွေ အရမ်းတက်တယ်၊ Junction Square မှာပြနေပြီ၊ သွားကြည့်မယ်"





ဟော ... လာပါပြီ။ မနေ့က သူတွေ့သလိုပဲ လေးယောက်သားဟာ တွဲလျက်ပင်။ လုံးဝကို အလန်းဒီဇိုင်းတွေဖြင့် Gym ဆော့ဖို့ ရောက်လာကြတာဖြစ်သည်။ ရေရေလည်လည် ဆော့ရှော့ဖြစ်နေသော အထာတွေဖြင့် ဝင်ချလာတဲ့ဒီဇိုင်းက ဆရာမကြီးတွေအထာအတိုင်းဖြစ်သည်။ ဖန်ယွန်းသည် ထိုင်နေရာကနေ ထရပ်ကာ သူမတို့ရှေ့မှာ ခါးထောက်ရပ်ကာ လေးယောက်စလုံးကို ဘုရှိုးရှိုးလိုက်လျှင် သူမတို့လေးယောက်ရဲ့ခြေလှမ်းက တူညီစွာပင် တုံ့ခနဲရပ်သွားလေသည်။

"မင်းတို့ ငါ့ကို မှတ်မိပါတယ်နော်"

"ဦးလေးကြီးက ဘာကိစ္စရှိလို့လဲ"

သူမတို့ထဲက အနက်လေးဝတ်ထားတဲ့တစ်ယောက်က ရဲရဲတောက်ဒီဇိုင်းဖြင့် သူ့ကိုပြန်မေးလျှင် သူဟာ အဲဒီမေးခွန်းထက် အဲဒီကောင်မလေး သူ့ကိုခေါ်ဝေါ်လိုက်သည့် အခေါ်အဝေါ်ကို ကြားရလျှင် ဒေါသက ငယ်ထိပ်ထိ တက်ဆောင့်လေသည်။

"ဘာ ... ဘာ ... မင်းက ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"ဘာဖြစ်လို့လဲ၊ ဦးလေးအရွယ်မို့ ဦးလေးကြီးခေါ်တာ၊ အခု ဘာကိစ္စရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖန်ယွန်းက စကားတွေဆက်ရှည်နေမှာစိုးလို့ ထပ်အတွန့်တက်မနေတော့ဘဲ ဒေါသကို လျှော့လိုက်ကာ လိုရင်းကိုပဲ တည်လိုက်တော့သည်။

"အေး ... ငါ ဒီနေ့ မင်းတို့ကို တွေ့ဖို့စောင့်နေတဲ့ကိစ္စကတော့ မင်းတို့ကို ပိုက်ဆံပြန်ပေးမလို့၊ မင်းတို့က ဘာလဲ၊ ငါ မင်းတို့ကီးချိန်းကျခဲ့လို့ ပြန်ပေးတာကို ဇာတ်လမ်းလို့ မင်းတို့က ထင်နေတာလား ...

ဒီမှာ ... ရော့ ... ပိုက်ဆံ၊ အေး ... ပြီးတော့ တစ်ခါတည်းမှတ်ထား၊ သူများကို စိတ်အနှောင့်အယှက် ဘယ်တော့မှ မပေးနဲ့၊ အဲဒါ လူယဉ်ကျေးတွေရဲ့အလုပ်မဟုတ်ဘူး၊ ပိုက်ဆံယူလိုက်"

သူက အပြတ်ပြောကာ တစ်သောင်းတန်တစ်ရွက်ကို သူ မနေ့က ကီးချိန်းပြန်ပေးခဲ့တဲ့ကောင်မလေးကိုပဲ တည့်တည့်ပေးလျှင် ကောင်မလေးက သူလှမ်းပေးသည့်ပိုက်ဆံကို မယူဘဲ သူမပါးစပ်ထဲက ပီကေကို တဖြောင်းဖြောင်းမြည်အောင် တောက်လိုက်ပြီး ပြုံးထေ့ထေ့မျက်နှာပေးဖြင့် သူ့ကိုကြည့်ကာ ...

"ဦးလေးကြီးက ဒီပိုက်ဆံကို ဘာသဘောနဲ့ ပေးတာလဲ"





"ဟား ... ပြောပြီးပြီလေ၊ မနေ့က မင်းတို့ရှင်းသွားတဲ့ ပိုက်ဆံကို ပြန်ပေးနေတာ၊ ရော့ ... ယူ"

"ဦးလေး ... ဘာဖြစ်နေတာလဲ၊ မနေ့က ကီးချိန်းပြန်ပေးတဲ့အတွက် ကျေးဇူးဆပ်တဲ့အနေနဲ့ ဝယ်ကျွေးတာလို့ပြောလိုက်တယ်၊ ဝိတ်တာပြန်မပြောဘူးလား"

အေးက နောက်တစ်ယောက်က ထပ်ပြောတာမို့ ဖန်ယွန်းက သူ့ရဲ့အာရုံကို အဲဒီတစ်ယောက်ဆီပို့ကာ ပြောလိုက်တော့သည်။

"ဒီမှာ ... ငါပြောနေတာ သူ့ကို၊ မင်း အသာနေပါ"

"အိုး ... ဒါတော့မရဘူး၊ မနေ့က ဦးလေးပြန်ပေးတဲ့ကီးချိန်းက လေးယောက်စလုံးနဲ့သက်ဆိုင်တယ်၊ ဦးလေးကို မုန့်ဝယ်ကျွေးတာကလည်း လေးယောက်စလုံးပဲ"

ဖန်ယွန်းက စိတ်တော့ တော်တော်နောက်ကျိသွားတာ ဖြစ်သည်။ အဲဒါ သက်သက်မဲ့ ကတ်သတ်လိုက်တယ်ဆိုတာ သူ သဘောပေါက်လေသည်။

"အဲဒီတော့ ဆိုလိုတာက ငါက လေးယောက်စလုံးနဲ့ စကားပြောရမယ်ပေါ့ ဒီသဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"ofcourse ... ဒီသဘောပါပဲ"

ဟား ... လုံးဝ စားချာတိတ်မတွေ့ပဲ။ ဖန်ယွန်းက ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ ...

"ဒီမှာ ... မင်းတို့လေးယောက်စလုံးကို ပြောတယ်၊ ပိုက်ဆံကို ပြန်ယူ၊ Ok... ငါ ဒီလောက်အချိန်ကုန်ခံပြီးပြောနေတာ မင်းတို့ အားနာသင့်တယ်"

"အားနာတယ်၊ ဟော ... ဟော ... Ok... Ok... ဒီပိုက်ဆံကိုယူလိုက်ပြီးရင် ရပြီမှလား"

"အေး"

ဖန်ယွန်းက ခေါင်းညိတ်ပြလိုက်လျှင် သူ ကီးချိန်းပြန်ပေးတဲ့တစ်ယောက်က သူပေးတဲ့ပိုက်ဆံတစ်သောင်းတန်ကို သူ့လက်ထဲကဆွဲယူကာ ပြုံးထေ့ထေ့မျက်နှာထားဖြင့် သူ့ရှေ့မှာပင် ပိုက်ဆံကို လက်ဖြင့် ချေမွလိုက်သည်။

"မင်း ... ဒါ ဘာလုပ်တာလဲ"

ဖန်ယွန်းက အံ့အားလည်းသင့်သွားကာ ဒေါသလည်းဖြစ်သွားရတာမို့ မေးလိုက်လျှင် သူ မေးတာကို ဂရုမစိုက်ဘဲ





နောက်တစ်ယောက်ကို အဲဒီကြေမွနေတဲ့ပိုက်ဆံကို ပေးလျှင် နောက်တစ်ယောက်ကလည်း ခုနကအတိုင်း ချေမွပစ်ကာ နောက်တစ်ယောက်ကိုဆက်ပေးသည်။ လေးယောက်စလုံး ပိုက်ဆံကို ချေမွပြီးသွားလျှင် နောက်ဆုံးတစ်ယောက်က အောက်ကိုပစ်ချလိုက်လေသည်။ သူဟာ အဲဒီအပြုအမူအတွက် ဒေါသတွေ လှိမ့်ထွက်လာကာ သူမတို့ကို ခပ်စေ့စေ့ကြည့်ရင်း ...

"မင်းတို့ အဲဒါ ဘာလုပ်တာလဲ ရိုင်းလှချည်လား"

"ဒါ ကျွန်မတို့ပိုက်ဆံဖြစ်သွားပြီလေ၊ It's my personal"

လုံးဝကို ဆိုးပေကောင်မလေးတွေမို့ သူက ဆက်ကောပြောနေလည်း အပိုပဲဆိုတာ သုံးသပ်မိသွားသည်။ အဲဒီအတွက် ideaတစ်ခုရသွားကာ ခေါင်းတစ်ချက်ဆတ်ပြလိုက်ပြီး...

"Ok... မင်းတို့ right ပဲ၊ ကြိုက်တာလုပ်ပေါ့"

သူက ပြောပြီး ထွက်သွားလေလျှင် သူမတို့လေးယောက်ရဲ့ လှောင်သလိုလို ရယ်သံကို ကြားလိုက်ရလေသည်။ ဟင် ... ဒီလောက်တောင် မြောက်ကြွနေတဲ့ ဟာမလေးတွေ။ တွေ့ကြပြီပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဖန်ယွန်းက အပြုံးတစ်ချက်နဲ့အတူ ရှေ့မှာ တာဝန်စောင့်နေတဲ့ ဟိုတယ် Securityအနားသို့သွားလိုက်ကာ ခပ်တိုးတိုး ပြောလိုက်သည်။

"ဟိုးက လေးယောက်ကို ကိုယ်ပြောတဲ့အတိုင်း သွားလုပ်ခဲ့လိုက်"

●○●





လေးယောက်သားဟာ အာကျိုးရှိကြီး လက်လန်သွား...တယ်ခေါက်ပြန်လှည့်သွားရတာကို သဘောတကျဖြစ်ပြီး ရယ်ပွဲ...နေသည်။ သူ့ကြည့်ရတာ လုံးဝကို ဆလံပေးသွားတဲ့ဒီဇိုင်းမျိုး...သွားတာဖြစ်သည်။

"ဟား ဟား ... ငါတို့ကိုတော့ ရေရေလည်လည် ကြွေကျမြေခွဲသွားမယ့်ဒီဇိုင်းမှာရှိတယ်၊ လေသံတောင်မမာနိုင်တော့ဘူး၊ မင်းတို့ rightပဲ ကြိုက်တာလုပ်ပေါ့တဲ့ ... ဟား ဟား"

ဘန်ဘန်က သဘောတကျဖြစ်နေကာ တဟားဟား...ေအာ၍ လေးယောက်သား စကားတပြောပြောဖြင့် Gymခန်း...သို့ လျှောက်လာစဉ်မှာ အနောက်မှ လှမ်းခေါ်သံကြောင့်...ကြည့်မိသွားလေသည်။ Securityနှစ်ယောက်ဖြစ်တာမို့ ဘန်...တို့က တအံ့တသြ ဖြစ်မိသွားကာ မေးတစ်ချက်ဆတ်ပြရင်း...လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"စိတ်မရှိပါနဲ့ခင်ဗျာ၊ အစ်မလေးတို့ ကျွန်တော်တို့နဲ့အ
မန်နေဂျာရုံးခန်းကို လိုက်ခဲ့ပေးပါ"

"အမ်"

ဘာလဲဟ။ အားလုံးက အဲဒီစကားကြောင့် အူ
ပိန်းတွေဖြစ်ကုန်ကာ နည်းနည်းတော့ စဉ်းစားသွားသည်။ ပြီးတော
Securityတွေရဲ့ မျက်နှာထားနဲ့ လေသံက ရင့်သလိုခံစားမိတာ
ဂုဏ်ကိုးက လေသံမာလိုက်လေသည်။

"နေစမ်းပါဦး၊ ငါတို့က ဘာကိစ္စ အဲဒီကို လိုက်ရမှာ
ငါတို့ Gymလာဆော့တာ၊ မင်းတို့က ဘာတွေလဲ"

"စိတ်မရှိပါနဲ့၊ ကျွန်တော်တို့က တာဝန်အရမို့ပါ၊ အစ်
လေးတို့ ခုနက ပိုက်ဆံကို ဖျက်ဆီးပြီး လွှင့်ပစ်ခဲ့တဲ့အတွ
ရုံးခန်းကို ခဏလောက်တော့ လိုက်ခဲ့ပေးရပါလိမ့်မယ်"

"ဘာ"

ဒီတစ်ခါ ဘာသံကတော့ တော်တော်လေး ကျ
လောင်သွားပါလိမ့်မည်။ ဟား ဟား … ရယ်ဖို့ပဲကောင်းတော
တယ်။





"ဒီမှာ … ဘာတွေလာကြောင်နေတာလဲ၊ ပြဿနာတက်သွား
မယ်နော်"

"ဒီကအစ်မလေးတို့ ပြဿနာမတက်ချင်ရင်သာ ရုံးခန်း
လိုက်ခဲ့ပါခင်ဗျ၊ ပိုက်ဆံကို ဖျက်ဆီးပစ်တယ် ဆိုတာ
နိုင်ငံတော်ကို ပုန်ကန်တာနဲ့ အတူတူပါပဲ"

"ဘာ"

တကယ့်ကို အကြီးကြီးဖြစ်သွားတာမို့ ဘန်ဘန်တို့
နည်းနည်းတော့ တွန့်သွားရလေသည်။

"ဂုဏ်ကိုး … အကြီးကြီးဖြစ်သွားပြီနော်၊ ငါတို့ လိုက်သွား
တာက ကောင်းမယ်ထင်တယ်"

"အာ … နေစမ်းပါ၊ ငါတို့က ဘာကိစ္စတွေများလု ား
မိလို့လဲ၊ ဒီမှာ … ရှင်တို့ အူကြောင်ကြောင်လာလုပ်မနေနဲ့
တစ်ခါတည်း အလုပ်ပြုတ်သွားမယ်"

"ဟို … စိတ်မရှိပါနဲ့၊ ကျွန်တော်တို့ကလည်း တာဝန်အရ
လုပ်ရတာပါ၊ အစ်မလေး … မန်နေဂျာရုံးခန်းကိုသာ လိုက်
လာခဲ့ပါ"

ဂုဏ်ကိုးတို့က တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်ကာ ခေါင်းတစ်ချက်ဆတ်ပြလိုက်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းပြီ၊ မယ်မယ်ရရမရှိတဲ့ အကြောင်းရင်းအတွက် ငါတို့ကို ရုံးခန်းခေါ်တယ်နော်၊ Ok... ငါတို့လိုက်မယ်၊ အေး ... ငါတို့လိုက်ခဲ့ပြီးသွားရင်တော့ နင်တို့ဟိုတယ်အကြောင်း Internetပေါ်ရောက်သွားပြီပဲ မှတ်ထားလိုက်တော့၊ သွားမယ်"

ဂုဏ်ကိုးက ခပ်တည်တည်နဲ့ ပြောလိုက်လျှင် Securityက နည်းနည်းတော့တွန့်သွားလေပုံရသည်။ ဒါပေမဲ့လည်း ဂုဏ်ကိုးတို့ကို မန်နေဂျာရုံးခန်းကို ခေါ်သွားလေသည်။ တောက်... အရေးမပါဘူးကွာ။ ဘာအကြောင်းတရားမှ မဟုတ်ဘဲ အကြီးကြီးချဲ့ပစ်တာ။ အားလုံးထဲမှာ ဖဲဖဲကြီးအဖြစ်ဆုံး ဂုဏ်ကိုးက အဲဒီမန်နေဂျာ ဆိုတဲ့ဘဲကို စချဲတော့တာပဲဖြစ်သည်။

"ဒီမှာ ... ရှင်တို့ဟိုတယ်က ဘာလဲ၊ ဘာကိစ္စ ကျွန်မတို့ကို ဒီနေရာအထိ ခေါ်ရတာလဲ"

"ဆောရီးပါခင်ဗျ၊ ကျွန်တော်တို့ CCTVကနေ မြင်တာပါ၊ အစ်မတို့လေးယောက်က ပိုက်ဆံကို ဖျက်ဆီးပြီးလွှင့်ပစ်လိုက်တယ်လေ၊ အဲဒါက အပြစ်လို့သတ်မှတ်နိုင်ပါတယ်၊ အကြီးကြီးကို သတ်မှတ်နိုင်ပါတယ်"





"တောက် ... ဘောင်မဝင်လိုက်တာကွာ၊ ဒီမှာ ... ကျွန်မတို့က ရှင်တို့ဟိုတယ်မှာ Gymလာဆော့တာနော်၊ ပိုက်ဆံကလည်း ကျွန်မတို့ပိုက်ဆံ၊ အဲဒီပိုက်ဆံကို ကျွန်မတို့ဘာသာ ဘာပဲလုပ်လုပ် ရှင်တို့နဲ့ ဘာဆိုင်လဲ၊ Customer is always right တဲ့၊ ဟိုတယ်ကြီးတစ်ခုရဲ့မန်နေဂျာလုပ်နေပြီး ဒီစကားကိုတောင် မကြားဖူးဘူးလား"

မဒီက ဒေါသတွေထွက်ပြီး ထကောလေလျှင် မန်နေဂျာက ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ခေါင်းတစ်ချက်ညိတ်ပြကာ ...

"အဲဒီစကားကို ကျွန်တော်ကြားဖူးပါတယ်ခင်ဗျ၊ ဒါပေမဲ့ အစ်မတို့ တစ်ခုမေ့နေတယ်ထင်တယ်၊ အစ်မတို့ ဖျက်ဆီးတာပိုက်ဆံနော်၊ ပိုက်ဆံဆိုတာ သုံးဖို့ဆိုတဲ့ အကျိုးပြုရည်ရွယ်ချက်နဲ့ထုတ်တာပါ၊ အဲဒါကို ဖျက်ဆီးတယ်ဆိုတော့ ပုဒ်မတပ်လို့တောင်ရတယ်ခင်ဗျ၊ သက်သေအနေနဲ့ အစ်မတို့ရဲ့ပုံတွေက CCTV မှာ record လုပ်ထားပြီးသားလေ"

အဲ ...။ မန်နေဂျာရဲ့ ချက်ကျလက်ကျစကားကြောင့် ဒီတို့လေးယောက်စလုံး နည်းနည်းတော့ တွန့်သွားတာပဲဖြစ်သည်။ ဒေါသနဲ့မို့ မိုင်ကုန်နင်းပြီး စွတ်ပြောနေပေမယ့် မန်နေဂျာက



www.burmeseclassic.com

www.burmeseclassic.com



ဆိလျော်စွာ ပြောနေတာမို့ နည်းနည်းတော့ လန့်သွားတာပဲဖြစ်သည်။ ဘုရား ... ဘုရား ... မဒီတို့တော့ ဟိုဘဲကြီးကို နောက်ချင်တာနဲ့ပဲ မိုးကြိုးပစ်လေပြီလား။

"အဲ ... အဲဒီတော့ ဘာကို ဆိုလိုချင်တာလဲ"

"စိတ်မရှိပါနဲ့၊ ကျွန်တော်တို့က တာဝန်အရ ..."

"ဟယ် ... ဟယ် ... အဲလိုမလုပ်ပါနဲ့၊ ရှင်ကလည်း၊ ဒီပိုက်ဆံလေးကို လွှင့်ပစ်မိတာ ဘယ်သူမှ သိလိုက်တာ မဟုတ်ဘဲနဲ့၊. သေးတဲ့အမှုကို ပပျောက်အောင် လုပ်ပါ မန်နေဂျာရယ်"

လေးယောက်စလုံးမှာ လုံးဝ ရင်တုန်ပန်းတုန်ဖြစ်ကုန်တာတော့ အမှန်ပဲဖြစ်သည်။ ပြဿနာတစ်ခုခုဖြစ်တော့မယ်ဆိုတာ သိနေတာမို့ ကြောက်မိတာတော့အမှန်ပင်။

"မဖြစ်လို့ပါ ခင်ဗျာ၊ ကျွန်တော်တို့ဘော့စ်က အရမ်းစည်းကမ်းကြီးတဲ့သူပါ၊ အားလုံးကို စည်းကမ်းအတိုင်းပဲဆောင်ရွက်ရမယ်လို့ ညွှန်ကြားထားလို့ပါ၊ ဒီကိစ္စက ဟိုတယ်မှာဖြစ်သွားတဲ့ကိစ္စဆိုတော့ ကျွန်တော်တို့ဘော့စ်က စည်းကမ်းအတိုင်းပဲ ဆက်လုပ်သွားမှာပါ"





"မဒီ ... ဘယ်လိုလုပ်ကြမလဲ"

မှိုင်းက မဒီရဲ့ခါးကိုတို့ကာ ခပ်တိုးတိုး မေးလျှင်ဒီလည်း ဘာလုပ်ရမှန်းမသိတော့။ ကိစ္စက ရုံးရောက်ရဲစခန်းရောက်ဖြစ်လောက်မည်အထိ ပုံကြီးချဲ့ထားတာပဲဖြစ်သည်။

"အဲဒီတော့ ကျွန်မတို့ဘက်က ဘာလုပ်ပေးရမှာလဲ"

"အဲဒါကတော့ သက်ဆိုင်တဲ့နေရာကိုရောက်မှပဲ သိပါလိမ့်မယ်"

"ဒီမှာ ... ဒီမှာ ... ကျွန်မတို့ ရှင်တို့ဘော့စ်နဲ့ စကားပြောမယ်၊ ဒါ မဖြစ်သင့်တဲ့ကိစ္စတစ်ခုပဲ၊ ဒီသေးသေးလေးကို ဘာလို့ ဒီလောက်တောင် အကြီးကြီးချဲ့ပစ်ချင်နေရတာလဲ၊ အဲဒီတော့ ရှင်နဲ့စကားမပြောဘူး၊ ရှင်တို့ဘော့စ်နဲ့ပဲ စကားပြောချင်တယ်"

ဘန်ဘန့်စကားကြောင့် မန်နေဂျာက အေးရာအေးကြောင်းပင် ခေါင်းညိတ်ပြကာ ...

"ဘော့စ်က အခုလောလောဆယ် မရှိပါဘူး၊ အစ်မတို့တွေ့ချင်တယ်ဆိုရင်တော့ appointment တောင်းမှရပါမယ်"

"Ok ... တောင်းလိုက်ပါ၊ ဒီကိစ္စလောက်ကို အကြီးကြီးချဲ့တဲ့ ဟိုတယ်ပိုင်ရှင်ကို ကျွန်မတို့တွေ့ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက ဖုန်းကိုကောက်ကိုင်ကာ နံပါတ်တစ်ခုကို နှိပ်လိုက်လေသည်။ ပြီးတော့ သူက အကျိုးအကြောင်းပြောပြကာ ဟုတ်ကဲ့ … ဘော့စ် လုပ်ပြီး ဖုန်းချလိုက်ကာ ဘန်ဘန်တို့ဘက်လှည့်လာပြီး …

"ဘော့စ်ကပြောပါတယ်၊ ဒီကိစ္စက သူ့လမ်းကြောင်းအတိုင်းဆက်သွားရမှာပါတဲ့၊ အစ်မတို့ တွေ့ကြည့်ချင်တယ်ဆိုရင်တော့ မနက်ဖြန် ကိုးနာရီ အပေါ်ဆုံးထပ်က လသာဆောင်မှာ ဘော့စ်က တွေ့ပါလိမ့်မယ်"

"ကောင်းပြီ။ အခု ကျွန်မတို့က ဘာဆက်လုပ်ရမှာလဲ"

"ဒီမှာ အစ်မတို့နာမည်နဲ့ လိပ်စာ ဖုန်းနံပါတ်လေး ရေးပေးခဲ့ပါ၊ ကျွန်တော် ဘော့စ်ကိုလည်း တတ်နိုင်သမျှပြဿနာမရှည်အောင် ပြောပေးပါ့မယ်"

"ကောင်းပြီ … ဖုန်းနံပါတ်မှတ်ထားလိုက် 0951 xxx၊ နာမည်က မလိုဘူး၊ မနက်ဖြန် ကျွန်မတို့ ဆက်ဆက်လာမှာ၊ ပုံကြီးချဲ့တတ်တဲ့ ဟိုတယ်ပိုင်ရှင်ကို တွေ့ဖူးချင်လို့ကိုတမင်လာခဲ့မှာ၊ အခု သွားလို့ရပြီမှလား"





"ဟုတ်ကဲ့ … ရပါပြီ"

ဘန်ဘန်တို့က လေးယောက်စလုံး ဒေါသတွေကန်လာကာ ပြန်ထွက်လာခဲ့ပြီး ဒေါသတွေဖြစ်နေတာ ဖြစ်သည်။

"ဟား … ဘာလဲဟ၊ လုံးဝ ဂေါက်ပဲ၊ ဒီသေးသေးလေးကိုအကြီးကြီးလာလုပ်နေတယ်၊ အရေးမပါတာတွေ"

ဘန်ဘန်က ဒေါကြီးမောကြီးဖြင့် ပြောနေလျှင်း… က ခပ်ဆဆတွေးမိနေရင်းက လက်ဖျောက်တစ်ချက်တီးလိုက်ကာ …

"ငါထင်တာ မလွဲလောက်ဘူး ဆိုရင်တော့ ဒီကိစ္စဟာသွေးရိုးသားရိုးတော့ မဟုတ်လောက်ဘူး"

"ဘယ်လို … နင်က ဘာလို့ ထင်နေလို့လဲ မှိုင်း"

အားလုံးရဲ့အာရုံက မှိုင်းဆီကိုပဲရောက်တာမို့ မှိုင်းက သူ့အထင်ကို ပြောပြလိုက်သည်။

"ဒီလိုလေဟာ … ငါ ဆိုလိုချင်တာက ငါတို့ပိုက်ဆံကိုလွှင်ပစ်မိတာဟာ ဒီလောက်ထိ အကြီးကြီးဖြစ်သွားတယ်၊ ပြီးတော့ ဘာမဟုတ်တဲ့ ဒီကိစ္စအတွက် ဒီဟိုတယ်ပိုင်ရှင်က



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခွင့်ပြုတယ် ဆိုတာတွေက သိပ်ဘဝင်ကျစရာအခြေ
အနေမျိုး မဟုတ်ဘူးဟ”

“အဲဒီတော့ နင်က ဘယ်လိုထင်တာလဲ မှိုင်း”

“အင်း ... ငါ့အထင် ပြောရရင် ဟိုဘဲကြီးက ဒီဟိုတယ်
ပိုင်ရှင်များ ဖြစ်နေမလားလို့”

“ဘယ်လို”

ဘန်ဘန်တို့အားလုံးက မှိုင်းရဲ့ ထင်မြင်ယူဆချက်
ကြောင့် အားလုံး အကြီးအကျယ်တွေ လန့်ဖျပ်ကုန်ကြတာပဲဖြ
သည်။

“အာ ... မဖြစ်နိုင်ပါဘူးဟာ၊ အဲလောက်တော့ ဖြစ်နိုင်စ
အကြောင်းမရှိဘူး”

ဂုဏ်ကိုးက အထင်မကြီးတတ်တဲ့ ထုံးစံအတိုင်
လုံးဝ နီးလုပ်နေလျှင် မဒီက ကြားထဲကနေ ဝင်ဖြတ်ပြော
ထောက်ခံလေသည်။

“မှိုင်းပြောတာကို မဖြစ်နိုင်ပါဘူးလို့တော့ တစ်ထစ်ချတွ
လို့မရဘူးဟယ်၊ ငါတို့တွေ့ခဲ့တဲ့ ဘဲကြီးက တော်ရုံရှု





စပွတ်မှ မဟုတ်တာ၊ ငါတို့နဲ့သုံးခါဆုံတယ်၊ တစ်ခါက
ကန်တော်ကြီးမှာ၊ နောက်နှစ်ခါ ဒီဟိုတယ်မှာဆိုတော့
အင်း ... သူ့ဥပဓိရုပ်က ဘောစ်ရုပ်ပဲဟ၊ ဖြစ်နိုင်တယ်”

“ကဲ ... အဲဒါတွေ ခဏထားပါဦး၊ ဟိုဘဲကြီး ဟိုတယ်
ပိုင်ရှင်ဖြစ်တာမဖြစ်တာ အပထား၊ မနက်ဖြန် ငါတို့ကတော့
သေချာပေါက် ဒီကဟိုတယ်ပိုင်ရှင်နဲ့ တွေ့ရတော့မယ်၊
အဲဒါ ဘယ်လိုလုပ်ကြမလဲ၊ မတော် ငါတို့ အဖမ်းတွေ
ဘာတွေများ ...”

ဘန်ဘန်က တွေးမိတွေးရာတွေးကာ ကြောက်လန့်
နေကြား စဉ်းစားမိတာမို့ ဂုဏ်ကိုးက ဘန့်ဘန့်ပခုံးကိုဖက်ကာ
အသာနှစ်သိမ့်ပေးရင်း ...

“အာ ... မဦးမချွတ်၊ ဘာလို့ဖြစ်ရမှာလဲ၊ ငါတို့က ရာဇ
ဝတ်မှုကျူးလွန်ထားတာမှ မဟုတ်တာ၊ အဲဒါ သက်သက်မဲ့
ငါတို့ကို စိတ်ဒုက္ခပေးတာ၊ မှိုင်းပြောသလိုသာ အဲဒီဘဲကြီး
ဟိုတယ်ပိုင်ရှင်ဖြစ်ကြည့်၊ ငါတို့ကို စိတ်ဒုက္ခပေးတဲ့သူကြီး
အမှန့်ကိုလုပ်ပစ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒီလိုသာ တကယ်ဆိုရင်တော့ တောက် ..."

မှိုင်းက ဘာမှဆက်မပြောတော့ဘဲ မကျေမချမ်းဖြင့် တောက်တစ်ချက်ခေါက်ကာ ငြိမ်နေလိုက်တော့သည်။ မှိုင်းတို့ လေးယောက်စလုံးဟာ မနက်ဖြန်မှာတွေ့ရမယ့် ဟိုတယ်ပိုင်ရှင်ကို အရမ်းပဲ စိတ်ဝင်စားမိလေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဗိုလ်ချုပ်စိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"





## ၃

ဖန်ယွန်းက သူ့ရဲ့စိတ်ကို အနှောင့်အယှက်ပေးသွားသော ချာတိတ်မလေးယောက်ကို သူက မှတ်လောက်သားလောက်အောင် Lesson ပေးချင်သောအားဖြင့် သူဟာ ပြဿနာကို မကြီးကြီးအောင် ဆွဲဖြန့်၍ ပုံကြီးချဲ့ပစ်လိုက်တာဖြစ်သည်။ အခုလည်း ချာတိတ်မလေးယောက်ဟာ ဟိုးခေါင်းမိုးထပ်က လသာဆောင်မှာ ရောက်နေပြီဆိုတာ သူ့မန်နေဂျာက သတင်းလာပို့ပြီးသား။ သူက မသွားသေးဘဲ တမင်တကာကို စောင့်ခိုင်းထားတာဖြစ်သည်။ ဟင်း ဟင်း ... ခုလောက်ဆိုရင်တော့ ကြောက်လန့်ပြီး တုန်လှုပ်နေမှာ သေချာတာပဲ။

www.burmeseclassic.com



ဖန်ယွန်းက အေးအေးဆေးဆေးပင် ခေါင်မိုးထပ်ကိုတက်သွားလိုက်လျှင် သူထင်ထားတာနဲ့ တခြားစီပင် ကြောက်ရွံ့ပြီး သူ့ကို တောင်းပန်မယ့်မျက်နှာတွေအစား သူတို့ဘာသာသူတို့ ရယ်ပွဲဖွဲ့နေကြတာမို့ သူ ဒေါသတော့ ထွက်သွားလေသည်။

"ဟော့ ... ဒီမှာ ... မင်းတို့ ဒါ ဘာဖြစ်နေကြတာလဲ"

သူ့ရဲ့လေသံက ခပ်ပြတ်ပြတ်လေသံဖြင့် ထွက်သွားတာမို့ သူရောက်လာတာ သတိထားမိသော ချာတိတ်မလေးယောက်က သူ့ကိုလှည့်ကြည့်လေသည်။ ပြီးတော့ သူ့ကိုမြင်လျှင် အံ့သြသွားရမယ့်အစား သဘောတကျ ရယ်မောနေတာမို့ သူ အရမ်းမှ အရမ်းကို အံ့အားသင့်သွားရတာဖြစ်သည်။

"ငါက ဒီဟိုတယ်ပိုင်ရှင်ပဲ၊ မနေ့က မင်းတို့ဖျက်ဆီးလိုက်တဲ့ ပိုက်ဆံအတွက် ငါကတော့ အရေးယူဖို့ ဆုံးဖြတ်ထားတယ်"

ဖန်ယွန်းက သူမတို့ကို ခပ်တည်တည်နဲ့ပြောလိုက်လျှင် သူမတို့လေးယောက်ထဲမှ တစ်ယောက်က သူနဲ့တည့်တည့်ရင်ဆိုင်ကာ မာဂျတ်ဂျတ်လေသံဖြင့် ...





"သိတယ်၊ မနေ့ကတည်းက ဟိုတယ်မန်နေဂျာဆိုတဲ့သူကြီးဖြဲခြောက်နေကတည်းက ဒီကိစ္စဟာ ဦးလေးကြီး စနက်ဆိုတာသိတယ်၊ ဟိုတယ်ပိုင်ရှင်နဲ့ တွေ့ခွင့်ပေးမယ်ဆိုကတည်းက ဟိုတယ်ပိုင်ရှင်ဆိုတဲ့သူက ဦးလေးကြီးဖြစ်လိမ့်မယ်လို့ ကြိုတွက်ထားပြီးသားပါ"

သူဟာ အဲဒီစကားကြောင့် ချာတိတ်မရဲ့ ခန့်မှန်းနိုင်စွမ်းရည်ကို နည်းနည်းတော့ ဖျားသွားလေသည်။ ဒါပေမဲ့ အစွယ်မကျိုး ဒေါင့်မကျိုးတဲ့ ဒီကောင်မလေးတွေကို သူ နည်းနည်းတော့ လက်ဆင်ပေးမှဖြစ်မည်။

"အဲဒါက ကိစ္စမရှိဘူး၊ အခု ငါ့ဘက်က မင်းတို့ကို တိုင်ချက်ဖွင့်ဖို့ စဉ်းစားထားတယ်၊ ပိုက်ဆံကို ဖျက်ဆီးတယ်၊ လွှင့်ပစ်တယ်ဆိုတော့ ပုဒ်မကတော့ သေးမှာမဟုတ်ဘူးနော်"

"ဟား ဟား ... ရတယ်လေ၊ ဦးလေးကြီး တိုင်ချက်မဖွင့်ခင်မှာ ဦးလေးကြီးဟိုတယ် မကောင်းကြောင်းတွေကို Facebookပေါ်တင်ပေးလိုက်မှာပေါ့၊ ဒီလို နာမည်ရဟိုတယ်တစ်ခုရဲ့ မကောင်းကြောင်းကိစ္စတွေဆိုတော့ ရလိုက်မယ့် Likeတွေ Commentတွေဆိုတာ နည်းမှာမဟုတ်ဘူးနော်"

www.burmeseclassic.com



သူတို့လေးယောက်ထဲက နောက်တစ်ယောက်က အသံထပ်ထွက်လာလျှင် သူဟာ လုံးဝ ကျွတ်ကြွသွားရတော့တာပဲ ဖြစ်သည်။ ဘုရား ... ဘုရား ... အကြဲကြီးလှချည်လား။ သူ အနှစ်နှစ် အလလက ကြိုးစားတည်ဆောက်လာခဲ့တဲ့ ဒီဟိုတယ်ကို ဖွာဘုတ်မှာ တင်ပစ်မယ်တဲ့။ ကောင်မလေးတွေပုံစံက လုံးဝ ဖေ့စ်ဘုတ်ရူးလေးတွေဆိုတာ သိသာတာမို့ သူမတို့ တကယ်တင်ပစ်လိုက်ရင် သူ ပြဿနာတက်မှာမို့ သူက အနုနည်း ပြန်သုံးရတော့သည်။

"အာ ... ဟော့ ... ဟော့ ... ဒီလိုတော့ မလုပ်နဲ့လေ"

"ရတယ်လေ၊ အဲဒါဆို ဦးလေးကြီးကလည်း မှားတဲ့အကြောင်းကို ပြန်တောင်းပန်လိုက်ပေါ့"

"ဘာကွ"

ဟာ ... တော်တော်လာတဲ့ ချာတိတ်မတွေပဲ။ ပုံးတွေက ဒုံးပျံတွေအလား လန်ပျံထွက်နေကာ လုံးဝနိုင်ငံခြားရောက်နေတာတွေဖြစ်သည်။ သူ့လိုလူမျိုးကိုတောင် ရဲရဲဝံ့ဝံ့ ပြောဆိုရဲနေတာကတော့ လုံးဝ လက်လန်စရာ အနေအထားပဲဖြစ်သည်။

"ဟော့ ... ဒီမှာ မင်းတို့က အပြစ်လုပ်ထားတဲ့သူတွေနော်"





"အပြစ် ... ဟက် ... ဟက် ... အဲဒါ ဦးလေးကြီးက အကြီးကြီးချဲ့ပစ်တာပါ၊ ကဲ ... ကဲ ... ဘယ်လိုလဲ၊ ဖေ့စ်ဘုတ်ပေါ် တင်လိုက်ရမလား"

"ဟူး ... ဟား ... မင်းတို့ တော်တော်မလွယ်တာပဲ၊ ကဲ ထားလိုက်ပါတော့၊ မင်းတို့က ငါ့ဟိုတယ်မှာ Gymလာ ဆော့နေတဲ့သူတွေပဲ"

"အင် ... လူကြီးများတော့ ဆောရီးလုပ်လို့ ရတယ်လား၊ အို ... အိုး ... မှတ်သားစရာပါပဲလား"

ရွဲ့သလိုလို ငေါ့သလိုလိုစကားကြောင့် ဖန်ယွန်းဟာ ကလေးစိတ်မကုန်ချင်သေးသော အဲဒီလေးယောက်ကိုကြည့်ကာ ဟက်ခနဲ တစ်ချက်ရယ်မိသွားသည်။

"မင်းတို့ကလည်း Facebookပေါ်မတင်နဲ့၊ ငါဘက်ကလည်း ပိုက်ဆံဖျက်ဆီးတဲ့ကိစ္စကို ရှော်ပေးလိုက်တယ်၊ အပေးအယူသဘောပေါ့၊ အဲဒါဆို ဟုတ်ပြီလား"

"အဟင်း ... မဆိုးပါဘူး"

ရုပ်ရှင်တွေထဲက အိုက်တင်အတိုင်း မဆိုးပါဘူး ဆိုလိုက်လျှင် သူဟာ သဘောတကျ ထပ်ရယ်မိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်လည်းတိုစရာ မရှိတော့တာမို့ သူဟာ ဘာကိုမှလဲ ပုံကြီးခဲ့မနေတော့။

"ကဲ ... ဟုတ်ပါပြီ၊ ဒါဆိုရင် အေးဆေးဖြစ်သွားပြီပေါ့။ မင်းတို့ ပြန်လို့ရပါပြီ"

ဖန်ယွန်းက သွားတော့မယ်ဟန်ပြင်လိုက်လျှင် သူ့အနောက်က တစ်သံက ထွက်လာလေသည်။

"ဦးလေးကြီးက ဒီဟိုတယ်ပိုင်ရှင်ဆိုပြီး ကိုယ့်ဟိုတယ်ကို လာတဲ့ ကက်စတန်မာကို ဒီလိုပဲ ဆက်ဆံရသလား"

"အဲဒီတော့ ငါက ဘယ်လိုဆက်ဆံရမှာလဲ"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ ဦးလေးကြီးက ပြဿနာရှာထားတဲ့ သူနော်၊ ကိုယ့်ဆီလာတဲ့ ဧည့်သည်ကိုတော့ ဧည့်ဝတ်ကျေသင့်တာပေါ့"

ဖန်ယွန်းက ကလေးအထာ ကောင်မလေး လေးယောက်ကိုကြည့်လိုက်ကာ ကော်ဖီတိုက်သင့်မတိုက်သင့် စဉ်းစားလိုက်သည်။ သူ့ရဲ့စိတ်ကလည်း အနည်းငယ် ကြည်လင်မှုရှိနေတာမို့ သူဟာ ခေါင်းတစ်ချက် ညိတ်ပြလိုက်ကာ ...

"မင်းတို့ကို ကော်ဖီလောက်တော့ တိုက်ပါ့မယ်၊ ကြွပါ"





ကောင်မလေးလေးယောက်က သူနဲ့အတူ အောက်ပြန်ဆင်းလာကာ ကော်ဖီ bar ထဲကို လိုက်ကာ သူနဲ့ ကော်ဖီသောက်ဖြစ်လေသည်။

"အခုလို တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုယ့်နာမည်က ဖန်နေယွန်းပါ"

"ဟုတ်ကဲ့၊ မိတ်ဆက်ပေးမယ်နော်၊ သူက ရွှေဘဏ္ဍာတဲ့၊ ဘန်ဘန်လို့ပဲ ခေါ်ကြတယ်၊ သူကတော့ မဒီဘွဲ့ဖြူ၊ ဒါက ဂုဏ်ရှိန်ကိုး၊ မှိုင်းနာမည်ကတော့ ပြာရီမှိုင်း"

ခပ်ဆန်းဆန်းနာမည်လေးတွေနဲ့ ကောင်မလေး လေးယောက်ကို ဖန်ယွန်းက အသိအမှတ်ပြုစွာ ခေါင်းတစ်ချက်ဆတ်ပြလိုက်သည်။

"ဒါနဲ့ မင်းတို့က ကျောင်းတက်နေတာလား"

"အင်း ... ကျွန်မတို့က (.........)Collegeမှာတက်နေတာလေ၊ ဦးလေးကြီးကကော ဘာနဲ့ကျောင်းပြီးထားတာလဲ"

နိုင်ငံခြားကနေ ရုံးခွဲလာဖွင့်ထားတဲ့ ကောလိပ်မှာတက်နေတဲ့ International အဆင့်မီ ကျောင်းသူဟာ သူ့ကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



လို့ ဦးလေးကြီးဆိုတဲ့ ခပ်တုံးတုံး အခေါ်အဝေါ်မျိုး ခေါ်ဝေါ်သလဲ ဆိုတာ သူ စဉ်းစားလို့မရချေ။ သူ ယူဆတာကတော့ တမင်တကာ ကြီး ရွဲ့နေတယ်လို့ ယူဆရလေသည်။

"Excuseကျွာ ... မင်းတို့ ဦးလေးကြီးဆိုတဲ့ အခေါ်အဝေါ်ကို ပြောင်းခေါ်ရင်ကောင်းမယ်၊ ငါ့အသက်က အဲဒီလောက် အထိ မအိုမင်းသေးပါဘူးကွ"

"ဦးလေးကြီးနာမည် ဘယ်သူ"

"ဖန်နေယွန်း ... ဒီဟိုတယ်ကြီးရဲ့ပိုင်ရှင်ဘော့စ်"

ဖန်ယွန်းက အဲဒီကောင်မလေး လေးယောက်ကို ကြည့်မရစွာ ဘုပြောလိုက်တာမို့ ကောင်မလေးတွေက ပြုံးစိစိဖြစ် သွားကာ သူ့ကိုတောင် ပြန်အရွဲ့တိုက်လေသေးသည်။

"ဟိုတယ်ပိုင်ရှင် ဘော့စ်ကြီးမို့လို့ လေးစားသောအားဖြင့် ဦးလေးကြီးခေါ်တာပဲ၊ ဘာလဲ ... အာဂျီရှီးခေါ်ရမှာလား"

"ငါ့နာမည် ဖန်နေယွန်း၊ မင်းတို့ သိပ်လေးစားသပဆိုရင် လည်း ငါ့နာမည်ရှေ့မှာ ဦးတပ်ခေါ်၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းတို့က ငါ့ဟိုတယ်မှာ Gym လာကစားနေတာလား"





"ဟုတ်တယ်၊ နေ့တိုင်းလာတယ်၊ ဒီမှာ Memberဝင်ထား တယ်လေ၊ ဦးလေးကြီးလို ဟိုတယ်ပိုင်ရှင်တစ်ယောက်နဲ့ အခုလို သိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ်"

ပြောနေတဲ့ ပုံစံကိုက ရွဲ့သလိုလို ငေါ်သလိုလိုပုံစံ ဆိုမို့ သူဟာ ဘာမှဆက်မပြောဖြစ်တော့ချေ။ ကောင်မလေး လေးယောက်ကလည်း သူ့ကို ဘာလဲဆိုပြီး အကဲခတ်နေစဉ်မှာ သူကလည်း အဲဒီလေးယောက်ကို ဘာလေးတွေပါလိမ့် ဆိုတဲ့ သဘောဖြင့် ပြန်အကဲခတ်မိခြင်းဖြင့် ခင်မင်မှုတစ်ခုကို အစပြုခဲ့ သသည်။

◆○◆



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ နင်က သူ့ကို ပြန်ချစ်မယ်လို့ ဆိုလိုချင်တာလား မဒီ"

ဂုဏ်ကိုး အမေးကြောင့် မဒီက ဘာမှပြန်မပြောနိုင်သေးဘဲ နည်းနည်းစဉ်းစားမိသွားသည်။ ကျောင်းမှာ F4 ဆိုပြီး ထင်ရှားတဲ့ မဒီတို့လေးယောက်ကို ယောကျ်ားလေးတော်တော်များများက မျှော်လင့်ကြတာပဲဖြစ်သည်။ အားလုံးကို တစ်ယောက်မှ စိတ်မဝင်စားဘဲ ခပ်ချေချေနေတတ်တာမို့ ပိုပြီး နာမည်ကြီးလာကာ မဒီတို့ကို ကြိုက်တဲ့သူတွေက လုံးဝ ဝိုင်းဝိုင်းလည်ပဲဖြစ်သည်။ အဲဒီထဲကမှ မဒီ့ကိုလိုက်နေတဲ့ သုခ ဆိုတဲ့တစ်ယောက်ကတော့ လုံးဝစဉ်းစားရမယ့်လူမျိုးဖြစ်နေပြီမို့ မဒီက တိုင်ပင်နေကြ ဆရာမကြီးတွေဖြစ်တဲ့ ဘန်ဘန်၊ မှိုင်းနဲ့ ဂုဏ်ကိုးတို့ကို တိုင်ပင်နေတာပဲဖြစ်သည်။





"နင်တို့ ငါပြောတာကို အဓိပ္ပာယ်ကောက် လွဲတာပါဟာ၊ ငါဆိုလိုချင်တာက သုခက ရေလည်ကြွေပြတယ်ဟာ၊ အဲဒီတော့ မဆိုးဘူး၊ အထာကျတယ် ဒီသဘောကိုပြောချင်တာ၊ သူ့ကို အဖြေပေးပါမယ်လို့ ပြောတာမှ မဟုတ်တာ"

"သြော် ... အဲဒါများ ပြောနေရသေးတယ်"

"ကဲ ကဲ ... အဲဒါတွေ ထားလိုက်ဦး၊ ငါ နင့်တို့ကို ပြောစရာရှိတယ်"

"ဟယ် ... ငါလည်း ပြောစရာရှိတယ်"

"me too"

လေးယောက်စလုံးက တိုက်တိုက်ဆိုင်ဆိုင် ပြောစရာရှိလာပြီဆိုမှတော့ ပြောလာမယ့်စကားတွေအတွက် လေးယောက်စလုံးက စိတ်ဝင်စားမိတာပဲဖြစ်သည်။ အရင်ဆုံး ပြောစရာရှိတယ်ဆိုတဲ့ ဘန်ဘန်က အဦးဆုံး စပြောလေသည်။

"ငါ နင်တို့ကို ပြောချင်တယ်ဆိုတာထက် ဝန်ခံချင်တာဟာ၊ ငါတို့တွေ ဟိုးငယ်ငယ်လေးကတည်းက အတူပေါင်းလာတဲ့ သူငယ်ချင်းတွေပဲဟာ၊ ငါ အထာတွေထားပြီး ခိုင်လည်း မလျှိုချင်ဘူး၊ ပြီးတော့ နင်တို့ ငါ့ကို မဆူရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘန်ဘန် … ဘာလဲ … အချစ်ရေးကို ပြောချင်နေတာလား၊ ပြောပါဟ၊ ပွင့်ပွင့်လင်းလင်းပေါ့၊ ငါလည်း အချစ်ရေးအကြောင်းကိုပဲ ပြောမှာ"

ဂျက်ကိုးကလည်း ပေါ်ပေါ်တင်တင်ပင် ဖွင့်ပြောလာတာမို့ ဘန်ဘန်မှာ အားတော့တက်သွားလေသည်။ ဒါပေမဲ့ အဲဒါကို ဘန်ဘန့်မှာ ဖွင့်မပြောရဲပေ။ ဘန်ဘန်ရဲ့ ချီတုံချတုံ အခြေအနေကို ရိပ်စားမိတဲ့ မဒီက ကြားချဆုံးဖြတ်ပေးလိုက်လေသည်။

"Ok… Ok… ဘန်ဘန့်ကြည့်ရတာ ပြောရခက်နေပုံပဲ၊ ဒီတော့ ငါတို့ စာရွက်ထဲမှာ ငါတို့ပြောချင်တာကို ချရေးမယ်၊ ပြီးတော့မှ အဲဒီစာလေးစောင်ကို အတူတူဖတ်ကြမယ်၊ ဘယ်လိုလဲ"

"ကောင်းတယ် … ကောင်းတယ်၊ အဲဒီအကြံ၊ ဒါဆို ဘာမှလဲ ပြောရခက်ဖို့ မလိုတော့ဘူး၊ အဲဒါဆို ရေးလိုက်ကြမယ်လေ"

မဒီပေးတဲ့အကြံကို အကုန်လုံးက လက်ခံတာမို့ အားလုံးက စာရွက်တဲမှာ ကိုယ်ပြောချင်တဲ့စကားတွေကို ချရေး





တာ ပြီးရင် စာရွက်ကိုခေါက်ကာ အလယ်ကစားပွဲမှာတင်ထားကြသည်။ လေးယောက်လုံးရေးပြီးသွားတဲ့အခါမှာ လေးယောက်စလုံးက ခေါက်ထားတဲ့စာရွက်လေးတွေဖြန့်လိုက်ကာ ဖတ်လိုက်ကြလေသည်။

"ဟင်"

အားလုံးက ရေးထားတဲ့စာတွေကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စကားတစ်ခုခုစဖို့ ပြောရခက်နေသည်။ စိတ်ထဲမှာ နမြောနေသလိုလို၊ ကြိတ်မနိုင်ခဲမရ ခံစားချက်တစ်ခုခု ရှိနေသလိုလို စသဖြင့် ဘာလိုလိုကြီးမို့ ပြောရတာကခက်နေတာဖြစ်သည်။ ပြီးတော့ ဒါဟာ အစွန်းရောက် တိုက်ဆိုင်မှုဖြစ်နေတာမို့ ငိုအားထက်ရယ်အားသန် ဖြစ်နေကာ လေးယောက်စလုံး ဘာမှမပြောနိုင်သေးဘဲ ရယ်မောမိသွားတာဖြစ်သည်။

"ဟား ဟား … ဩော် … ဒါကြောင့်မို့လို့လည်း ငါတို့လေးယောက် သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေဖြစ်နေတာ၊ ကဲ … ဒီကိစ္စ ဘယ်လိုလုပ်မှာလဲ၊ ဘယ်သူက စိတ်အတိုင်းအတာ ဘယ်လောက်ရှိထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



မဒီက စမေးလျှင် အားလုံးက ဖြေစရာမလိုဘဲ သဘောပေါက်လေသည်။ အဲဒီအတွက် မှိုင်းက အားလုံးရဲ့ စိတ်ခံစားချက်ကို နားလည်သူပီပီ သက်ပြင်းဖျော့ဖျော့ချရင်း စပြောသည်။

"သချာတာကတော့ ဒီကိစ္စအတွက်နဲ့ ငါတို့ စိတ်ဝမ်းကွဲစရာမလိုဘူးဆိုတာပဲ၊ ငါတို့တွေက အကြိုက်တူ စရိုက်တူလို့ သူငယ်ချင်းဖြစ်နေတာလေ၊ ငယ်ငယ်လေးကတည်းက ဘာကိုပဲဖြစ်ဖြစ် လေးယောက်လုံး အတူတူကြိုက်ခဲ့တာပဲမလား"

"ဟုတ်တယ်၊ မှိုင်း ပြောတာကို ငါ ထောက်ခံတယ်၊ ဒီကိစ္စအတွက် ငါတို့လေးယောက် ရန်ဖြစ်ဖို့ စိတ်ဝမ်းကွဲဖို့ လုံးဝမလိုအပ်ဘူး၊ အကြိုက်ချင်းတူနေတာကိုက ငါတို့ရဲ့ ခင်မင်မှု trade mark ပဲလေ"

"အင်း ... ဟုတ်တယ်၊ ဂုဏ်ကိုး ပြောသလိုပဲ ငါတို့တွေ အကြိုက်ချင်း တူလာတာ အခုမှ ထဖြစ်တာမှမဟုတ်တာ ကလစ်လေးကအစ အကြိုက်တူခဲ့တာပဲ၊ ငါတို့ စိတ်ဝမ်းကွဲစရာမလိုပါဘူး၊ လူတစ်ယောက်တည်းကို လေးယောက်





စလုံး စိတ်ဝင်စားမိသွားတာက ငါတို့ရဲ့အကျင့်အတိုင်းဖြစ်သွားတာပဲ၊ ငါတို့တွေ ခုချိန်ထက်ထိ ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားခဲ့ဖူးဘူး၊ အခု စိတ်ဝင်စားတော့လည်း လေးယောက်စလုံး အတူတူပဲဆိုတော့ ..."

ဘန်ဘန်က စကားကို အဲဒီနေရာမှာပဲ ရပ်တန့်ပစ်လိုက်လျှင် မဒီက တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားပြီးမှပြောတဲ့ဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်ကာ ...

"တခြားကိစ္စတွေမှာ ဘာမှမဖြစ်သလို ဒီကိစ္စမှာလည်း ဘာမှမဖြစ်ဖို့ လိုတယ်၊ ငါတို့တွေအားလုံးက အချစ်ကို သေချာ နားမလည်သေးလို့ အကြိုက်တူတာပဲဖြစ်ဖြစ် တကယ်သဘောကျနေလို့ပဲဖြစ်ဖြစ် ဦးဖန်နေယွန်းကို သိပ်ချစ်တယ်ဆိုတဲ့ အနေအထားတော့ ဘယ်သူမှ မရောက်သေးဘူးမလား၊ ပွင့်ပွင့်လင်းလင်း ဝန်ခံနော်၊ ငါကတော့ သူ့ရဲ့စတိုင်လ်၊ ပြီးတော့ ယောကျ်ားတစ်ယောက်မှာရှိသင့်တဲ့ အရည်အချင်းတွေကြောင့် သဘောကျတယ်၊ စိတ်ဝင်စားတယ်၊ သူနဲ့ ရည်းစားဖြစ်ချင်တယ်၊ လုံးဝကြီးကြွေကျသွားတဲ့အဆင့်တော့ မရောက်သေးဘူး၊ နင်တို့ကကော"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လည်း နင့်လိုပါပဲ မဒီ"

"ဟုတ်တယ်၊ အဓိကကတော့ ဦးဖန်နေယွန်းက Perfect ဖြစ်နေလို့ပဲ"

"ငါလည်း သူ့ကို စိတ်ဝင်စားတယ်ဆိုတဲ့ အနေအထားမှာ ပဲရှိသေးတာပါ"

လေးယောက်စလုံးက ကိုယ်စီကိုယ်စီရဲ့ ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်းပြောလိုက်ပြီမို့ ရင်ထဲမှာ ပေါ့ပါးမှုတော့ ဖြစ်သွားလေသည်။

"Ok... ဒီတော့ ထုံးစံအတိုင်းပဲပေါ့၊ ပစ္စည်းက တစ်ခုပဲ ရှိတော့တယ်၊ လိုချင်တာက လေးယောက်၊ တစ်ယောက်ပဲ ပိုင်ဆိုင်ခွင့်ရှိတယ်"

မှိုင်းက ဘာကိုပြောချင်တယ်ဆိုတာ အားလုံးက သဘောပေါက်လေသည်။ အဲဒီဆုံးဖြတ်ချက်ကပဲ မှန်တယ်လို့ မှိုင်းတို့အားလုံး ယူဆရလေသည်။

"ဟုတ်တယ်၊ ငါတို့သဘောတူတယ် မှိုင်း၊ ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို မိန်းမတစ်ယောက်တည်းက ပိုင်ဆိုင်ရမယ်၊ အချစ်ဆိုတာ ခွဲဝေလို့ရတဲ့အရာမဟုတ်တဲ့အတွက် ငါတို့ ရွေးချယ်ခံရလိမ့်မယ်"





"ဟုတ်ပါတယ်၊ ငါတို့လေးယောက်စလုံး သူ့ကို စိတ်ဝင်စားမိသွားတယ်၊ လူဆိုတာ အချစ်နဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေကြတဲ့သူပဲလေ၊ ကိုယ်ကချည်းဝဲ ချစ်နေရတာကတော့ သိပ်အလုပ်မဟုတ်ဘူး၊ သူ့ရဲ့ return တစ်ခုခုကိုလည်း မသိစိတ်ကတော့ အလိုရှိနေတာပဲလေ၊ ဦးဖန်နေယွန်း returnက လေးယောက်ထဲ တစ်ယောက်ဖြစ်ဖို့လိုတယ်၊ ငါတို့က ငါတို့ရဲ့စိတ်ဝင်စားမှုနဲ့ ဦးဖန်နေယွန်းကို ရွေးချယ်ပြီးပြီ၊ ငါတို့က အရွေးချယ်ခံရမယ်ဆိုတာ ကံကြမ္မာရဲ့အဆုံးအဖြတ်ကိုပါ"

ဂုဏ်ကိုးက ဟိုးအရင်တုန်းကလို မဲနှိုက်ပြီး ဆုံးဖြတ်ချက်ရွေးချယ်ဖို့ ဆိုလိုတာမို့ အားလုံးက နည်းနည်းတော့ တွေဝေ[illegible]လေသည်။ ခါတိုင်း မဲနှိုက်ပြီး ကံတရားရဲ့ဆုံးဖြတ်မှုအတိုင်း [illegible]ဆိုင်မှုယူတယ်ဆိုတာက အင်္ကျီတို့၊ အိတ်တို့၊ ဖိနပ်တို့ စသဖြင့် [illegible]လည်အစားထိုးလို့ရတဲ့ သက်မဲ့ပစ္စည်းတွေဖြစ်သည်။ အခုဟာ [illegible]။ Perfectဖြစ်တဲ့ လူကြီးလူကောင်းပီသသည့် အမျိုးကောင်း [illegible]။



www.burmeseclassic.com

www.burmeseclassic.com



"Ok ... ငါတို့တွေ ဒီကိစ္စအတွက် ဘယ်သူမှ ချက်ချင်း အဖြေမပေးနိုင်သေးဘူး၊ အဲဒီတော့ ငါတို့ နောက်တစ်နေ့မှာမှ ဒီကိစ္စကိုပြောကြမယ်၊ အဲဒီဘဲကြီးကို ငါတို့ တကယ်ကြွေမကြွေ ပြန်ဆန်းစစ်ကြည့်ကြတာပေါ့"

မှိုင်းရဲ့စကားကို အားလုံးက လက်ခံလိုက်ကြသည်။ မှိုင်းတို့အားလုံး အချစ်စစ်မစစ် ပြန်လည် ဆန်းစစ်ကြရမည်။ ဦးဖန်နေယွန်း ဆိုတဲ့ ခပ်ဖြောင့်ဖြောင့် ဘော်တကဲကြီးကို လေးယောက်စလုံးက ရင်ခုန်နေပေမယ့် ရင်ခုန်သံမှာ စည်းကမ်းတစ်ခုရှိနေတာမို့ ချစ်တယ်ဆိုလည်း စည်းတော့ကျော်လို့မရပါချေ။





## ၆

ဖန်ယွန်းက Face book မှာ သူ့ဘော်ဒါတွေနဲ့ Group chat လုပ်နေတုန်း မေမေက အခန်းထဲဝင်လာတာမို့ သူက chat နေရင်းက မေမေကို လှမ်းမေးလိုက်သည်။

"မေမေ ဘာခိုင်းစရာရှိလို့လဲ"

"သား ဘာလုပ်နေတာလဲ"

"ဟင် ... သားလား။ ကောင်းကြီးတို့ ဖြိုးသူတို့နဲ့ Group chat လုပ်နေတာ မေမေရ။ သား Construction အတွက် interior decoration Mall တစ်ခုဖွင့်မလို့ ဒီကောင်တွေနဲ့ တိုင်ပင်နေတာ၊ မေမေ ဘာပြောစရာရှိလို့လဲ"

"ပြောစရာကတော့ မင်း ဘယ်တော့မိန်းမယူမလဲ ဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့ တုံ့တိအပြတ်စကားကြောင့် သူဟာသဘော ကျလွန်းလို့ အသံထွက်ပြီးတော့တောင် ရယ်မိသွားသည်။

"ဟား ဟား ... ဖြစ်မှဖြစ်ရလေ မေမေရယ်၊ သား မိန်းမ မယူတာက ဒီလောက်တောင် မေမေ့ကို မျက်စိ ဇာဝေဇဝါ ဖြစ်စရာ ဖြစ်နေလို့လား"

"အေး ... ဖြစ်တယ် ဖန်ယွန်းရေ။ ဖြစ်တယ်။ မင်းကို မေမေ စိတ်မရှည်တော့ဘူးနော်။ မင်းဘာသာမင်း ယူမှာ လား။ ငါ ဖွတ်စီစဉ်ရတော့မှာလား"

"ဟာ ... ဟဲ၊ အဲလိုကြီးတော့ မလုပ်ပါနဲ့ မေမေရာ။ သား ဘာသာသား ယူမှာပါ။ အင်း ... အဲဒါကြောင့်ပြောတာ၊ လူ့အလို နတ်မလိုက်နိုင်ဘူးဆိုတာ။ ဒီလောက် အလုပ် ကြိုးစားတဲ့ ကိုယ့်သားလေး အေးရာအေးကြောင်း ဖြစ်နေ တာကို အေးဆေးမနေစေ့ချင်ဘူး။ ပြီးရောနော် ... သား တွေ့ရာမိန်းမ ယူလိုက်မှာ"

"တိတ်စမ်း ... အသက်က ကြီးလှပြီ။ အခုချိန်ထိ ကလေး ဆန်နေတုံး။ ဖန်ယွန်းနော် ... မေမေ မင်းကိုပြောနေတာ တစ်ခါလည်း မကတော့ နှစ်ခါမကတော့ဘူး၊ ပြောင်ချော်





ချော် လုပ်မနေနဲ့။ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းပြီး အလုပ်လုပ်နေတဲ့ ဟိုတယ်ပိုင်ရှင်တစ်ယောက်ဟာ ပွဲတက် ဇနီးကတော့ ရှိကိုရှိရမယ်"

မေမေက ကျောင်းအုပ်ဆရာမကြီး ပီသစွာ သူ့ကို ...ယ်ရှယ် လက်ချာတွေ ရိုက်နေလျှင် ဖန်ယွန်းမှာ ရယ်ရအခက် ...အခက် ဖြစ်လေသည်။ ဖေဖေကော မေမေကပါ သူ့ကိုအိမ် ...ာင်ပြုစေချင်လှပြီဖြစ်သည်။ အိမ်ထောင်ပြုစေချင်လှပြီဆိုတဲ့ ...ကို ဖြည့်ဆည်းပေးဖို့ သူက အရွယ်တောင်လွန်နေပြီဖြစ်သည်။ ...ခတွေကို မုန်းနေတယ်လည်း မဟုတ်ပါဘဲ သူဟာ ဘယ် ...ကိုမှ မချစ်တတ်တော့တာဖြစ်သည်။ ချစ်ခဲ့ဖူးတဲ့ရည်းစား "...ချောင်ချို"ကျပြန်တော့လည်း သူ့အသည်းကို ခွဲခဲ့တာပဲဖြစ် ...သည်။

"သား ... လူပျိုကြီးတော့ မလုပ်ပါဘူး မေမေရာ"

"မင်းအသက်က နောက်သုံးလေးနှစ်လောက်မှ မိန်းမ မယူရင် မင်းကိုယူမယ့်မိန်းမ ရှိတော့မှာ မဟုတ်ဘူး"

"ဟာဗျာ ... မေမေက ဒါတော့ အထင်သေးတာပဲဗျို့။ ဒီ ခေတ်မှာ ဖေဖေ့လို အဘိုးကြီးတွေကိုတောင် ဆယ့်ခြောက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်လေးတွေက တွဲနေတာ။ သားက အခုမှ သုံးဆယ်ကို ပါးပါးလျှပ်လျှပ်လေးပဲ စွန်းသေးတာ”

“တယ် ... ဘာသုံးဆယ်ပါးပါး စွန်းတာလဲ။ ဖန်ယွန်း ... သား စီးပွားတွေ ကုန်းရုန်းရှာပြီး သားစည်းစိမ်ဥစ္စာတွေကို ထိန်းသိမ်းပေးမယ့် စီးတဲ့ရေ ဆည်တဲ့ကန်သင်းမှ မရှိရင် မင်း ဘယ်လိုလုပ်မလဲ။ မင်းကို မေမေတို့က မိဘဝတ္တရား...”

“ဒေါက် ... ဒေါက် ... ဒေါက် ... မေမေကြီး ... မေမေကြီး”

ဝိုင်းဝိုင်းက အခန်းတံခါး လာခေါက်ကာ မေမေ့ကို လာခေါ်တာမို့ သူ့ကို ပြောနေတဲ့ စကားစက ပြတ်သွားလေသည်။

“အေး ... ဝိုင်းဝိုင်း ဝင်လာခဲ့၊ ဘာလဲ”

“အောက်မှာ မေမေကြီးရဲ့ဧည့်သည် ရောက်နေပါတယ်”

“ဟဲ့ ... ဘယ်သူလဲ၊ ဘယ်ကတဲ့လဲ”

“မေမေကြီး တပည့်တွေတဲ့၊ မေမေကြီးကို ဖုန်းဆက်ထားတယ်လို့ ပြောပါတယ်”

“ဩော် ... အေး ... ဟုတ်သားပဲ။ မနေ့က ဖုန်းဆက်ထားတာ။ အေး ... အေး ... လာခဲ့မယ်။ ဧည့်သည်အတွက် အအေးနဲ့စားစရာ စီစဉ်ပေးထားလိုက်”





မေမေက သူ့ကိစ္စနဲ့သူ အာရုံများစွာ အခန်းထဲက ထွက်တော့မယ်ဟန်ပြင်ပြီးမှ သူ့ဘက်သို့ ပြန်လှည့်လာကာ ...

“ဖန်ယွန်း ... မင်းနော် ကြပ်ကြပ်သတိထား၊ မိန်းမ ယူကို ယူရမယ်”

“ဟုတ်ကဲ့ ... ဟုတ်ကဲ့ မေမေရေ ... ဟား ဟား”

ဖန်ယွန်းက သဘောတကျဖြင့် ရယ်မောရင်း face book ဆက်သုံးနေလိုက်သည်။ ကောင်းကြီးတို့ကလည်း log out လုပ်သွားကြပြီမို့ သူဟာ ပျင်းနေတာနဲ့ပဲ News feed တွေ ဖတ်ကြည့်ကာ like ပေး၊ Comment ပေး လုပ်နေလိုက်သည်။ face book မှာ တချို့တွေက ဘယ်လိုအသည်းကွဲရပါတယ်ဆိုကြောင်း၊ ဒီနေ့ ဘယ်သွားတယ်၊ ဘာစားတယ်၊ ဘယ်သူနဲ့ အတူတူ ရှိနေတယ် စသဖြင့် ဖွဘုတ်ကြီးအလား စုံပလုံစီနေအောင် ဖတ်ရတာဖြစ်သည်။ တချို့ကတော့ Relationship တွေ ကြေညာနေကြတာဖြစ်သည်။ ဒီအချိန်မှာ သူကတော့ lonely Relationship ပဲရှိလေသည်။

ဖန်ယွန်းက facebook သုံးနေရင်းကမှ တစ်ခုခု သောက်ချင်လာတာမို့ အောက်ထပ်သို့ ဆင်းလာကာ အအေးဘူး သွားယူလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ... ဘာလုပ်ပေးရမလဲ"

"ရတယ် ... ရတယ်။ ညီ့သည်တွေက ဘာလာလုပ်တာလဲ"

"မေမေကြီးကို လာကန်တော့တာတဲ့"

ဖန်ယွန်းက ခေါင်းအသာဆတ်ပြကာ အအေးဘူး ... ပြီး အပေါ်ကို ပြန်တက်လာခဲ့သည်။ လှေကားရင်းကနေ ရယ်ရယ် ... မောမော ပြောနေတဲ့ စကားသံကြောင့် သူဟာ ဘာရယ်မဟုတ် ... လှည့်ကြည့်မိသွားလျှင် အံ့အားသင့်သွားလေသည်။ ဟင်း ... ချာတိတ်မ လေးယောက်။ သူတို့က မေမေ့တပည့်မတွေလား ... ဖန်ယွန်းက စိတ်ဝင်တစား ဖြစ်မိသွားတာကြောင့် လှေကားထောင့် ... အကွယ်ကနေ ညီ့ခန်းဘက်ကို အသာချောင်းကြည့်မိသွား ... သည်။

"ဟုတ်တယ် တီချယ်ရဲ့။ သမီးတို့က အဲဒီလို Gathering ... လုပ်ဖို့ စဉ်းစားထားတာ။ ကျောင်းတုန်းက သူငယ်ချင်း ... တွေလည်း ပြန်ဆုံဖြစ်တာပေါ့"

မေမေနဲ့ အဲဒီ လေးယောက်ဟာ အတော်လေး ... ဖြောင့်နေတာပဲဖြစ်သည်။ ကြည့်ရတာတော့ မေမေ့ဆီလာပြီး ဝေါမိသော်ဖော် လာလုပ်ရင်းက Gathering လုပ်ဖို့ကိစ္စ ...





... ညီးရုံးတာပဲဖြစ်မည်။ ဒီကနေ့တော့ လေးယောက်စလုံးဟာ အင်္ကျီတွေ အခွဲတွေ မဝတ်တော့ဘဲ မြန်မာဆန်ဆန် သိမ်သိမ်မွေ့ ... မွေ့လေးတွေမို့ ချစ်စရာယဉ်သကိုလေးတွေ ဖြစ်နေတော့သည်။

"ဟုတ်ကဲ့ တီချယ်၊ အဲဒါဆို သမီးတို့ ပြန်လိုက်ပါဦးမယ်၊ ဟုတ် ..."

ကောင်မလေး လေးယောက်ဟာ မေမေ့ကို နှုတ်ဆက်ပြီး ပြန်သွားပြီဆိုတာနဲ့ သူဟာ မေမေ့အနားကို မယောင် ... လည်နဲ့ကပ်ကာ စနည်းနာကြည့်လိုက်သည်။

"ဟော ... မေမေ့ညီ့သည်တွေ ပြန်သွားပြီလား။ ဘာလဲ ... မေမေ ဝေါမိသော်ဖော် လာလုပ်တာလား"

"အင်း ... သူတို့က မေမေတို့ကျောင်းကပဲ ဆယ်တန်း အောင်သွားတာလေ၊ ဘန်ဘန်တို့က မေမေ ဆယ်တန်း သင်တဲ့အခန်းမှာဆိုတော့ မေမေနဲ့ ခင်နေတာ။ ကဲ ... သား၊ ထမင်းစားတော့မလား"

မေမေ့ရဲ့တပည့်မ လေးယောက်ဆိုတာ သေချာတာ ... သူဟာ ခေါင်းတစ်ချက်သာ ဆတ်ပြလိုက်ရင်း ထမင်းစားဖို့ ... အာရုံရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... မေမေ၊ စားတော့မယ်လေ"

ဖန်ယွန်းက မေမေနဲ့အတူ ဒိုင်းနင်းရွမ်းထဲ လိုက်ဝင်ကာ ထမင်းဝိုင်းမှာ အဆင်သင့် ထိုင်နေလိုက်တော့သည်။ အခုတလောမှာ သူ့မျက်စိရှေ့ ရောက်ရောက်လာနေတဲ့ ဒီကောင်လေး လေးယောက်နဲ့ သူက ထပ်မံ ဆုံတွေ့ချင်သေး တာကြောင့် မနက်ဖြန် Gym ကို စောစောသွားဖို့ စဉ်းစားထားလေသည်။

❥○❥





တစ်စုံတစ်ရာကို မျှော်လင့်သောစိတ်ဆန္ဒဖြင့် လာခဲ့ ...ဒီ့ လေးယောက်စလုံးရဲ့ ရင်ခုန်သံတွေဟာ ဒူချပ် ဒူချပ်တော့ ...နေတာ သေချာပေသည်။ ဒီနေ့ မှိုင်းတို့လေးယောက်ဟာ ...ယောက် ကားတစ်စီးစီဖြင့် လာခဲ့ကြတာဖြစ်သည်။ အားလုံး ... ကိုယ့်စိတ်ကိုယ် ဆန်းစစ်မိအောင် သတိထားရမယ့် အချိန် ...ောက်နေပြီမို့ အရမ်းပဲ ရင်ခုန်ရလေသည်။

"ဟိုင်း ... မောနင်း၊ မင်းတို့ ဒီနေ့လာတာ စောသလိုပဲ"

အနောက်က နှုတ်ဆက်သံကြားတာမို့ မှိုင်းတို့လေး ...ာက်က လှည့်ကြည့်မိသွားလျှင် မှိုင်းတို့ရဲ့ ချွေမင်းသားကို ...တွေ့ရလေသည်။

"Gym လာဆော့တာလား။ ပြီးရင် မင်းတို့ကို ငါက ဘရိတ်ဖတ်စ် ကျွေးချင်လို့။ ဖိတ်ပါတယ်။ ဘယ်လိုလဲ ... လက်ခံရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းတို့က တစ်ယောက်နဲ့တစ်ယောက် မျက်စပစ် လိုက်ပြီးမှ မဒီက အားလုံးကိုယ်စား ဖြေပေးလိုက်လေသည်။

"ကောင်းပြီလေ။ လက်ခံရမှာပေါ့။ ပြီးတော့ ဟိုတယ်ပိုင် ရှင်ကြီးရဲ့ဟိုတယ်မှာ ပွဲတစ်ပွဲလောက်လုပ်ချင်လို့။ အဲဒီ ကိစ္စလည်း ဆွေးနွေးလို့ရတာပေါ့"

"Ok ... အဲဒါဆို ခဏနေတွေ့မယ်နော်၊ nice Gym time"

ဦးဖန်က တည်ငြိမ်ရင့်ကျက်သော အပြုံးတစ်ခုဖြင့် ပြုံးပြကာ ထွက်သွားလေသည်။ အရမ်းမိုက် ££ ။ သူ့ရဲ့အေးဆေး ခန့်ထည်တဲ့ပုံစံကို လေးယောက်စလုံးက သဘောကျမိတာဖြစ် သည်။ မှိုင်းတို့က ဘဲကြီးမြင်ကွင်းထဲက ပျောက်သွားသည်အထိ ငေးလို့ကြည့်နေပြီးမှ တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ Gym ခန်းမထဲသို့ဝင်ကာ Gym ကစားကြလေတော့သည်။ ကစား ပြီး ရေချိုးအဝတ်အစားလဲပြီးတော့မှ Garden Bistro ဘက်မှာ လေးယောက်သား ဘရိတ်ဖတ်စ် သွားစားဖြစ်ကြတာဖြစ်သည်။

"အဟော ... မင်းတို့က ဒီရောက်နေတာကိုး။ ကိုယ်က မင်းတို့ အထဲထဲမှာ ထိုင်မယ်ထင်နေတာ။ ကြိုက်တာမှာ နော်။ ကိုယ်ကျွေးတာ"





"အဟက်ဟက် ... အကုန်အကျတွေ များနေပါဦးမယ်"

သူက ခပ်အေးအေး အပြုံးတစ်ခုနဲ့ ပြုံးလိုက်ရင်းက ...

"ကဲ ... ဆိုစမ်းပါဦး။ ခုနက မင်းတို့ ပွဲလုပ်မလို့ဆိုတာ။ ဘာပွဲလဲ။ ကျောင်းသားဟောင်း Gathering ပွဲလား"

မြတ်စွာဘုရား။ မှိုင်းတို့အားလုံးက ဘာဆက်ပြော ရမယ်မှန်း မသိအောင် အံ့သြမိသွားတာဖြစ်သည်။

"ဦး ... ဦးလေးကြီးက ဘယ်လိုသိတာလဲ"

"ကျစ် ... please အဲဒီ ဦးလေးကြီးလို့ မခေါ်ဖို့ မင်းကို ပြောတာ ဒါနဲ့ပါဆို နှစ်ခါရှိပြီ။ သုံးခါဆို ငါ သည်းညည်း ခံတော့မှာ မဟုတ်ဘူးနော်"

"ဟား ... ပြောပြီးပြီဟာကိုး။ ဦးလေးကြီးက မှိုင်းတို့ရဲ့ ဦးလေးအရွယ်လောက် ရှိပြီမို့ ဒီလိုခေါ်တာပဲ။ အခေါ်အဝေါ် ဆိုတာ တစ်ဦးဆိုင်နာမ်ပဲ။ မှိုင်းတို့ ခေါ်ဝေါ်မှုကို ဦးလေး ကြီးသိရင် ပြီးတာပဲ။ By the way ... ခုနကစကား ပြန် ကောက်ရအောင်၊ Gathering ကိစ္စက ဘယ်လိုသိတာလဲ"

မှိုင်းရဲ့အမေးစကားကို အဲဒီအာဂျီးရှိက ဘာမှဆက် မဖြေသေးဘဲ ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် နေကာ Fruit Desert



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ထဲက ပန်းသီးကို ခက်ရင်းဖြင့် ထိုးစိုက်ကာ ဟန်ပါပါ ဝါးစားလိုက်ပြီးမှ ...

"မနေ့က မင်းတို့ ကိုယ့်အိမ်ကို အလည်လာသွားတယ်လေ"

"What"

အားလုံးက အံ့အားတသင့် ဖြစ်သွားကြတာပဲဖြစ်သည်။ မနေ့က ဦးဖန်နေယွန်း အိမ်ကို အလည်ရောက်သွားတယ်။ ဦးဖန်နေယွန်းက ဘယ်မှာနေတာလဲ။ Gathering ကိစ္စကို သိတယ်ဆိုတော့ ဦးလေးကြီးက မှိုင်းတို့အားလုံး အတွေးတစ်ခုကို ဒက်ခနဲ ရသွားကာ ဦးလေးကြီးကို ကြည့်မိသွားလျှင် ထုံးစံအတိုင်း အေးဆေးအပြုံးတစ်ခုဖြင့်ပြုံးကာ ခေါင်းဆတ်ပြသည်။

"right ! ။ မင်းတို့ရဲ့ဆရာမက ကိုယ့်ရဲ့ မွေးသမိခင် ကျေးဇူးရှင်ပဲ"

ဗုဒ္ဓေါ။ အဖြစ်အပျက်တွေက မနှစ်ကနဲ့မတူ ကွဲပြားခြားနားတာမို့ မှိုင်းတို့မှာ ဟယ်တွေ ဟာတွေသာ ရေရွတ်ရလေသည်။ တီချယ်ရဲ့သားက ဦးလေးကြီးတဲ့။ လုံးဝကို အံ့အားသင့်စရာ အခြေအနေပဲ ဖြစ်လေသည်။ မနေ့က မှိုင်းတို့တွေဟာ ဦးလေးကြီးနေတဲ့အိမ်ကို ရောက်သွားလေသတဲ့တဲ့။





"ဒါဆို ဦးလေးကြီးက ဘန်ဘန်တို့ကို မြင်တယ်ပေါ့"

"ဆိုပါတော့၊ မင်းတို့ပြောတဲ့ စကားတွေကိုကြားလို့ ဒီနေ့ ဟိုတယ်မှာ ပွဲလုပ်ချင်တယ်ဆိုတော့ ဆက်စပ်ပြီးတွေးခေါ် ကြည့်လိုက်တာလေ။ မင်းတို့က ငါ့ရဲ့အသိမိတ်ဆွေထဲမှာပါတာပဲ။ အဆင်ပြေအောင် လုပ်ပေးရမှာပေါ့။ လိုအပ်တဲ့ ကိစ္စတွေကို ဟိုတစ်ခါ မင်းတို့ သွားဖူးတဲ့ ရုံးခန်းက မန်နေဂျာက လုပ်ပေးလိမ့်မယ်"

ဂုဏ်ကိုးက ဦးလေးကြီးရဲ့ အဲဒီအပြောတွေကို အသင်ခိုက်သွားရလေတော့သည်။ စတိုင်လ်ရှိတဲ့ Mother father gentleman ဆိုတာ ဒါမျိုးကိုပြောဟာ။

"Ok ... ဒါနဲ့ ဦးလေးကြီးဖုန်းနံပါတ် ပေးပါလား။ ဦးလေးကြီးရဲ့ မန်နေဂျာ အချိုးမပြေရင် တိုင်လို့ရတာပေါ့"

"ဟင်း ... ဟင်း ... မင်းတို့က ဟိုတစ်ခါကိစ္စကို မကြေသေးဘူးနဲ့တူတယ်။ ကိုယ့်မန်နေဂျာက အကောင်းဆုံး Service ပဲပေးပါလိမ့်မယ်"

ဂုဏ်ကိုးတို့က ဖုန်းနံပါတ်သိချင်လို့ တောင်းတာကို ပါတ်မပေးတဲ့အတွက် ဂုဏ်ကိုးတို့မှာ နည်းနည်းတော့ မှုသွားရ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ လုံးဝကို ဒိတ်ဒိတ်ကြဲ လူတစ်ယောက်နဲ့ ခင်နေပတ် သက်နေရာကတစ်ဆင့် စိတ်ဝင်စား ရင်ခုန်မိတဲ့အတွက် အဲဒီကိစ္စ ဟာ ရှောခ်တော့ နည်းနည်းရှိနေပါသည်။

"ကဲ ... စားလို့လည်း ပြီးပြီဆိုတော့ ဟဲ့ ... ပြန်ကြရ အောင်လေ၊ ဦးလေးကြီး thank you နော်။ အခုလို ကျွန်မ တို့လေးယောက်ကို Breakfast နဲ့ တည်ခင်းဧည့်ခံလို့။ သွားလိုက်ပါဦးမယ်နော်"

ဂုဏ်ကိုးတို့လေးယောက်က ဦးလေးကြီးကို နှုတ် ဆက်ကာ ပြန်ဖို့ထကာ ထွက်လာခဲ့လျှင် "ဟော့"ဆိုတဲ့ခေါ်သံနဲ့ အတူ ဦးလေးကြီးက ဂုဏ်ကိုးတို့ဆီကို လျှောက်လာလေသည်။

"09xxxxxx ။ အဲဒါ ကိုယ့်ဖုန်းနံပါတ်ပဲ။ See You"

နံပါတ်တစ်ခုကို ဂုဏ်ကိုးတို့က အသည်းအသန် ရင်ဘတ်ထဲထည့်ကာ မှတ်နေစဉ်မှာ ဦးလေးကြီးက စမတ်ကျ သော ခြေလှမ်းများဖြင့် ထွက်ခွာသွားလေတော့သည်။ ဦးလေးကြီး ရဲ့ထွက်ခွာသွားတဲ့ပုံစံကို ငေးကြည့်ကာ လေးယောက်လုံး သက် ပြင်းတစ်ချက်တော့ မသိမသာ ချမိသွားလေသည်။

❥ ○ ❥





ဘန်ဘန်က ဝရန်တာလက်တန်းမှာထိုင်ကာ ကိုယ် ပိုင် Hollow ဂစ်တာလေးနဲ့ သံစဉ်ညှိနေတာပဲဖြစ်သည်။ ဒီနေ့က ဘန်ဘန်တစ်ယောက် ဖျားနေလို့ အပြင်မထွက်နိုင်တာဖြစ်၏။ တစ်နေကုန် အိမ်မှာပဲ ခွေခေါက်နေကာ MTV ကြည့်လိုက်၊ facebook သုံးလိုက်၊ viber ကနေ ဟိုမိန်းမတွေနဲ့ chat နေလိုက် ပြီး ပျင်းရိခြင်းများကို ဖြေလျှော့နေတာဖြစ်သည်။ ကျောင်းမှာက ဒီနေ့ pratical ချိန် ရှိနေတာမို့ မတက်မဖြစ် ဖြစ်နေတာမို့ မဒီ တို့က ကျောင်းသွားတက်ရတာ ဖြစ်လေသည်။ ကျောင်းကအပြန် မဒီတို့က အိမ်လာမယ်ဆိုတာကြောင့် ဘန်ဘန့်မှာ မြန်မြန်လာပါ အလို့ ဆုတောင်းရင်း မျှော်နေမိတာဖြစ်သည်။

"တီ ... တီ ... တီ ... ဝေး ... နေမကောင်းတဲ့မိန်းမ ဝရန်တာထွက်ပြီး ဘာတွေ ပဲပေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲဝင်လာတာနဲ့ ကားဟွန်းသံနှင့်အတူ စီခနဲ ထွက်လာသော အသံတွေကြောင့် ဘန်ဘန်က အရမ်းပျော်သွား ရလေသည်။ ဘန်ဘန်က သူတို့ကို လက်ပြရင်း အပေါ်တက်ခဲ့ဖို့ လှမ်းခေါ်လိုက်၏။ မဒီ၊ မှိုင်းနဲ့ ဂုဏ်ကိုးက တူညီဝတ်စုံကျောင်း uniform တွေနှင့် ဘန့်ဘန့်ဆီ ရောက်လာကာ ဘန်ဘန့်ကို နှုတ် အသာစမ်းရင်း ...

"မှန်း ... အသားပူသေးလား၊ နင် ဟာလေ နေမကောင်း ဖြစ်နေတာတောင် လေစိမ်းတွေထွက်ပြီး အတိုက်ခံနေ တယ်။ ငါတို့စားဖို့ YKKO က ကြေးအိုးဝယ်လာတယ် ကြီးကြီးလှကို ထည့်ခိုင်းထားတယ်"

"အဟဲ ... အဲဒါကြောင့်မို့ ချစ်ရတာ။ နင်တို့ ဒီနေ့ညအိပ် မှာမှလား။ အကျီတွေ သွားလဲလိုက်ဦး"

"အမယ်လေး ... တစ်ခါတည်း အိမ်ကို ပြောခဲ့ပြီးသား။ ဘန်ဘန်မတို့အိမ်မှာ အိပ်မယ်ဆိုပြီး ခွင့်တောင်းလာခဲ့ပြီး သား။ ကဲ ... လာပါ၊ ငါတို့ ကန်တင်းလည်း ထိုင်ခဲ့တာ မဟုတ်ဘူး။ ဗိုက်ဆာနေပြီ။ လာ ... လာ ... ကြေးအိုး သွားစားမယ်"





ဘန်ဘန်က ဂစ်တာကို အခန်းထဲထည့်ကာ ဂုဏ်ကိုး တို့နဲ့အတူ ဒိုင်းနင်းရှမ်းထဲမှာ ကြေးအိုးထိုင်စားကြလေ၏။

"ငါတို့ ဒီနေ့ တစ်နေကုန် ပျင်းနေတာဟ။ နင်မရှိလို့"

"အဟွန့် ဟွန့် ... မှိုင်းတို့ အိုဗာတင်းစဖျော်ပြီဟေ့။ ငါ လည်း ဒီနေ့ တစ်နေကုန် နင်တို့ကို သတိတွေရနေတာပါ ဟာ။ မနက်က ကျောင်းမှာ အဆင်ပြေတယ်မှုလား"

"အဟမ်း ... အဟမ်း ... အဟမ်း ... စကားတွေက ဟာမိုနီမဖြစ်ဘူးနော်။ Gym ရဲ့ သာသာယာယာ နံနက် ခင်း အခြေအနေကို သိချင်နေတာမှုလား"

ဂုဏ်ကိုးက အဟင်းတွေ အဟမ်းတွေ လုပ်နေလျှင် ဘန်ဘန်က ပြုံးစိစိလေးတော့ ဖြစ်သွားသည်။ ဂုဏ်ကိုးပြောတာ အမှန်ပဲဖြစ်သည်။ တကယ်တော့ ဒီနေ့ တစ်နေ့လုံး ဘန်ဘန် ဆငေ်စင်းစင်း ဖြစ်နေတယ်ဆိုတာ အဲဒီအကြောင်းကိစ္စကြောင့် လည်း ပါသည်။ နေမကောင်းတာကြောင့် ဘန်ဘန့်မိဘတွေက Gym သွားဖို့ မလွှတ်တာမို့ ဟိုသုံးယောက်ပဲ ဒီမနက် ဟိုတယ်ကို သွားတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဒီနေ့လည်း ငါတို့ရဲ့ အာဂျီးရှိနဲ့ တွေ့တယ်လေ။ နင့်ကို တောင် သတိတရနဲ့ မေးနေတယ်။ ရွှေဘဏ္ဍာမပါဘူးလား တဲ့။ ဖျားနေလို့လို့ ပြောလိုက်တော့ စိတ်ပူသွားပုံပဲ"

"တကယ်။ အဟိ ... ဝမ်းသာလိုက်တာ။ အဲဒါဆို ... သူ က ..."

"ဟော့ ... ဟော့ ... ကိုယ်လိုရာ ဆွဲမတွေးနဲ့နော် မိန်းမ။ ဘဲကြီးက ဒီလိုပဲ သဘောရိုး မေးတာ ... ဟွန်း"

မဒီက နောက်ရှုတ်ရှုတ်လေး ပြောလိုက်လျှင် ဘန်ဘန်က မျက်စောင်းတစ်ချက် ထိုးလိုက်ကာ ...

"ဩော် ... အဲဒါကတော့ ဘဲဘဲကြီးများ ငါ့ကို အကြင်နာ ပိုလေမလားလို့ပေါ့ဟဲ့"

"အမယ်လေး ... ဖြစ်ရရန်ကော မိဘန်ဘန်ရယ်။ ရုတ်တရက် ကြီး အဖျားပိုး ခေါင်းထဲဝင်ပြီး ဂေါက်သွားပြီလား။ ရောဂါက ချက်ချင်းကြီး သည်းသွားပါလား"

"ဟဲ ဟဲ ... ဒီလိုပဲပေါ့ဟယ်။ ဟိ ဟိ ... တစ်နေကုန် ပျင်း နေတာဟ၊ နင်တို့လာမှ အသံလေးဘာလေး ထွက်ရတော့ တာ"

"သိပါတယ်။ သိပါတယ်။ ဒီမိန်းမ တော်တော်ကဲရလောက် အောင်ဘဲ ဦးဖန်နေယွန်းက အရမ်းမိုက်တာကိုး။ သူ့ချစ်သူ ဖြစ်ခွင့်ရသူကတော့ super ကံပဲ"

မှိုင်းက အားကျသလိုလေး ပြောလိုက်လျှင် အားလုံး ငြိမ်သွားကြသည်။ တကယ်တော့ ရင်ထဲမှာ အားလုံးရှိနေသူ ဟာ ဦးဖန်နေယွန်းပဲ ဖြစ်လေသည်။ လေးယောက်စလုံးက ထုံးစံ အတိုင်း အကြိုက်ချင်းတူစွာ ဦးဖန်ကို စိတ်ဝင်စားသူက အားလုံးပဲ ဖြစ်နေတာမို့ ရှော့ကတော့ ရှိလေသည်။

"ဟဲ့ ... ငါတို့ ဦးဖန်ကို ဖုန်းဆက်ကြည့်ကြမလား"

ဂုဏ်ကိုးစကားကြောင့် 'အားလုံးက မျက်လုံးပြူး မျက်ဆန်ပြူးတွေ ဖြစ်ကုန်ကာ ကြေးအိုးတောင် ဆက်မစားနိုင် တော့ဘဲ အကြည့်တွေက ဂုဏ်ကိုးဆီကို ရောက်လို့သွားတာပဲ ဖြစ်သည်။

"ဖုန်းဆက်မယ်။ ဘာကိစ္စရှိလို့ ဆက်မှာလဲ ကိုးရဲ့"

"အင် ... နင်ကလည်း ဖုန်းဆက်တာ အကြောင်းမယ်မယ် ရရရှိမှလားဟဲ့။ ဒီလိုပဲ ဘာညာသာရကာပေါ့။ ပြီးတော့ ငါတို့ စိတ်ဝင်စားနေတဲ့ ဘဲကြီးကို ငါတို့ ဂဃနဏ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိသေးလို့လား။ ငါတို့မှာ ခုလောလောဆယ် ဖုန်းဆက်မယ်ဆိုရင် Gathering လုပ်ဖို့ topic ရှိတယ် လေဟာ။ ဘယ်လိုလဲ”

ဂုဏ်ကိုးရဲ့အိုက်ဒီယာတွေက အရမ်းကို သစ်လွင် တောက်ပြောင်နေတာမို့ အားလုံးက တညီတညွတ်တည်း ခေါင်း ညိတ်လိုက်ကြလေသည်။ ဂုဏ်ကိုးတို့ ကြေးအိုးစားပြီး ဘန်ဘန့် အခန်းထဲမှာ တံခါးပိတ်ပြီး ခေါင်းချင်းရိုက် ဆွေးနွေးနေသည်က ဘယ်သူ့ဖုန်းနဲ့ ဆက်မလဲ ဆိုတာကိုဖြစ်သည်။ ဦးဖန်နေယွန်းရဲ့ ဟန်းဖုန်းထဲကို ဝင်မယ့်ဖုန်းနံပါတ်က လေးယောက်ထဲက တစ် ယောက်ရဲ့ဖုန်းတစ်ခုပဲ ဖြစ်နိုင်တာမို့ ဘယ်သူ့ဖုန်းနဲ့ ဆက်ရမလဲ ဆိုတာက အရေးကြီးနေတာဖြစ်သည်။

ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် လေးယောက်စလုံးဟာ ဦးဖန်နေယွန်းကို စိတ်ဝင်စားနေကြသလို သူ့ရဲ့ပြန်လည်စိတ်ဝင် စားမှုကိုလည်း လိုချင်နေတာမို့ ဒီကိစ္စက လေးယောက်စလုံး အတွက် emergency case ဖြစ်နေတာဖြစ်သည်။

“ကဲ … အဲဒီတော့ ငါတို့ ထုံးစံအတိုင်းပဲ မဲနှိုက်ဆုံးဖြတ် လိုက်မယ်။ ဘယ်လိုလဲ”





ဂုဏ်ကိုးက ထုံးစံအတိုင်း မဲနှိုက်ဖို့ အကြံပြုလိုက် လျှင် အားလုံးက သဘောတူစွာ မဲနှိုက်လိုက်၏။ မဒီ၊ ဂုဏ်ကိုး၊ ဦးဘော့ မှိုင်းနဲ့ ဘန်ဘန် မဲလိပ်တစ်ယောက်တစ်လိပ်စီ ယူပြီး သွားသောအခါ …

“ဟယ် … ငါ ပေါက်တယ်”

မဒီရဲ့ဝမ်းသာအားရသံနဲ့အတူ မဒီက အမှန်ခြစ်က ပါတဲ့ မဲလိပ်လေးကိုပြလျှင် ဖုန်းဆက်ရမယ့်သူက မဒီ ဖြစ် သွားလေသည်။ မဒီက သူ့ရဲ့ဟန်းဖုန်းလေးကို ကောက်ယူကာ save လုပ်ထားသော ဖုန်းနံပါတ်ကို ခေါ်ကာ ဖုန်းကို Speaker ဖွင့်ထားလိုက်သည်။ ဖုန်းက ချက်ချင်းဝင်သွားသော်လည်း ချက် ချင်းမကိုင်သေးတာမို့ မဒီတို့ဟာ လေးယောက်သား ဘာစကားမှ မဆိုနိုင်သေးဘဲ ငြိမ်၍ ထွက်လာမယ့် အသံတစ်ခုကို စောင့်နေ တာဖြစ်သည်။

“ဟယ်လို”

ဟယ် … ဖုန်းကိုင်ပြီ။ ကြည်လင်ရှုရှနေတဲ့ အသံ တစ်ခုကြောင့် အားလုံးက ရင်တော့နည်းနည်းခုန်သွားတာဖြစ် သည်။ ကံထူးရှင် မဒီက စိတ်ကိုငြိမ်အောင်ထိန်းကာ စပြောလိုက် ဘော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဦးဖန်နေယွန်းနဲ့ ပြောချင်လို့ပါရှင်"

"ဘယ်သူပါလဲ"

ဘယ်သူပါလဲ ဆိုရင်တော့ အဲဒါဟာ ဦးဖန်နေယွန်း ဆိုတာ မဒီ အတတ်သိချေသည်။ အဲဒါကြောင့်ပင် အရင်လို တက်ကြွရွှင်လန်းနေသော tone ဖြင့် ပြောလိုက်သည်။

"မဒီဘွဲ့ဖြူပါ"

"မဒီဘွဲ့ဖြူ ... သြော် ... I see ။ ဟိုလေးယောက်။ ဆို... မဒီ။ ကိုယ် ဖန်နေယွန်းပါ။ ဘာကူညီပေးရမလဲ"

အား ... လုံးဝရှုးရပြီကွယ်။ မဒီပါလို့ ဆိုလိုက်တာနဲ့ ဟိုလေးယောက်ဆိုပြီး ဒက်ခနဲ သိတယ်ဆိုကတည်းက ဒါဟာ ထူးခြားမှုပဲ ဖြစ်လေသည်။ မဒီက အဲဒီအတွေးပင်လယ်ထဲမှာ နစ်မျောသွားတော့ ဘေးကနားထောင်နေတဲ့ သုံးယောက်က မဒီရဲ့လက်မောင်းကို ဖျတ်ခနဲရိုက်မှ မဒီက သတိဝင်ကာ အာရုံပြန်ကပ်လေတော့သည်။

"သြော် ... ဟို ... ဦးလေးကြီး ပြောလို့ဖြစ်မလား။ မဒီ နည်းနည်း စကားပြောချင်လို့"





"အင်း ... ပြောပါ။ ရပါတယ်။ ကိုယ် အိမ်ပြန်ရောက်နေပြီ။ ဒီအချိန်က ကိုယ့်ရဲ့ relax time ပဲ။ ပြောလို့ရတယ်။ ဘာပြောမလို့လဲ"

မဒီတို့လေးယောက်က ဦးဖန်နေယွန်းရဲ့ Relax time ကို ခေါင်းထဲ auto မှတ်ထားလိုက်ပြီးနောက်မှာ မဒီက ပြောဖို့ ခ်စဉ်ထားတာတွေ စရလေသည်။

"သြော် ... ဟုတ်ကဲ့။ ဦးလေးကြီးကို ဖုန်းဆက်ရတာလည်း အားနာပါတယ်။ ဒါပေမဲ့လေ မဒီတို့က ခေါင်းဆောင်ပြီး ပွဲတစ်ခုဖြစ်အောင် စီစဉ်မှာဆိုတော့ နည်းနည်း ကသောင်းကနင်းနိုင်တယ်လေ။ ဦးလေးကြီးနဲ့က ခင်နေပြီဆိုတော့ ပြောရဆိုရတာ အဆင်ပြေတယ်လေ"

"ဟော ... ဟော ... မင်းတို့လေးယောက်ကို ငါ အာပေါက်မတတ်ပြောမှ မှတ်မိမှာလား။ ဦးလေးကြီးလို့တော့ မခေါ်စမ်းပါနဲ့ကွာ။ မင်းတို့ အဲဒီလိုခေါ်ရင် ငါအိုစာသွားသလို ခံစားရတယ်"

ဦးလေးကြီးရဲ့ အဲဒီအပြောကြောင့် မဒီတို့လေးယောက်က ခွိခနဲ ရယ်မိသွားကြသည်။ သိပ်နပ်တဲ့ ဘဲကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



အသံနားထောင်လိုက်တာနဲ့ ဘယ်သူနဲ့ ရှိတယ်ဆိုတာ တန်းသဘောပေါက်သွားပုံရကာ မဒီ့ကို အပိုင်ကြီး မေးပစ်လိုက်တာဖြစ်သည်။

"ဟေ့ ... မင်းတို့ စုမိနေတယ်။ ငါ့ကို လာစားနေကြတာမလား"

"အာ ... လာမစားပါဘူး ဦးလေးကြီးရဲ့။ လေးယောက်အတူတူရှိနေတာတော့ ဟုတ်တယ်။ ဒါပေမဲ့ ဦးလေးကြီးကို အလုပ်ကိစ္စရှိလို့ ဖုန်းဆက်လိုက်တာ"

"ခေါ်ပြန်ပြီလား။ ဒီနာမည် ...။ အဲလို ဆက်ခေါ်ရင်တော့ ဆောရီးပဲကွာ ...

ငါ မအားဘူး"

"အဲ ... အဲ ... မခေါ်တော့ဘူး။ ဒီလိုလုပ် ... ဦးလေးကြီးကို မဒီတို့ အားလုံးက ဦးဖန်လို့ ခေါ်မယ်။ အဲဒီလိုဆို ဖြစ်တယ်မလား"

"ဦးဖန် ... ဟုတ်လား။ အင်း ... ဦးလေးကြီးထက်စာရင်တော့ အဲဒီလိုက မဆိုးပါဘူး။ အဲဒီတော့ ဟုတ်ပြီ။ မင်းတို့ကို ငါက ဘာကူညီပေးရမှာလဲ၊ အဲဒါပြောတော့"





ရင်ထဲက နာမည်ပေးထားတဲ့ ခေါ်ဝေါ်ချင်သောနာမ်အားကိုလည်း ကာယကံရှင်ကိုယ်တိုင်က ပါမစ်ပေးလိုက်ပြီမို့ မဒီ့မှာ အတိုင်းထက်အလွန်တွေပဲ ဖြစ်လေသည်။ အဲဒီအတွက် ကြည်နူးနေသောစိတ်နဲ့အတူ မဒီက Gathering ကိစ္စကို ပြောဖြစ်သွားသည်။

"ဟို ... ဒီလိုပါ။ မဒီတို့က ဒီလကုန်လောက် ဦးဖန်တို့ဟိုတယ်မှာ Gathering ပွဲလေးလုပ်ချင်လို့။ ဟိုဟာပေါ့ ပါတီပုံစံပဲလေ။ DJ ဘာညာကအစ ဦးဖန်တို့ဘက်ကပဲ organize လုပ်ပေးရမှာ"

"Excuse ... အဲဒီကိစ္စက မင်း မနက် Gym လာတဲ့အခါ Reception မှာ မင်းလုပ်မယ့်ပွဲအကြောင်း ပြောလိုက်။ သူတို့က မင်းကို ဆိုင်တဲ့ Supervisor တစ်ယောက်နဲ့တွေ့ပေးလိမ့်မယ်။ မင်း ဖြစ်ချင်တာ မှန်သမျှ လုပ်ချင်တာမှန်သမျှ သူတို့က အကောင်းဆုံး Service လုပ်ပေးလိမ့်မယ်၊ သူတို့နဲ့တွေ့တာက ပိုကောင်းလိမ့်မယ်"

ဘိုးတော်က စကားဆက်စရာမရှိအောင် အပြတ်ပိတ်လိုက်တာမို့ မဒီ့မှာ ဘာရှေ့ဆက်ရမှန်း မသိတော့ချေ။ ပါတီလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖိုကိစ္စမှ မပြောလို့ရှိရင် မဒီတို့က ဒီဘိုးတော်နဲ့ ဘာစကားကို ဆက်ပြောရမလဲ။ မဒီက ဘာပြောရမှန်းမသိတော့တာမို့ ဂုဏ်ကိုး တို့ကို အားကိုးတကြီး စြည့်မိသွားလျှင် ဂုဏ်ကိုးက သူ မပြော ရတိုင်း ဆက်ပြောဖို့သာ တွန်းနေတော့သည်။

"ဟယ်လို ... ဟယ်လို ... ဟော့ ... မဒီဘွဲ့ဖြူ။ ငါပြော တာ ကြားလား"

"အမ် ... အင် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့။ အင်း ... ပြီး တာပဲလေ။ အဲဒါဆိုရင်လည်း မနက်ဖြန်မှ Reception မှာ စုံစမ်းလိုက်တော့မယ်"

"Ok ... Ok ... ကိုယ့်မန်နေဂျာကိုလည်း မင်းတို့လိုတာ လုပ်ပေးဖို့ မှာထားလိုက်ပါ့မယ်"

အမယ်လေး။ ဒါလေးတော့ ပြောဖော်ရသေးပေလို့ ပေါ့ ဦးဖန်နေယွန်းရယ်။ မဒီက မျက်နှာကို တစ်ချက်မဲ့လိုက် ရင်း တကယ်လည်း ဘာပြောရမှန်းမသိတော့တာမို့ ဖုန်းချဖို့ စကားစလိုက်တော့သည်။

"ဟုတ်ကဲ့ ... အဲဒါဆိုလည်း ပြီးရောလေ။ မနက်ဖြန် လုပ်လိုက်မယ်။ အဲဒါဆို ဒါပဲနော်"





"Ok ... Ok ... ဩော် ... ဟော့ ... ဟော့ ... နေဦး"

မဒီရဲ့လက်က End Call ခလုတ်လေးကို toch Screen မှာ နှိပ်လုဆဲဆဲမှာ ထွက်လာတဲ့အသံကြောင့် အားလုံးက ပိုမိုစိတ်ဝင်တစား ရှိလာတာ ဖြစ်သွားကာ ဦးဖန်နေယွန်းရဲ့စကား ကို အာရုံစိုက်မိသွားတာဖြစ်သည်။

"ဘာပြောမလို့လဲ"

"မင်းသုံ့ငယ်ချင်း ရွှေဘဏ္ဍာကော နေကောင်းသွားပြီလား"

ဘုရား ... သူက ဘန်ဘန့်ကို သတိတရ မေးတယ်။ အားလုံးကလည်း အဲဒီအတွက် အံ့ဩနဘမ်း ဖြစ်ကုန်ရသလို ဘန်ဘန် ကိုယ်တိုင်လည်း တစ်ခဏ ရှူးသွားရလေသည်။

"အင်း ... သက်သာသွားပါပြီ။ သူ ဘေးမှာရှိတယ်ပြော ဦးမလား"

"နိုး ... နိုး ... မပြောဘူး ရတယ်။ ငါက မင်းတို့ကို လေးယောက်တွဲ မြင်ထားတော့ မနက်က သူ့မတွေ့တော့ မင်းတို့အဖွဲ့မှာ လိုနေသလို ခံစားမိလို့ မေးတာပါ။ Ok အဲဒါဆို ဒါပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



,အင်း … သေပါပြီ။ ဘန်ဘန့်က ဘာမှမဟုတ်တဲ့ အချိန်ခဏလေးအတွင်းမှာ အကြီးကြီးတွေ စိတ်ကူးမိနေစဉ်မှာ "နိုး … နိုး"ဆိုတဲ့ ခါးခါးသီးသီး ခေါင်းခါမှုကြောင့် မျက်နှာမဲ့မိသွားသည်။ ဦးဖန်နေယွန်းဆိုတဲ့ ဘဲကြီး လုံးဝမမိုက်ဘူး။

"ကဲ … ဇော်တကတ်ကတော့ ပျော်တကတ်လေသတည်းပဲ။ ဘိုးတော်က တစ်ပြန်စီးဟဲ့။ အခြေသတင်းကြီးတဲ့ ရွှေမင်းသားကြီး အထာဟ။ ငါတို့ကို သူ့မျက်စိထဲမှာ ငချွတ်လေးတွေဆိုပြီး ထင်နေတာဟဲ့။ ဟွန်း … လီယိုနာဒိုနဲ့ ညစာစားခွင့်ရဖို့ မျှော်လင့်နေရှာတဲ့ ငါတို့ဘဝပါလားနော်။ ဘာပဲဖြစ်ဖြစ် မိုက်တာတော့ ရေလည်ပဲဟာ။ လုံးဝကြိုက်တယ်"

မဒီက မှိုင်တွေနေစဉ် မှိုင်းက ကြိတ်မနိုင်ခဲမရလေသံကြီးဖြင့် အရမ်းမိုက်တယ်၊ အရမ်းခိုက်တယ်တွေ ထလုပ်နေတာမို့ သူ့ကို ဂေါက်သီးဆိုပြီး လွှတ်ထားလိုက်တော့သည်။ ဒါပေမဲ့ မှိုင်းပြောသလိုပဲ ဟုတ်တာတော့ ဟုတ်နေသည်။ ဘန်ဘန်တို့လေးယောက်ရဲ့အဖြစ်က ဘာနဲ့တူနေသလဲဆိုရင် ဘန်ဘန်တို့ကြိုက်လှပါချည်ရဲ့ဆိုဘဲ့ တိုက်တန်းနစ်မင်းသား လီယိုနာဒိုတို့၊





twilight မင်းသား ရောဘတ်ပတ်တင်ဆန်တို့နဲ့ ညစာစားခွင့်ရဖို့ မျှော်လင့်ရင်း ရူးနေတဲ့ လွတ်စကွတ်ချွတ်ဘားအထာလေးတွေပုံပေါက်နေသည့် ရူးသွပ်မှုတစ်ခုလို ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၇

ဂျက်ကိုးက မဒီတို့နဲ့ ရေပြိုင်ကူးနေပြီးမှ ရေကူးကန်ဘောင်ပေါ်မှာ တက်ထိုင်ရင်း စကားစပြောလိုက်သည်

"ဒီကနေ့တော့ စိတ်အာရုံတွေက ရေထဲစိမ်ထားရလည်း လုံးဝမလန်းဆန်းပါလားကွာ"

ဂျက်ကိုး စကားကြောင့် မှိုင်းက ရေစိမ်နေရာမှ ကန်ပေါင်ပေါ် ပြန်တက်လာကာ စားပွဲထောင့်က Coke ကိုဖောက်သောက်လိုက်ပြီးမှ ...

"အဲဒါကတော့ အမှန်ပဲဟ။ သူ့ကို တစ်ရက်မမြင်ရရင် စိတ်အာရုံတွေ တယ်မလတ်ဆတ်တာပဲ။ ဒါနဲ့ ဘာကိစ္စ ဒီနေ့ Gym မလာရတာလဲ ချေတာလား"





"သြော် ... အဲဒီလိုတော့ မဟုတ်လောက်ပါဘူးဟယ်။ သူက တကယ့်ဘောစိလေဟဲ့။ အလုပ်မအားတာ ဘာညာ ရှိမှာပေါ့။ အဲဒါကြောင့် မလာတာ ဖြစ်နိုင်တာပဲ။ ပြီးတော့ သူ့အမြင်မှာ ငါတို့က ချွတ်တားလေးတွေဟ။ စာရင်းဘယ်ရှိပါ့မလဲဟဲ့"

"အာ ... ဘာကိစ္စ ငါတို့က စာရင်းမရှိရမှာလဲ၊ ဘန်ဘန်တို့က အချာပင်တွေမှ မဟုတ်တာ။ အသိုင်းအဝိုင်းကြီးထဲကပဲ။ သူလိုလူလောက်ကတော့ အေးဆေးပဲ။ ဘာတွေကို ဒီဘဲကြီးက ဘဝင်မြင့်နေရတာလဲ"

"သြော် ... ဒါကတော့ သူ့အထာနဲ့သူပေါ့ဟ၊ ကလေးမှာလည်း ကလေးအထာ ရှိသလို လူကြီးမှာလည်း လူကြီးအထာပေါ့ဟ"

မဒီက ဝင်ပြောလေလျှင် အားလုံးက ဟက်ဟက်ပက်ပက် ရယ်မိသွားလေသည်။ အမှန်တော့လည်း စဉ်းစားကြည့်ယ်ဆိုရင် ဒီကိစ္စဟာ ရယ်စရာပဲ ဖြစ်လေသည်။ မဒီတို့နဲ့ဘာမှလဲ အရမ်းကြီး သိကျွမ်းပတ်သက်မှု မရှိတဲ့ သူတစ်ယောက်ကို မဒီတို့က ကိုယ့်ဘာသာ သဘောတွေကျ အကြွေကြီးကြွေကျမြဲနေတာမျိုးဖြစ်၏။



www.burmeseclassic.com

ဒီနေ့က မဒီတို့တွေက Gym ဆော့ပြီး ရေကူးကန် မှာ အချိန်ဖြုန်းနေကြတာဖြစ်သည်။ ကျောင်းသားဟောင်းတွေ ပွဲအတွက် ပါတီလုပ်ဖို့ကိစ္စ ဘာညာကို ဟိုတယ်က တာဝန်ရှိ နဲ့ ပြောပြီးဆိုပြီးသွားပြီမို့ ဒီဟိုတယ်မှာ ပါတီပေးဖို့ကိစ္စကတော့ သေချာသွားပြီဖြစ်သည်။ မဒီတို့တွေဟာ ရေကူးပြီးနောက်မှာတော့ ရေချိုးခန်းဝင်ပြီးနောက် အဝတ်အစားလဲကာ ပြန်ဖို့ အပြင်ထွက် လာချိန်မှာတော့ မဒီတို့ရဲ့ ရွှေမင်းသားကို ကောင်မလေးချောချော တစ်ယောက်နဲ့ တွဲမြင်လိုက်ရတာမို့ ဘာပါလိမ့်ဆိုပြီး အသာလှမ်း ရှိုးကြည့်မိသွားလေသည်။

"ကိုယ့်ဘက်ကတော့ အဲဒီလောက်ထက်ပိုပြီး မပေးနိုင် ဆုံးဖြတ်ထားတယ်။ အဲဒါက ပေါက်ဈေးထက် ကိုယ်ပိုပေး ထားပြီးသားပဲ မို့ရဲ့။ မို့ဘက်က ဈေးတိုးပေးဖို့ မလုပ်နဲ့ တော့"

ဦးဖန်နေယွန်းက ကောင်မလေးနဲ့ စကားပြောရင်း မဒီတို့ဘက်သို့ လျှောက်လာကာ မဒီတို့နဲ့ တည့်တည့်တိုးလေ လျှင် သူက မဒီတို့ကိုကြည့်ကာ လှမ်းနှုတ်ဆက်လေသည်။

"ဟော ... ပြန်တော့မလို့လား"





ကျစ် ... ဘာကြီးလဲကွာ။ မေးတဲ့အထာကြီးကိုက မမိုက်ဘူး။

မဒီတို့က စိတ်ထဲမှာ အလှဲ့ဂျစ်ဖြစ်သွားပေမယ့် အပြုံးမပျက်ပင် ခေါင်းပြန်ညိတ်ပြလိုက်သည်။

"ဩော် ... အင်း ... မင်းတို့ ပွဲလုပ်မယ့်ကိစ္စ အဆင်ပြေ လား။ ကိုယ် ဘာကူညီပေးရဦးမလဲ"

"ရတယ် ... ဦးဖန်။ အားလုံး ပြောပြီး ဆိုပြီးပါပြီ။ နောက်လိုမှ ပြောပါ့မယ်"

မှိုင်းရဲ့ ဦးဖန်ဆိုတဲ့ အခေါ်အဝေါ်ကြောင့် ဦးဖန်ဘေး ကဆော်က မှိုင်းတို့လေးယောက်ကို ရှိုးနေတာမို့ မှိုင်းတို့ကလည်း အထာကလေးတွေနဲ့ ပြန်ရှိုးကာ ချေပစ်လိုက်သည်။

"ဟုတ်ပြီလေ။ အဲဒါဆို နောက်မှဆုံတာပေါ့။ သွားမယ် နော်။ မို့ သွားမယ်လေ"

ဦးဖန်က အဲဒီကောင်မလေးနဲ့ အတူတူထွက်သွား လေလျှင် လေးယောက်စလုံးရဲ့ ရင်ထဲမှာ ပဟေဠိတွေက ကျန် နေခဲ့လေသည်။ အဲဒီတစ်ယောက်က ဘယ်ကလဲ။ ဘယ်သူလဲ။ မိန်းကလေးချင်း အကဲခတ်တတ်တဲ့ စွမ်းရည်အရ လောလောဆယ် မှာ ဦးဖန်နဲ့ ဘာမှမဟုတ်သေးပေမယ့် မျှော်ကိုးမှုတွေပါဝင်နေတဲ့

www.burmeseclassic.com



ကာလာတွေ မြင်နေရတာမို့ မှိုင်းတို့တွေဟာ စိတ်ထဲ စနိုးစနောင့် ရှိနေတာဖြစ်သည်။

အဲဒီအတွက် စိတ်ထဲက အစိုင်အခဲကို တစ်ခဏ မျိုသိပ်ထားပြီး ကျောင်းရောက်တာနဲ့ ကန်တင်းမှာ လေးယောက်သားဟာ ဒီကိစ္စအတွက် ခေါင်းချင်းဆိုင်ကြတာဖြစ်သည်။

"အဲဒါက တစ်ချိန်ချိန် သူ့ရဲ့လိုင်စင် ဖြစ်လာရင် ဘယ်လိုလုပ်မလဲ"

"ဟာ ... မတန်ပါဘူးဟာ။ ဒီအဆင်နဲ့ ဒီအဆင်။ ငါတို့ ဦးဖန်က အသက်ကြီးပေမယ့် မပျက်စီးသေးတဲ့ ဒီဇိုင်း။ ဟိုဆော်က ငါတို့ကို ကြည့်သွားတဲ့ ဒီဇိုင်းကိုက ကျစ် ... ဒေါသထွက်စရာ"

မှိုင်းက ဒေါသတွေထွက်ကာ ပြောနေချိန်မှာ ဂုဏ်ကိုးက တစ်ခုခုကို စဉ်းစားပြီး အားလုံးကို စပြောလေသည်။

"ငါတို့ ပြတ်ပြတ်သားသား ပြောရအောင်ဟာ။ အမှန်ဆို ငါတို့လေးယောက်စလုံး တစ်ချိန်တည်းမှာပဲ ဦးဖန်ကို မြင်ပြီး စိတ်ဝင်စားသွားခဲ့ကြတာပဲ။ ချစ်ခင်နှစ်သက်မှုရဲ့ နောက်မှာ ပတ်သက်ဆက်နွှယ်ခွင့် ဆိုကာကိုတော့ လူတိုင်း လိုချင်ကြတာပဲ"





ဂုဏ်ကိုးက စကားစကို ခဏရပ်ကာ မှိုင်းတို့ရဲ့ တုံ့ပြန်မှုတစ်ခုခုကို ပြန်စောင့်နေတာမို့ မှိုင်းက ဂုဏ်ကိုး ဆက်ပြောမယ့် စကားတွေကို ဆက်စိတ်ဝင်စားတာမို့ ထောက်ပေးလိုက်တော့သည်။

"အင်း ... နင်က ဘယ်လိုဖြစ်ချင်လို့လဲ။ ဘာစဉ်းစားထားလို့လဲ"

"ငါတို့လေးယောက်စလုံး ဒီတစ်ယောက်တည်းကိုပဲ ကြိုက်ဖို့ဆိုတာ ဒါ မဖြစ်နိုင်တာပဲ။ ဒီတော့ ထုံးစံအတိုင်း ကံကိုပဲ ဆုံးဖြတ်ခိုင်းရမယ်။ ပြီးရင် အဲဒီတစ်ယောက်က ဦးဖန်နဲ့ relationship တွေ ရှိကိုရှိနေရမယ်။ ဘယ်လိုလဲ"

ဂုဏ်ကိုး စကားကြောင့် အားလုံးက တစ်ချက်တော့ ငြိမ်သွားကြတာဖြစ်သည်။ တကယ်ကို အဆုံးအဖြတ်တစ်ခုမို့ ချက်ချင်းကြီး အဖြေပေးရတာက ခက်နေတာဖြစ်၏။ ပွင့်ပွင့်လင်း လင်း ပြောရရင် ဂုဏ်ကိုးတို့ လေးယောက်စလုံးဟာ ဦးဖန်နေယွန်း ကို အရမ်းကို သဘောကျနှစ်သက်နေတဲ့သူတွေ ဖြစ်သည်။

"ငါ သဘောတူတယ်၊ ဒီလိုပဲ ဖြစ်ရမယ်"

မဒီက စပြီး ဂုဏ်ကိုး ဘက်က ထောက်ခံလျှင် အန်ဘန်ကပါ ဝင်ပြီးထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါတို့ ချစ်တဲ့သူကို ပတ်သက်တာ သဘာဝ ကျတယ်။ ထုံးစံအတိုင်း ကံကိုပဲ ဆုံးဖြတ်ခိုင်းရမှာပေါ့"

"ဟုတ်တယ်၊ အဲဒီလိုပဲ လုပ်လိုက်မယ်။ အခု မဲနှိုက်ပြီး သွားရင် ဦးဖန်ကို ပတ်သက်ဆက်နွယ်ခွင့်ရသူ တစ်ယောက် တည်းအတွက် ငါတို့တွေ သွေးကွဲမသွားကြေး။ ငါတို့ အားလုံး သူ့ကို ချစ်နိုင်တယ်။ ဒါပေမဲ့ သူကတော့ ငါတို့ အားလုံးကို ချစ်ခွင့်မရှိဘူး။ အဲဒီအတွက် ငါတို့ ကံတရား ကိုပဲ ဆုံးဖြတ်ခိုင်းလိုက်တာပေါ့"

မှိုင်းကပါ အိုခေဆို လေးယောက်က ညီစေဖြစ်ပြီမို့ ထုံးစံအတိုင်း မဲလိပ်လေးလိပ် လုပ်လိုက်ကြသည်။ ဒါပေမဲ့ ဒီတစ်ခါ မဲလိပ်ရဲ့အဖြေက အရမ်းကို ရင်ခုန်စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နေတာဖြစ်သည်။ ဒီတစ်ခါ အဆုံးအဖြတ်ဟာ ဟိုးအရင်တုန်း ကလို တစ်ခုတည်းရှိတဲ့ အင်္ကျီတို့၊ ဖိနပ်တို့လို အစားပြန်မရနိုင် တဲ့ နှလုံးသားဖြစ်၏။ ဘာပဲဖြစ်ဖြစ် အားလုံးဟာ ဒီရွေးချယ်မှု အပေါ် လက်သင့်ခံနိုင်သည်။ ဘယ်လို အကြောင်းကြောင်းနဲ့ ကြောင့်မှ လေးယောက်သား စိတ်ဝမ်းအကွဲမခံနိုင်တာမို့ ဒီဆုံး ဖြတ်ချက်ကို ကျေနပ်နိုင်လေသည်။





"ကဲ ... နှိုက်လို့ရပြီ"

အားလုံးက မဲတစ်ယောက်တစ်လိပ်ဆီ ယူလိုက်ကြ ပေမယ့် ဘယ်သူမှ မဖွင့်ကြည့်ကြသေးပေ။ ရင်ခုန်စိတ်လှုပ်ရှား မှုကြောင့် တစ်ခဏကြာတဲ့အထိ စကားမပြောဖြစ်ကြသေး။

"ငါတို့တွေ အဖြေတစ်ခု ထုတ်လိုက်ရအောင်။ ဦးဖန်နဲ့ ပတ်သက်ခွင့်ရတဲ့သူဟာ ဘယ်သူပဲဖြစ်ဖြစ် ငါတို့ လုံးဝ စိတ်ဝမ်းကွဲဖို့ မလိုဘူးနော်"

"အင်း ... ကဲ ... ဖွင့်ကြည့်ရအောင်လေ"

ဘန်ဘန့် စကားအဆုံးမှာ အားလုံးက ကိုယ့်ရဲ့မဲ လိပ်အပေါ်ကို အာရုံရောက်သွားကြသည်။ ပြီးတော့ တစ်ဆက် တည်းမှာပဲ ဘာဖြစ်လာမလဲဆိုတဲ့ worry တစ်ခုက ထပ်မံဝင် ရောက်လာလေသည်။

ဖွင့်ကြည့်ပြီးသွားလို့ ထွက်လာတဲ့ အဖြေတစ်ခု အပေါ်မှာ အားလုံးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကာ ထွက်လာမယ့် အသံတစ်သံကို နားစွင့်ထားမိလိုက်သည်။




www.burmeseclassic.com

www.burmeseclassic.com



# "4 in 1"



www.burmeseclassic.com

www.burmeseclassic.com





ဝိုးတဝါး နှလုံးသားမှာ

ဆူးပခင်းထား ဝင်လာခဲ့ပါ။

ဟိုးအရှေ့မှာ

အလွမ်းတွေမပါ

အမုန်းတွေလည်းမပါ

အချစ်ချည်း သီးသန့်ပေးမယ်။

အဲဒီကိုရောက်ဖို့…

ထောင်ချောက်တော့ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယွန်းက ကားမောင်းလာရင်းကမှ နောက်ကြည့် ကနေ ကြည့်မိရင်း သတိထားမိသွားလေသည်။ အနောက်က lady အနီရဲရဲတစ်စီးက သူ့ကို မီးတွေပြလိုက်၊ ဟွန်းတွေတီး လုပ်နေတာမို့ သူတောင် နည်းနည်းတော့ကြောင်သွားသည်။ လဲဟ ...။ သူ့အသိမိတ်ဆွေတွေထဲများလား။ အဲဒီလိုလည်း ဘူတ်။ သူသွားတဲ့နောက်ကိုပဲ လိုက်လာကာ မီးတောက်လိုက်၊ ှန်းတီးလိုက်ဖြင့် ကလိနေတာဖြစ်သည်။ ဟား ... ဘာကောင် လဲဟ။ သူက ပြဿနာမများချင်တာကြောင့် ကားကိုဘေးကပ် ာ လမ်းပေးလိုက်လျှင်လည်း အနောက်ကားက ကျော်မ ဘဲ မီးပဲတောက်နေတာမို့ သူက စိတ်မရှည်တော့စွာ ဘဲ့ရှင်



www.burmeseclassic.com

www.burmeseclassic.com



ချင်လာတာမို့ လမ်းဘေးကပ်ရပ်လိုက်လျှင် ကားက ဝေါခနဲမောင်း ထွက်သွားလေတော့သည်။

"တောက် ... ဘာကောင်လဲကွာ။ မိုက်ရိုင်းလိုက်တာ"

ဆက်လိုက်နေလည်း အပိုပဲမို့ သူက စိတ်ကိုအသာ လျှော့ကာ ကားဆက်မောင်းထွက်လာခဲ့သည်။ ဒီနေ့က အလုပ်က ပြန်လာတာ နည်းနည်းစောနေသည်။ ခေါင်းနည်းနည်းကိုက်နေ တာကြောင့် သူ့မှာ ဒေါသမထွက်နိုင်ဘဲ အိမ်ပြန်ချင်စိတ်ကသာ ကြီးစိုးနေတာဖြစ်လေသည်။

သူ အိမ်ပြန်ရောက်လျှင်တော့ အမေက ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် ဆီးကြိုနှုတ်ဆက်နေလေသည်။

"အမယ် ... ငါ့သား၊ ဒီနေ့ တယ်စောပါလား။ လိမ္မာနေ တယ်ပေါ့"

"ခေါင်းနည်းနည်းကိုက်လာလို့ပါ မေမေရ။ အိမ်ပြန်ပြီး စောစောနားလိုက်တာ"

"ဩော် ... မသိပါဘူးတော်။ ဖုန်းများလာစောင့်တာလား လို့"

"ခင်ဗျာ"





သူက နည်းနည်းတော့ အူကြောင်ကြောင် နိုင်သွား ဆသည်။ ဘာဖုန်းကို စောင့်ရမှာလဲ။

"မေမေ ဘာကိုလဲ။ ဘာဖုန်းလဲ"

ဖန်ယွန်းက နားမလည်စွာ မေမေ့ကို ပြန်မေးလိုက် လျှင် မေမေက ကျေနပ်ကြည်နူးလေသော အပြုံးတွေ ပါဝင်သည့် မျက်နှာဖြင့် သူ့ကိုကြည့်ကာ ...

"အမယ် ... ကဲ ... သွား ... မေမေ သံပရာရည်ဖျော်ပြီး အခန်းထဲ ပို့ပေးမယ်။ ဩော် ... ပါဆယ်ထုပ်ကို မေမေ သားအခန်းထဲ ပို့ပေးထားတယ်နော်။ သွားနား ... သွား နား"

"ဗျာ"

မေမေက ပြောပြီး နောက်ဖေးထဲ ဝင်သွားလျှင် သူ့မှာ မေးချိန်မရလိုက်တော့ပေ။ ဘာတွေလဲကွာ။ ဖန်ယွန်းက ... ထပ်ကို တက်လာခဲ့ကာ သူ့အခန်းထဲ ဝင်လာလျှင်တော့ ... ကြည့်စားပွဲပေါ်မှာ တင်ထားတဲ့ ပါကင်ထုပ်ထားတဲ့ ပါဆယ် ...ခုကို တွေ့လိုက်ရလေသည်။ ဒါက ဘာပါလိမ့်။ မေမေ ...တဲ့ ပါဆယ်ထုပ်ဆိုတာ။ ဖန်ယွန်းက ပါဆယ်ဘူးနားကို



www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်လိုက်လျှင် ဘူးအပေါ်မှာ ကပ်ထားတဲ့ စာရွက်ပေါ်က စာသားတွေကြောင့် သူတောင် မျက်လုံးပြူးသွားရလေသည်။

"for my Heart

!!! Surprise !!!

Yours

P.S ... ဒီနေ့ ဖုန်းစောင့်နေနော်"

ဟာ ... ဘာကြီးလဲဟ။ သူက ပန်းရောင်ပါကင် ဖြင့် ထုပ်ပိုးထားတဲ့ ပါဆယ်ဘူးကို တအံ့တသြ ကြည့်နေမိစဉ် မှာ မေမေက သံပရာရည်ကို ကိုယ်တိုင်လာပို့တာမို့ သူက ဒီ ပါဆယ်ဘူးအကြောင်း မေးလိုက်တော့သည်။

"မေမေ ... ဒါက ဘာလဲ။ ဘယ်သူပို့တာလဲ"

"အမယ်လေး ... မေမေ့သားကတော့ ဒိုင်နေပြန်ပါပြီ။ လူပျိုကြီးက ရှက်နေတာပေါ့လေ။ ညနေလောက်က delievery Service က ပါဆယ်လာပို့သွားတာ။ သား နာမည်နဲ့ လာတာလေ၊ ဘာကိုလျှို့ချင်သေးတာလဲ။ ဘယ် တုန်းက တွေ့တာလဲ သား။ မိန်းကလေးက Romance ဖြစ်တယ်နော်"





"အာ ... မေမေကလည်း မဟုတ်ပါဘူး။ ကျွန်တော့်မှာ ဘာပါဆယ်ပို့ပေးတဲ့သူမှ မရှိဘူး။ ဒါကို ကျွန်တော်မသိ ဘူး"

"ဟင်း ဟင်း ... ဟုတ်ပါပြီ။ ကဲ ... သံပရာရည်သောက် လိုက်ဦး။ မင်းအဖေ ပြန်လာမှ ဒင်နာစားဖို့ ခေါ်လိုက် မယ်"

မေမေက ပြောချင်ရာပြောပြီး အခန်းထဲကထွက် သွားလျှင် တစ်ယောက်တည်းဂေါက်ပြီး ကျန်နေခဲ့တာကတော့ သူချည်းဖြစ်သည်။ မေမေက ဒါကို သူ့ကောင်မလေး ပို့တယ်လို့ ထင်သွားတာဖြစ်၏။ ထင်ရအောင်လည်း ဘူးပေါ်က စာသားတွေ က ထင်ချင်စရာ ရေးထားတာ ဖြစ်လေသည်။ တောက် ... ဒါ ဘယ်သက်မဲ့ လုပ်ကြံတာ။

ဖန်ယွန်းက ပါဆယ်ဘူးကို ဖွင့်မကြည့်ရသေးခင် ဖုန်းက message tone က ဝင်လာတာမို့ သူက message ကို ဖွင့်ဖတ်လိုက်သည်။

"open it. HAPPY TIME"



www.burmeseclassic.com

www.burmeseclassic.com



open it ။ ဒီတော့ ဒီဖုန်းက ပါဆယ်နဲ့ဆက်စပ်နေလိမ့်မည်။ ဖန်ယွန်းက ဒီနံပါတ်ကို တစ်ချက်ကြည့်လိုက်သည်။ ပြန်ခေါ်စရာ မလိုဘူးလို့ ယူဆတာကြောင့် ဖုန်းကို စားပွဲပေါ်မှာ တင်လိုက်ကာ ပါဆယ်ဘူးကို ခုတင်ပေါ်သို့ ယူလာကာ ပါကင်ဖောက်လိုက်သည်။ ဘူးထဲက ဘာတွေပါလိမ့်ဆိုပြီး သူ ကြည့်လိုက်မိသည်။ ပထမဆုံး ပန်းစည်းတစ်စည်း တွေ့ရသည်။ ပြီးတော့ မွေးပွဝက်ဝံရုပ်တစ်ရုပ်။ ဘာလဲ ...။ ဖန်ယွန်းက နောက်ဆုံးကျန်နေတဲ့ ကတ်လေးကို ဆွဲယူကာ ဖွင့်ဖတ်လိုက်သည်။

"Smile...

Romove

Your Stress"

ဟား ...။ ဖန်ယွန်းက ဘယ်သူပို့လိုက်မှန်း မသိတဲ့ ဒီပါဆယ်ဘူးထဲက ပစ္စည်းတွေကို ကြည့်ကာ ဟက်ခနဲ တစ်ချက် ရယ်မိသွားသည်။ ဟင်း ... ကလေးကွက်တွေနဲ့ ဘာတွေလာ ကြောင်နေတာလဲ မသိဘူး။

ဖန်ယွန်းက အဲဒီပစ္စည်းတွေကို ဘူးထဲ ပြန်ထည့်ထားလိုက်ပြီး သံပရာရည်သောက်လိုက်ကာ အိပ်ရာထဲမှာ ခဏလှဲ





နေလိုက်သည်။ ဒီပါဆယ်ဘူးတွေ့တာနဲ့ သူတောင် ခေါင်းကိုက်နေတာ ဘယ်ရောက်သွားမှန်း မသိတော့။ ဘာပဲဖြစ်ဖြစ် နောက်အဲဒီလို မသိလို့ရှိရင် ဘာပစ္စည်းကိုမှ လက်မခံဖို့အတွက် မေမေ့ကိုတော့ မှာထားရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"Thanks … မေခွန်းရယ်။ ဒီနေ့ကတော့ နင် ငါတို့အတွက် ခေါင်းစားပေးပါဦး"

"ဟုတ်ကဲ့။ ရပါတယ် … မေခွန်း အားလုံးကူညီပေးပါ မယ်"

မေခွန်းရဲ့စကားကြောင့် အားလုံးဟာ ပြုံးတော့ပြုံးမိ သွားလေသည်။ ဂုဏ်ကိုးတို့ရဲ့ကစားပွဲလေးမှာ လိုသလိုလှုပ်ရှား ပေးရမယ့် နယ်ရုပ်တစ်ရုပ်လို နေတာမို့ တစ်ယောက်ကိုဆွဲသွင်း လိုက်တာဖြစ်သည်။ မေခွန်းက ဂုဏ်ကိုးတို့ အားလုံးနဲ့ သိနေတာ မို့ ဒီကိစ္စကို အသာတကြည်ပင် ကူညီပေးနေတာဖြစ်သည်။

"ငါတို့က ဦးဖန်နဲ့ စကားပြောနေတဲ့ အချိန်မှာ နင်က right time ပို့ပေးနိုင်မှ ရမှာနော်"





"ဟုတ်ကဲ့ … ဖြစ်ပါတယ် ဘန်ဘန်၊ အချိန်မီရောက်ဖို့က တော့ မေခွန်းတာဝန်ထားပါ"

"Ok … ဒါဆို ဝင်ကြရအောင်လေ။ ဟဲ့ … မေခွန်း၊ တိကျ ပါစေနော်"

ဘာလုပ်ရမယ်ဆိုတာကို မေခွန်းကို ပြောထားပြီးပြီ ... လေးယောက်သားဟာ ပျော်ရွှင်တက်ကြွစွာဖြင့် ဟိုတယ်ထဲကို ...င်လာခဲ့တော့သည်။ ဒီဟိုတယ်ကြီးကြီးရဲ့ပိုင်ရှင် ဘော့စ်နဲ့တွေ့ ...င်ဖို့ဆိုတာ ခက်ခဲတယ်မှန်း မဒီတို့ သိပေမယ့် ဖုန်းတော့ဆက် ...င်အောင် ဆက်လိုက်သေးသည်။ ကံအားလျော်စွာ ဦးဖန်က ...ကိုင်လေတာမို့ အဆင်က ချောသွားလေတော့သည်။

"ဟယ်လို"

"ဦးဖန်လား … ကျွန်မတို့ Coffee Bar ထဲမှာ ရောက်နေ တယ်၊ အားတယ်ဆို လာခဲ့ပါလား"

"ဟုတ်လား။ ကိစ္စရှိလို့လား"

"အင်း … ဩော် … ဦးဖန်ကို ပါတီဖိတ်ချင်လို့လေ"

အကြောင်းတစ်ခု ပြလိုက်တာမို့ ဦးဖန်က တစ်ဆိတ် ... ငြိမ်သက်သွားပြီးမှ စကားသံ ပြန်ထွက်လာလေသည်။

"ကောင်းပြီ၊ ကိုယ် ခဏနေရင် ဆင်းလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲနော်"

"ဟဲ့ ... ဘယ်လိုလဲ၊ လာမယ်တဲ့လား"

မှိုင်းက ရင်ခုန်စိတ်လှုပ်ရှားစွာ မေးလိုက်လျှင် မဒီက မျက်စိတစ်ဖက် မှိတ်ပြလိုက်ကာ ...

"သိပ်အဖြစ်သည်းမနေစမ်းပါနဲ့ မှိုင်းရယ်။ လာလိမ့်မယ်။ သြော် ... ဂုဏ်ကိုး၊ မေခွန်းကို ဆက်လိုက်တော့။ ခဏနေ သူ ရောက်လာလိမ့်မယ်"

ဂုဏ်ကိုးက ခေါင်းတစ်ချက် ညိတ်ပြကာ မေခွန်းဆီကို ဖုန်းခေါ်လိုက်သည်။ နောက် ဆယ်မိနစ်လောက်နေရင် လှုပ်ရှားတော့လို့ အမြန်ပြောကာ ဖုန်းချပြီးနောက်မှာတော့ အနောက်တိုင်းဝတ်စုံပြည့်နှင့် လုံးဝစမတ် gentleman ဖြစ်နေသော အထာဖြင့် ဂုဏ်ကိုးတို့ဆီကို လျှောက်လာတာဖြစ်၏။

"ကဲ ... ဘာဖိတ်ချင်တာလဲ"

"ဦးဖန် အလုပ်များနေလို့လား"

"ရပါတယ်၊ မင်းတို့နဲ့ စကားခဏပြောတာလောက်တော့ ငါ အချိန်ရပါတယ်။ ကဲ ... ဆိုစမ်းပါဦး။ မင်းတို့ ဒီမှာ ပါတီလုပ်မှာမလား။ လိုအပ်တာမရှိတဲ့ service မျိုးကို မင်းတို့အတွက် ပေးမှာပါ။ အခုက ဘာပြောမလို့လဲ"





"30 ရက်နေ့ ညနေပိုင်း ပါတီလုပ်မှာ။ ဒီဟိုတယ်ကြီးရဲ့ ပိုင်ရှင်အနေနဲ့ မဟုတ်ဘဲ ဦးဖန်ကို ဘန်ဘန်တို့ရဲ့ဘော်ဒါ အနေနဲ့ဖိတ်တာ။ ဆက်ဆက် တက်ရောက်ချီးမြှင့်ပေးပါနော်"

ဘန်ဘန်က အားလုံးကိုယ်စား ပါတီကိုဖိတ်လျှင် ဦးဖန်က အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ ...

"အခုလိုဖိတ်တာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကိုယ်က အဲဒီလိုပါတီတွေ ဘာတွေ တက်လေ့မရှိဘူး။ ပြီးတော့ ကိုယ်က ညနေ ငါးနာရီဆိုတာနဲ့ အိမ်ပြန်တတ်တယ်။ မင်းတို့ ကလေးတွေပဲ လွတ်လပ်စွာ ပျော်ကြပါ"

ကျစ် ... ဒီဦးလေးကြီးကတော့ ပြောပြန်ပြီ။ ကလေး ဘန်ဘန်တို့က ကလေးလား။

"ဦးလေးကြီးရယ် ... စီးပွားရေးလုပ်ငန်းရှင်ကြီး လုပ်နေပြီး ပါတီတက်လေ့မရှိဘူးတဲ့။ အံ့သြပါရဲ့"

"သြော် ... စီးပွားရေးလုပ်ငန်းရှင်တိုင်း ကလပ်တက်၊ ပါတီတက် လုပ်ရမှာလားကွ။ ဒီမှာ ... ငါတို့က အဲဒါမျိုးတွေ လုံးဝ စိတ်မဝင်စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖြေစကားကြောင့် စိတ်ထဲမှာ မဆိုးပါဘူးလို့တော့ သဘောတွေ့သွားမိလေသည်။

"ဘော့စ် ... Reception မှာ ဘော့စ်အတွက် ပါဆယ်ထုပ် ပို့ထားလို့ လာပေးတာပါ"

ဟော ... လာပြီ ... လာပြီ။ ဘန်ဘန်တို့လေးယောက်စလုံးက အရောက်လာပို့သော ပါဆယ်ဘူးအတွက် မြူးစိမ်းမျက်နှာပေးဖြင့် မသိချင်ယောင်ဆောင်ထားကာ ပွဲကြည့်ပရိသတ် လုပ်နေတာဖြစ်၏။ ဒီအထိတောင် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလေတဲ့ ပါဆယ်ဘူးအတွက် ဦးလေးကြီးက အတန်ငယ်တော့ အံ့အားသင့်သွားပုံရလေသည်။

"ဒါ ဘယ်သူပေးသွားတာတဲ့လဲ"

"ဟိုအမျိုးသမီးတစ်ယောက်က ပို့ခိုင်းတာလို့ ပြောပါတယ် ဘော့စ်"

"ဩော် ... အေး ... အေး ... ရပြီ"

ဦးလေးကြီးက သွားခိုင်းလိုက်တဲ့ အချိန်မှာ ဦးလေးကြီးရဲ့ဖုန်းသို့ message က ဝင်လို့လာလေသည်။ ဟိ ဟိ ... ဒါ မေခွန်းပို့တဲ့ message ပဲ။ မှိုင်းက ဦးဖန် message ဖတ်အပြီးကို စောင့်ပြီးမှ သွက်လက်စွာဖြင့်ပင် စဖောက်တော့တာဖြစ်သည်။





"ဟား ဟား ... ဦးဖန်တို့လို အရွယ်တွေကလည်း romantic တာပဲလား။ ဘာလဲ ... ဒါ ကောင်မလေးပို့လိုက်တာလား"

"နေပါဦး၊ မင်းက ကောင်မလေးပို့တာလို့ ဘာလို့အတတ်ပြောနိုင်ရတာလဲ"

အမ် ...။ တိန် တိန် ... သေစမ်း။ မှိုင်းရဲ့အတတ်ပြောမှုကို အင်မတန်မှ ပါးနပ်ကာ သတိရှိတဲ့ ဦးဖန်က စကားပြန်ထောက်လိုက်လျှင် မှိုင်းကလည်း သတိကြီးကြီးနှင့် ပြန်အဖြေကောင်းလိုက်လို့ တော်သေးသွားသည်။

"ဩော် ... ပြောနိုင်တာပေါ့လို့။ ပါဆယ်ဘူးကို ပါကင်ပိတ်ထားတဲ့ဒီဇိုင်းက ပန်းရောင် romance ဆန်ဆန်လေးဆိုတော့ ပေးတာဟာ မိန်းကလေးလို့ သတ်မှတ်လို့ရတာပေါ့။ ဘာလဲ ... မဟုတ်လို့လား"

"မဆိုးပါဘူး။ မင်း စုံထောက်လုပ်သင့်တယ်။ ကဲ ... ကဲ ... ငါ့မှာ လုပ်စရာအလုပ်တွေ ရှိသေးတယ်။ မင်းတို့အေးဆေး သုံးဆောင်ကြပါ။ ငါ သွားလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးဖန်က ထိုင်ရာမှထကာ ပါဆယ်ဘူးလေး
ယူသွားတာကြောင့် စိတ်ထဲမှာ ကြည်နူးမှုလေးတော့ ဖြစ်သွား
လေသည်။

"Ok ... Bye Bye ။ သြော် ... ဦးဖန် ပါတီတော့သေ
ပေါက်လာရမယ်နော်"

မဒီရဲ့နှုတ်ဆက်စကားအဆုံးမှာ ဦးဖန်က ဘာ
မပြောဘဲ အပြုံးတစ်ခုဖြင့် ထွက်သွားလေသည်။ သူ့ရဲ့လက်ထဲ
မဒီတို့စီစဉ်ထားတဲ့ နက်ခ်တိုင် ထည့်ထားသော ပါဆယ်ဘူး
ပါသွားတယ်ဆိုတာနဲ့တင် အရမ်းပျော်သွားရလေသည်။

"ဟား ဟား ... Bravo ဂုဏ်ကိုး။ နင့်ကို ဒီတစ်ခါ
မချီးကျူးဘဲ မနေနိုင်တော့ဘူး။ အကွက်က အရမ်းလှတယ်
ဘဲကြီးရင်ထဲမှာ ငြိဆင်လေးတော့ ဝင်သွားပြီဟ"

မဒီရဲ့ချီးကျူးမှုကို ဂုဏ်ကိုးက Esspresso ကို
သောက်ရင်း နားထောင်နေလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒီလိုအကွ
လေးတွေဟာ အနည်းနဲ့အများတော့ စိတ်လှုပ်ရှားသွားစေရ
မှလား။ ဂုဏ်ကိုးတို့ လှုပ်ရှားနေတယ်ဆိုတာ ဦးဖန် မရိပ်မိအော
မေခွန်းကို ထည့်သုံးလိုက်တာပဲဖြစ်သည်။ Relationship တွေ





ဘိုးတော်ကို ရင်ခုန်တတ်အောင် သင်ပေးခြင်းက အရင်
ဘာဖြစ်သည်။

"အဲ ... ဒါပေမဲ့ တစ်ခုတော့ ရှိတယ်နော် ဂုဏ်ကိုး။ နင့်
မေခွန်းကကော ဦးဖန်ကို စိတ်ဝင်စားနေရင် ဘယ်လိုလုပ်
မလဲ"

"အာ ... ဒါတော့ စိတ်ချ မှိုင်း။ မေခွန်းမှာက ချစ်သူ
ရှိပြီးသား။ ပြီးတော့ နင်တို့ မေခွန်းအကြောင်းလည်း သိ
နေတာပဲ။ သူက ငါတို့ ထိုင်ဆိုထိုင် ထဆိုထပဲဟာ။ အေး
အေးဆေးဆေး ရွှေ့လို့ရတယ်"

ဦးဖန်ကို ရင်ခုန်တတ်ဖို့ စသင်ပေးတဲ့အကွက်မှာ
တစ်ယောက် ကြွေဆင်းသွားဖို့ပဲ မျှော်လင့်ပါသည်။ လေး
ယောက်စလုံးရဲ့ ရည်ရွယ်ချက်က ဦးဖန်ကို မဲပေါက်တဲ့ ကံထူး
relationship တွေ ရှိနေစေချင်လို့ပဲ ဖြစ်လေသည်။

❥○❥



www.burmeseclassic.com

www.burmeseclassic.com



# ၄ ၉

"ဟား ... ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်တို့ဘက်ကလည်း ခင်ဗျားတို့ကို ငွေချေပြီးသား။ စာချုပ်စာတမ်းနဲ့ အလုပ်လုပ်တာနော်။ ကစားနေတာ မဟုတ်ဘူး"

"........."

"Ok ... ကောင်းပြီ။ ခင်ဗျားကို ကျွန်တော် လူမှုရေးအရ တစ်ပတ်စောင့်ပေးမယ်။ တစ်ပတ်ပြည့်လို့မှ ပစ္စည်းအပ်နိုင်ဘူး ဆိုရင်တော့ လုပ်ငန်းစည်းမျဉ်းစည်းကမ်းအတိုင်း ဆက်သွားတာပေါ့။ ဒါပဲဗျာ"

ဖန်ယွန်းက ဖုန်းချလိုက်ပြီးတာနဲ့ ဟူးခနဲ သက်ပြင်းတစ်ချက် မှုတ်ထုတ်ပစ်ကာ ဆိုဖာနောက်မှီမှ ခြေပစ်လက်ပစ်





လှန်ချမိ၍ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ စိတ်တွေဟာ ရှုပ်ပန်းမွန်းကျပ်၍ ခေါင်းလည်း တော်တော်နောက်ရတာဖြစ်သည်။ ဒီကာလတွေမှာ သူဟာ အလုပ်တွေ တအားများနေတာပဲဖြစ်မည်။ သူ့ရဲ့ Construction နဲ့တွဲပြီး ထပ်တိုးချဲ့ဖွင့်ဖို့ Interior Mall အခန်းဖွင့်ဖို့အတွက် စီစဉ်နေတာမှာ မှာထားတဲ့ပစ္စည်းတွေက အချိန်မီ မပို့နိုင်တာတွေ စသဖြင့် ကိစ္စတွေများကာ စိတ်မောလှအောင် ဖြစ်နေရတာဖြစ်သည်။

Interior decoration Mall ဖွင့်ဖို့ သူက စိတ်အားထက်သန်နေပေမယ့် အိမ်ကလူတွေကတော့ သူ အလုပ်တွေမနိုင်မှာ စိုးပိမ့်မှုစိုး၍ အားမပေးကြတာကိုပဲ သူက ပိုလုပ်ပြချင်ကာ ဆက်တိုက်စီစဉ်တော့ ပိုစိတ်ပင်ပန်း လူပင်ပန်း ဖြစ်ရတာဖြစ်သည်။ ခဏနားလိုက်တော့ ဖုန်းက စိတ်ကို ခဏအနားပေးတဲ့အနေဖြင့် မျက်စိကို ခဏမှိတ်ထားကာ Relax လုပ်နေစဉ်မှာ ဖုန်းက မြည်လာသဖြင့်ဖုန်းကို ကိုင်လိုက်ရသည်။

"ဟယ်လို"

"ဦးဖန်လား ... ရွှေဘဏ္ဍာပါ။ အလုပ်များနေလား။ ပြောလို့ရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘလွှာ။ သြော် ... ဟိုလေးယောက်။ ဖန်ယွန်းက ချာတိတ်မ လေးယောက်ကို ဒိုင်းခနဲ မျက်စိထဲ ပြေးမြင်သွားက ဖုန်းဆက်ပြောလိုက်သည်။

"အင်း ... ပြော၊ ဘာကိစ္စရှိလို့လဲ"

"ဟင် ... ဦးဖန် အသံက တစ်မျိုးပါလား။ ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

သူ့အသံကို နားထောင်ကာ ပြောစရာကိစ္စကို အ မပြောဘဲ စေ့စေ့ပေါက်ပေါက် လိုက်မေးတာမို့ သူက စိတ်ရှုပ် တဲ့ကြားမှ ပြုံးမိသွားသည်။ ဒီချာတိတ်တွေ အရိပ်အကဲ ဖတ်တတ်သားပဲ။

"နေက ကောင်းပါတယ်ကွ။ အလုပ်နည်းနည်း ပင်ပန်း စိတ်တွေ နည်းနည်းမကြည်ဖြစ်တာပါ။ မင်းပြောမှာသ ပြောပါ"

"ဟယ် ... stress ဆိုတာ ထားကောင်းတဲ့အရာ မဟုတ် ဦးဖန်ရဲ့။ စိတ်ဖိစီးမှုရဲ့ tension က ဘယ်လောက်ပြင် တယ်မှတ်သလဲ။ stress တွေ တအားများတဲ့ လူ ယောက်ဟာ နှလုံးရောဂါဖြစ်ဖို့ နီးစပ်တယ်တဲ့။ စိတ်





အညစ်အကြေးတွေ ရှိလာရင် အလုပ်လုပ်ရတာဟာ ပျော်ရွှင်မှုမရှိဘူး။ stress တွေကို ဖြေလျှော့ပစ်လိုက်။ ဘန်ဘန်တို့ဆို stress တွေ များလာပြီဆို ဖြေလျှော့လိုက်တာပဲ"

ပြောနေတဲ့ စကားလုံးတွေက အလုံးကြီးတွေပဲမို့ ယွန်းက ပိုပြီးရယ်ချင်သွားသည်။ ကျောင်းတောင် မပြီးသေးတဲ့ တိတ်မတွေက stress တွေ ဘာတွေဆိုပြီး လေကြီးလေကျယ် ပြောလို့။ ဖန်ယွန်းက တစ်ချက်ပြုံးလိုက်ရင်း နောက်ရွှတ်ရွှတ် မေးလိုက်သည်။

"ဟား ... ဟား ... ဟုတ်လား။ ကဲ ... ဆိုစမ်းပါဦး။ မင်းတို့က ဘယ်လောက်တောင် ကြီးမားတဲ့စိတ်ဖိစီးမှုတွေ ရှိနေတာလဲ"

"ဦးလေးကြီးနော် ... ထောင်တန်တဲ့စကား ရယ်ပေါ့အောင် မလုပ်ပါနဲ့။ သူ့အိုးနဲ့သူ့ဆန် တန်တဲ့ ဖိစီးမှုဆိုတာတော့ လူတိုင်းမှာ ရှိတာပဲ။ ကျောင်းသူမှာလည်း ကျောင်းကိစ္စ။ မိဘဆူတာ ဘာညာ စသဖြင့် stress ရှိတာပဲ။ ဟိုတယ်ပိုင်ရှင် stress နဲ့ စတိုးဆိုင်ပိုင်ရှင် stress မတူပေမယ့် ခွန်းကျပ်ပင်ပန်းမှုကို ခံစားရတာချင်းကတော့ အတူတူပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟား ... စကားတွေက ရေရေလည်လည် မိုက်နေတာ မို့ ဖန်ယွန်းက စိတ်တော့ ဝင်စားသွားသည်။ ကောင်မလေး လေးယောက်ဟာ တစ်ယောက်တစ်မျိုးစီတော့ အရည်အချင်းရှိကြ သည်။ ပြီးတော့ လေးယောက်စလုံးဟာ စာတွေအရမ်းဖတ်ကြ မှန်း သိသာစေတာကတော့ စကားပြောရင် စကားပုံတွေ ထည့် သုံးကာ စကားပြောကောင်းကြသည်။ ဒီလို လိုတာရနေတဲ့ အလန်းစားကောင်မလေးရဲ့ stress ဆိုတဲ့ စိတ်ဖိစီးမှုကို ဖြေလျှော့ နည်းကို သူက ပိုပြီးတော့တောင် စိတ်ဝင်စားမိသွားလေသည်။

"ဟုတ်ပါပြီကွာ။ ငါ စကားမှားသွားတယ်ပဲ ထားပါတော့ ကဲ ... ဆိုစမ်းပါဦး။ မွန်းကျပ်ပင်ပန်းမှုကို ခံစားရတာချင်း တူတယ်ဆိုတော့ အဲဒီ မွန်းကျပ်မှုကို ဖြေလျှော့တဲ့နည်း လမ်းကကော ဘာများပါလိမ့်"

"ဟယ် ... ဦးဖန်က တကယ် စိတ်ဝင်စားလို့လား"

သူ့ကို ချက်ချင်း ပြန်မဖြေဘဲ မယုံသလို မေးနေ တာမို့ ဖန်ယွန်းက စိတ်ပေါက်ပေါက်ဖြင့် အငေါ်တူးပြီး ပြန်ဖြေ လိုက်သည်။





"စိတ်ဝင်စားတာတင် ဘယ်ကမလဲ။ ငါက အဲဒီဖြေလျှော့ နည်းအတိုင်း လိုက်လုပ်မလို့ကွ"

"ဟား ... တကယ်ကြီး။ အဲဒါဆို ဘန်ဘန်တို့နဲ့ လာ join လိုက်လေ။ ဘန်ဘန်တို့လည်း သွားလန်းဖို့ အစီအစဉ်တွေ ဆွဲထားတာ။ ဦးဖန်ပါ join လိုက်ရင် ဦးဖန် ဆယ်နှစ် လောက်ပိုပြီး နုပျိုသွားလိမ့်မယ်။ ခုလာခဲ့လိုက်"

ဗွ္ဓေါ ...။ ညွှန်းချက်က ကောင်းလှချည်လား။ ဆယ်နှစ်ယောက် နုပျိုသွားမယ် ဆိုပါလား။

ချာတိတ်တွေဟာ current ချာတိတ်မတွေလို့ မပြော ဘူး။ စကားပြောတာကတော့ ရေရေလည်လည် လန်းတာဖြစ် သည်။

"ဦးဖန် ... ဘာစဉ်းစားနေတာလဲ။ ခုလာခဲ့လိုက်ဆို။ ဒီမှာ မဒီတို့ ဂုဏ်ကိုးတို့ မှိုင်းတို့လည်း ပါပါတယ်။ မကြောက် ပါနဲ့။ လာခဲ့ပါ"

"မဟုတ်ပါဘူးကွာ။ ငါ ဒီမှာ အလုပ်လေးတွေ ရှိသေး တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... စိတ်ရှုပ်နေရင် ဘာမှမလုပ်နဲ့တော့။ အဲဒါ မှားတဲ့ decision တွေပဲ ထွက်လာမှာ။ စိတ်တွေရှုပ်ထွေးလာရင် စိတ်ကို အရင်ရှင်းပစ်ပြီး ပေါ့ပါးလန်းဆန်းသွားတော့မှ စိတ်သစ်လူသစ်နဲ့ အလုပ်ပြန်လုပ်ရတယ်။ လာခဲ့ပါ ဦးဖန်ကလည်း"

ကောင်မလေး ပြောတာတွေက ဟုတ်နေတာမို့ ဖန်ယွန်းက စိတ်တော့ဝင်စားမိသွားလေသည်။ သူ့ အလုပ်တွေထဲ မှာနှစ်ပြီး ရှုပ်နေတဲ့စိတ်တွေဟာ ရက်ပေါင်းများစွာ မရှင်းဘဲရှိနေ တာဖြစ်သည်။

"နေစမ်းပါဦး။ ငါက ဘယ်လာပြီး မင်းတို့က ဘာတွေ လုပ်ကြမှာလဲ။ နေဦး ... ဒီနေ့က wednesday ပဲ။ မင်း တို့ ကျောင်းမတက်ဘူးလား"

"တက်တယ်လေ။ ဦးဖန် အခုလာရမှာကလည်း ကျောင်း ကိုပဲ"

"အာ ... မင်းတို့ကျောင်းကို ငါက ဘာလာလုပ်ရမှာလဲ။ စာလာသင်ရမှာလား"





"အာ ... ဝေးတယ်။ ဟိုးအဝေးကြီး ရောက်သွားပြီ။ ဘန်ဘန်တို့က ခုကျောင်းမှာ။ နောက်အချိန်က lecture မို့လို့ လစ်မှာ။ အဲဒါ ကျောင်းကနေ somewhere to go မလို့။ Joinig with me, please"

ကောင်မလေးက ရေလည်တက်ကြွနေတာမို့ သူက ...ည်းနည်းတော့ ဂေါက်သွားရလေသည်။ ဒီကောင်မလေးတွေ ...ကို အရူးလုပ်နေတာများလား။

"နေစမ်းပါဦး။ မင်း ပြောတော့ stress ကို ပြေဖျောက် မယ်ဆို။ ဘယ်မှာလဲ ... မင်းတို့ စိတ်ဖိစီးမှုတွေ"

"သြော် ... ဦးဖန်ရယ်။ လာမှာ လာစမ်းပါ။ ဦးဖန်ရဲ့ stress တွေ လုံးဝပြေလျော့သွားဖို့ အာမခံတယ်။ အခုထွက် လာခဲ့နော်။ ကျောင်းဂိတ်မှာ စောင့်နေမယ်။ (......)လမ်း ကလေ သိတယ်မှလား။ ဦးဖန်နဲ့ဆို သိပ်မဝေးပါဘူး။ လာခဲ့နော်။ I'm waiting You ။ Bye "

ကောင်မလေးက ဖုန်းချသွားလေသည်။ ဖန်ယွန်းက ...ကို ဆက်ကိုင်ထားမိကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားရလေ ...။ သွားသင့်လား မသွားသင့်ဘူးလား ဆိုတာကို စဉ်းစားချင်



www.burmeseclassic.com

www.burmeseclassic.com



ချိန်နေမိတာဖြစ်သည်။ အမှန်အတိုင်း ပြောရရင်တော့ ခုနက ကောင်မလေးနဲ့ ဖုန်းမပြောခင် အချိန်အထိတော့ သူ့စိတ်တွေဟာ ရှုပ်ထွေးနောက်ကျိုနေခဲ့တာဖြစ်သည်။ ဒီကောင်မလေးနဲ့ ဖုန်းပြောတာတောင် စိတ်တို့က အတန်ငယ်ပေါ့သွားတာမို့ ဖန်ယွန်းက သွားဖို့ဆုံးဖြတ်လိုက်တော့သည်။ စိတ်ဖိစီးမှုမွန်းကျပ်မှုတွေကို ဖြေလျှော့နိုင်တဲ့ နည်းလမ်းက ဘာများလဲဆိုတာ သိချင်မိတာကြောင့် သူက ထိုင်နေရာကနေ ထကာ သွားဖို့ပြင်လေသည်။





ကျောင်းခြံဝင်းကြီးထဲကို သူ ဝင်ရောက်သွားတဲ့အခါမှာ မြင်နေရတဲ့ သွားလာလှုပ်ရှားနေကြသော ကျောင်းသူကျောင်းသားတွေကိုကြည့်ကာ သူ့စိတ်တွေဟာ လန်းဆန်းလာသလို ခံစားရလေသည်။ ဒီကျောင်းက နိုင်ငံတကာနဲ့ ရင်ဘောင်တန်းကာ international ချိတ်ဆက်ထားတဲ့ College ဖြစ်တာမို့ တက်နေကြတဲ့ ကျောင်းသားကျောင်းသူတွေကလည်း နိုင်ငံတကာနဲ့ယှဉ်လို့ရတဲ့ အဆင့်မီဒီဇိုင်းလေးတွေဖြစ်သည်။

"ဟိုင်း ... ဦးဖန် ... ဒီမှာ ... ဒီမှာ ... လာပြီ"

ခေါ်သံကြောင့် သူက လှည့်ကြည့်မိလိုက်လျှင် ရှပ်အဖြူကို နက်ခ်တိုင်စီး၍ စကတ်အတိုလေးတွေဖြင့် ဆင်တူ uniform ဝတ်ဆင်ထားသော သူမတို့လေးယောက်ကို တွေ့ရလေသည်။ အမြဲတမ်း လန်းထွက်နေသော သူတို့လေးယောက်ဟာ ကျောင်းဝတ်စုံလေးတွေနဲ့ တွေ့ရပြန်လည်း လန်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"It's lucky ။ တကယ်ကြီးကို ဦးဖန်က ရောက်လာတာပဲ"

"လာရတာပေါ့။ ကဲ ... မင်းတို့ အတန်းမတက်ဘူးလား"

"No ... ဒီအချိန်က lecture ချိန်လေ။ so boring ။ အဲဒါ တစ်နေရာရာ သွားမယ်လေ။ ဦးဖန် ကားနဲ့ပဲ သွားမယ်နော်"

"မင်းတို့ကားတွေကကော"

"ဒီမှာပဲ ထားခဲ့မယ်လေ။ ပြန်မှလာယူမယ်။ ကျောင်းဆင်းမှာက ညနေမှ။ အချိန်တွေ အများကြီးကျန်သေးတယ်။ ကဲ ... ကဲ ... ကားပေါ်တက်မယ်နော်။ တော်ကြာ ... အတန်းလစ်တာ မြင်ကုန်ဦးမယ်"

လေးယောက်က အနောက်မှာ ဝင်ထိုင်ကြကုန်တာမို့ သူက ဘာမှဆက်မပြောတော့ဘဲ ကားပေါ်တက်စက်နှိုးလိုက်သည်။ သူ ဒီနေ့ ယူလာတဲ့ကားကလည်း Alphard မို့ ချာတိတ်မ လေးယောက်ဟာ လုံးဝကို flexible အပြည့်ဖြင့် လိုက်လာနိုင်တာဖြစ်သည်။

"ကဲ ... ငါ stress တွေ ဖြေဖျောက်ပေးမယ် ဆိုတော့ ကလေးမတွေ။ ပြော ... အခု ဘယ်ကိုမောင်းရမှာလဲ"





"အမ်း ... အရင်ဦးဆုံး ပြည်သူ့ရင်ပြင်ကို သွားမယ်"

ပြာရီမှိုင်းဆိုတဲ့ ချာတိတ်မရဲ့ သွားခိုင်းတဲ့နေရာကြောင့် ဖန်ယွန်းက ဘာဆိုတဲ့ အသံနဲ့အတူ နောက်ကို လှည့်ကြည့်မိသွားသည်။

"လန့်တာ ... ဦးလေးကြီးကလည်း ဘာဖြစ်တာလဲ"

"ဟား ... လန့်ရမှာပေါ့ကွ၊ မင်းတို့ ပြောတော့တစ်မျိုး။ stress ဖြေလျှော့စေတဲ့နေရာက ကစားကွင်းလား"

"သြော် ... ဦးလေးကြီး ဦးဖန်ရယ်။ ဦးလေးကြီးရဲ့အချိန်ခဏကို မဒီတို့ကို ခဏပေးလိုက်။ လန်းဆန်းပေါ့ပါးသွားစေရမယ်။ မောင်းမှာသာ မောင်းပါ။ ပြီးတော့ music လေး ဖွင့်လိုက်ပါဦး"

ဖန်ယွန်းက ဘာမှ ဆက်မပြောချင်တော့တာမို့ Bill Board CD တစ်ချပ် ဖွင့်ပေးလိုက်ကာ ကားဆက်မောင်းလာခဲ့တော့သည်။ Natural World ကို ရောက်ခါနီးတော့မှ သူက တစ်ခုသတိရသွားကာ ကောင်မလေးတွေကို နောက်ကြည့်မှန်က ကြည့်လိုက်ရင်း လှမ်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မင်းတို့ကျောင်း uniform တွေနဲ့ အဲဒီလို အပြင်သွားတာ မသင့်ဘူးလေ"

"အင်း ... ဦးဖန်ရယ်၊ ကျောင်းလစ်ပါတယ်ဆိုမှ ကျောင်း uniform နဲ့ပဲ လာရမှာပေါ့။ ဒီခေတ်မှာ ဒီအထာကို ကျောင်းတက်နေတဲ့ လူငယ်တိုင်း နားလည်တယ်။ It's doesn't matter ။ အရေးကြီးတာက ကိုယ့်ရဲ့ပြုမူနေထိုင်မှု personality ဟာ ဝတ်ထားတဲ့ ကျောင်း uniform ကိုမထိခိုက်စေဖို့ပဲ"

ဟင်း ... ကောင်းပါ့။ ဒီခေတ် ချာတိတ်မတွေများ သူ့ဟာနဲ့သူ အကြောင်းပြချက်ကောင်းကောင်းတွေရှာပြီး ပြောတတ်ကြတာပဲ။

"ဝေး ... ရောက်ပြီ။ ကဲ ... ဦးဖန် ကားပေါ်ကဆင်း။ သွားကစားမယ်"

"ဘာ ... ငါက ကစားရမယ်။ မဖြစ်နိုင်တာပဲ။ မင်းတို့ အချွန်နဲ့ မ,မနေနဲ့"

"ဒီမှာ ... ဒီမှာ ... ဦးလေးကြီး နိုင်ငံခြားရောက်ဖူးလား"





ဂုဏ်ကိုးက သူ့ကို မထိတရိကြည့်ကာ နိုင်ငံခြားရောက်ဖူးလားလို့မေးလျှင် သူက ဒေါသတော့ နည်းနည်းထွက်သွားလေသည်။

"ဟား ... ရန်ကုန်မြို့ရဲ့ ဒိတ်ဒိတ်ကြဲ ဟိုတယ်ပိုင်ရှင် စီးပွားရေးသမားကွ၊ မရောက်ဖူးဘဲ နေမလား"

"အဲဒါများ။ အနီးဆုံး စင်ကာပူ။ Universal Studio ဆိုပြီး တသီးတသန့်နဲ့ကို လူငယ်တွေ လူကြီးတွေ သွားကြ၊ လည်ကြ၊ ပတ်ကြ ကစားကြနဲ့။ ကစားကွင်းဆိုတာနဲ့ ကလေးပေါက်စနသွားစရာလို့ပဲ ထင်မနေနဲ့ ဦးလေးကြီးရဲ့။ ဒီလိုနေရာမျိုးဆိုတာ စိတ်တွေကို နုပျိုသွားစေတဲ့နေရာ။ ပေါ့ပါးလန်းဆန်းသွားစေတဲ့နေရာ။ ကဲပါ ... လာပါ ဦးလေးကြီးရယ်"

သူ့လက်ကို အတင်းဆွဲကာ ခေါ်ချသွားတာမို့ အနီးယွန်းမှာ ယက်ကန်ကန်နှင့် ပါသွားရလေသည်။ ကျစ် ... ဒီကောင်မလေးတွေတော့ကွာ။ သူ့ကို ဘယ်သူ့ပတ်ဝန်းကျင်က ဘယ်သူများ သိနေသလဲဆိုတဲ့ စိတ်နဲ့အတူ မလုံမလဲတွေ ဖြစ်နေရတော့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဘာသာ စီးကွာ။ ငါ ဒီမှာ စောင့်နေမယ်"

"ဘာမှ အရှုံးမပေါ်ကိစ်နဲ့။ ဘန်ဘန်တို့ကို ယုံကြည်လိုက်စမ်းပါ။ လာ"

အဲဒီလိုနှင့် သူဟာ ဒီချာတိတ်မ လေးယောက်လက်ချက်ဖြင့် တိုက်ကားတွေကော၊ ပန်းကန်ပြားပုံတွေကော၊ ရေလွှာလျှောတွေကော စသဖြင့် စုံစီနဖာ လိုက်စီးရလေသည်။ စိတ်တွေက မြူးကြွလန်းဆန်းလာသလို ရှိလာတာကိုတော့ သူ ငြင်းလို့မရချေ။

"ကဲ ... ကဲ ... ဆော့ပြီးပြီဆိုတော့ ရင်ထဲမှာရှိတာတွေ ဖွင့်ထုတ်ဖို့လိုတယ်"

"ဘယ်သွားဦးမလို့လဲ"

ဖန်ယွန်းက ရင်တုန်ပမ်းတုန် လေသံဖြင့် မေးလိုက်လျှင် လေးယောက်စလုံးကို မှုန်ကုပ်ကုပ်မျက်နှာလေးတွေဖြင့် ပြုံးစိစိလုပ်နေကြကာ ...

"ဘာမှ စိတ်မပူပါနဲ့ ဦးဖန်ရဲ့။ ဒီနားတင် ... နီးနီးလေး music box လေ"

"ဘာ"





"ဟုတ်တယ် ... မဒီတို့ လေးယောက်စလုံးက မိုက်ခဲတွေပဲ။ ဘယ်တော့ပဲဖြစ်ဖြစ် ပွဲပိတ်အနေနဲ့ ကာရာအိုကေတော့ ဆိုလိုက်တာပဲ။ M3 တို့ music box တို့ဆိုတာ မဒီတို့ဖြူ့တို့ ခြေရာတွေချည်းပဲ။ ဟဲ ဟဲ ... ကဲ ... ကဲ ... လာပါ ဦးဖန်ရယ်။ မိုက်ခဲအရသာကို ခံစားကြည့်လိုက်ဦး။ လာ ... လာ ... သွားမယ်"

လုံးဝ လုံးဝကို သူတော့ မြွေကိုက်တာဖြစ်သည်။ သူ့ဘာသာ အေးရာအေးကြောင်းနေ ပြီးရော။ အဲဒါကို အကြောညှိမိပြီး ဒီလို လက်လက်စင် လေးယောက်နဲ့ သွား join မိခြင်း မဟာဒုက္ခ တွင်းဆုံးကျ ဖြစ်နေပြီဖြစ်သည်။ ကလေးတွေအပြိုင် ကြိနေတဲ့ ကလေးဗိုလ်အလားကို ဖြစ်နေတာဖြစ်သည်။

"ကဲပါ ... ဦးဖန်ရယ်။ လူကြီးအထာကြီး လုပ်မနေစမ်းပါနဲ့။ လူငယ်အထာပေါ့။ ဖွင့်ထုတ်ပစ်လိုက်။ let's start"

KTV ခန်းထဲက ဘန်ဘန့်တို့ဆိုနေတဲ့ မြူးကြွတဲ့ [illegible] တွေထဲမှာ သူဟာ ခပ်တည်တည်နေတဲ့ကြားက နည်းနည်းတော့ လှုပ်လာလေသည်။ ချာတိတ်လေးယောက်က ရေလည်[illegible]ခဲနေတာမို့ သူပါ သဘောတကျ ရယ်မောမိလာကာ စိတ်တွေ[illegible] music တွေထဲမှာ နှစ်ထားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဘယ်လိုလဲ အာဂျီးရှိ ... စိတ်တွေ လန်းဆန်း
ပါးသွားလေသလား"

ပြာရီမှိုင်းက သူ့ကို မျက်ခုံးတစ်ချက်ပင့်ပြကာ
လိုက်လျှင် ဖန်ယွန်းက ဆက်မပြောသေးဘဲ အသာရယ်မော
လိုက်သည်။ အမှန်တကယ်တော့ သူ့စိတ်တွေဟာ အရမ်းအ
ကို ပေါ့ပါးလန်းဆန်းသွားရပြီဖြစ်သည်။

"ဟင် ... ဦးလေးကြီးက ကျေးဇူးမသိတတ်ဘူးပဲ။ ဦး
ကြီးမျက်နှာ မှန်ထဲလည်း ပြန်ကြည့်လိုက်ဦး"

ဂုဏ်ကိုးရဲ့စကားအဆန်းကြောင့် သူတောင်ရင်
သွားရကာ သူ့မျက်နှာသူ ပြန်စမ်းကြည့်မိလိုက်ရင်းက ...

"ဘာဖြစ်လို့လဲ၊ ငါ့မျက်နှာက"

"ဘာဖြစ်ရမလဲ။ ဦးလေးကြီး မျက်နှာက ဒီလောက်လ
ဆန်းတက်ကြွနေတဲ့ဟာ။ သေချာတယ် ... ဦးလေး
စိတ်ပင်ပန်းမှုတွေ ခဏတော့ လုံးဝပျောက်သွားကယ်မှ
အဲဒါတော့ မငြင်းနဲ့။ ဒါတောင် ကျေးဇူးတင်ပါတ
တစ်ခွန်းမပြောဘူး။ လူကြီးတွေများ ကျေးဇူးစကားပြော
တယ်ဝန်လေးကြတာပဲ"





ဂုဏ်ကိုးရဲ့ဝေဖန်မှုကြောင့် ဖန်ယွန်းက ပြုံးရုံသာပြုံး
သွားသည်။ ဒီလေးယောက်ဟာ တော်တော်ဇရုတ်ကျသလို သူ့
ကိုလည်း အင်မတန် ပျော်ရွှင်စေလေသည်။

"ကျေးဇူးတင်ပါတယ်ကွာ။ ဟဲ ... ကျေနပ်ပြီလား"

"Ok ... ဒီလိုမှပေါ့။ စိတ်ပျိုမှ ကိုယ်နုတဲ့။ စိတ်ကိုလန်း
ဆန်း ပျိုနုနေအောင်ထားမှ လူကပါ မအိုဘဲ နုပျိုမှာပေါ့
လို့"

"ဟား ဟား ... ဟုတ်ပါပြီ။ ဟဲ ... ဆိုတာလည်း တော်
တော်ဆိုပြီးပြီဆိုတော့ ပြန်ကြရအောင်လေ၊ မင်းတို့ကျောင်း
ဆင်းချိန် နီးနေပြီ မဟုတ်လား"

"အင်း ... သွားမယ်လေ"

ဖန်ယွန်းက တက်ကြွပျော်ရွှင်နေသော ဒီလေး
ယောက်နဲ့အတူ တစ်နေကုန်နီးပါး အချိန်ဖြုန်းခဲ့ပြီးနောက်မှာ
သူတို့ကို ကျောင်းပြန်လိုက်ပို့ပေးနေတဲ့ လမ်းချိုးကွေ့တစ်ခုမှာ
တော့ အော်ကြီးဟစ်ကျယ်လေသံဖြင့် ကားရပ်ခိုင်းလေ၏။

"ဟ ဟား ... ဦးလေးကြီး ... ရပ် ... ရပ် ... ကားခဏ
ရပ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မဒီ"

"ဩော် ... ဒီလိုလေ။ ဒီနေ့ မဒီတို့ သွားလာစားသော

သမျှကို ဦးဖန်က စပွန်ဆာပေးတယ်မှလား။ အဲဒါကြော

မဒီတို့ကလည်း ကျေးဇူးတင်တဲ့အနေနဲ့ ဦးဖန်ကို ကျွေးတီ

ဝယ်ကျွေးမယ်။ ဆင်း ... အဲဒီဆိုင်က ရှမ်းအစားအ

ယိုးဒယားစာဆို သိပ်ကောင်းတာ။ လာ ... လာ"

လေးယောက်စလုံးက တက္ကစီမြူးစွာ ကား

က ဆင်းသွားလေလျှင် သူပါရောပြီး ယောင်တောင်ပေါင်

ဖြင့် လိုက်ဆင်းရလေတော့သည်။ ဆိုင်က လမ်းဘေးမှာ အ

ရောင်းတဲ့ဆိုင် ဖြစ်တာမို့ သူဟာ ဆိုင်ထဲဝင်ဖို့တော့ နည်း

ရှိနေတဲ့ အခြေအနေမျိုးမို့ ကျောင်းဝတ်စုံတွေနဲ့ ကျော

လေးယောက်ကို ဆိုင်ထဲမဝင်ခင် လှမ်းတားရလေသည်။

"ဟော့ ... ဟော့ ... မင်းတို့ ကျောင်းပြန်ရောက်ရမယ့်

က နီးနေပြီနော်။ မစားနဲ့တော့လေ"

"အာ ... နာရီဝက်ကျော်လောက် လိုပါသေးတယ်။

ဦးဖန်ရဲ့။ နောက်ကျလည်း ဘာမှမဖြစ်ဘူး။ ဒီလော

တော့ စားလို့ဖြစ်ပါတယ်။ ကဲ ... လာပါဆို"





ဖန်ယွန်းဟာ လူကြားထဲမှာမို့ ဘယ်လိုမှ ဆက်ငြင်း

မသင့်တော့တာနဲ့ပဲ သူဟာ ဆိုင်ထဲ ဝင်လာခဲ့ရလေတော့သည်။

"ဟဲ ဟဲ ... ဦးဖန်၊ ကြိုက်တာမှာနော်။ ဒီဆိုင်က အရမ်း

ကောင်းတာ။ ဘန်ဘန်တို့ဆို ဒီမှာ အမြဲလာစားနေကြ"

"ဟင်း ... ငါ့ကိုကျွေးတာ။ မင်းတို့တွေ အကုန်အကျတွေ

လည်း များနေပါဦးမယ်ကွ။ နော် ...။ ဒါနဲ့ မင်းတို့က

ဒီလိုပဲ ကျောင်းလစ်နေကြပဲလား။ ဟုတ်လား"

သူက မေးလိုက်လျှင် ဘန်ဘန်က နှာခေါင်းတစ်

ရှုံ့လိုက်ကာ ...

"ဒီခေတ်မှာ ကျောင်းလစ်တယ်ဆိုတဲ့ စကားလုံးက မသုံး

သင့်တော့ဘူး ဦးဖန်ရဲ့။ ကျောင်းကနေ ပြင်ပသို့ ဗဟုသုတ

သွက်ရှာတယ်လို့ အသုံးအနှုန်းပြောင်းရမယ် ... ဟဲ ဟဲ။

ကဲ ... စားကြည့်လိုက်ပါဦး။ ဒီက ကွေ့တီယိုက ဖွတ်ရှယ်

နော်။ လျှာ ကျွမ်းပြန်သွားမယ်"

ဖန်ယွန်းက ဘာမှ ဆက်မပြောတော့ဘဲ တူတစ်

ကိုဖောက်လိုက်ကာ ကွေ့တီယိုတစ်လုတ် စားကြည့်လိုက်

အင်း ... အရသာက ဖွတ်ရှယ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... ဦးလေးကြီး၊ ကောင်းတယ်မှုလား"

"အင်း ... မဆိုးပါဘူး။ ကဲ ... စား,စား ပြီးရင် ငါ့အလုပ်ထဲပြန်ဝင်ရဦးမှာ။ ဪ ... ပြီးတော့ ငါ မင်းတို့တွေကို တကယ်ကျေးဇူးတင်ပါတယ်"

"ဟဲ ဟဲ ... မလိုပါဘူး ဦးလေးကြီးရယ်။ ဦးလေးကြီးရဲ့ အသိမိတ်ဆွေစာရင်းထဲမှာ ထည့်ပြီးတော့ မိုင်းတို့ရဲ့ပါတီကိုလာပေးရင် ကျေးဇူးဆပ်ရာ ရောက်ပြီ"

ပြာရီမိုင်းရဲ့စကားကြောင့် သူက လာမယ်မလာဘူး အတိအကျ မပြောသေးဘဲ ရှေ့တီယိုကိုသာ ဆက်စားနေလိုက်တော့သည်။

"ဦး ... ဦး ... ဦးကို ဒီပစ္စည်းလေး ပေးခိုင်းလို့"

ကလေးတစ်ယောက်က သူ့လက်ကို လာတို့ကာ ဘူးသေးသေးလေးတစ်ခု ကမ်းပေးလျှင် သူဟာ အရမ်းအံ့သြသွားရသည်။ ပါကင်က ထုံးစံအတိုင်း ပန်းရောင်ပဲမို့ ဒါဟာ ဟိုတစ်နေ့ကသူပဲဆိုတာ တွေးမိနေတုန်း message က ဝင်လာသေးသည်။

"Opne it ... Meaningful"

စိတ်ဝင်စားစရာ စာသားကြောင့် ဖန်ယွန်းက အဲဒီကလေး လက်ထဲက ယူထားလိုက်တော့သည်။





"ဦးလေးကြီးက တယ်စွံတာပဲ။ ဒီနေရာအထိကိုတောင် လာပေးတယ်။ ဦးလေးကြီး စုပ်စုတာ မဟုတ်ဘူးနော်။ သိချင်လို့။ အဲဒါ ဘယ်သူလဲဟင်"

မဒီ ဆိုသော ကလေးမက စပ်စပ်စုစု သူ့ကိုမေးသောကြောင့် သူက ပြန်မဖြေသေးဘဲ အဲဒီပါကင်ဘူးလေးကို ဖွင့်ဖောက်လိုက်သည်။ ဟင် ... တစ်ရှူးထုပ်လေးတစ်ထုပ်။

"ဟင် ... ဘာများလဲလို့။ တော်တော်ခြွေတာထားတာပဲ"

လေးယောက်က ဝေဖန်နေသော်လည်း သူကတော့ နည်းနည်း စဉ်းစားသွားရသည်။ ဒီတစ်ရှူးထုပ်ဟာ အဓိပ္ပာယ်ရှိသည်။ message ထဲက meaningful ဆိုတဲ့ စာသားအရ ပေးတဲ့သူက ဒီတစ်ရှူးကို အဓိပ္ပာယ်အပြည့်နဲ့ ပေးတာဖြစ်လေသည်။ သူစဉ်းစားကြည့်မိသလောက်တော့ ဒါဟာ ပေးတဲ့သူ ဒီအနီးအနားမှာ ရှိနေတယ်ဆိုတဲ့သဘောကို ဆောင်လေသည်။ သူ ဒီမှာ စားနေတယ်ဆိုတာ သိတာမို့ တစ်ရှူးထုပ် ပို့လိုက်တာ ဖြစ်မည်။

ဘယ်သူများ ဖြစ်လေမလဲ။

"ဟို ... သတိထားမိသလောက် ဟိုတစ်ခါလည်း ဒီလိုမျိုးပဲ လက်ဆောင်အပို့ခံရဖူးသလားလို့။ အဲဒါ ဘယ်သူလဲဟင်။ ဦးလေးကြီး ချစ်သူလား"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ကိုးက သူ့ကို ထပ်မံမေးခွန်းထုတ်လာတာနဲ့ သူဟာ ဆတ်ခနဲ မျက်လုံးလှန်ကြည့်မိသွားသည်။ ပြီးတော့ သူက ပြန်ဖြေပေးလိုက်သည်။

"ဒါ ငါ့ချစ်သူက ပို့ပေးတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ပို့တဲ့သူက ရည်ရွယ်ချက်တစ်ခုနဲ့ ပို့နေတာ။ အဲဒါ ဘာလဲဆိုတာကို အစက မသိချင်ပေမယ့် အခုတော့ သိချင်လာသလိုပဲ"

မိန်းကလေး လေးယောက် မျက်နှာပြင်တွင် အရိုင်တစ်မျိုးစီ ဖြတ်ပြေးသွားတယ်လို့ သူ ခံစားမိသွားသည်။ ဟုတ်နိုင်သလား။ ဖန်ယွန်းသည် အခိပ္ပာယ်ပါဝင်နေတဲ့ တစ်ရှူးထုပ်ကို ကြည့်မိရင်း အနည်းငယ် ငြိမ်သက်သွားလေသည်။





# (၁၀)

"ငါတို့ တစ်ကွက်လောသွားလိုက်တာ မှားတာပဲဟာ"

မှိုင်းက ညည်းညည်းညူညူလေသံဖြင့် စပြောလိုက်ချင် ကျန်တဲ့သုံးယောက်ကလည်း ဟင်းခနဲ သက်ပြင်းကိုယ်စီချလိုက်မိသွားသည်။ ဒီနေ့က မှိုင်းတို့အိမ်မှာ စာစုလုပ်ကာ ဒီမှာ အိပ်မှာဖြစ်တာကြောင့် ဆွေးနွေးဖို့ အချိန်က ပိုရလေသည်။ ပြောရမယ်ဆိုရင်တော့ သိပ်ပြီး IQ မြင့်တဲ့ ဦးဖန်ရဲ့ တွေးခေါ်နိုင်စွမ်းရည်ကို လျှော့တွက်မိလိုက်တာ အမှားဖြစ်သွားတာဖြစ်သည်။

"ဦးဖန် ရိပ်မိသွားပြီ ထင်တယ်ဟာ"

www.burmeseclassic.com



"မယ်ကိုးရယ် ... နင်က အခုမှ ထင်တယ်ဟ လုပ်နေတယ်။ ထင်မှနေနဲ့။ ရိပ်ကို ရိပ်မိသွားတာ။ သူပြောလိုက်တဲ့ စကားတွေထဲမှာ အဓိပ္ပာယ်က ပါနေတာပဲဟာ။ အဲဒါ နင် အကြောရှည်တာ မယ်ကိုး။ ဟိုတစ်ခါလည်း လက်ဆောင်ပို့သလိုပဲတွေ ဘာတွေ လုပ်ပြီး ချစ်သူရှိလား သွားအစ်လိုက်တော့ ဟိုဘဲကြီးက ခေါတ်ပေါက်သွားတာပေါ့ဟဲ့"

ဘန်ဘန်က ကြိတ်မနိုင်ခဲမရ ပြောလေလျှင် ဂုဏ်ကိုးက စုပ္ပပ္ပမျက်နှာဖြင့် ...

"ဟဲ့ ... ငါက ပတ်သက်ခွင့်ရဖို့ ကြိုးစားနေတာ။ ဒီလိုပဲ နည်းနည်းပါးပါး အစ်အောက်မေးရတာပေါ့။ အဲဒီဘဲကြီးကိုက ခေါတ်ပေါက်လွယ်လွန်းတာပါဟာ"

"အေးလေ ... ဩော် ဒါနဲ့ ဂုဏ်ကိုး။ မေခွန်း နင့်ကိုဘာမေးသေးလဲ"

"မမေးပါဘူး။ ငါတို့လေးယောက်ထဲက တစ်ယောက်နဲ့ ဦးဖန်ကို ပတ်သက်ခွင့်ရဖို့ ဟာ နေတာလောက်ပဲ သူသိတာပါ။ သူ့ကို သိပ်ခေါင်းထဲထည့်ဖို့ မလိုပါဘူး။ အခုက ငါတို့ ဘယ်လိုဆက်လုပ်မလဲ ဆိုတာကို စဉ်းစားရမှာ"





ဂုဏ်ကိုးက တွေးတွေးဆဆလေး ပြောလိုက်တော့ ကျန်သုံးယောက်ကလည်း ငြိမ်ကျသွားကာ စဉ်းစားခန်းဆက်ဖွင့်နေသည်။ မဲနှိုက်ဆုံးဖြတ်ထားတဲ့ အဆုံးအဖြတ်အပေါ်ကို ဘယ်သူကမှ စိတ်ဝမ်းမကွဲဘဲ တသားတည်း ညီညွတ်စွာ ကံထူးရှင်အတွက် ဝိုင်းဝန်းကြိုးပမ်းပေးနေတာဖြစ်သည်။ အဲဒီအတွက် ဦးဖန် ဒီကိစ္စကို ရိပ်မိသွားလျှင် ဘယ်လိုရှေ့ဆက်ရမလဲဆိုတဲ့ အချက်ကို အခုက ဆွေးနွေးနေရတာဖြစ်သည်။

"ဒါပေမဲ့ ငါတို့ အရမ်းကြီးတော့ ပြဿနာမရှိဘူး။ ဦးဖန်က ငါတို့လေးယောက်လို့ ထင်သွားတယ်ဆိုလည်း ပစ္စည်းဘာညာ ဆပ်ပ်ပရိုက်စ် ထပ်လုပ်လို့ရသေးတာပဲ။ ငါတို့လို့ သံသယဝင်တာပဲ ရှိတာလေ။ ငါတို့ပါလို့ တစ်ထစ်ချ စွပ်စွဲလို့ ရတာမှ မဟုတ်တာ။ အဲဒီလို ဟုတ်လိမ့်နိုးနိုး ထင်နေတာလည်း ကောင်းတယ်။ သူ့အာရုံထဲမှာ ငါတို့ ရှိသွားတာပေါ့။ ဒါဟာ အမြတ်ဘဲ"

"အဲ ... ဟုတ်တယ်နော်။ မဒီ ပြောသလိုဆို ငါတို့ဘက်က သိပ်ပြီး စိတ်ပူဖို့ မလိုပါဘူးဟ။ ရင်တော့ ခုနစရာပဲနော်။ အာကျိုးရှိက ငါတို့ကို ကျောင်းတောင်လာကြိုပေးတယ်ဆိုတော့ ... အဟိ"



www.burmeseclassic.com

www.burmeseclassic.com



ဘန်ဘန်က မျက်နှာပြောင်စပ်စပ်ဖြင့် နောက်လိုက်သည်။ တကယ်ကိုပဲ ရင်ခုန်စိတ်လှုပ်ရှားစရာ ကောင်းလှသော ကစားပွဲတစ်ခုဖြစ်သည်။ အမှန်ဆို ဦးဖန်လို လူမျိုးကို ပတ်သက်ခွင့်ရဖို့၊ ပစ္စည်းပေးနိုင်ဖို့ဆိုတာ လွယ်လွယ်ကူကူ ကိစ္စရပ်မျိုးတော့ မဟုတ်ပေ။ ဒီလို ဒိတ်ဒိတ်ကြဲတစ်ယောက်နဲ့ ပတ်သက်ချင်ရင် လှလှပပ တက်ကနစ်သုံးတတ်ဖို့တော့ လိုအပ်တာမို့ ဦးဖန် တစ်ယောက် စိတ်ဝင်စားတတ်လာဖို့ အကွက်ရှေ့တဲ့နေရာမှာ လေးယောက်သားဟာ ခေါင်းချင်းဆိုင် ဆွေးနွေးပြီးမှ အကောင်အထည်ဖော်ခဲ့တာဖြစ်သည်။

"ငါတို့ အခု ဘာဆက်လုပ်ကြမလဲ။ ဘာစီစဉ်ကြမလဲ ပြောကြဦးလေ"

မဒီက စတင်ကာ ရှေ့ဆက်လုပ်ရမယ့် plan တွေကို စမေးလေလျှင် ဂုဏ်ကိုးက ထုံးစံအတိုင်း ဆရာမကြီးအထာဖမ်းကာ idea စထုတ်လေတော့သည်။

"ငါပြောတဲ့အတိုင်းသာ အကောင်အထည် ဖော်နိုင်ပြီဆိုရင် အိုခေပဲ"





ဂုဏ်ကိုး စကားကြောင့် အားလုံးကလည်း စိတ်ဝင်စားစွာ ရှိသွားလေကာ ခေါင်းတွေအားလုံး ပူးကုန်ကာ ဘာလဲဆိုတာ အရမ်းပဲ စိတ်ဝင်စားသွားလေသည်။

❥ ○ ❥

ဝေဖန်စာ၊ အကြံပြုစာ၊ ပိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**

www.burmeseclassic.com



ဖန်ယွန်းက တော်ဝှင်စင်တာက TAB Book centr မှာ စာအုပ်ရွေးနေတုန်း စိတ်ထဲမှာ ထင့်ခနဲ ဖြစ်မိတာကြောင့် အနောက်ကို တစ်ချက်လှည့်မိကာ ကြည့်လိုက်လျှင် သူ့ရဲ့မလှမ်း မကမ်းနားမှာ စာအုပ်ရွေးသလိုလို ဘာလိုလိုဖြင့် ဟိုစာအုပ်ဆွဲ ဒီစာအုပ်ဆွဲ လုပ်နေတဲ့ ကောင်မလေးကို သူက သတိထားမိသွား သည်။ သူ့စိတ်ထင် ပြောရမယ်ဆို အဲဒီကောင်မလေးက သူ့ နောက် မလှမ်းမကမ်းကနေ သူ့ရဲ့အခြေအနေ လှုပ်ရှားမှုတွေကို အကဲခတ်နေပုံရလေသည်။ အဲဒါကြောင့်မို့ သူက သူထင်နေတာ ဟုတ်တယ် မဟုတ်ဘူး အတည်ပြုဖို့အတွက် စာအုပ်ဆိုင်တန်း ဘက်ကနေ, အပြင်ကို ပြန်ထွက်လာခဲ့သည်။

ဖန်ယွန်းက ခပ်တည်တည်ဖြင့် လျှောက်လာခဲ့ကာ အနောက်ကို တစ်ချက် ကဲကြည့်လိုက်သည်။ သူထင်ထားသလို





ဝင် ကောင်မလေးက သူ့နောက်ကနေ မယောင်မလည်လိုက်လာ တယ်ဆိုတာ သေချာသွားပြီမို့ သူဟာ နည်းနည်းတော့ခေါင်းစား သွားရလေသည်။' ဒီကောင်မလေးက ဘယ်သူလဲဆိုတာ သူ မသိ ပါ။ ဒါပေမဲ့ ဒီတစ်ယောက်ဟာ ဘာဖြစ်လို့ သူ့နောက်လိုက်နေ ရသလဲဆိုတာတော့ သူ စိတ်ဝင်စားလေသည်။ ဖန်ယွန်းက ဟို ဆိုင်လိုလို ဒီဆိုင်လိုလိုဖြင့် လျှောက်လာရင်းကမှ ဖြုန်းခနဲ နောက်ကို ပြန်လှည့်လိုက်လျှင် ကောင်မလေးနဲ့ တည့်တည့်သွား တိုးလေသည်။ သူ့ကိုမြင်တာနဲ့ ကောင်မလေးမှာ ရှေ့ပဲတိုးရမလို နောက်ပဲဆုတ်ရမလိုတွေဖြစ်ကာ ဘေးက တွေ့ရာဆိုင်မှာဝင်ကာ ဟိုလိုလို ဒီလိုလို လုပ်နေတာမို့ ဖန်ယွန်းက ကလေးအထာတွေ ကို သဘောကျကာ ပြုံးမိသွားပြီး အေးရာအေးကြောင်းပင် သူမ ဘေးကကပ်ကာလျှောက်ပြီး အောက်ထပ်ကို ဆင်းလာကာ တိုင် အကွယ်တစ်ခုအနားမှာ အသာရပ်ပြီး မှောင်နေလေသည်။

ကောင်မလေးက အသည်းအသန် အောက်ထပ်ကို ဆင်းချလာကာ သူ့ကို မျက်ခြည်ပြတ်သွားတာကြောင့် စိတ်ညစ် နေတဲ့ မျက်နှာနှင့် သူ့ကို တွေ့လေမလားဆိုပြီး ဟိုဟိုဒီဒီမျက်လုံး ဒစားကာ ရှာနေလေသည်။ သူက အခုတလောမှာ ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



*ဖိုပိုလေးနေတဲ့ နောက်ကြောင်းကို သိချင်မိကာ ဒီကောင်မလေးနဲ့* ဆက်စပ်မှုရှိတယ်လို့ ခံစားမိတာကြောင့် ဖန်ယွန်းသည် သူမရှေ့သို့ ဖြန်းခနဲထွက်လာလိုက်လျှင် ရုတ်တရက်မို့ သူ့ကိုလန့်သွားလေသည်။

"မင်း ဘာလို့ ငါ့နောက်ကို လိုက်နေတာလဲ"

"ဟို ... ဟို"

သူ့ရဲ့ခပ်တည်တည်မျက်နှာကြောင့် မေးတဲ့စကားကြောင့် ကောင်မလေးက လန့်တော့ လန့်သွားကာ ဟိုတွေ ဟာင်တွေ ဖြစ်နေတာမို့ စကားက ပိုပြီးအစ်လို့ ပိုကောင်းသွားတာမို့ သူက လေသံကို နည်းနည်းထပ်တင်းလိုက်သည်။

"ငြင်းဖို့တော့ မကြိုးစားနဲ့။ မင်း ငါ့နောက်ကို ဘာလို့ လိုက်တာလဲ ဖြေလေ"

"ဟို ... ကျွန်မ ... ကျွန်မ"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"မေခွန်းချိုပါ ဦးဖန်"

ဦးဖန်လို့ ခေါ်လိုက်တဲ့ အခေါ်အဝေါ်ကြောင့် ဖန်ယွန်းဟာ ဘာမှကို ခေါင်းစားစရာ မလိုအပ်တော့ပေ။ သူ့ဆီကိုပစ္စည်း





ပြီး လာစားနေတာဟာ ဟိုလေးယောက်ရဲ့စနက် မကင်းဘူးလို့ သူ ယူဆလိုက်သည်။

"ကဲ ... မိန်းကလေး၊ ငါ အားလုံးသိတယ်၊ မင်းတို့ ငါ့ကို နှောင့်ယှက်နေတယ်လို့ ငါယူဆတယ်။ ငါ့ကိုစိတ်အနှောင့်အယှက်ပေးရင် ငါက ..."

"အဲဒီလို မဟုတ်ပါဘူး။ ဦးဖန်ကို စိတ်အနှောင့်အယှက်ပေးဖို့ မဟုတ်ပါဘူး"

"ဒါဆို ဘာလဲ ... ပြောလေ"

"ဟိုဟာ"

လူတွေကြားထဲမှာ ရပ်စကားပြောနေတာ သိပ်မကောင်းတာမို့ သူမကို ဖန်ယွန်းက အောက်ထပ်က စားသောက်ဆိုင်တစ်ခုကို ခေါ်သွားလိုက်ပြီးမှ စကားဆက်ပြောလိုက်လေသည်။

"မင်း ဘာရည်ရွယ်ချက်နဲ့ ငါ့ကို ပစ္စည်းတွေ ပေးနေတာလဲ။ မင်းနဲ့ ဟိုကောင်မလေး လေးယောက်နဲ့ ဘယ်လိုပတ်သက်တာလဲ"

"ဟို"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ပြောရခက်နေတဲ့ဟန် ဖြစ်သည်။ သူ့ရဲ့အပိုင်ပြောလိုက်မှုကြောင့် သူ့ကိုလည်း တော်တော်ဖြူသွား ရလေသည်။

"ပြောပါ။ ကိုယ် ဒီကိစ္စကို သိချင်ရုံသက်သက်ပါ။ မင်း ဘာလို့ ဒီပစ္စည်းတွေကို ကိုယ့်ဆီ ပို့နေရတာလဲ။ အဲဒါ တော့ ကိုယ်သိရမှ ဖြစ်လိမ့်မယ်"

"ခွန်း"

သူတို့နှစ်ယောက်ရဲ့စကားဝိုင်းထဲကို ဝင်လာသူ ကောင်လေးတစ်ယောက်ဖြစ်သည်။ ဖန်ယွန်းက ဘယ်သူလဲ ဆို နေတုန်းမှာ ကောင်မလေးက အဲဒီကောင်လေးဆီ အပြေးအလွှား ရှင်းပြနေလေသည်။

"ကို ... ဒါ ခွန်း မိတ်ဆွေပါ။ ကို အထင်မလွဲပါနဲ့"

"မင်းတို့က ဒီကို နှစ်ယောက်တည်း ဘာလာလုပ်နေတာလဲ မိတ်ဆွေဆိုတာ ဒီလိုနှစ်ယောက်တည်း ရှိနေရသလား"

ကောင်လေးက သူ့ကိုပါ စိန်ခေါ်သလို အကြည့် တွေ ကြည့်လာတာကြောင့် ဖန်ယွန်းက သူ ဝင်ဖို့လိုအပ်လာ မို့ စကားဝင်ပြောရတော့သည်။





"ဒီမှာ ညီလေး၊ မင်း ဘာအကြောင်းအရာပြောလဲ သိချင်ရင် ထိုင်စောင့်ပြီး နားထောင်လိုက်။ မင်း ရှိရှိမရှိရှိ ငါ ဒီ မိန်းကလေးနဲ့ စကားပြောစရာရှိတယ်။ ဒီမယ် ... မေခွန်းချို၊ ပြဿနာတွေ ရှုပ်သွားလိမ့်မယ်။ ဒီတော့ မင်း ကိုယ်ပြော တာကို နားထောင်ပြီး ဘာကြောင့်ဆိုတာကို ပြောပြလိုက်ပါ"

"ခွန်း ... မင်းတို့က ဘာတွေလဲ"

ကောင်မလေးက pressure အပေးခံနေရတာမို့ ခေါင်းစားနေကာ ပြောရခက်နေပုံရသည်။ ဒါပေမဲ့ သူ့ဘဲအထင် နဲ့မှာ စိတ်ပူနေတဲ့ သူမဟာ သူ့ချစ်သူလည်း အမြင်ရှင်းအောင် သူ့ကိုတစ်ခါတည်း ရှင်းပြသွားသည်။

"ဒီပစ္စည်းတွေကို ကျွန်မ ပို့ပေးတယ် ဆိုပေမယ့် ပို့ပေးရုံ သက်သက်ပါ။ တကယ်တမ်း ဒီပစ္စည်းတွေရဲ့ပိုင်ရှင်က လေးယောက်ထဲက တစ်ယောက်ပါ"

"အဲဒါ ဘယ်သူလဲ"

"ဒါတော့ ကျွန်မ တကယ်မသိတာပါ။ သူတို့လေးယောက် က ရှင့်ကို စိတ်ဝင်စားနေကြတယ်။ တစ်ယောက်ပဲ ပတ် သက်ခွင့်ရှိတဲ့အတွက် သူတို့လေးယောက်ထဲက တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က ရှင့်စိတ်ဝင်စားမှုရအောင် try နေကြတာ။ အဲဒီတစ်ယောက်က ဘယ်သူဆိုတာတော့ ကျွန်မ တကယ်မသိဘူး။ သူတို့လေးယောက်က အကူအညီတောင်းလို့ ဦးဖန်ဆီကို ပစ္စည်းတွေ ပို့ပေးခဲ့တာပါ"

ဖန်ယွန်းက စိတ်ဝင်စားနေတယ်ဆိုတဲ့ စကားလုံးကြောင့် တစ်မျိုးတော့ စိတ်ထဲဖြစ်သွားရလေသည်။ အဲဒီ ဘဲလိုခံစားချက်အတွက် သူဟာ သူ့ကို အရူးလုပ်ချင်သည့် ကောင်မလေး လေးယောက်ကို မျက်လုံးထဲမှာ ပြန်မြင်ယောင်လာမိသည်။ လေးယောက်စလုံးဟာ တကယ့်ကို ခေတ်ကာလရဲ့သမီးပျိုလေးများအတိုင်း လန်းထွက်နေကာ အရမ်းမိုက် အရမ်းချောတဲ့ ကောင်မလေးများ ဖြစ်လေသည်။ ပြီးတော့ သူ့ကို ပို့နေတာ ဘယ်သူများလဲဆိုတာကိုလည်း သူက သိချင်မိလေသည်။

"ဒီနေ့ကော ကိုယ့်ဆီလာခဲ့ရတဲ့ ရည်ရွယ်ချက်က"

"ဟို ... ဒီပစ္စည်းလေး ပေးခိုင်းလို့ပါ"

ထုံးစံအတိုင်း ပါကင်ပန်းရောင်လေးပဲ ဖြစ်သည်။ ဖန်ယွန်းက သူမပေးတဲ့ ပစ္စည်းလေးကို ယူလိုက်ပြီးနောက် အဲဒီ ကောင်မလေးကို ကတိတောင်းလိုက်သည်။





"နောက် မင်းကို သူတို့က ပစ္စည်းပို့ခိုင်းတယ်ဆိုရင် ကိုယ့်ကို တိုက်ရိုက်လာပေးလိုက်ပါ။ ပြီးတော့ မင်း ဒီနေ့ ကိုယ်သိသွားတယ်ဆိုတဲ့ ကိစ္စကို သူတို့ကို ပြန်မပြောဘူးဆိုတဲ့ ကတိပေးနိုင်မလား"

သူ တောင်းတဲ့ကတိကြောင့် ကောင်မလေးက သူ့ကို တစ်ချက် မျက်လုံးလုန်ကြည့်သည်။ ပြီးတော့မှ စိတ်ဝင်တစားသေသပြင့် ...

"ကျွန်မက ဘာလို့ လျှို့ဝှက်ထားပေးရမှာလဲ"

အဲဒီမေးခွန်းကို မဖြေခင် ဖန်ယွန်းက အရင်ဆုံး သူမဆောနားက ကောင်လေးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ညီလေးက ကိုယ့်ခံစားချက်ကို နားလည်ပေးနိုင်မယ်လို့ ကိုယ်ယုံကြည်လို့ ဒီစကားကို နှစ်ယောက်လုံးရှေ့မှာပြောတာပါ။ မေခွန်းချိုက ဘာလို့ လျှို့ဝှက်ပေးထားရမှာလဲ ဆိုတော့ မေခွန်းချိုကို ကိုယ်ကလည်း ပြန်ပြီးအကူအညီတောင်းချင်လို့ပါ"

"ရှင် ... ဘာအတွက်လဲ"

"ကို သဘောပေါက်တယ် ခွန်း။ စိတ်ချ ... အစ်ကို။ ကျွန်တော် ဓာတ်ရည်လည်သွားပြီ။ ခွန်း မပြောစေရဘူး



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်တော် တာဝန်ယူတယ်။ ဒါပေမဲ့ ကျွန်တော်လည်း မေးချင်တာရှိတယ်။ သူတို့လေးယောက်ထဲက အစ်ကို ဘယ်သူ့ကို တန်ပြန်တိုက်စစ်ဆင်ချင်တာလဲ”

သူ ဘာကိုဆိုလိုချင်တယ်ဆိုတာ တန်းခနဲ သဘော ပေါက်သော ချာတိတ်ကို သူက သဘောတကျဖြင့် ပြန်ပြုံးပြလိုက် ရင်းက ဖြေပေးလိုက်သည်။

“သူတို့လေးယောက်မှာလည်း ဂုက်ဖဲတစ်ချပ် ထားထား သလို ကိုယ်လည်း ဂုက်ဖဲတစ်ချပ် စဖွက်လိုက်ပြီ ညီ ပြီးတော့ ကိုယ်က တန်ပြန်တိုက်စစ်ဆင်မှာ မဟုတ်ပါဘူး သူတို့ကို မျက်စိလည်အောင် လှည့်ကွက်သုံးလိုက်မှာ”

သူ့စကားကြောင့် စုံတွဲမှာ ဘာမှဆက်မမေးတော့ ချေ။ ဖန်ယွန်းသည် ချစ်စရာကောင်းသော ကောင်မလေး လေး ယောက်ရဲ့ပုံစံလေးတွေကို မျက်လုံးထဲမြင်လာကာ သူမတို့နဲ့ ဉာဏ်ချင်းယှဉ်ပြီး ကစားကြည့်ချင်တဲ့စိတ်တွေ ပေါ်လာလေသည်။

သူ့ကို အရှုံးလုပ်ချင်တဲ့ ချာတိတ်မ လေးယောက်နဲ့ သူ တစ်ပွဲတစ်လမ်းတော့ တွေ့ကြပြီပေါ့ကွာ။





## ( ၁၁ )

“ဘာကွ ... ဟာ ... ဒါ မဖြစ်နိုင်တာပဲ။ မင်းကွာ သူတို့က ချာတိတ်မလေးတွေမို့ အရှုံးလုပ်တယ်၊ စိတ်ကစားတယ် ဆိုတာ ထားလိုက်ပါတော့။ မင်းက ဒီအရွယ်ကြီးရောက်မှ ဘာထဖြစ်ရတာလဲ။ ပြီးတော့ ကလေးအထာကြီးပါကွာ”

“ဟော့ကောင်ရ ... လူကြီးမှာလည်း နှလုံးသားရှိတယ်ကွ။ သူတို့လေးယောက်က ငါ့ကို Target ချိန်ထားတာကို သူတို့စိတ်ကစားတာပါဆိုပြီး လျှော်ပေးလိုက်ရမှာလား”

“ဟေ ... အဆန်းတွေ ကြားနေရတယ်ဟေ့။ ဒါဆိုရင် မင်းက ဘာလဲ။ သူတို့စိတ်ကစားတာကို လက်မခံဘူး။ မင်းနှလုံးသားပါသွားလို့ ဒေါကန်နေတာလားကွ။ အဟား ဟား ... အသစ်ပဲဟေ့”

www.burmeseclassic.com



ဖြိုးဇော် စကားကြောင့် ဖန်ယွန်းက ဘာပြန်ပြောရ မှန်းမသိစွာ ဆံပင်တွေကို လက်ဖြင့် အသာသပ်လိုက်သည်။ အမှန်တကယ်တော့ သူ စိတ်ထဲမှာ ဒီလေးယောက်ကို မှတ်မှတ် ထင်ထင် ရှိထားပြီးသားဖြစ်သည်။ အတန်အသင့်လည်း ရင်းနှီးမှု ရှိကာ ဒီကောင်မလေးတွေကို သူ့မသိစိတ်က စိတ်ဝင်စားမှုရှိခဲ့ ပြီးသားဖြစ်သည်။ အခု ဒီလေးယောက်ထဲက တစ်ယောက်က သူ့ကို ပစ္စည်းပို့တဲ့သူပါလို့ သိလိုက်ရချိန်မှာ သူဟာ အဲဒီတစ် ယောက်ကို သိချင်မိသွားသလို တစ်ဖက်မှာလည်း ဒီခေတ်ကောင် မလေးတွေရဲ့ ဟာသလုပ်မှုကို သိနေတာမို့ သူဟာ ဒီအကွက်တွေ ထဲမှာ ပါမသွားအောင် သတိထားနေရတာဖြစ်သည်။

"ငါ တစ်ခုမေးမယ် ဟေ့ကောင်။ မင်းလိုလူမျိုးက ဒီ ချာတိတ်လေးယောက်ကို သူများထက်ပိုပြီး Favour ပေး တယ်ဆိုတာ ငါတို့သိတယ်။ မင်း စိတ်ပူနေတာက မင်း က အရူးလုပ်ခံရမှာ ကြောက်နေတာ၊ ဒါပေမဲ့ သူတို့လေး တွေ မင်းကို စိတ်ဝင်စားလာအောင် မင်းဘက်က သဘော တွေ စွတ်ကောင်းပြနေတာကိုတော့ မင်း ငြင်းမလား"

"ဟ ... ငါကရိုးရိုး ..."





သူ့စကားတောင် မဆုံးသေးခင်မှာ ဖြိုးဇော်က ကြားဖြတ်ပြီး ဝင်ပြောသွားလေသည်။

"ရိုးရိုးလေး ဆိုပေမယ့်လည်း တစ်ဖက်မှာ စိတ်ဝင်စား စရာ ဖြစ်သွားနိုင်တာပဲ။ ပဲတွေများပြီး အထာတွေကိုင် မနေနဲ့တော့ ဖန်ယွန်း။ မင်းအသက်က ကြီးဖို့ပဲရှိတယ်။ ဒီလို အလန်းဇယားလေးတွေက မင်းကို စိတ်ဝင်စားနေတာ ကို မင်းက ကြေးများမနေစမ်းပါနဲ့ကွာ။ တစ်ယောက် ယောက်နဲ့တော့ တကယ် အတည်ရည်ရွယ်လိုက်တော့ကွ။ သူတို့ဘက်က သဘောကို မင်း သိနေပြီပဲကွာ။ မင်းဘက် က ရွေးရုံပဲ။ ဟား ... ဒီလိုရှယ်ကံက နှစ်ခါပြန်မရနိုင်ဘူး ဆိုတာ မင်း သဘောပေါက်ကွ"

ဖြိုးဇော် စကားအဆုံးမှာ သူဟာ စဉ်းစားစရာတွေ တစ်လှေကြီး ကျန်ခဲ့လေသည်။ ဂုဏ်ရှိန်ကိုး၊ ရွှေဘဏ္ဍာ၊ မဒီဘွဲ့၊ ဖြူဖြူနဲ့ ပြာရီမှိုင်း။ ဒီလေးယောက်ဟာ သူ့ကို စိတ်ဝင်စားနေကြပါ သတဲ့။ သူတို့ လေးယောက်ထဲက တစ်ယောက်သောသူနဲ့ ဆက်သက်ခွင့်ရဖို့ သူ့အနားကို ချဉ်းကပ်လာတယ်တဲ့။ ဖန်ယွန်းက သူကိုယ်တိုင်လည်း ဒီကိစ္စအပေါ် အာရုံရမိတာကြောင့် ခေါင်းစား



www.burmeseclassic.com

www.burmeseclassic.com



နေရတာဖြစ်သည်။ ဒါပေမဲ့ သူနဲ့ ဒီချာတိတ်ဟာ အသက်အရွယ် အားဖြင့် ကွာခြားတာကြောင့် စိတ်ခံစားမှု အတိမ်အနက်ချင်းက လည်း ကွာခြားပေမည်။

"ဘယ်လိုပဲ စဉ်းစား စဉ်းစား။ မဖြစ်နိုင်ဘူးလို့ ငါယူဆတယ်။ ဒီကောင်မလေးတွေ ငါ့ကို ဆက်မနှောင့်ယှက်ဖို့အတွက် ငါ လုပ်တော့မယ်"

"ဟား ... ရက်စက်လှချည်လားကွာ။ မင်းက ဘယ်လိုလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲကွ။ ငါ့ကို အရူးလုပ်ချင်တဲ့ ကောင်မလေးတွေကို ငါကလည်း အရူးပြန်လုပ်ပေးလိုက်ရုံပဲပေါ့။ သန်ဘက်ခါ ငါ့ဟိုတယ်မှာ သူတို့ ပါတီလုပ်ကြမယ်။ ငါ့ကိုလည်း ဖိတ်ထားတယ်။ ငါ အဲဒီကို သွားလိုက်ရုံပဲပေါ့ကွာ"

ဖန်ယွန်းက စိတ်ကစားတာ သူ့ကို အရူးလုပ်ကြမယ့် ကောင်မလေးတွေကို သူက ပြန်အရူးလုပ်မှာပဲဖြစ်သည်။

❥○❥





ကပွဲကြမ်းပြင်ထက်မှာ မြူးကြွနေသော Beat တွေကြောင့် စိတ်တွေက မိုးဝေါ မြောက်တက်နေကာ အားလုံးကလွတ်ကျွတ်ဆွဲနေကြတာဖြစ်သည်။ ပွဲစီစဉ်တဲ့ Organizer လေးယောက်ကတော့ ဆိုဖာဆက်တီမှာ ငြိမ်ငြိမ်သက်သက် ထိုင်နေရင်း တစ်စုံတစ်ယောက် အလာကို မျှော်နေကြတာဖြစ်သည်။

"ဟဲ့ ... လာတော့လာမှာပါနော်။ အချိန်တောင် လင့်နေပြီ"

မှိုင်းက စိတ်လှုပ်ရှားစွာ ပြောလိုက်လျှင် မဒီကအရိကို တစ်ချက်ပြန်ကြည့်ကာ ...

"သိပ်တော့ နောက်မကျသေးပါဘူးဟ။ ငါတို့ပြောထားတာပဲဟာ။ အာကျိုးရှိးလာမှာ သေချာတယ်"

"အေးလေ ... လာမှာပါ။ ဩော် ... ဟဲ့ ... ဘာန်ဘာန်၊ ငါတို့ ပန်းစည်းကို ရေမွှေးဆွတ်ခဲ့တယ်နော်"

www.burmeseclassic.com



"ဆွတ်ခဲ့တယ် ... ဆွတ်ခဲ့တယ်။ ဘာမှစိတ်မပူနဲ့။ မေခွန်းကိုလည်း မှာထားပြီးသား၊ အားလုံး Right time ဖြစ်စေရမယ်"

ဘန်ဘန်က ဂုဏ်ကိုးကို တက်ကြွစွာဖြင့် ပြောနေတဲ့အချိန်က ခန်းမထဲသို့ ဦးဖန်က ဝင်လာလေသည်။

"ဟယ် ... ဟိုမှာလာပြီ။ ဟင် ... ဦးဖန်ဘေးက တစ်ယောက်က ဘယ်သူလဲ"

မဒီက စားပွဲဝိုင်းအစွန်မှာ ထိုင်နေတာမို့ အရင်ဆုံး ဦးဖန်ကို မြင်ရကာ လှမ်းပြောလေလျှင် အားလုံးက တစ်ပြိုင်တည်း လှည့်ကြည့်မိသွားသည်။ ဦးဖန်ဟာ လုံးဝ Gentleman အထာ ပီသစွာ ခန့်ညားတည်ကြည်သော အပြုံးဖြင့် မဒီတို့ဆီ လျှောက်လာတာဖြစ်သည်။ ပြီးတော့ ဦးဖန် ဘေးမှာ ယှဉ်တွဲပါလာသူက Evening Gown ဖြင့် အရမ်းလှနေသော အမျိုးသမီးတစ်ယောက်ပဲဖြစ်သည်။ အဲဒါဟာ ဘယ်သူပါလိမ့်။ မဒီတို့ လေးယောက်က ဘယ်သူလဲ ဘယ်ကလဲ စသဖြင့် အတွေးပွားနေမိစဉ်မှာ ဦးဖန်က မဒီတို့ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာကာ မဒီတို့ကို အပြုံးတစ်ခုဖြင့် နှုတ်ဆက်၍ ...





"ဟိုင်း ... ကိုယ် သေချာပေါက် ဆက်ဆက်ရောက်လာတယ်နော်။ ဒီလိုပွဲမျိုးကို မင်းတို့လေးယောက်တည်း ဦးစီးပြီး ဖြစ်အောင်စီစဉ်သွားနိုင်တာကတော့ ချီးကျူးစရာပဲ"

"အဟော်ဟော် ... ဦးဖန်ကလည်း နောက်နေသလိုပဲ။ ဒါလောက်လေးက ဘာစီစဉ်တယ် ပြောရမှာလဲ။ မှိုင်းတို့က ပွဲဖြစ်အောင် စီစဉ်ရုံပဲရှိတာ"

"ဘာပဲဖြစ်ဖြစ်ပါ။ ကိုယ်တို့ဟိုတယ်မှာ အခုလို Gathering လေး စီစဉ်ဖြစ်တဲ့အတွက် ကိုယ်က ကျေးဇူးတင်ပါတယ်။ ဪ ... ရော့ ... ဒါက မင်းတို့လေးယောက်အတွက် ဂုဏ်ပြုတာ ပန်းစည်း။ ပြီးတော့ ဒီမှာ ရေမွှေးလက်ဆောင်"

ဦးဖန်ရဲ့လက်ဆောင်တွေက မှိုင်းတို့စီစဉ်ထားတဲ့အတိုင်း ဖြစ်နေတာမို့ ဘာဆက်ပြောရမှန်းတောင် မသိတော့ချေ။ ပြီးတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားလေသည်။ ဘာလို့များ ဒီလောက်တောင် ကွက်တိတူနေရတာလဲ။ ပြီးတော့ လက်ဆောင်ပေးတယ်ဆိုတဲ့ ပုံစံကြီးကို မှိုင်းတို့ သိပ်သဘောမတွေ့ပေ။ ကြောသလိုပဲ။ မှိုင်းတို့အတွက် လက်ဆောင်ကိုပေးတဲ့ပုံစံက သူကိုယ်တိုင်မပေးဘဲ ဘေးက Security တွေကို ပေးခိုင်းနေတာက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတစ်မျိုးတော့ ဖြစ်ရလေသည်။ ဒါပေမဲ့ ထားပါ။ မှိုင်းတို့က မကောင်းတတ်တာမို့ ဦးဖန်ပေးတဲ့ လက်ဆောင်တွေကိုယူလိုက်ရတော့သည်။

"Thank you ဦးဖန်။ ထိုင်လေ"

"အင်း ... ယမုံ လာလေ။ ထိုင် ... ဪ ... မိတ်ဆက်ပေးရဦးမယ်။ ဒါက ယမုံတဲ့။ ယမုံ ... ဒါ ကိုယ့်မိတ်ဆွေပေါ့။ ပြာရီမှိုင်း၊ ဂုဏ်ရှိန်ကိုး၊ မဒီဘွဲ့ဖြူ ရွှေဘဏ္ဍာတဲ့"

ဦးဖန်ရဲ့မိတ်ဆက်ပေးစကားအဆုံးမှာ မှိုင်းတို့တွေနဲ့ အဲဒီအမျိုးသမီးဟာ တစ်ယောက်ကိုတစ်ယောက် အသိအမှတ်ပြု ခေါင်းညိတ်ပြခြင်းလောက်နဲ့သာ ပြီးသွားလေသည်။ ဦးဖန်ဟာ ဘာသဘောနဲ့ ဒီကို အဲဒီအမျိုးသမီး ခေါ်လာရတာလဲ။ နောက်ပြီးတော့ ဦးဖန်ရဲ့ပုံစံက တစ်မျိုးပဲ။ မှိုင်းက စားပွဲဝိုင်းမှာငြိမ်နေတဲ့ ဂုဏ်ကိုးကို မျက်လုံးချင်း အချက်လှမ်းပြလိုက်ကာ မေခွန်းကိုသွားပြီး အင်ကွာတီရိုက်ဖို့ အချက်ပြတာနှင့် ဂုဏ်ကိုးက သဘောပေါက်စွာ ဟိုလိုလို ဒီလိုလိုဖြင့် အပြင်ကိုထွက်လာခဲ့ကာ မေခွန်းဆီကို ဖုန်းလှန်းခေါ်လိုက်သည်။

"ဟယ်လို"





"မေခွန်း ... နင် ဦးဖန်ကို ရေမွှေးပေးပြီးပြီလား"

"ဟင် ... မပေးရသေးဘူးလေ၊ ဂုဏ်ကိုးပဲ ပွဲပြီးခါနီးမှ သူ့ကားဘောနက်ပေါ်မှာ သွားတင်ပေးထားဆို။ ဘာဖြစ်လို့လဲ"

မေခွန်းရဲ့လေသံကို နားထောင်ကြည့်ရတာတော့ အေးအေးဆေးဆေးပဲမို့ ဂုဏ်ကိုးက ရင်တော့ နည်းနည်းအေးသွားရသည်။ ဒါတိုက်ဆိုင်သွားတာပဲ နေမှာပါလေ။

"ဘာမှမဖြစ်ဘူး။ နင် ခဏနေရင် လာခဲ့တော့လေ။ တော်ကြာ ပေးတာနောက်ကျသွားဦးမယ်။ အဲဒါ လှမ်းဆက်တာ ဒါပဲနော်"

ဂုဏ်ကိုးက ဖုန်းပြောပြီးတာနဲ့ ခန်းမထဲကို ပြန်ဝင်လာခဲ့သည်။ ဒါဟာ တိုက်ဆိုင်မှုဆိုရင်လည်း အရမ်းအံ့သြဖို့ကောင်းတဲ့ တိုက်ဆိုင်မှုမျိုးပဲ ဖြစ်မည်။ ဒါပေမဲ့ ဒီနေ့ပွဲကို ဦးဖန်က ဘာလို့ ဟိုအမျိုးသမီးကို ခေါ်လာရတာလဲ။ ဂုဏ်ကိုးက စဉ်းစားရင်း တွေးရင်းဖြင့် ဝိုင်းကို ပြန်ရောက်လာလျှင် မဒီက အခြေအနေ ဘယ်လိုရှိလဲဆိုတဲ့ သဘောဖြင့် မျက်ခုံးအသာပင့်ပြသည်။ ဂုဏ်ကိုးက မထူးခြားဘူးဆိုတာ ခေါင်းအသာယမ်းပြနေတုန်းမှာ ဦးဖန်က စကားစလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလေးယောက် ဘာဖြစ်နေတာလဲ။ ပုံစံတွေ ကြည့်ရတာ လည်း ဂနာမငြိမ်သလိုပဲ။ ဘာလဲ ... မင်းတို့ဘဲဘဲတွေ မလာသေးလို့လား"

"ဦးဖန်နော် ... ဘာဘဲမလာရမှာလဲ။ ဒီပွဲက Only Friends။ ဘယ်သူမှ အတွဲမရှိဘူး။ သူငယ်ချင်းများ တွေ့ဆုံပွဲပဲ"

ဘန်ဘန်ရဲ့ ခပ်ပြတ်ပြတ် စကားကြောင့် သူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကာ ...

"ဟုတ်လား။ ဩော် ... ဟော ... မသိပါဘူးကွာ။ ဟင်း ဟင်း"

ဘာလဲကွာ။ ဦးဖန်ရဲ့ပုံစံဟာ တစ်ခုခုတော့ ထူးခြား နေတယ်ဆိုတာ ခံစားမိပြီး အဲဒါဘာလဲဆိုတာ မသိတာကို ဒေါသတွေ ထွက်လွန်း၍ ကျလိကျလိဖြစ်နေရတာဖြစ်သည်။ ပြီး တော့ ဘန်ဘန်တို့ရှေ့မှာ ယမုံဆိုတဲ့ အမျိုးသမီးကို ခင်မင်နှစ်လို ဟန်ဖြင့် စကားစမြည် ပြောနေတာကတော့ အသည်းယားစရာ အကောင်းဆုံးပဲဖြစ်သည်။ တစ်ဝိုင်းတည်းမှာ အတူတူထိုင်နေတာ ကို ဘန်ဘန်တို့ကိုကျ စကားမပြောဘဲ ဟိုတစ်ယောက်ကိုပဲ ဘာ စားဦးမလဲ၊ ဘာသောက်ဦးမလဲနဲ့ မ,နေတာဖြစ်သည်။ ကြည့်မရတဲ့





အဆုံးမှာ ဘန်ဘန်တို့က အဲဒီနှစ်ယောက်ကို ထားခဲ့ကာ ဘော်ဒါ တွေနဲ့ Dancing Floor မှာ သွားကဲကြပြီဖြစ်သည်။

"ဟဲ့ ... အဲဒါ ဦးဖန်ရဲ့ဆော် ထင်တယ်နော်"

မဒီက စည်းချက်တွေနဲ့အညီ ကနေရင်းမှ ဘန်ဘန့် ဘက်ကို လှည့်ပြောလျှင် ဘန်ဘန်က စကားတွေဖောင်ဖွဲ့နေသော အဲဒီစုံတွဲကို တစ်ချက်ကြည့်လိုက်ကာ မျက်နှာတစ်ချက် မဲ့ပစ် လိုက်ပြီးမှ ...

"မသိပါဘူး။ ဒီအချိန်ကျမှ ဘယ်က ကောက်ကာငင်ကာ ဆော်က ပေါ်ချလာရတာလဲ မသိဘူး။ အဖြစ်သည်းနေတာ ကြည့်ဦး ... ဟွန်း"

"အေးနော် ... တစ်ခုခုတော့ တစ်ခုခုပဲ။ ငါတို့ကိုအကွက် တွေ ပြန်ရွှေ့နေတာတော့ သေချာတယ်။ ကြည့်ရတာ ဘဲကြီး ငါတို့ အစီအစဉ်တွေကို ရိပ်မိကုန်ပြီလား မသိပါ ဘူး"

ဂုဏ်ကိုးက တွေးမိတွေးရာတွေးရင်း ပြောလိုက်မိ လျှင် အားလုံးက ရင်ခုန်သွားကြတာပဲဖြစ်သည်။ တကယ်သာ အဲလိုမျိုးကြီးဆိုရင်တော့ ကွိုင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... ဟိုမှာ ငါတို့ကို လှမ်းခေါ်နေတယ်။ ပြန်တော့မယ် ထင်တယ်။ လာ ... လာ ... သွားရအောင်"

မှိုင်းရဲ့သတိပေးမှုကြောင့် အားလုံးက dancing floor ကနေ စားပွဲဝိုင်းတွေဆီ သွားလိုက်လျှင် ဦးဖန်က ဝိုင်းမှထရပ်ကာ မှိုင်းတို့ကို နှုတ်ဆက်လေသည်။

"ကဲ ... ကိုယ်တို့ သွားတော့မယ်။ တော်ကြာ အပြန်မိုးအရမ်းချုပ်သွားမှာစိုးလို့"

"ဟုတ်ကဲ့ ... အခုလို ကြွရောက်ချီးမြှင့်ပေးတာ ကျေးဇူးတင်ပါတယ်"

မဒီက အမြင်ကတ်လာတာကြောင့် အငေါ့တူးပြီး ကျေးဇူးစကား ဆိုတာကို ဂရုတောင်မစိုက်ဘဲ မဒီတို့ အနောက်ထောင့်မှာ တင်ထားတဲ့ ပန်းစည်းကို တစ်ချက်လှမ်းကြည့်ကာ ...

"ဟိုနားက ပန်းစည်းက ဘာလုပ်တာလဲ။ ကိုယ့်ကိုပေးဖို့ စီစဉ်ထားတာများလားဟင်"

"ဘာ ... မဟုတ်ဘူး။ ဘာတွေလာပြောနေတာလဲ"

သူခိုးလူမိသလို ဖြစ်သွားရတဲ့ကိစ္စမို့ မဒီတို့မှာ ရှုးချင်ယောင် ကောက်ဆောင်လိုက်ရပေမယ့် စိတ်ထဲမှာတော့





မဒီတို့ရွှေ့နေတဲ့အကွက်ကို ဦးလေးကြီး သိသွားပြီဆိုတာ အလိုလို understood ဖြစ်သွားလေပြီဖြစ်သည်။ မဒီရဲ့ ခပ်စွာစွာလေသံကြောင့် ဦးဖန်က ပြုံးစိစိမျက်နှာထားဖြင့် ပြန်ကြည့်ကာ ...

"မဟုတ်ဘူးဆိုလည်း ပြီးတာပါပဲကွာ။ ဒီလောက်လန့်မသွားပါနဲ့၊ Ok ... Ok ... See You ။ သွားမယ်နော်"

ဦးဖန် ထွက်သွားပြီဆိုမှ မဒီတို့ဟာ လုံးလုံးသက်ပြင်းချနိုင်သွားတော့သည်။

"ဟိုပစ္စည်းတွေကို ငါတို့ ပို့တာ ဦးဖန် သိသွားပြီဆိုတာ သေချာသွားပြီ။ သူ ငါတို့ကို ဘာအကွက်ရွှေ့မလဲဆိုတာ ငါတို့ အခြေအနေကြည့်ပြီး လှုပ်ရှားရတော့မှာပဲ"

မှိုင်းရဲ့စကားကို အားလုံးက ငြိမ်သက်စွာ နားထောင်နေပေမယ့် ဘာမှတော့ တုံ့ပြန်မှုတစ်စုံတစ်ရာ ထွက်လာခြင်းမရှိချေ။ တကယ်ခံစားပြီး ပတ်သက်မိတာမို့ လှောင်သလိုလို ပြောင်သလိုလို အပြုံးတွေရဲ့အောက်မှာ နှလုံးသားက တကယ်ပဲ အခံရခက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၂ )

"ငါ့ရင်ထဲ xxx ဝင်ရောက်လာခဲ့ xxx မင်းအကြည့်များ xxx ငါလေမတားဆီးနိုင်ခဲ့ xxx မာနတွေလည်း xxx ဘယ်ရောက်ကုန်ပလဲ xxx မင်းအတွက်ဆို xxx အချစ်တစ်ခုတည်း xxx အကြိမ်ကြိမ် ရင်မှာငိုနေတယ် xxx ဒါတွေနင်လေ ဘယ်မြင်မလဲ xxx မင်းအတွက်ပဲ ငါအမြဲတမ်းပြုံးထားတယ် xxx ဘယ်သူတွေ ဘယ်လိုရှောင်ကာဖယ် xxx ငါ့ရဲ့အချစ်တွေ အဆင်သင့်ဘဲ ... တစ်ဖက်သတ် ငါ့မှာအရှုံးတစ်ပိုင်း ဖြစ်ခဲ့တယ်"

ဖန်ယွန်းက သီချင်းတစ်ပုဒ်လုံးကို အာရုံစိုက်နားထောင်ပြီးသွားသောအခါ ရင်ထဲမှာ တစ်မျိုးတော့ဖြစ်ကာ ကျန်





ခဲ့လေသည်။ ဒီရက်ပိုင်းတွေမှာ သူ့ဆီကို ရောက်လာတဲ့ လက်ဆောင်လေးတွေ ရောက်မလာတာ ကြာပြီဖြစ်သည်။ သူကလည်း အလုပ်တွေက များနေတာမို့ Gym ကို ညနေဘက်လောက်မှ ခဏသွားဖြစ်တာမို့ ဟိုလေးယောက်နဲ့ မဆုံမိပေ။ ဒီနေ့ သူ ဟိုတယ်မှာ နေ့လယ်ခင်း ရှိနေတုန်းမှာ သူ့ဆီကို ရောက်လာခဲ့တာကတော့ မလာတာကြာပြီဖြစ်တဲ့ ပန်းရောင်ပါကင်ပိတ်ပစ္စည်းလေးတစ်ခုပဲ ဖြစ်လေသည်။ သူ ဖွင့်ကြည့်လိုက်တော့ CD တစ်ချပ် ဖြစ်နေတာမို့ ဖွင့်ကြည့်လိုက်လျှင် သီချင်းသံက ပျံ့လွင့်လာတာ သူ့နှလုံးသားကို မထိတထိ ခလုတ်လာတိုက်လေသည်။

သီချင်းစာသားတွေက အဓိပ္ပာယ်ရှိနေတာမို့ သူဟာ သူ့နဲ့ ပါတီပွဲပြီးကတည်းက မဆုံဖြစ်သည့် ကောင်မလေးတွေကို စိတ်ထဲ သတိတရတော့ ဖြစ်မိသွားသည်။ ပြောရမယ်ဆို ဒီကောင်မလေး လေးယောက်ကို သူ ဘာဖြစ်လို့ သတိတရ ဖြစ်နေမိမှန်းတော့ မသိပါ။ ပြီးတော့ ဒီအခွေလေး သူ့ဆီကို မေခွန်းကနေ တစ်ဆင့် မပို့ဘဲ Delivery Service ကနေ ပို့ပေးတာကြောင့် သူသိတယ်ဆိုတာကို အလိုလို သဘောပေါက်သွားပုံ ရလေသည်။ အဲဒါပဲ ကောင်းပါတယ်လေ။

www.burmeseclassic.com



ဖန်ယွန်းသည် မသင့်တော်ဘူးလို့ သတ်မှတ်ကာ နောက်တစ်လှမ်း ဆုတ်ထားတာဖြစ်သည်။ ဒီလိုစိတ်ကစားတဲ့ အရွယ်မှာ သူက သက်သက်မဲ့ အရှုံးလုပ်မခံချင်ပေ။

"ဘော့စ် ... ဘော့စ် ... ဒီနေ့ ဦးသော်ကောင်းတို့နဲ့တွေ့ဖို့ appointment ကို လက်ခံထားပါတယ်။ အခု ဦးသော်ကောင်း ရောက်လာပါပြီ ဘော့စ်"

သူ့အတွင်းရေးမှူးသူရက အလုပ်ကိစ္စ appointment လာသတိပေးတာမို့ ဖန်ယွန်းက သီချင်းကို ပိတ်လိုက်ကာ စိတ်အာရုံပြန်နှစ်လိုက်ကာ အလုပ်ဆက်လုပ်လေသည်။

"Ok ... သူရ။ သူတို့ကို ဒီထဲပဲ လွှတ်လိုက်ပါ"

ဖန်ယွန်းက သူရကို ပြောလိုက်ပြီးတာနဲ့ ခဏအကြာမှာ ဝင်လာလေသော ဦးသော်ကောင်းနှင့် အပေါင်းအပါကိုကြည့်လိုက်မိသွားလျှင် သူဟာ ကိုင်ထားတဲ့ ဘောပင်တောင် အောက်ပြုတ်ကျသွားလေသည်။ ဟား ... ဟား ... သူပဲ မျက်လုံးမှားတာလား။ ဘာမှတော့ မှားစရာမရှိပေ။ ဒီလေးယောက် ဒီလေးယောက်ဟာ။ ဖန်ယွန်းက ရုံး staff ဝတ်စုံဖြင့် သူ့ရုံးခန်းထဲ ရောက်လာတာမို့ သူက အရမ်း အရမ်း အံ့ဩမိစဉ်မှာ ဂုဏ်ကိုးက သူ့ကို ပြုံးစစမျက်နှာဖြင့် မျက်ခုံးတစ်ချက်ပင့် ကြည့်လေသည်။





"မောင်ဖန်နေယွန်း ... ဘာဖြစ်လို့လဲဟင်။ ဒါက အန်ကယ်လုပ်ငန်းကိစ္စခိုင်းဖို့ ခေါ်လာတာပါ"

"ဩော် ... ဘာမှမဖြစ်ပါဘူး အန်ကယ်။ သူတို့ကိုတွေ့လိုက်ရတာ အံ့ဩမိသွားလို့ပါ။ သူတို့လေးယောက်နဲ့ ကျွန်တော် သိပါတယ်"

ဖန်ယွန်းက သူ့ရဲ့ရုံးခန်းထဲထိအောင် ဝင်လာတဲ့ အထိ အရည်အချင်းရှိလေသော ဒီကောင်မလေး လေးယောက်ကို အသိမှတ်မပြုဘဲ မနေနိုင်ပေ။

"ဩော် ... မောင်ဖန်နေယွန်းနဲ့ သိတယ်လား။ မဒီက အန်ကယ့်တူမလေး။ သူတို့ လေးယောက်က အဲဒီလိုပဲ အန်ကယ့်အလုပ်တွေ လာကူလုပ်ပေးနေကြ။ ဒီနေ့တော့ မောင်ရင့်ဟိုတယ် လာမယ်ဆိုတော့ လုပ်ငန်းအတွေ့အကြုံယူချင်တယ်ဆိုပြီး လေးယောက်လုံး လိုက်လာကြတာလေ။ သူတို့က မောင်ဖန်နေယွန်းနဲ့ သိတယ်လို့ တစ်ခွန်းမှပြောကြတာ မဟုတ်ဘူး"

"ဩော် ... လေးနှလုံးကလည်း၊ ဟိုတယ်ပိုင်ရှင်ကြီး တစ်ယောက်က သမီးတို့နဲ့ ခင်တယ်ဆိုတာ ဘယ်လိုပြောချင်



www.burmeseclassic.com

www.burmeseclassic.com



စရာ ရှိမှာလဲ။ ပြောချင်ပေမယ့် ပြောလိုက်ရင် ဟိုတယ် ပိုင်ရှင်ရဲ့ဂုဏ်သိက္ခာ ထိပါးသွားမှာ စိုးရိမ်ရသေးတယ်လေ အဲဒါကြောင့်ပါ”

သူ့ကို တမင်တကာ အငေါ်တူးပြီး ပြောနေတဲ့စကား ဖြစ်တာမို့ ဖန်ယွန်းက ပြုံးရုံသာ ပြုံးလိုက်သည်။ ဒီလေးယောက်နဲ့ သူဟာ တော်တော် ရေစက်ပါတယ်လို့ ပြောရမှာဖြစ်သည်။ သူ အာရုံစိုက်မိလာလောက်အောင် စိတ်ဝင်စားမှုတွေ ပေးနေသော ဒီကောင်မလေးတွေဟာ အခုလည်း အလုပ်ထဲထိ ဝင်လာကာ ဘော့စ်ရဲ့စက္ကူထရီလေးယောက်အလား ဝင်ရှုပ်နေတာပဲဖြစ်သည်။

ဖန်ယွန်းက အဲဒီကိစ္စကို ခေါင်းထဲက ခဏထုတ်ကာ ဦးသော်ကောင်းနဲ့ အလုပ်ကိစ္စ ဆွေးနွေးတော့သည်။ အလုပ်အကြောင်း ပြောနေတယ်ဆိုပေမယ့်လည်း သူ့ကို မကြာ မကြာ ငေးငေးကြည့်နေတဲ့ မျက်လုံးလေးစုံကြောင့် နေရထိုင်ရက အတော်ခက်လေသည်။ သူ့မှာ သူ့ကို ပြုံးတုံ့တုံ့ မျက်နှာထားတွေဖြင့် လှမ်းလှမ်းကြည့်နေတဲ့ မျက်ဝန်းတောက်တောက်လေးတွေရဲ့ ဆူးရှမှုကြောင့် တကယ်ချွေးပြန်လာလေသည်။





“အန်ကယ်တို့ဘက်ကတော့ မောင်ဖန်နေယွန်းတို့ ကန်ထရိုက်နဲ့ဆို အကျိုးတူပူးပေါင်းဖို့ welcome ပါ”

“ဟုတ်ကဲ့ အန်ကယ်။ ကျွန်တော်တို့ လုပ်ငန်းအောင်မြင်မှာပါ”

“ကဲ ... ဟုတ်ပြီ။ ဒါဆို အန်ကယ်သွားမယ်နော်။ နောက်မှ မောင်ဖန်နေယွန်းနဲ့ အေးအေးဆေးဆေး ထပ်ဆုံကြတာပေါ့”

“ဟုတ်ကဲ့ဗျ”

ဖန်ယွန်းက အန်ကယ်ဦးသော်ကောင်းကို နှုတ်ဆက်လိုက်ပို့လျှင် ဦးသော်ကောင်းဘေးက လေးယောက်ကလည်း သူ့ကို ပြန်လည်ပြုံးပြ နှုတ်ဆက်သွားလေသည်။ သူတို့တွေထွက်သွားမှ ဖန်ယွန်းက ဟူးခနဲ လေပူမှုတ်ထုတ်ကာ စားပွဲပေါ်သို့ မျက်လုံးအကြည့်က ရောက်သွားလျှင် စာရွက်တစ်ရွက်ကို သွားတွေ့တာမို့ သူက ကောက်ဖတ်လိုက်လေသည်။

“မနက်ဖြန် ကျောင်းကို လာခဲ့ပါ ဦးဖန်။

တွေ့ချင်ပါသည်။

ပုံ ... 4 in 1 ”



www.burmeseclassic.com

www.burmeseclassic.com



ဟား ... လာစားသွားပြန်ပြီ။ သူ့ကို ကျောင်းလာ ခဲ့ပါ။ တွေ့ချင်ပါသည်။ ပြီးတော့ ရေးတဲ့သူက 4 in 1 တဲ့လား ဒါ သက်သက်မဲ့ အရှုပ်လုပ်နေတာ။ ဖန်ယွန်းက အဲဒီစာရွက်ကို စားပွဲပေါ် ပြန်ပစ်တင်လိုက်ကာ လေပူထပ်မှုတ်ထုတ်မိပြန်သည်။ သူတော့ တကယ်ရှုးချင်တာပဲ။

"ဘော့စ် ... ဒီမှာ လက်မှတ်ထိုးဖို့"

သူရက သူ့အခန်းထဲ ဝင်လာကာ လက်မှတ်ထိုးရန် စာရွက်တစ်ခုကို ပေးတာမို့ ဖန်ယွန်းက အတွေးစကို ဖျောက်ကာ မြန်မြန်လက်မှတ်ထိုးပေးလိုက်သည်။ သူ စာရွက်ပေးပြီးတာတောင် သူရက မပြန်သေးတာမို့ ဖန်ယွန်းက သူရကို မျက်လုံးလှန်ကြည့် လိုက်ရင်; ...

"ဘာပြောစရာ ကျန်သေးလို့လဲ သူရ"

သူ့မေးခွန်းကြောင့် သူရက ရယ်ကျဲကျဲမျက်နှာဖြင့် မပွံ့မရဲ ပြောလေသည်။

"ဟို ... ဘော့စ်ကို ကျွန်တော်က လေးစားလို့ပါ။ ဘော့စ် ရဲ့ကောင်မလေးက ဘယ်တစ်ယောက်လဲဟင် ဘော့စ်"

"ဘာကွ"





ဘော့စ်ရဲ့ကောင်မလေး။ ဒီစကားကြောင့် ဖန်ယွန်း က ပိုအံ့သြသွားရသည်။ ပြီးတော့ သူရဆီက ကြားရမယ့်စကား အဆုံးကို နားထောင်ချင်တာမို့ ဆက်မေးလိုက်သည်။

"မင်းက ဘာလို့ အဲဒီလို မေးတာလဲ။ ငါနဲ့ အဲဒီထဲက တစ်ယောက်နဲ့ ရည်းစားလို့ ထင်နေလို့လား"

"ဟို ... ဘော့စ်က အဲဒီကောင်မလေး လေးယောက်ကို fovour အပေးဆုံးမှုလား။ အဲဒါကြောင့် ကျွန်တော်တို့တွေ က ထင်မိသွားတာပါ။ စိတ်မဆိုးပါနဲ့ ဘော့စ်"

"ငါက favour ပေးတယ်။ ငါ ယမုံနဲ့အတူ သူတို့ Gathering သွားတယ်လေ။ အဲဒါကိုတောင် မင်းတို့က ငါနဲ့ အဲဒီကောင်မလေးတွေထဲက တစ်ယောက်နဲ့ ရည်းစား လို့ ထင်နေတာလား"

"အဟီး ... ဘော့စ်က မယမုံနဲ့ မလိုက်ပါဘူး။ ပြီးတော့ မယမုံနဲ့လည်း ဘော့စ်ကို မထင်ဖူးပါဘူး"

သူရ စကားကြောင့် သူတောင် ခေါင်းပိုစားသွားရ သည်။ ဒီချာတိတ်မ လေးယောက်နဲ့တော့ ခက်တော့တာပဲ။

"ဘော့စ် ... ကျွန်တော် သွားလိုက်ပါဦးမယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူရက သူ စဉ်းစားနေတာမို့ အလိုက်တသိ ထွက်သွားလေလျှင် ဖန်ယွန်းက ရင်ထဲမှာ မေးစရာစကား ကျန်နေသေးတာမို့ သူရကို လှမ်းခေါ်လိုက်သည်။

"သူရ ... ခဏလေး"

"ဟုတ်ကဲ့ ... ဘာခိုင်းမလို့လဲ ဘော့စ်"

ဖန်ယွန်းက ခေါ်ပြီးတော့မှ မေးသင့် မမေးသင့် စဉ်းစားမိသွားသည်။ ဒါပေမဲ့ သူက အဖြေကို သိချင်နေမိတာမို့ မေးဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"မင်းအမြင် ပြောကွာ။ ငါ ရည်းစားထားမယ်ဆိုရင် အဲဒီလေးယောက်ထဲက ဘယ်သူနဲ့ ရည်းစားဖြစ်သင့်လဲ"

သူရက သူ့ကို ပြုံးပြီးကြည့်သည်။ ဒါပေမဲ့လည်း သူမေးထားတဲ့ မေးခွန်းမို့ မဖြေဘဲ မနေရဲဘဲ သူ့အမြင်သက်သက်ကိုပဲ ဖြေသွားလေသည်။

"လေးယောက်လုံးက အရမ်းလှတယ် ဘော့စ်။ ဒါပေမဲ့ ဘော့စ်ရဲ့ရည်းစားဖြစ်သင့်တာ ဆိုရင်တော့ ဟို ... မဒီဘွဲ့ဖြူက ပိုလိုက်သလားလို့"





မဒီဘွဲ့ဖြူ။ ဖန်ယွန်းက အဲဒီနာမည်ကို ခပ်တိုးတိုး ရွတ်မိသည်။ သူ့ရည်းစားဖြစ်သင့်တာ မဒီတဲ့။ မေးခွန်းကလည်း လေးယောက်လုံးက စိတ်ဝင်စားကြတာ မှန်ပေမယ့် သူ့ဆီပို့နေတဲ့ ပစ္စည်းတွေရဲ့ပိုင်ရှင်က တစ်ယောက်တည်းတဲ့။ မဒီများ ဖြစ်နေမလား။

"မင်းက ဘာဖြစ်လို့ အဲလိုထင်ရတာလဲ"

"ဩော် ... ဘော့စ်ကလည်း မဒီဘွဲ့ဖြူက ဘော့စ်ကိုစကားပြောရင် အားလုံးထဲမှာ အသွက်ဆုံးလေ။ ခုနကလည်း ဦးသော်ကောင်းက မဒီဘွဲ့ဖြူရဲ့ ဦးလေးမှလား။ သူ့ဦးလေးနဲ့အတူ ဘော့စ်ရဲ့ရုံးခန်းအထိ တကူးတက လိုက်လာတာလေ။ ပြီးတော့ ဘော့စ်က မဒီဘွဲ့ဖြူနဲ့ လိုက်တယ်ထင်လို့"

သူရ စကားအဆုံးမှာ သူဟာ တွေးစရာတွေ ကျန်ခဲ့လေသည်။ ခုနက ကျောင်းလာခဲ့ပါဆိုတဲ့ စာဟာ ဘယ်သူရေးပြီး ထားခဲ့တာ ဖြစ်နိုင်လဲ။ 4 in 1 ဆိုတော့ သူ့ကို အဲဒီတစ်ယောက်က မနက်ကလည်း သီချင်း CD ပို့ထားခဲ့သည်။ အဲဒီသူက မဒီများ ဖြစ်နေမလား။

www.burmeseclassic.com



ဟား ... ခေါင်းစားတယ်ကွာ။ သူ့ကို အဲဒီလို အောင် လုပ်နေတဲ့ ခံစားချက်တွေကို တစ်စတစ်စ ပိုပေးနေ အဲဒီလေးယောက်ကို သူက မျက်လုံးထဲ မြင်ယောင်ကာ ဒေါသ ထွက်လာလေသည်။ ပြီးတော့ ...။

❥ ◯ ❥





လေထဲမှာ ခုန်ပေါက်ပျံဝဲကာ အပြိုင်ကြဲနေ၍ ကြက် တောင် Double ရိုက်ကာ အရှိန်ရနေတာဖြစ်သည်။ ဘန်ဘန်က မှိုင်းထို့ဘက်ကို Smash ဆွဲချလိုက်လျှင် အမြန်ခုခံဖို့ အရှိန်ယူ ချိန် မြည်လာတဲ့ ဖုန်း Ring သံကြောင့် အာရုံက ဖုန်းဆီရောက် သွားကာ ကြက်တောင်ရိုက်နေတာကို ခဏ brake ကာ မှိုင်းက ဖုန်းသွားကိုင်လိုက်သည်။ ဖုန်း Display မှာ ပေါ်နေတဲ့ နံပါတ် ကြောင့် မှိုင်းက ဟယ်ခနဲ ထအော်ကာ ဟိုသုံးယောက်ကို အော် ခေါ်ရလေသည်။

"ဟဲ့ ... ဟဲ့ ... ဟိုသုံးယောက် လာကြဦး။ မဒီ ... နင့် ဖုန်းလာနေတာ၊ ငါတို့ အာကျိုးရှိုး"

အာကျိုးရှိုး ဆိုတာနဲ့ မှိုင်းအနားကို သုံးယောက်စလုံး ပိုင်းလာကာ မှိုင်းက ဖုန်းကိုင်ကာ Speaker ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"မဒီဘွဲ့ဖြူလား"

"ဒါ မဒီဖုန်း။ ဒါပေမဲ့ အခု မှိုင်း ပြောနေတာ။ ဖုန်း Speaker ဖွင့်ထားတယ်။ ဦးလေးကြီး ဘာပြောမလို့လဲ မှိုင်းတို့ လေးယောက်လုံးရှိတယ်"

မှိုင်းတို့က မြက်ခင်းပြင်မှာ ထိုင်ချကာ ဖုန်းပြော တာဖြစ်သည်။

"ဪ ... ဒါဆို အတော်ပဲပေါ့။ ဒီမှာ ... မင်းတို့ထား သွားတဲ့ စာရွက်က ဘာလဲ။ မင်းတို့ ချာတိတ်တွေ ငါ့ကို ပမာမခန့် လုပ်နေကြတာလားဟင်"

အမယ် ... လူကိုများ ချာတိတ်တဲ့။ ပြီးတော့ ဦးဖန် တစ်ယောက် မှိုင်းတို့ကို အကြီးကြီး တင်းနေပုံရသည်။ အမှန် တော့ အဲဒါက ဦးဖန် တစ်ယောက် တင်းမယ်ဆိုလည်း တင်းစရာ ပဲဖြစ်သည်။ မှိုင်းဟာ စာရေးပြီး ဦးဖန်ရဲ့စားပွဲမှာ အသာလေး တင်ထားခဲ့တာဖြစ်သည်။ ဒီစာကို မြင်တွေ့သွားလေတဲ့ ဦးဖန် တစ်ယောက်ဟာ သူ့ကို ပမာမခန့် လုပ်တယ်ဆိုပြီး ဒေါ်တွေကန် နေတာဖြစ်သည်။





"ဦးဖန်နော် ... မှိုင်းတို့ ချာတိတ် မဟုတ်ဘူး"

"ဒီမှာ ... မင်းတို့ ငါ့ကို နှောင့်ယှက်တာ များပြီနော်"

"ဘာလဲ ... ဒီနေ့ ဦးဖန်ရဲ့အလုပ်ထဲကို လိုက်လာတာကို နှောင့်ယှက်တယ်လို့ ပြောတာလား။ ဘာနှောင့်ယှက်လို့လဲ။ အဲဒါက မဒီတို့ အလုပ်လုပ်ဖို့ အတွေ့အကြုံ ယူတာဟာ ကိုး။ ဦးလေးကြီးကို ဘာနှောင့်ယှက်လို့လဲ"

မဒီက ဝင်ပြောလေလျှင် ဦးလေးကြီးက "ဘာကွ" ဆိုတဲ့ လေသံဖြင့် ဒေါ်တွေခွီးနေတာဖြစ်သည်။

"ဟား ... ကျစ် ... မင်းတို့ကွာ။ ငါ တော်တော်ဒေါသ ဖြစ်နေပြီ၊ ဒါပဲ"

ဦးဖန်က ဒေါသဖြစ်နေပြီဆိုပြီး ထအော်ကာ ဖုန်းချ သွားလေသည်။ ဟား ... ဟား။ မဒီတို့က အဲဒီအဖြစ်ကို သဘော တကျဖြင့် ရယ်မောမိသွားသည်။

"ဦးဖန်တော့ ငါတို့ကို ရေလည်တင်းနေတယ်။ ဟိ ဟိ"

"ငါ ထင်တယ်ဟ။ မစ္စည်းပေးတာ ဘယ်သူလဲဆိုတာသာ ဦးဖန် မသိတာ။ ငါတို့လေးယောက်ဆိုတာကို မေခွန်းဆီ ကနေ သူ သိသွားလောက်ပြီ။ မေခွန်းကို ကြည့်ပါလား။



www.burmeseclassic.com

ငါတို့ကို ရဲရဲမှ စကားမပြောရဲတာ။ အခုတလော ရှောင်နေတယ်လေ”

ဘန်ဘန်က သူ့အထင်ကို ပြောပြလျှင် အားလုံးကလည်း မငြင်းကြချေ။ တကယ်တော့ ဦးဖန် သိသွားပြီဆိုတဲ့ အခြေအနေအပေါ်မှာ တစ်စုံတစ်ရာ ပြောင်းလဲဖို့ မျှော်လင့်မိနေတာပဲဖြစ်သည်။ ဦးဖန်ရဲ့ ဖုန်းလာပြီးနောက်မှာ လေးယောက်စလုံးက ကြက်တောင်ဆက်မရိုက်တော့ဘဲ မြက်ခင်းပေါ်မှာထိုင်နေကြာ တစ်ယောက်နဲ့ တစ်ယောက် ဘာစကားမှ မပြောဖြစ်ကြဘဲ ပတ်ဝန်းကျင်ကိုသာ ငေးနေမိသည်။

ဦးဖန် တစ်ယောက် ကြာလာတော့ စိတ်ဝင်စားမှု ဖြစ်လာတဲ့အပေါ်မှာ တစ်ယောက်သောသူ ပျော်ရွှင်ဖို့အတွက် နှလုံးသားသုံးခု လျစ်လျူအရှုခံရလေသည်။





## ( ၁၃ )

“ရှင် … မဒီ တစ်ယောက်တည်း ထွက်လာရမယ်”

မဒီက ရင်တွေခုန်လာကာ ချွေးတွေတောင်ပြန်ချင်ချင် ဖြစ်လာလေသည်။

“ကိုယ် ဟိုသုံးယောက်ကိုလည်း ချိန်းပြီးပြီ။ မဒီ ထွက်လာခဲ့ပါ”

“ဟုတ် … ဟုတ်ကဲ့”

“စောင့်နေမယ်နော်”

ဦးဖန်က ဖုန်းချသွားလေလျှင် မဒီက ကိုယ့်ရင်ဘတ်ကို လက်နဲ့အသာဖိမိသွားသည်။ တကူးတကကို ချိန်းတယ်ဆိုတော့ ဘာများပါလိမ့်။ မဒီက ခပ်သွက်သွက်ပင် ထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ မဒိုကို ချိန်းထားတဲ့ ကန်တော်ကြီးထဲရောက်တော့ ဘန်ဘန်၊ မှိုင်းနဲ့၊ ဂုဏ်ကိုးကပါ ရှေ့ဆင့် နောက်ဆင့် ရောက်လာကြတာဖြစ်သည်။

"ဘာဖြစ်လို့ ငါတို့ အတူတူ မလာကြတာလဲ"

ဘန်ဘန်က ဒီမေးခွန်းကို စမေးချိန်မှာ မဒိုကဖြေမလို့ စကားစီနေတုန်း မှိုင်းက အရင်ဆုံး စပြောလေသည်။

"ဦးဖန်က အခုလာခဲ့ပါဆိုပြီး ဖုန်းဆက်ချိန်းတာလေ"

မှိုင်းရဲ့စကားအဆုံးမှာ လေးယောက်စလုံးက ငြိမ်သွားလေသည်။ ဒီအချိန်မှာ ရင်ထဲမှာ ပွက်ပွက်ဆူနေတယ်လို့ ခံစားရလေသည်။ စကားတွေလည်း သိပ်အများကြီး မပြောဖြစ်ဘဲ ကိုယ့်ကားအနားမှာပဲ ကျောမှီနေကာ ဦးဖန် အလာကို စောင့်နေကြသည်။ ဘာပဲဖြစ်ဖြစ် လေးယောက်လုံးကို ချိန်းတယ်ဆိုတာ ထူးခြားမှုတော့ ရှိလေသည်ဟု ယူဆရလေသည်။

"ဟော ... လာပြီ"

ဂုဏ်ကိုးစကားကြောင့် အားလုံးက ဦးဖန်ရဲ့ကားဆီကို အကြည့်ရောက်သွားလေသည်။ ဦးဖန်က ခန့်ညားစွာကားပေါ်က ဆင်းလာကာ အေးချမ်းသော အပြုံးတစ်ခုဖြင့် ပြုံးပြကာ ...





"ကိုယ် ဒီနေ့ မင်းတို့နဲ့ စကားအေးအေးဆေးဆေးပြောချင်လို့ ချိန်းလိုက်တာပါ။ မင်းတို့လေးယောက်နဲ့ ကိုယ် ပတ်သက်ခဲ့တဲ့ အချိန်ကာလဟာ ဘယ်လောက်မှတော့ မကြာခဲ့ပေမယ့် ကိုယ်လည်း မင်းတို့ကို ရင်းနှီးခဲ့ပါတယ်"

"ခဏလေး ဦးဖန်။ ဘာကို ဆိုလိုချင်တာလဲ"

ဘန်ဘန်က စကားဖြတ်ကာ ဝင်မေးလိုက်လျှင် ဦးဖန်က ဘန်ဘန့်ဆီသို့ အကြည့်ရောက်သွားလေသည်။

"ဆိုလိုချင်တာကတော့ မရှင်းလင်းတဲ့ ပဟေဠိတစ်ခုကို သိချင်လို့ပဲ။ လေးယောက်ထဲက အဲဒီတစ်ယောက်ကိုသိချင်တယ်"

"ဘယ်လို"

အားလုံးက ဦးဖန် စကားကြောင့် အံ့တော့ အံ့အားသင့်သွားလေသည်။ ဘယ်လို ... ဆိုတဲ့ စကားသံအဆုံးမှာ ဦးဖန်က ပိုပြီး အံမိုရှင်နယ်လ် ဖြစ်စေတဲ့ စကားကို ဆိုလေသည်။

"ကိုယ် အဲဒီတစ်ယောက်နဲ့ စကားပြောစရာရှိတယ်။ တကယ်တော့ ကိုယ့်အသက်အရွယ်ဟာ အချစ်အကြောင်းကို ပြောနေရမယ့်အရွယ် မဟုတ်တော့ပါဘူး။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ လူတိုင်းခံစားခွင့်ရှိတဲ့ အရာမှလား။ မင်းတို့ထဲက တစ်ယောက်ပေးတဲ့ အရာလေးတွေက ကိုယ့်စိတ်ကို အိမိုရှင်နယ်လ် ဖြစ်စေသလို တကယ်ပဲ ပျော်ရွှင်မှုတစ်ခုရစေပါတယ်။ အဲဒါကြောင့် ကိုယ် ဒီနေ့ လေးယောက်လုံးကို ချိန်းလိုက်တာပါ"

အားလုံးက ဘာစကားပြောရမှန်း မသိအောင် အူတူတူတော့ ဖြစ်နေကြလေသည်။ ဦးဖန်ရဲ့စကားတွေက အတည်အတံ့ ပြောနေတယ်ဆိုတာ ရိပ်စားမိတာမို့ တကယ်လည်း ရင်ခုန်စိတ်လှုပ်ရှားရလေသည်။

"ပြီးတော့ မင်းတို့ ပို့ပေးလိုက်တဲ့ သီချင်းလေးကိုလည်း ကိုယ် အရမ်းကြိုက်တယ်"

သီချင်း။ ဦးဖန်ဆိုက "သီချင်း"ဆိုတဲ့ စကားကြောင့် အားလုံးက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသွားသည်။ ပြီးတော့ ဂုဏ်ကိုးကပဲ စတင်ကာ စပြောလေသည်။

"ခဏ ... အခု ဦးဖန် ဘာပြောချင်တာလဲ။ မိန်းကလေးဘက်က ဇာတ်လမ်းလာလုပ်တယ်ဆိုပြီး အထင်သေးစကားပြောချင်လို့ ဒီကိုခေါ်လိုက်တာလား။ ဦးဖန် ဘာပြောချင်တာလဲ"





"မဟုတ်ပါဘူး၊ ကိုယ့်မှာ အဲဒီလိုသဘောမျိုး လုံးဝမရှိဘူး။ အခု ကိုယ် မင်းတို့လေးယောက်ကို ချိန်းတယ်ဆိုတာ ကိုယ့်ဘက်က မင်းတို့ထဲက တစ်ယောက်ကို ပြောစရာစကားရှိလို့ပဲ။ ဒါကလည်း အဲဒီတစ်ယောက်နဲ့ ဒွဲတွေ့ပြီး ပြောဖို့မဟုတ်ဘူး။ ကိုယ့်ကိုပစ္စည်းလေးတွေ ပို့ပေးတာဟာ မင်းတို့ထဲက တစ်ယောက်လို့ ကိုယ်သိရတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကိုယ်ပြောချင်လို့ပါ ...

နောက် အဲဒီလိုမပို့ပါနဲ့တော့၊ မင်းတို့က ကျောင်းတောင်မပြီးသေးတဲ့ ကျောင်းသူအရွယ်တွေပါ။ အဲဒါကြောင့်မို့ ဘာမှ ခေါင်းစားမခံဘဲ ပစ္စည်းတွေ ဆက်မပို့ပါနဲ့လို့ request လုပ်တာပါ။ ပြီးတော့ မင်းတို့ကျောင်းကိုလာဖို့ ကိုယ့်ကို မခေါ်သင့်ဘူး"

ဦးဖန်ရဲ့စကားအဆုံးမှာ အားလုံးဟာ အနည်းငယ်သော ငြိမ်သက်သွားတာ ဖြစ်လေသည်။

"ဦးဖန် ... အဲဒါပဲလား။ ပြောလို့ပြီးပြီလား"

မှိုင်းက ဦးဖန်ကို တည့်တည့်ရင်ဆိုင်ကာ မေးလိုက်သွင် ဦးဖန်က မှိုင်းနဲ့ တည့်တည့်မျက်လုံးချင်း ရင်ဆိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးယောက်ထဲက အဲဒီတစ်ယောက်ဟာ ဘယ်သူများလဲ ဆိုတာ ကိုယ်သိချင်ပါသေးတယ်"

"ပြန်မယ်။ ဒီမှာ ဦးဖန် ... အစွမ်းအစရှိတယ်ဆိုရင် ကိုယ့်ဘာသာ ရှာလိုက်တော့ပေါ့။ ဘာလို့လာမေးနေသေး တာလဲ"

"ဦးဖန်က ဘယ်သူလို့ ထင်လို့လဲ"

မှိုင်းက စိန်ခေါ်သလိုလေး ပြောနေစဉ်မှာ ဘန်ဘန်က ဘယ်သူထင်လဲဆိုပြီး မေးလေလျှင် ဦးဖန်က မှိုင်းကိုကျော်ကာ ဘန်ဘန့်ကို လှမ်းကြည့်သည်။ ပြီးတော့ မှိုင်းတို့သဘောကျတဲ့ အပြုံးတစ်ခုဖြင့် ပြုံးလိုက်ရင်းက လေးယောက်စလုံးကိုကြည့်သည်။

"အဟင်း ... ကိုယ်သိနေသလိုပါပဲ။ Ok ... မင်းတို့တွေ ကျောင်းသွားရဦးမှာ မလား။ ကိုယ်လည်း အလုပ်သွားရဦး မယ်။ နောက်မှ ဆုံမယ်"

ဦးဖန်သည် အဲဒီသူ ဘယ်သူဆိုတာ သိနေသလိုပါပဲ တဲ့။ အားလုံးဟာ တစ်ယောက်တစ်မျိုးစီတော့ ခံစားချက်တွေရှိ သွားလေသည်။





အိတ်ကို စားပွဲပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်ကာ မျက်နှာသုန်သုန်မှုန်မှုန်ဖြင့် ဆိုဖာမှာ ဝင်ထိုင်လိုက်လျှင် ကျန်တဲ့ သုံးယောက်ကလည်း အဲဒီအတိုင်း တစ်သဝေမတိမ်း လိုက်လုပ်တာ ချို့ စိတ်က ပိုတို့စရာဖြစ်လို့သွားလေသည်။ ဘယ်သူမှ ဘာစကား တစ်ခွန်းမှ မပြောရသေးတဲ့ အချိန်မှာ ဖုန်း Ring သံလေးက မြည်လာတာမို့ လေးယောက်လုံးရဲ့ အာရုံတွေက ကိုယ့်ဖုန်းကိုယ် ရောက်သွားတာပဲဖြစ်သည်။ လေးယောက်ဟာ အကြိုက်ချင်း ဘယ်လောက်တူခဲ့ကြသလဲဆိုရင် ကိုင်တဲ့ဟန်းဆက်၊ ထားတဲ့ Ringtone သံကအစ အကုန်အတူတူပဲ ဖြစ်တာဖြစ်၏။

"ငါ့ဖုန်း လာတာ"

မဒီက သံပြတ်ဖြင့်ပြောကာ ဖုန်းကိုင်လိုက်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"မဒီလား ... ကိုယ် ဖုန်နေယွန်းပါ"

ဟင် ... ဦးဖုန်။ မဒီကို အာရုံစိုက်နေတဲ့ မျက်လုံး သုံးစုံရှိနေတာကို မဒီက ဂရုမထားနိုင်မိတော့ဘဲ ဟင်,ဆိုတဲ့ အာမေဍိတ်နဲ့အတူ စကားဆက်ပြောမိတာဖြစ်သည်။

"ဟုတ် ... ဟုတ် ... ပြောပါ ဦးဖုန်"

"မဒီ မနက်ဖြန်ကျရင် Signature ကို လာခဲ့ပါလားဟင်။ မနက်ဖြန်က Saturday ဆိုတော့ မဒီ အားလိမ့်မယ်လို့ ကိုယ် ထင်တယ်လေ"

မဒီက ဦးဖုန်ရဲ့ ချိန်းဆိုမှုအတွက် အနည်းငယ်တော့ စဉ်းစားသွားရလေသည်။ မဒီ့ တစ်ယောက်တည်းကိုမှ သီးသန့် တွေ့ဆုံခန်း လုပ်တယ်ဆိုတော့ ...

"Ok ... လာခဲ့မယ်လေ။ ဒါပဲနော်"

မဒီက မဒီ့ကို အကဲခတ်နေတဲ့ သုံးယောက်ရှိနေတာမို့ ဖုန်းအမြန်ပြောကာ ဖြတ်ချလိုက်ရလေသည်။ မဒီက ခပ်တည်တည်ပင် ဖုန်းကို စားပွဲပေါ် ပြန်တင်လိုက်စဉ်မှာ စကားသံကစပြီး ထွက်ပေါ်လာတာဖြစ်သည်။





"အဲဒါ ဘာသဘောလဲ မဒီ"

"ငါ အခုပဲ နင်တို့ကို ပြောပြမလို့လေ။ မနက်ဖြန် ဦးဖုန်က Signature ကို လာခဲ့ဖို့ ငါ့ကိုချိန်းတယ်။ အဲဒါပဲ"

မဒီက သံပြတ်လေသံဖြင့် ပြောလိုက်တာမို့ တောက်ခတ်သံတစ်ချက်က ပေါ်ထွက်လာလေသည်။

"အဲဒါပဲ လုပ်လို့မရဘူးလေ။ နင် မေ့သွားတာလား။ နင် မေ့ချင်ယောင် ဆောင်နေတာလား မဒီ။ We keep all our promise ဆို။ ငါတို့ ဘာကတိထားခဲ့တာလဲ"

ပြောတဲ့စကားတွေက အကန်တွေပဲမို့ မဒီက စိတ်ထဲမှာ ထောင်းခနဲတော့ ဒေါသဖြစ်သွားရလေသည်။

"ဒီမှာ ဘန်ဘန်။ ငါကကော ဘာတွေဖောက်ဖျက်နေလို့လဲ။ အခု ကာယကံရှင်ကိုယ်တိုင်က ငါ့ဆီ ဖုန်းဆက်ချိန်းတာလေ"

"ဒါပေမဲ့ အဲဒါ နင်မှ မဖြစ်သင့်တာ"

ဂုဏ်ကိုးက ဖြတ်ပြောလိုက်တာမို့ မဒီ့အာရုံက ဂုဏ်ကိုးဆီကို ရောက်လို့သွားလေသည်၊ တောက် ... ဒါသက်သက်မဲ့ စော်ကားတာ။ မဒီက အပြောခံလိုက်ရတာမို့ စိတ်တွေ အရမ်းကြီးသွားကာ ဝုန်းခနဲ မတ်တတ်ထရပ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်ကိုး ... နင် ဘာစကားပြောတာလဲ။ နင် စကား ပြော ဆင်ခြင်ရင် ကောင်းလိမ့်မယ်"

"တော်တော့။ ဂုဏ်ကိုး ... နင် အသာနေ။ မဒီ ငါတို့ဒီ ကိစ္စနဲ့ ရန်ဖြစ်ဖို့ မလိုဘူး ပြောခဲ့တာ နင်လည်းပါတယ် နော်။ အခု နင်ဘာဖြစ်နေတာလဲ။ ဦးဖန်က ဘာလို့ နင့် ကို ချိန်းတာလဲ ဆိုတာလေး မေးတာဟာ ငါမေးသင့်တဲ့ မေးခွန်း မဟုတ်ဘူးလား"

ဘန်ဘန်နဲ့ပါ တည်လာရပြီမို့ မဒီက တောက်တစ်ချက် ခတ်မိသွားလေသည်။ စိတ်ထဲမှာ အခံရခက်သလို အဖု အထစ်က ဖြစ်သွားပြီမို့ အာရုံတွေက ရှုပ်ထွေးနောက်ကျိသွားလေသည်။ ပြီးတော့ ဒီကိစ္စက မဒီ မမှားဘူးလို့ မဒီ ယူဆတာမို့ ရင်ဆိုင်ပြောရဲသည်။

"ဒီမှာ ဘန်ဘန်၊ နင့်မဲလိပ်မှာ အမှန်ခြစ်လေးပါလို့ ဦးဖန်နဲ့ ပတ်သက်ခွင့်က နင်ရှိတယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ဦးဖန်က ကာယကံရှင်။ သူ့ဘာသာ ငါ့ကို ဖုန်းဆက်ချိန်းတာ ငါ ဘယ်လိုလုပ်ပေးရမှာလဲ"

"ဟဲ့ ... နင် ငြင်းရမှာပေါ့။ ငါက ဦးဖန်နဲ့ ပတ်သက်ခွင့်ရှိတဲ့သူလေ၊ နင် ငြင်းကိုငြင်းရမှာ"





အဲဒါကတော့ ဘန်ဘန် လွန်လွန်းသည်။ မဒီက စိတ်ထဲမှာ ကြိတ်မှိတ်မျိုသိပ်ထားတဲ့ အခိုင်အမာတစ်ခုကို အခုမှ ဖွင့်ချလိုက်မိသွားတာဖြစ်သည်။

"ဒါကတော့ နင် တရားလွန်တာပဲ။ ကာယကံရှင် ကိုယ်တိုင်က ငါ့ဆီ ဖုန်းဆက်ချိန်းတာကို ငါက ငြင်းရမှာလား။ နင် အဲဒီလောက် အတ္တမကြီးစမ်းပါနဲ့။ နင်ကမှ ငါတို့ကို အကွက်တွေ ရွှေ့နေတာ"

"ဘာ ... ငါ ဘာရွှေ့လို့လဲ။ နင်သာ အဲဒီလိုလုပ်တာ"

"ငါက ... ဟား ... ဟား။ ဒီမှာ ဘန်ဘန် ... ဦးဖန် ပြောတဲ့ သီချင်းဆိုတာ ဘာလဲ။ ငါတို့ မသိလိုက်ရပါလား။ အဲဒါ အကွက်ရွှေ့တာ မဟုတ်လို့ ဘာလဲ"

မဒီက တရစပ် ပြောလိုက်လျှင် ဘန်ဘန်က မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"ပစ္စည်းတွေပို့တဲ့သူဟာ ငါဆိုတာ နင်တို့သိပြီးသား။ ငါ ဦးဖန်ကို သီချင်း CD ပို့ခဲ့တယ်။ နင်ကကော ဘာလို့ မပြောတာလဲ"

"ဟာ ... ဘာကိုလဲ၊ ဘာကို ပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မဒီက စိတ်ရှုပ်လာသောကြောင့် စူးခနဲ ထအော်ပစ်လိုက်လျှင် ဘန်ဘန်ကလည်း ပိုဒေါသတွေဖြစ်လာကာ အသံက ပိုကျယ်လာလေသည်။

"ငါမပြောချင်လို့ မျိုသိပ်ထားတာ၊ ဟိုတစ်နေ့က ဦးဖန် ရုံးခန်းမှာ ထားသွားတဲ့ စာရွက်က ဘာလဲဘောလဲ"

"ဘာ"

မဒီက ရုတ်တရက် ဘာပြန်ပြောရမှန်းမသိတော့ကာ တစ်ချက်ငြိမ်သွားတဲ့အချိန်မှာ မှိုင်းဆီက အသံထွက်လာလေသည်။

"အဲဒါ ငါလုပ်တာ၊ ဦးဖန် ရုံးခန်းထဲမှာ ထားခဲ့တဲ့စာရွက်က ငါ ရေးခဲ့တာ၊ သူ့ကို ကျောင်းလာလည်ဖို့ရေးခဲ့တာ"

"ဟင်"

မှိုင်းကပါ ဒီဇာတ်လမ်းထဲ ဝင်လာတာမို့ မဒီက မှိုင်းကို တွေဝေစွာကြည့်မိချိန်မှာ ဘန်ဘန်က နာကျင်းစူးရှစွာ တစ်ချက်ဖိကြိတ်လိုက်ကာ မျက်ရည်လည်ချင်ချင်ဖြစ်နေတဲ့ မျက်ရည်စကို ကျမလာအောင် မျက်နှာကို အနည်းငယ်မော့ကာ မျက်တောင်တစ်ချက်ပုတ်လိုက်ပြီးတော့မှ ...





"အဲဒါဆိုရင်လည်း ဘာလို့ ကံကြမ္မာရဲ့ ဆုံးဖြတ်မှုတွေ ဘာတွေ လေကျယ်နေကြသေးတာလဲ၊ ငါ့ကို ဘာလို့ အရူး ဘုံမြှောက် မြှောက်ပေးနေသေးတာလဲ၊ နင်တို့က ငါ့ကို အရူးလုပ်နေကြတာပဲ"

ဘန်ဘန်က ဒေါသတကြီး တရစပ် ထအော်ပြောပစ်လိုက်တာမို့ မှိုင်းကလည်း စပြီး ပေါက်ကွဲတော့တာပဲဖြစ်သည်။

"နင် အဲဒီစကားမပြောနဲ့၊ ငါ ဒီမှာ စာထားခဲ့တယ်ဆိုပေမယ့်လည်း ဒါတွေဟာ နင်နဲ့ဆိုင်တယ်ဆိုတဲ့စိတ် မွေးပြီးသား၊ ငါ ဦးဖန်ကို စိတ်ဝင်စားမိတယ်၊ ချစ်တယ်၊ နင့်ကို ကံတရားက မျက်နှာသားပေးတဲ့ တစ်ချက်တည်းနဲ့ ငါတို့ရဲ့ စိတ်ခံစားချက်တွေကို မျိုသိပ်ခဲ့ရတာ၊ နင် ဒီလောက်ပေါက်ကွဲနေရင် ငါတို့ ဘယ်လောက်အထိ ခံစားနေရမလဲဆိုတာ နင် ကိုယ်ချင်းစာကြည့်စမ်းပါ"

"အားလုံးတော်တော့ဟာ၊ တစ်ယောက်တစ်ပေါက်နဲ့ ထ သတ်ကြတော့မယ့် အတိုင်းပဲ၊ ယောကျ်ားတစ်ယောက် အတွက်နဲ့ ငါတို့ တစ်သက်လုံးပေါင်းလာတဲ့ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြတ်မလို့လား၊ နင်တို့တွေ ဒီလောက်မွန်မံနေကြစမ်း ပါနဲ့၊ ယောကျ်ားတစ်ယောက်အတွက် ခွန်းကြီးခွန်းငယ်ရှုံ ဖြစ်နေတာ နင်တို့ မရှက်ကြဘူးလား"

ဂုဏ်ကိုးက သုံးယောက်ကြားထဲဝင်လာကာ မျက်စိ စုံမှိတ်အော်ဟစ်တားဆီးမှ အသံက တိတ်ဆိတ်ငြိမ်သက်သွားလေ သည်။ ရင်ထဲမှာလည်း နာကျင်ရလွန်းလို့ ဂုဏ်ကိုးကိုယ်တိုင် လည်း မျက်ရည်တွေကျလာလေသည်။

အမှန်တကယ်တော့ သုံးယောက်စလုံး ပြောနေတဲ့ စကားတွေဟာ ကိုယ့်အတွက်ပဲကိုယ်မှန်နေတာ သူများအတွက် တော့ တက်တက်စင်လွဲနေတာဖြစ်သည်။ ဒီကိစ္စမှာ ဂုဏ်ကိုးသာ စိတ်ခံစားမှုကို ဦးစားပေးပြီး ဝင်ပါလိုက်လျှင် လေးယောက်ဟာ လုံးဝစိတ်ဝမ်းကွဲကြရတော့မှာဖြစ်သည်။

"ဒီမှာ ... ဘန်ဘန် ... မဒီ ... မှိုင်း ... နင်တို့ ငါတို့ကရန်သူ တွေလား၊ ဘာလို့အဲဒီလိုတွေဖြစ်ကုန်တာလဲ၊ ယောကျ်ား တစ်ယောက်အတွက် ငါတို့ရဲ့ အချစ်တွေ သံယောဇဉ်တွေ တစ်ချိတည်းနဲ့တင်ပျက်စီးသွားအောင် နင်တို့တွေရဲ့ ဦးဏှောက် အပေါ်ထားတဲ့အချစ်က သိပ်ကြီးမားနေကြပြီလား"





ဂုဏ်ကိုးရဲ့အမေးစကားကို ငြိမ်သက်စွာ သုံးယောက် သုံးက နားထောင်နေသော်လည်း တစ်ယောက်မှ ပြန်လည်တုံ့ပြန် ခြင်းမရှိပါ။ ဒါပေမဲ့ သူတို့တွေ စိတ်နည်းနည်းပြေသွားပြီဆိုတာ ကော့ ဂုဏ်ကိုးသိပါသည်။ စကားပြန်စဖို့ ခက်နေကြတာဖြစ်၏။

"မှိုင်း ... ဘန်ဘန် ... မဒီ ... ပြောလေဟာ"

"ဆောရီး ... ငါ စကားပြောတာ ရိုင်းသွားတယ်"

မဒီဆီက အရင်ဆုံး အသံစထွက်လာလေသည်။ မဒီ ့ အသံက အောင့်သည်းအောင့်သက်ဖြင့် ထွက်လာတာဖြစ်ပေ မယ့် အဲဒီလေသံမှာတင် ဒီသူငယ်ချင်းတွေကို မပြတ်နိုင်ဘူးဆိုတာ ဆေါ်လွင်လေသည်။

"ငါလည်း ရုတ်တရက် ဖြစ်သွားတာ ဆောရီးပါ"

မှိုင်းဘက်ကလည်း အသံထွက်လာပြီမို့ ဘန်ဘန်ဟာ လည်း သူတို့နဲ့ သိပ်မခြားစွာ အောင့်သည်းအောင့်သက်လေသံပဲ ဖြစ်လေ၏။

"ငါလည်း တဒင်္ဂ စိတ်မထိန်းနိုင်ဘဲ ပေါက်ကွဲမိသွားတာ ဆောရီးပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘာမှ ဆက်စကားမဆိုတာမို့ ဂုဏ်ကို အလျှင်အမြန် ပွဲဝင်ထိန်းရတော့တာဖြစ်သည်။

"ကဲ ကဲ ... ဒီကိစ္စ ခဏမေ့ထားလိုက်ပါ၊ ငါတို့တင်ရမယ့် Project ကိစ္စ အရင်ဆွေးနွေးကြမယ်"

"Project က နောက်တစ်ပတ်မှ တင်ရမှာလေ၊ ငါတို့ အရင်ရှင်းသင့်တာ မနက်ဖြန်ကိစ္စမဟုတ်ဘူးလား၊ ငါတို့က ညီအစ်မအရင်းတွေလို ချစ်ကြတဲ့ သူငယ်ချင်းတွေပါ အခုပြောမယ့်စကားတွေဟာ ရန်ဖြစ်နေတာ မဟုတ်ဘူး ဆွေးနွေးနေတာ၊ မနက်ဖြန် ဘယ်လိုလုပ်မယ်လို့ နင် စဉ်းစားထားသလဲ မဒီ"

ဘန်ဘန်က အားလုံးရှေ့မှာ ပေါ်တင်ပဲမေးလာတာမို့ ဒီကိစ္စဟာ ရှောင်လွှဲလို့ မရတော့ဘူးဆိုတာ ရိပ်မိလေသည်။ အဲဒါကြောင့် မဒီက အားလုံးရှေ့မှာမေးတဲ့မေးခွန်းကို ပွင့်လင်းပြောင်ကျစွာဖြေလိုက်တော့သည်။

"ကောင်းပြီ ဘန်ဘန်၊ နင်နဲ့ငါက သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပဲဟာ၊ ဒိုင်လျှိုစရာမလိုဘူးလို့ ငါ ယူဆတယ် မနက်ဖြန် အစီအစဉ်အတွက် ငါ့ဘက်က ဦးဖန်ကို လာခဲ့





မယ်လို့ ကတိပေးပြီးသား ဖြစ်တဲ့အတွက် ငါသွားမှာပဲ၊ အဲဒါကတော့ ငါ့ Personal လို့ပဲ ငါယူဆတယ်၊ လေးယောက်လုံးကို ရည်ရွယ်တယ်ဆိုရင် နင်နဲ့ သက်ဆိုင်တယ် ဆိုပေမယ့် အခုဟာက ဦးဖန် ငါ့ကို သီးသန့်ဖုန်းဆက်တာလေ၊ အကယ်၍ မှိုင်းဆီဆက်ရင် မှိုင်း သွားပိုင်ခွင့်ရှိသလို မယ်ကိုးဆီဆက်ရင် မယ်ကိုးဆီမှာ သူ့စိတ်နဲ့သူ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လေ ...

နင်နဲ့ဆိုင်တယ် ဆိုပေမယ့် ငါတို့ဘက်မှာလည်း အခွင့်အရေးတော့ ရှိသင့်တာပေါ့"

မဒီက စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်ရင် ရင်ထဲမှာ အနည်းငယ်တော့ ပေါ့ပါးသွားလေသည်။ ကိုယ့်ကိုယ်ကိုယ် ဒီစကားမျိုးတွေ ပြောထွက်သွားလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့ပေ။ ဒါပေမဲ့ တကယ့်လက်တွေ့မှာ မဒီ ပြောထွက်ခဲ့ပါသည်။ အဲဒီလို ပြောထွက်ခဲ့တဲ့အတွက် မဒီ့ရဲ့ခံစားချက်တွေ ပေါ့ပါးသွားပေမယ့် တစ်ဖက်မှာလည်း ဘန်ဘန့်ကို ထိခိုက်စေတဲ့အတွက် ရင်ထဲမကောင်းဖြစ်ရလေသည်။ ဒါပေမဲ့ မဒီမှာလည်း ချစ်တတ်တဲ့နှလုံးသား ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... သိပ်ကိုကောင်းပါတယ် မဒီ၊ ကဲ ... မှိုင်း၊ ဂုဏ်ကိုး နင်တို့ကော ဘာတွေဆက်ပြောချင်သေးလဲ၊ ငါ တကယ်ကို မထင်ခဲ့မိဘူးဟာ၊ ဟိုးငယ်ငယ်တုန်းကလို ငါတို့လိုချင်တဲ့ပစ္စည်းတစ်ခုကို တစ်ယောက်တည်းပိုင်ဆိုင်ခွင့်သာရမယ်ဆိုရင် မဲနှိုက်ရွေးခဲ့လို့ ပေါက်တဲ့သူက ပိုင်ဆိုင်ခွင့်ရလိမ့်မယ်လို့ ငါထင်မိတာ မှားတာပဲ ...

ဆောရီးပါဟာ၊ ငါ သိပ်အတ္တကြီးခဲ့လိုက်တယ်၊ နင်တို့နှလုံးသားတွေကို ငါ ထည့်မတွက်မိဘူး၊ ငါက ဦးဖန်ကိုချစ်တဲ့အချစ်ကိုပဲ ငါ ရှေ့တန်းတင်ခဲ့မိတယ်"

"ဘန်ဘန် ... ငါ့ကိုခွင့်လွှတ်ပါ၊ ငါ ... ငါ ... ဦးဖန်ကိုထင်မှတ်မထားလောက်တဲ့အချစ်မျိုးနဲ့ ချစ်မိသွားလို့ပါဟာ၊ ဒါပေမဲ့ ... ဒါပေမဲ့ ငါ နင့်ကို သိပ်ချစ်ပါတယ် ဘန်ဘန်ရယ်၊ ငါ နင့်ကို သစ္စာဖောက်တာ မဟုတ်ပါဘူး"

ဘန်ဘန်ရဲ့လက်ဖျားတွေကို ဆုပ်ကိုင်ကာ မဒီက တောင်းပန်လိုက်လျှင် မဒီရဲ့လက်တွေကို ပုတ်ထုတ်ပစ်ကာ ...

"ငါ့ကို မတောင်းပန်ပါနဲ့ မဒီ၊ သိပ်ချစ်ကြတဲ့ မိန်းကလေးသူငယ်ချင်းတွေကြားမှာ ယောကျ်ားတစ်ယောက်ဝင်လာတာနဲ့ သွေးကွဲတယ်ဆိုတဲ့ စကားကို ငါ လက်တွေ့ယုံသွားပြီ၊ နင် ငါ့ကို ခွင့်လွှတ်ပါလို့မပြောနဲ့ နင်ဟာ ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း၊ အဲဒီအတွက် ငါ့ကို ဘယ်တော့မှ မတောင်းပန်နဲ့၊ ယောကျ်ားတစ်ယောက်ကို ငါ့သူငယ်ချင်းနဲ့ ငါ လုယူဖို့ သတ္တိမရှိဘူး၊ ငါ့ကို သိပ်ချစ်တယ်ပြောပြီး ငါ့အသည်းခွဲတဲ့ နင့်ကို ငါ ... ငါ"

"ဘန်ဘန် ... ဟဲ့ ... ဘန်ဘန်"

ဘန်ဘန်က စကားတောင် ဆုံးအောင်မပြောနိုင်တော့ဘဲ သူ့အိတ်ကိုဆွဲကာ ငိုပြီးထွက်ပြေးသွားလေသည်။ မဒီလည်း မျက်ရည်တွေကျလာကာ ဆိုဖာမှာ အရုပ်ကြိုးပြတ် ထိုင်ချမိသွားသည်။ မဒီ တကယ်ပဲ ဆိုးဝါးခဲ့ပြီလား။ မဒီက မှိုင်းနဲ့ဂုဏ်ကိုးကို သတိတရကြည့်မိသွားလျှင် မှိုင်းက မဒီ့ကို နားမလည်တဲ့မျက်ဝန်းတွေဖြင့် ငေးကြည့်ကာ ...

"ငါ အခုထိ ဦးဖန်ကို နှစ်သက် သဘောကျနေတုန်းပဲ၊ ဒါပေမဲ့ ငါ ဘန်ဘန့်အတွက်ပဲလို့ သတ်မှတ်ခဲ့ပြီးသား။ သူ့ကို ငါ့ရဲ့သဘောကျတဲ့ မင်းသားတစ်ယောက်အဆင့်အထိပဲ ငါသဘောကျပေးခဲ့တာ မဒီ၊ နင့်ကို ငါ အပြစ်







www.burmeseclassic.com

မတင်ရက်ပါဘူး၊ နင့်ကို ကိုယ်ချင်းစာမပေးနိုင်ပေမယ့် ငါ ခံစားပေးနိုင်ပါတယ်၊ နင့်သဘောကျလုပ်ပါ”

“မနက်က ဘန်ဘန်က ဘာဖြစ်လို့ ငါတို့အတူတူမလာကြတာလဲလို့ မေးလိုက်ကတည်းက ငါ သူ့စိတ်ထဲက အရိုင်းအခဲကိုမြင်မိပါတယ်၊ အေးလေ ... ဒါ ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရဘူးလေ၊ နှလုံးသားဆိုတာ သူ့ကိုပဲချစ်ပါ၊ သူ့ကိုတော့ဖြင့် မချစ်ရဘူးလို့ အမိန့်ပေးနိုင်တဲ့အရာမျိုးမှ မဟုတ်တာ၊ ဦးဖန်က နင့်ကိုချစ်လို့ နင့်ဆီဖုန်းဆက်တာကို နင် သွားရမှာပေါ့ မဒီရယ်”

ဇာကွယ်တမ်းက မဒီလည်း မပျော်နိုင်ပါ။ ဦးဖန်က လေးယောက်ထဲမှာ မဒီ့ဆီကို ဖုန်းဆက်ပြီး တွေ့ဖို့ချိန်းတယ်ဆိုမှတော့ အကြီးကြီးပျော်နေရမှာဖြစ်သည်။ ဒါပေမဲ့ မဒီ့စိတ်တွေ အင်မတန်မှ လေးလံလှပါသည်။

မဒီသိပ်ချစ်သော ဒီသူငယ်ချင်းတွေရဲ့ အငြိုအငြင်ကို မခံရဘဲ ဦးဖန်ကို လွတ်လွတ်လပ်လပ်ချစ်ခွင့်ရဖို့အတွက် မဒီ့ကို မဲပေးမပေါက်တဲ့ကံတရားကိုပဲ အင်မတန်ခါးသီးစွာ ရွံမုန်းမိပါသည်။

❥ ○ ❥





( ၁၄ )

မဒီက ဖရဲသီးဖျော်ရည် တစ်ငုံသောက်လိုက်ပြီး ရင်ခုန်စိတ်လှုပ်ရှားမှုတွေကို ထိန်းချုပ်နိုင်သလောက် ထိန်းချုပ်ထားရသည်။ ကိုယ့်ရဲ့အရှေ့တည့်တည့်မှာ ထိုင်နေတဲ့ သူဟာ မဒီ အင်မတန်မှ ချစ်မြတ်နိုးရသော ရွှေမင်းသားဖြစ်၏။ ဦးဖန်ဟာ ခါတိုင်းထက် ပိုကြည့်ကောင်းလွန်းလှစွာ ပို၍ ပို၍ Mother Father gentlmanကြီးဖြစ်နေတာမို့ မဒီ့မှာ ရင်ခုန်နှုန်းက ဒိန်းတပ်ဘပ်ဖြစ်နေတာ ဖြစ်လေသည်။

“မဒီ့ကို ကိုယ် ဒီနေ့ နှစ်ယောက်တည်းတွေ့ဖို့ချိန်းလိုက်တာကို မဒီ စိတ်မဆိုးနဲ့နော်၊ ကိုယ့်စိတ်ထဲမှာ မဒီ့ကို အရင်းနှီးဆုံး ဖြစ်နေမိလို့ပါ”

www.burmeseclassic.com



မဒီက အဲဒီစကားကြောင့် ပိုပြီးတော့ ရင်ခုန်သံ မြန်လာလေသည်။ စကားတွေ ဒီလောက်တောင် ပဏာမပျိုးနေပြီ ဆိုရင်တော့ ဒါဟာ မဒီ တွေးတင်တွက်ဆထားသလိုပဲ ဦးဖန် မဒီ့ ကို Proposeလုပ်တော့မယ်ဆိုတာ သေချာပေသည်။ ဦးဖန်ပုံစံက လည်း တည်တည်ငြိမ်ငြိမ်လေး ဖြစ်နေတာမို့ မဒီက ပိုပြီး ရင်ခုန် ရလေသည်။

"ဟုတ် ... ပြောပါ ဦးဖန်"

"အင်း ... ကိုယ့်အသက်အရွယ်နဲ့ ဒီစကားကိုပြောဖို့ဆိုတာ ကလေးသိပ်ဆန်လွန်းနေပါတယ်၊ ဒါပေမဲ့လည်း ကိုယ့် ဘက်က သေချာနေတယ်ဆိုတာ လုံးဝ ဆန်းစစ်ပြီးပြီမို့ ကိုယ် ဒီစကားပြောဖို့ ဆုံးဖြတ်လိုက်တာပါ၊ ကိုယ် ..."

ဦးဖန်က စကားစကို ခဏရပ်ကာ ရေသောက် သည်။ မဒီကတော့ ဒီအချိန်မှာ ကမ္ဘာကြီးဘာဖြစ်ဖြစ် ဂရုစိုက် မိမယ်မထင်ပါ။ မျှော်လင့်ဇောတွေဖြင့် တစ်စုံတစ်ရာကိုကြားဖို့ အဆင်သင့်ပြင်ထားသောနားဖြင့် နားစွင့်နေတာဖြစ်လေသည်။

"ပထမဆုံး ကိုယ့်ဆီရောက်လာတဲ့ အရုပ်ကနေစပြီး ရုံးခန်း မှာထားခဲ့တဲ့စာရွက်လေးကအစ ကိုယ်တန်ဖိုးထားခဲ့ပါတယ်၊





ပြီးတော့ အဲဒါတွေအပေါ်ကို ကိုယ် သဘောကျမိခဲ့တယ်၊ ကိုယ် မဒီတို့ လေးယောက်ထဲက တစ်ယောက်ဆိုတာ သိလိုက်ရတဲ့အချိန်မှာ ကိုယ့်စိတ်တွေ တကယ်ရှုပ်ခဲ့တာပါ၊ အဲဒီပစ္စည်းတွေရဲ့ပိုင်ရှင်က ဘယ်သူလဲလို့ ကိုယ်ရိပ်မိသလို ရှိလာခဲ့တဲ့အချိန်မှာ ကိုယ် စကားတွေအများကြီးပြောချင် လာတယ်၊ အဲဒါကြောင့်မို့ ကိုယ် မဒီ့ကို ချိန်းလိုက်ရတာပါ"

အမယ်လေး ... သေတော့မှာပဲ ဦးလေးကြီးရယ်။ မဒီ့ကို ချစ်တယ်ပြောဖို့ ဒီလောက်တောင် introတွေဝင်နေရသလား လို့ ဒိတ်အောက်လိုက်တာ ဦးလေးရယ်။ ဒီမှာက ရင်ခုန်လွန်းလို့ အသက်ပါ ပါသွားနိုင်တယ်။

"မဒီ ... ကိုယ်လေ မဒီ့ကို ..."

"မဟုတ်ဘူး၊ အဲ့ဒါ မဒီ မဟုတ်ဘူး"

အနောက်ကနေ စူးစူးဝါးဝါးအသံကြောင့် မဒီက ထိတ်လန့်တကြား လှမ်းကြည့်လိုက်လျှင် ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားပြီး အဲဒီဦးထုပ်အောက်က မျက်လုံးတွေမှာ ရဲရဲ တောက် ကာလာတွေအပြည့်ဖြင့် မဒီ့ကိုကြည့်နေသော ဘန်ဘန့်ကို တွေ့လိုက်ရတာမို့ မဒီ အရမ်းအံ့အားသင့်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘန်ဘန် ... နင် ... နင်"

"ဘန်ဘန် ... ဘာဖြစ်တာလဲဟင်၊ ဘယ်ကဘယ်လိုရောက်လာတာလဲ"

မဒီက ထိတ်လန့်တုန်လှုပ်စွာ ဘာပြောရမှန်းမသိစဉ်မှာ ဦးဖန်က ဘန်ဘန့်ကို နှုတ်ဆက်လေတာမို့ ကြားထဲမှာ မဒီဟာ ဘာလုပ်ရမှန်းမသိဖြစ်သွားလေသည်။ ဘန်ဘန် ဒီအထိလိုက်လာမယ်လို့ မဒီ လုံးဝထင်မထားမိပေ။ ဦးဖန့်ရဲ့ Propose ကို ကြားရတော့မယ့်အချိန်မှာ ရှုးရှုးဝါးဝါးထအော်ပစ်တာဟာ ပွဲဖျက်တာပဲဖြစ်သည်။

ဘန်ဘန်ရယ် ... နင် တကယ်လုပ်ရက်တယ်ဟာ။

"ဘန်ဘန် ... ဘာဖြစ်လို့လဲ"

ဦးဖန်က ဘန်ဘန့်အနားသို့သွားကာ စိတ်ဝင်တစားဂရုတစိုက်နဲ့ မေးနေချိန်မှာ မဒီက ခန္ဓာကိုယ်အတောင့်သားနဲ့ ဘန်ဘန့်ကို ဒီအတိုင်းကြည့်နေမိသည်။

"ဘန်ဘန် ... မင်း ဘာဖြစ်တာလဲ"

မဒီက ဘန်ဘန်နဲ့ ခံစားချက်တွေ ဖတ်နေသည့် အဓိပ္ပာယ်များစွာပါသည့် အကြည့်တွေဖြင့် ကြည့်မိသွားသည်။





မဒီ့ကို ပြန်ကြည့်သော ဘန်ဘန်ရဲ့ အကြည့်တွေထဲမှာလည်း မဒီနားလည်သော၊ နားမလည်သော အဓိပ္ပာယ်တွေ များစွာပါဝင်သော အကြည့်တွေဖြင့် တန်ပြန်တိုက်ခိုက်နေတာဖြစ်သည်။

"ဟော ... ဘန်ဘန်"

နောက်တစ်ကြိမ် ဦးဖန်က ထပ်ခေါ်လိုက်လျှင် ဘန်ဘန့်အကြည့်တွေက ဦးဖန်ဆီသို့ ရောက်သွားကာ ဦးဖန်ကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"ဟို ... ဘာ ... ဘာမှမဖြစ်ပါဘူး ဦးဖန်၊ မဒီ ... မဒီ့ကို နောက်ချင်လို့ လုပ်လိုက်တာပါ"

ဟင် ... မဒီက ဘန်ဘန် တစ်ခုခု ပြောတော့မှာကို နားမထောင်ရဲစွာ မျက်စိတ်မှိတ်ပစ်လိုက်စဉ်မှာ ထင်ထားသလို "ဦးဖန်ဆီ ပစ္စည်းပို့တာ ဘန်ဘန်၊ ဦးဖန်နဲ့ ပတ်သက်ရမှာက ဘန်ဘန်"ဆိုတဲ့ အသံအစား တခြားစကားတစ်ခုကို ကြားလိုက်ရတာမို့ မဒီက မျက်လုံးတွေပြန်ဖွင့်မိကာ ဘန်ဘန့်ကို ပြန်ကြည့်မိသွားသည်။

"ဟား ... မင်းတို့ကတော့ စပဲကွာ၊ ကိုယ့်မှာ ဘာများဖြစ်သလဲလို့၊ ကဲ ... ရောက်မှတော့ ... တစ်ခုခုစား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... မစား ... မစားတော့ဘူး ဦးဖန်၊ ဘန်ဘန် သွားစရာရှိသေးလို့၊ မဒီ ... ငါသွားပြီ"

ဘန်ဘန်က ကမူးရှူးထိုး ထွက်သွားတာဖြစ်သည်။ မဒီက ဒီအထိရောက်လာပြီးမှ စိတ်ကူးပြောင်းသွားတဲ့ ဘန်ဘန့်ကို စကားတွေပြောချင်လာပါသည်။ ဘန်ဘန်ရယ် ... ငါ နင့်ကို မပြတ်ချင်ဘူးဟာ။

"ဘန်ဘန် ... ဘာဖြစ်သွားတာလဲ မဒီ"

ဦးဖန်က ဘန်ဘန့်ကို စိတ်မချစွာ မဒီကို မေးလေလျှင် မဒီက ဒီအခြေအနေမှာ ဘာကိုမှ မလွဲချင်တာမို့ အလျှင်အမြန် ပွဲကိုလုပအောင် ထိန်းထားလိုက်ရသည်။

"ဘာမှမဖြစ်ဘူး။ သူက ဒီလိုပဲ။ အတည်ပေါက်နောက်တာ။ ဦးဖန် ခုနက စကားစပြတ်သွားလို့။ ဘာလဲဟင်"

"ဪ ... အင်း ... ကိုယ် ပြောရမှာပေါ့"

ဦးဖန်က ခုံမှာပြန်ဝင်ထိုင်ကာ မဒီကို ကြည့်လေသည်။ မဒီက ဒီအခြေအနေ ရောက်မှတော့ ဦးဖန်ဆီက တောင်းခံလာမယ့် propose ကို အလွဲမခံနိုင်ပါ။ ဦးဖန်ရဲ့ အချစ်ကိုရဖို့ မဒီဘက်မှာ ပေးရတဲ့နလုံးသား အရင်းနှီးက ကြီးမားလေသည်။





"ဟုတ်ကဲ့ ... ဦးဖန်"

"မဒီ့ကို ကိုယ်ပြောချင်တာက ကိုယ် မဒီ့ကို အကူအညီတောင်းချင်တာပါ"

"ရှင်"

ထင်ထားတာနဲ့ တော်တော် လွဲချက်ပြင်းသွားတာမို့ မဒီမှာ တော်တော်အံ့အားသင့်သွားလေသည်။ ဦးဖန်က သူ့အာရုံနဲ့သူမို့ မဒီ့ရဲ့အာမေဍိတ်ကို သတိပြုမိဟန်မပြဘဲ သူ့စကားကို အပြီးသတ် ဆက်ပြောလေသည်။

"ဟုတ်တယ် မဒီ။ မဒီ့ဆီက ကိုယ် အကူအညီတောင်းမှ ဖြစ်မှာ။ ကိုယ့်ရဲ့စိတ်ခံစားချက်ကို အရင်ပြောမယ်နော်။ ကိုယ့်စိတ်ထဲမှာ မဒီတို့ လေးယောက်ထဲက တစ်ယောက်ဆိုတာ ဘန်ဘန်လို့ ကိုယ်ထင်တယ်။ ပြီးတော့ ကိုယ် ဘန်ဘန့်ကို ချစ်မိနေတယ်။ ကိုယ်ထင်တာ ဟုတ်လား မဒီ။ မဒီတို့ လေးယောက်ထဲက တစ်ယောက် ဆိုတာ ဘန်ဘန့်ကို ပြောတာမှလား။ မဒီ ကျေးဇူးပြုပြီး အတည်ပြုပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မဒီ ရင်တွေ ပွင့်ထွက်မတတ် ခံစားရလေသည်။ အဲဒီခံစားချက်က မဒီ ဘယ်လိုမှ အမိပ္ပာယ်ဖွင့်ဆိုမပြနိုင်လောက်အောင် ပြင်းထန်လေသည်။ ဦးဖန် ချစ်တာ ဘန်ဘန်တဲ့။ မဒီ ထင်ထားတာတွေနဲ့ အားလုံး အားလုံး ဆန့်ကျင်ဘက်တွေပဲဖြစ်သည်။ ဦးဖန်က ဘာဖြစ်လို့ ဒီလောက်ထိ အတိအကျ သိနေ ထင်နေရတာလဲ။ မဒီတို့ လေးယောက်လုံး ပူးပေါင်းကြံစည်တဲ့ ဒီကိစ္စမှာ လေးယောက်စလုံးဟာ ထင်ချင်စရာတွေ ဖြစ်ပါလျက် ဘာဖြစ်လို့ ဘန်ဘန့်ကိုမှ အတိအကျ ထင်ရတာလဲ။ အဆိုးဝါးဆုံးကတော့ ဒီနေ့ မဒီ propose အလုပ်ခံရမယ်လို့ တစ်ထစ်ချသတ်မှတ်မိတဲ့အချိန်မှ ဦးဖန် ချစ်နေတဲ့သူဟာ ဘန်ဘန်ပါတဲ့။ နှလုံးအားမကောင်းတဲ့သူဆိုရင် ခေါက်ခနဲ သေသွားနိုင်တဲ့ ရှော့ခ်ပဲဖြစ်လေသည်။ အရမ်းကို ပျက်နေတဲ့ ခံစားချက်အနေအထားကို မဒီက အတင်းကို ဖိသိပ်ထိန်းထားရင်း ဟန်ဆောင်ပြုံးတစ်ခုဖြင့်မေးမိသွားသည်။

"ဦးဖန်က ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ"

"အင်း ... နားလည်အောင် ရှင်းပြဖို့ခက်မယ်။ ဟို ... ဘယ်လိုပြောမလဲ ကိုယ်သိနေတဲ့ စိတ်တစ်ခုပေါ့။ ကိုယ်





ဘန်ဘန်လို့ပဲ ထင်နေမိတယ်၊ သူ့ကို ကိုယ်သိပ်ချစ်မိနေတယ်ဆိုတဲ့ ခံစားချက် ရှိလာတဲ့အခါမှာ ကိုယ် ဘန်ဘန်လို့ပဲ ပိုထင်မိနေတယ်။ အဲဒါ ဟုတ်လားဟင် ... မဒီ။ ကျေးဇူးပြုပြီး ပြောပြပါ။ လေးယောက်ထဲက တစ်ယောက်က ဘန်ဘန်မှလားဟင်"

မဒီဆီကမှ ရက်ရက်စက်စက် အတည်ပြုချက်တောင်းရက်တယ်တဲ့လား ဦးဖန်ရယ်။ မဒီ အရမ်းခံစားနေရတာဖြစ်သည်။ လုံးဝသေချာတယ်ဆိုတဲ့ အပိုင်တွက်မှု၊ ပြီးတော့ သူငယ်ချင်းတွေကြားထဲမှာ မဒီ ဘယ်လိုမျက်နှာမျိုးနဲ့ ရှေ့ဆက်ပြီး ...။

မဒီဟာ ရက်စွဲ့မှု ကြေကွဲမှုတွေနဲ့ တုန်ယင်မောဟိုက်လာကာ ဦးဖန်ရဲ့မျက်နှာကို တစ်ချက်ငေးကြည့်မိလိုက်သည်။

"မဒီ ... ကိုယ့်ကို တစ်ခုခု ပြန်ပြောဦးလေ"

ဟင့်အင်း ... မဒီ ဦးဖန်ကို သိပ်ချစ်တယ်။ လုံးဝအဆုံးရှုံးမခံနိုင်ဘူး။ မဒီက ရူးသွပ်မိုက်မဲစွာဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ကာ ဝုန်းခနဲ ထရပ်လိုက်ကာ မျက်စိစုံမှိတ်ပြောပြီးတာနဲ့ အမြန်ပြေးထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး။ ရှင့်ကို ပစ္စည်းတွေ ပို့ခဲ့တာ ကျွန်မ၊ ရှင့်ကို သိပ်ချစ်တယ်ဆိုတာလည်း ကျွန်မပဲ"

ပြောချင်တာပြောပြီး အမြန်ထွက်လာခဲ့ကာ ရင်ထဲမှာ နှလုံးသွေးတွေက တစက်စက်ကျလာသလို ခံစားရလေသည်။ ချစ်တယ်တဲ့။ လုံးဝမချစ်ရဘူး ... မချစ်ရဘူး ... ရဘူး။

• ○ •





ဖန်ယွန်းက နောက်ဆုံးလက်ကျန်ရှင်းတမ်းစာရင်းမှာ လက်မှတ်ထိုးပြီးသွားသောအခါ ခေါင်းထဲမှာ စဉ်းစားစရာတွေက ပေါ်လာလေသည်။ ဖြစ်သွားတဲ့ အဖြစ်အပျက်အတွက် သူ့စိတ်တွေဟာ အရမ်းကို ရှုပ်ထွေးနောက်ကျိနေခဲ့တာဖြစ်သည်။ ပြီးတော့ အရမ်းလည်း အားနာရလေသည်။ မနေ့က မဒီ ကမူးရှူးထိုးပြောသွားတဲ့ စကားတွေအတွက် သူ့အတွေးအာရုံတွေထဲမှာ အနှေးပြကွက်တစ်ခုလို ပြန်မြင်ယောင်လာလေသည်။

"ဟား ... ကွာ"

သူဟာ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုနောက်သို့မော့လှန်ကာ မှီချ၍ မျက်စိကို မှိတ်ထားလိုက်မိသည်။

"ဘောစ် ... ဝင်ခွင့်ပြုပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူရက ရောက်လာတာမို့ ဖန်ယွန်းက မျက်လုံးပြန်ဖွင့်ကာ ခပ်ရှောရှော အနေအထား ထိုင်လျက်ကပင် မေးတစ်ချက်ဆတ်ပြကာ ...

"အေး ... ပြော ... သူရ ဘာလဲ"

"Reception မှာ မဒီဘွဲ့ဖြူ ရောက်နေတယ် ဘော့စ်။ ဘော့စ်နဲ့ တွေ့ခွင့်တောင်းနေပါတယ်။ ကျွန်တော် ဘာပြန်ပြောလိုက်ရမလဲ ဘော့စ်"

"ဟေ ... မဒီ ရောက်နေတယ်"

ဖန်ယွန်းက အရမ်းပဲ အံ့အားသင့်သွားရတာဖြစ်သည်။ ဒီနေ့မှာ မဒီနဲ့ သူတွေ့ရမယ်လို့ တွက်မထားမိဘူးဖြစ်သည်။ ဒါပေမဲ့ သူ့ကို တွေ့လိုပါတယ်ဆိုမှတော့ သူဟာလက်ခံတွေ့ဖို့ လိုအပ်တာပေါ့။

"သူ့ကို ဒီပဲလွှတ်လိုက် သူရ"

"ဟုတ်ကဲ့ ဘော့စ်"

သူရ ထွက်သွားပြီး မကြာခင်မှာ မဒီက သူ့ရုံးခန်းထဲသို့ ရောက်လာလေသည်။ မဒီရဲ့ပုံစံကိုကြည့်ရတာဟာ သူ့စိတ်ထဲ သိပ်တော့ဘဝင်မကျပေ။ တစ်မျိုးတော့ တစ်မျိုးဖြစ်နေသလိုပဲ။





"မဒီ ... လာ ထိုင်လေ"

သူ့ရဲ့ဖိတ်ခေါ်မှုကို မဒီက ခေါင်းတစ်ချက်ညိတ်ပြကာ သူ ညွှန်ပြတဲ့ ဆိုဖာမှာ ဝင်ထိုင်လေသည်။ သူရက အအေးသွားလာပို့ပေးတာမို့ မဒီက ဘာစကားမှ မဆိုသေးပေ။ သူရ ပြန်ထွက်သွားလျှင် သူကပဲ အရင်စ,မေးလိုက်တော့သည်။

"မဒီ ကိစ္စရှိလို့လား။ ကိုယ် ဘာကူညီပေးရမလဲ"

ဖန်ယွန်းက မနေ့က ကိစ္စကို ကန့်လန့်ကာချထားပြီး စိတ်ပိုင်းဖြတ်ကာ ဘာမှမဖြစ်သလို နဂိုအတိုင်း မေးလေလျှင် မဒီက သူ့မျက်နှာကို စေ့စေ့ကြည့်လေသည်။

"ကိစ္စရှိတာပေါ့၊ မနေ့က မဒီတို့စကားက အဆုံးမှမသတ်သေးတာ"

မဒီ့စကားကြောင့် သူဟာ စိတ်ထဲတစ်မျိုးတော့ဖြစ်သွားရလေသည်။ မဒီ့ရဲ့ပုံစံဟာ ထင်ရာစိုင်းမယ့် ပုံစံမျိုးပေါက်နေကာ ခပ်ထွေထွေ စကားသံကြောင့် မဒီ တစ်ယောက် အနည်းဆုံးတော့ သောက်ထားတယ်လို့ သူ ခန့်မှန်းမိသည်။

"မဒီ ... မင်း မူးနေတာလား"

သူ့စကားကြောင့် မဒီက အေးတိအေးစက် အပြုံးစခပ်ဖြင့် ပြုံးကြည့်နေရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"မမူးပါဘူး ဦးဖန်ရယ်။ ယောကျ်ားလေးတွေက အသည်းကွဲရင် အရက်သောက်တယ်။ မိန်းကလေးတွေလည်း အသည်းကွဲရင် ဆိုဂျူးလောက်တော့ သောက်ရမှာပေါ့။ ပါးပါးလေးပါ။ မမူးပါဘူး။ မဒီတို့ပြောတဲ့စကားက မနေ့ကမှ မပြီးသေးတာ"

ဟား ... ဒီကောင်မလေးတော့ကွာ။ ဖန်ယွန်းသာ ထင်ရာစိုင်းလာပုံပေါက်သော မဒီကို ဖျောင်းဖျဖို့ လိုလာပြီဆိုတာ သူ သဘောပေါက်လိုက်သည်။

"မဒီ ... မနေ့က ကိုယ့်စကားတွေအတွက် ကိုယ်တောင်းပန်တယ်။ ကိုယ့်ကြောင့် မဒီ စိတ်အနှောင့်အယှက်ဖြစ်သွားရတာ စိတ်မကောင်းပါဘူး။ မနေ့က စကားတွေကို ကိုယ်မပြောခဲ့ဘူးလို့ သဘောထားပေးပါ"

"အဲဒီလို လုပ်လို့မရတော့ဘူး ဦးဖန်။ မပြောခဲ့ဖူးဘူး သဘောထားပေးရအောင် မဒီက အရူးမဟုတ်ဘူး။ မဒီရဲ့ စိတ်ခံစားချက်တွေအတွက် ဦးဖန်က ဘယ်လိုတာဝန်ယူမှာလဲ။ မဒီ့ရဲ့အချစ်တွေကို ဘယ်သူက လက်ခံပေးမှာလဲ။ ပိုင်ရှင်မဲ့အချစ်တော့ မဒီ အဖြစ်မခံနိုင်ဘူး ဦးဖန်"





"မဒီ ... မင်း မူးနေပြီကွ။ အိမ်ပြန်လိုက်တော့"

"မဒီ မမူးပါဘူး။ ဦးဖန် ... ဦးဖန်ဆီကို ပစ္စည်းတွေပို့ခဲ့တာ မဒီဘဲ။ ဦးဖန်ကို ချစ်နေတယ်ဆိုတာလည်း မဒီပဲလေ"

သူ့ကို ဆွဲလားရမ်းလား လုပ်တာမို့ ဖန်ယွန်းက အတင်းခနဲ ရုန်းလိုက်ကာ ထိုင်ရာမှ ထလိုက်ရင်း ...

"ဒီမှာ မဒီ ... မင်း အသိစိတ်လွှတ်နေပြီ။ မင်း ဘာစကားတွေပြောနေတယ် ဆိုတာကို မင်းကိုယ်မင်း သတိထားဦး။ ဒီမှာ မင်းတို့တွေဟာ ငါ့တူမအရွယ်၊ ငါ့ညီမအရွယ်။ ပြီးတော့ မင်းကို ငါက ခင်ရုံပဲခင်တာ။ ပစ္စည်းတွေပို့တဲ့သူက ဘန်ဘန်လို့ ငါ မှားထင်ကောင်း မှားမိမယ်။ ဒါပေမဲ့ ငါ့စိတ်ခံစားချက်ကတော့ ဘယ်တော့မှမမှားဘူး။ ငါ ဘန်ဘန့်ကိုပဲ ချစ်တယ်"

"မချစ်ရဘူး။ မချစ်ရဘူး။ ဒီမှာ ဦးဖန် ... မဒီကကော ဘာများအားနည်းချက်ရှိနေလို့လဲ။ ဦးဖန် အပေါ်ကို မဒီက အရင်ဆုံး စ,စိတ်ဝင်စားခဲ့ပြီး ချစ်ခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



မဒီက သူ့ကိုထပေါက်ကွဲပြနေတာမို့ ဖန်ယွန်း... ဒီကောင်မလေး စိတ်ထင်ရာတွေ လျှောက်ပြောနေတယ်လို့ သဘော... ထားကာ မဒီ့ကို ပြန်ပို့ဖို့ပဲ ဆုံးဖြတ်ရတော့သည်။

"မဒီ ... မင်း မူးနေပြီ။ တော်တော့ ... မင်း အိမ်ပြန်... မယ်။ သူရ ... သူရ"

သူရက သူ့အခန်းထဲကို ဝင်လာလျှင် ဖန်ယွန်း... မဒီ့ကို အိမ်ပြန်ဖို့ အမြန်စီစဉ်ခိုင်းရသည်။

"မအေးဝင်းနဲ့ မင်း မဒီ့ကို အိမ်ပြန်လိုက်ပို့ပေးလိုက်"

"မပြန်ဘူး။ ဦးဖန် ... မဒီ မမူးပါဘူး။ မဒီ မေးတာ... ဖြေ။ ဖြေပြီးရင် မဒီ သွားမယ်။ ဘာကြောင့်လဲ။ ဘာကြောင်... သူ့ကိုမှ ရွေးချစ်ရတာလဲ"

မဒီက ဒဏ်ရာရနေတဲ့ ကျားနာမလေးအသွင်ပြ... သူ့ကို ဒါမှဒါ တစ်ခွန်းထိုး မေးနေတာမို့ ဖန်ယွန်းက မဖြစ်မေ... ဖြေပေးလိုက်ဖို့ ဆုံးဖြတ်ကာ သူမဆီက ကတိကို အရင်တောင်... လေသည်။

"ကိုယ် ဖြေပြီးသွားရင် မင်း အိမ်ပြန်မယ်လို့ ကတိပေးပါ... အဲဒါဆိုရင် ကိုယ်ပြောမယ်"

"ဖြေပါ ဦးဖန်"





"ကိုယ် ဘန်ဘန့်ကိုပဲ ချစ်တယ်။ အချစ်ဆိုတာ လုပ်ယူဖန်တီးလို့ မရဘူး။ ပစ္စည်းတွေ ပို့ပေးတာဟာ မင်းဖြစ်နေလို့၊ မင်းကို ပြောင်းချစ်လို့ မရဘူး မဒီ။ မင်း မရူးသွပ်ပါနဲ့။ ကိုယ် ဘယ်သူ့ကို ချစ်တယ်ဆိုတာ ရွေးချယ်ပြီးပြီ"

မဒီက သူ့ရဲ့အပြတ်သားဆုံးပြောပြီးတဲ့ စကားအဆုံးမှာ သူ့ကို မျက်ရည်အဝဲသားဖြင့် ငေးကြည့်ပြီး ဘာတစ်ခွန်းမှ ဆက်မမေးတော့ဘဲ ဝုန်းခနဲ ထွက်သွားလေသည်။ မတတ်နိုင်တော့။ သူ အရှုံးလုပ်တယ်လို့ အပြောမခံချင်သလို မဒီ့ကို မိုက်ရူးရဲမဆန်စေချင်ပါ။

"သူရ ... မင်း မအေးဝင်းနဲ့ မဒီ့နောက်လိုက်။ သူဘာမှ မဖြစ်စေနဲ့။ သူ အိမ်ကို ချောချောမွေ့မွေ့ ပြန်ရောက်ပြီဆိုမှ ပြန်လာပါ"

ဖန်ယွန်း စကားဆုံးတာနဲ့ သူရက မအေးဝင်းကို သွားခေါ်ကာ မဒီ့နောက် လိုက်သွားလေသည်။ ဟား ... သူ တကယ်မှားသွားခဲ့ပြီ။ မဒီ့ရဲ့စိတ်ကို သူ တကယ်ပဲ ဒဏ်ရာပေးခဲ့မိပြီလား။ ခွင့်လွှတ်ပါ မဒီ။ ကိုယ် တကယ်ချစ်ခဲ့တာ ဘန်ဘန့် ဖြစ်နေခဲ့လို့ မင်းကို ပြတ်သားခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၅ )

အခုတလောမှာ အရမ်းကို စိမ်းကားသွားတဲ့ အခြေ အနေတွေကြောင့် အားလုံး စိတ်မကောင်း ဖြစ်နေရတာပဲဖြစ်သည်။ အရင်ကဆို ကျောင်းသွားအတူ၊ မုန့်စားအတူ၊ အမြဲမခွဲ တတွဲတွဲ ဖြစ်နေသော ဒီလေးယောက်ဟာ အခုတော့ဖြင့် ကျောင်း class မှာ ထိုင်တာတောင် တစ်ယောက်တစ်နေရာစီ။ မှိုင်းနဲ့ ဂုဏ်ကိုးက ဘာမှမဖြစ်ကြပေမယ့် ဘန်ဘန်နဲ့ မဒီဟာ တစ်ယောက်ကိုတစ် ယောက် စိမ်းကားအေးစက်သွားတာမို့ တကယ်အနေရခက်လေ သည်။

"ဘန်ဘန် ... နင် မဒီကို စကားမပြောဘူးလား"





Brake time ပေးတဲ့အချိန်မှာ မှိုင်းက ဘန်ဘန့် အနားသွားကာ မေးတာမို့ ဘန်ဘန်က မှိုင်းကို ဆတ်ခနဲ ပြန် ကြည့်သည်။

"ငါက ဘာမှမဖြစ်ဘူး။ သူသာ ငါ့ကို စကားမပြောရဲ ဖြစ်နေတာ"

"ဟဲ့ ... နင် ဘာစကားပြောတာလဲ"

ဘန်ဘန့်စကားကို ကြားသွားတဲ့ မဒီက ဟိုဘက် ဝိုင်းကနေ ဝုန်းကနဲ ထလာကာ ပေါ်တင်လာခဲ့တာမို့ ဘန်ဘန် က ထိုင်ရာမှထကာ သူ့ကို ရင်ဆိုင်ကြည့်ပစ်ကာ ...

"အမှန်ပြောတာလေ။ ဘာကို နင်က နာနေရတာလဲ"

"ဘာ ... ဘန်ဘန် ... တိတ်စမ်း။ နင့်ပါးစပ်ကို"

မဒီက စူးစူးဝါးဝါး ထအော်ပစ်လိုက်တာမို့ ကျိတ် ဖြစ်နေကြတဲ့ မဒီတို့ရဲ့ပြဿနာဟာ ဘေးက ကျောင်းသူကျောင်း သားတွေက သတိထားမိကုန်ကာ ဘန်ဘန်တို့ကို ကွက်ကြည့် ကွက်ကြည့် ကြည့်ကုန်ကြ၏။ လူတွေကြားထဲမှာ အအော်ခံလိုက် ရတဲ့ ဘန်ဘန့်ရဲ့ဒေါသက ငယ်ထိပ်တက်ဆောင့်ကုန်ကာ မှိုင်းနဲ့ ဂုဏ်ကိုး တားတာတောင် ဂရုမစိုက်အားတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မပိတ်နိုင်ဘူး။ နင် အရမ်းတရားလွန်တယ်။ နင် ငါ့ကို ဘာတွေ ဒီလောက် မကျေနပ်နေရတာလဲ။ နင့်ကို ငါ ဘာလုပ်လို့လဲ။ နင် ငါ့ကို အဲဒီလို ရန်မူမနေနဲ့"

"နင် ငါ့ကို စကားမပြောဘူးလေ။ နင် ငါ့ကို လျစ်လျူရှုတယ်။ ငါ နင့်ကို မကျေနပ်ဘူး"

"မဒီ ... နင် ဘာဖြစ်နေတာလဲ။ တော်တော့ ... နင် ဂေါက်မနေနဲ့။ ဟိုမှာ လူတွေကြည့်နေပြီ။ ဘန်ဘန် ... နင်လည်း တော့တောဟာ"

မှိုင်းက ကြားထဲက ဝင်တောင်းပန်လည်း ဘန်ဘန် ဂရုစိုက်မအားတော့။ မျိုသိပ်သည်းခံထားတဲ့ ဒေါသတွေဟာ အဆုံးစွန်ပေါက်ကွဲဖို့ စနက်တံဖြုတ်လိုက်ပြီဖြစ်သည်။

"နင်က တော်တော်ရယ်စရာကောင်းတာပဲ။ ဒီမှာ မဒီ ... ငါ နင့်ကို ပြောထားပြီးသား။ ဘယ်တော့မှ ငါ့ကို ခွင့်လွှတ်ပါမပြောနဲ့။ နင် သိပ်ချစ်ပါတယ်ဆိုတဲ့ ငါကလည်း လက်စားချေတတ်တယ်။ နင့်ကို နင့်ရဲ့လုပ်ရပ်တွေကို သိပ်ချစ်လွန်းအားကြီးလို့ ငါ လက်စားချေပြမယ်။ အချစ်ကို လက်စားချေဖို့ အကောင်းဆုံးနည်းလမ်းက အချစ်ကို လျစ်လျူရှုလိုက်ဖို့ပဲ။ neglect to love "





"နင် အဲဒီလိုလုပ်လို့ မရဘူး ဘန်ဘန်။ ငါ့ကို နင်လျစ်လျူမရှုရဘူး"

"ဟား...ဟား ... နင် သိပ်အတ္တကြီးပါလား။ ဦးဖန်ကိုကော ငါ့ကိုကော နင့်ပိုင်ဆိုင်ချင်တဲ့ လောဘတွေ သိပ်များလွန်းနေပြီ။ ဦးဖန်က နင့်ကို ချစ်နေပြီပဲ။ နင် ဘာတွေကိုများ ထပ်လိုချင်နေသေးတာလဲ။ အရာရာအားလုံးရဲ့ ဖန်တီးသူက နင်ဖြစ်ပြီးတာတောင် နင့်လောဘက အတောမသတ်နိုင်ဘူးသား။ ဦးဖန် နင့်ကို ချစ်နေတာပဲ။ ငါကကော နင့်ကို ဘာတွေနှောင့်ယှက်နေလို့လဲ

"အား ... ဦးဖန်က ငါ့ကို ချစ်တယ်လို့ မပြောနဲ့"

မဒီက ရူးသွပ်နေသူတစ်ယောက်လို အသံကုန်အော်ဟစ်ပေါက်ကွဲပစ်ရင်း စားပွဲပေါ်မှာ တင်ထားတဲ့ မုန့်ဘူးတွေ ခွက်တွေကို ဝုန်းခနဲ လက်ဖြင့် တိုက်ချပစ်လိုက်သည်။ မဒီရဲ့ ရူးသွပ်မှုကို ဘန်ဘန်တို့အားလုံး မှင်တက်မိနေချိန်မှာ ကျောင်းရဲ့ Security တွေက ရောက်လာကာ တားမြစ်လိုက်၏။

"လေးယောက်လုံး ရုံးခန်းလိုက်ခဲ့ကြ"



www.burmeseclassic.com

www.burmeseclassic.com



စာသင်ကျောင်းမှာ အော်ကြီးဟစ်ကျယ် ရန်ဖြစ်တဲ့အတွက် ဘန်ဘန်တို့ ရုံးခန်းလိုက်ခဲ့ရကာ ခံဝန်ထိုးရသည်အထိ မဒီရဲ့ အဆုံးစွန်ပေါက်ကွဲမှုတွေဟာ ပြောင်မြောက်လှပါသည်။ ဘန်ဘန်သည် မဒီကို စိတ်နာလာမိသည်။ ဘန်ဘန့်နှလုံးသားကို ရပြီးတာတောင် ဘန်ဘန်က သူ့ကို စကားမပြောလို့ ပေါက်ကွဲသောင်းကျန်းပစ်တဲ့ မဒီကို အခံရခက်သော ခံစားချက်နာကျင်မှုများဖြင့် အရမ်း အရမ်းကို စိတ်နာလေသည်။

❥ ○ ❥





ဘန်ဘန်က ကိုယ့်ရဲ့ Hollow ဂစ်တာလေးအပေါ်ကိုပဲ ဒေါသတွေ ခံစားချက်တွေကို ဖိချပစ်ကာ အဓိပ္ပာယ်မဲ့ သံစဉ်မညီစွာ လျှောက်တီးပစ်သည်။ ဘန်ဘန့်ရဲ့စိတ်တွေ အနည်းငယ် ပျော့ပါးပြီဆိုမှ ဘန်ဘန်က ဂစ်တာကြိုးညိုကာ ရင်ထဲက ခံစားချက်တွေကို ဖွင့်ထုတ်ပစ်လိုက်သည်။

"ငါ့ရင်ထဲ xxx ဝင်ရောက်လာခဲ့ xxx မင်းအကြည့်များ xxx ငါလေ မတားဆီးနိုင်ခဲ့ xxx မာနတွေလည်း ဘယ်ရောက်ကုန်ပလဲ xxx မင်းအတွက်ဆို xxx အချစ်တစ်ခုထဲ xxx အကြိမ်ကြိမ် ရင်မှာငိုနေတယ် xxx ဒါတွေ နင်လေ ဘယ်မြင်မလဲ xxx မင်းအတွက်ပဲ ငါ xxx အမြဲတမ်း ပြုံးထားတယ် xxx ဘယ်သူတွေ ဘယ်လို ရှောင်ကာဖယ် xxx ငါ့ရဲ့အချစ်တွေ အဆင်သင့်ပဲ xxx တဖက်သတ် ငါ့မှာအရူးတစ်ပိုင်း ဖြစ်ခဲ့တယ် xxx

www.burmeseclassic.com

www.burmeseclassic.com



အမက်မောဆုံးပဲ xxx နင့်အပြုံးလေးများနဲ့ xxx ဘာတွေများ xxx ငါ့အား xxx ဒူးထောက်စေခဲ့သလဲ xxx ငါ အမုန်းဆုံးပဲ xxx နင့်ဘေးနားရှိတဲ့ xxx ဟိုကောင်မလေးတွေနဲ့ နင်ချစ်သွားမှာစိုးတယ် xxx အရမ်းပဲကြောက်မိတယ်"

ဘန်ဘန်က ရင်ထဲက ခံစားချက်တွေကို သီချင်းဆို၍ ဖွင့်ထုတ်နေတုန်း မှိုင်းနဲ့ ဂုဏ်ကိုးက အိမ်ရောက်လာတာမို့ ဘန်ဘန်က သီချင်းဆက်မဆိုတော့ဘဲ ရပ်ပစ်လိုက်ကာ ဂစ်တာကို ဘေးမှာ ထောင်ထားလိုက်ပြီး ...

"အမယ် ... နင်တို့နှစ်ယောက်က ဘာလာလုပ်ကြတာတုံး၊ ဘယ်က ဘယ်လိုချိန်းလာတာလဲ"

ဘန်ဘန်က အရင်လို သွက်သွက်လက်လက်လေး မေးလိုက်လျှင် ဂုဏ်ကိုးက မျက်နှာအနည်းငယ် ညှိုးသွားသည်။ ပြီးတော့မှ ဘန်ဘန့်ကို တစ်ချက်စိုက်ကြည့်ကာ ...

"နင်နဲ့ စကားပြောချင်လို့။ ဘန်ဘန် ... ငါတို့တွေရဲ့ ဆက်ဆံရေးက ဘာလို့ ဒီလောက်အေးစက်သွားရတာလဲ"





ဘန်ဘန်က ဘာကိုဆိုလိုချင်တာကို သဘောပေါက်ကာ အဲဒီအကြောင်းအရာကို မပြောချင်တာမို့ မသိချင်ယောင်ဆောင်လိုက်သည်။

"ဘာမှ မအေးစက်ပါဘူး။ ငါတို့ ဒီတိုင်းပဲ တွေ့နေပြောနေကြတာပဲဟာ"

"မဟုတ်ဘူး။ ငါ ဆိုလိုချင်တာ နင်သိပါတယ်"

"ဒီအကြောင်းတွေ ပြောဖို့ဆိုရင် နင်တို့ အိမ်ပြန်တော့ဟာ။ ငါ မပြောချင်ဘူး"

"မပြောလို့ မရဘူး ဘန်ဘန်။ မဒီနဲ့ နင်က ရန်သူတွေ မဟုတ်ဘူး။ ကလေးဘဝတည်းက ချစ်လာခဲ့တဲ့ သူငယ်ချင်းတွေ။ ငါတို့ရဲ့ခင်မင်မှုကို ယောကျ်ားတစ်ယောက်အတွက် အပျက်စီး မခံနိုင်ဘူး"

ဂုဏ်ကိုးက မျက်ရည်အလည်သားဖြင့် ဘန်ဘန့်ကို အော်ပြောလျှင် ဘန်ဘန်က စိတ်တွေရှုပ်ထွေးလာကာ ထအော်ပစ်လိုက်သည်။

"အဲဒါ ငါ့ကို လာမပြောနဲ့။ မဒီကို သွားပြော၊ ငါ့ဘက်က ဒီလောက် စွန့်လွှတ်ခဲ့တာတောင် သူ မကျေနပ်နိုင်တာကို ငါ သိပ်စိတ်နာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် စွန့်လွှတ်လည်း သူမှ မပိုင်တာ"

"ဟင်"

မိုင်းရဲ့စကားကြောင့် ဘန်ဘန်က မိုင်းကို နားမလည်စွာ ပြန်ကြည့်လိုက်သည်။ ဘန်ဘန်က အူတူတူဖြစ်နေတဲ့ ကိစ္စရပ်ကို မိုင်းက ရှင်းမပြရသေးခင်မှာ မိုင်းက စကားဆက်ပြော၏။

"မဒီ တော်တော်နေမကောင်း ဖြစ်နေတယ်။ အခု သူ့ကို ဆေးရုံတင်ထားရတယ်"

ဟင် ...။ မဒီ ဆေးရုံတင်ထားရတယ်။ ဘန်ဘန်ဟာ အဲဒီစကားကြောင့် စိတ်နာပါတယ် ဆိုပေမယ့်လည်း မဒီအတွက်တော့ စိတ်အရမ်းပူသွားရသည်။

"ဘာဖြစ်တာလဲ။ စိုးရိမ်ရလား"

"မဒီအကြောင်း နင် သိရဲ့သားနဲ့။ သူက တစ်ခုခု ထိခိုက်ခံစားရရင် အဲဒီလို အပြင်းအထန် ဖျားနေကြဟာကိုး။ ဒါပေမဲ့ ဒီတစ်ခါတော့ သတိလစ်သွားလောက်အောင် အဖျားကြီးသွားတာ။ ငါတို့ အခုပဲ ဆေးရုံက ပြန်လာတာ။ ငါတို့ရောက်တော့ သူ သတိရနေပြီ"

"ငါ့ကို မမေးဘူးလားဟင်"





ဘန်ဘန်က ရင်ထဲမှ သံယောဇဉ်လက်ကျန်ဖြင့် မေးမိသွားသည်။ ဂုဏ်ကိုးက ဘန်ဘန့်ရဲ့ဆံပင်စလေးတွေကို ခပ်ဖွဖွ ပွတ်သပ်ပေးရင်းက ...

"မဒီက ပြောတယ်။ ဘန်ဘန့်ကို ငါ့ဆီ ခေါ်လာမယ်ဆိုရင် သူ့အမှန်တရားသိဖို့ လိုတယ်တဲ့။ သူတင်မကဘူး။ နောက်တစ်ယောက်လည်း သိဖို့လိုသေးတယ်တဲ့။ သူတို့ဆီကို အမှန်တရားတွေ ပြောပြပေးပါဆိုပြီး ငါတို့ကို တောင်းဆိုလာတယ် ဘန်ဘန်။ အခု ငါတို့ နင့်ဆီမလာခင် တစ်ယောက်ဆီကို ဝင်လာခဲ့သေးတယ်"

"ဘယ်သူ့ဆီလဲ"

ဘန်ဘန်က ကြားရတဲ့ စကားအဆန်းတွေကြောင့် အရမ်းကို သိချင်စွာ အမောတကော မေးလေလျှင် မိုင်းကပြန်ဖြေပေးသည်။

"ဦးဖန်ဆီကို"

ဘန်ဘန်က တဒင်္ဂငြိမ်တိတ်သွားချိန်မှာ မိုင်းက ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကို ရောက်လာတဲ့ ပြာရီမှိုင်းနဲ့ ဂုဏ်ရှိန်ကိုးကို ဖန်ယွန်းက စိတ်ရှုပ်စွာ တစ်ချက်ကြည့်ကာ မေးလိုက်သည်။

"မင်းတို့ ကိုယ့်ကို ဘာပြောချင်လို့ ချိန်းတာလဲ"

"ဦးဖန် ... မှိုင်းတို့ မေးတာကို အရင်ဆုံး ဖြေပေးပါ။ ဦးဖန် မဒီကို မချစ်ဘူးလားဟင်"

တကယ့်ကို စိတ်ရှုပ်စရာမေးခွန်းမို့ ဖန်ယွန်းက ကျစ်ခနဲ စုပ်သတ်လိုက်ကာ ...

"ဒီမှာ ... ဒီမေးခွန်းကို ဘယ်သူက မေးခိုင်းလိုက်တာလဲ၊ ကိုယ် စကားအများကြီး မပြောချင်ဘူး။ မဒီကို ပြောလိုက်ပါ။ ကိုယ် သူ့ကို အများကြီး တောင်းပန်ပြီးပါပြီ။ နောက် အဲဒီမေးခွန်း မမေးခိုင်းပါနဲ့လို့။ တကယ်တော့ မင်းတို့ လေးယောက်နဲ့ ပတ်သက်မိခဲ့တာ ငါမှားတာပဲ"





"မဒီက အခု ဆေးရုံတင်ထားရပါတယ် ဦးဖန်။ ပြီးတော့ မဒီ ပြောခိုင်းလိုက်ပြီး ဦးဖန် သိသင့်တယ်ထင်တဲ့ မှိုင်းတို့ရဲ့ လျှို့ဝှက်ချက်ကို ပြောပြပါ့မယ်"

ဖန်ယွန်းက လူနဲ့မလိုက် စကားလုံးတွေက အရမ်းရင့်ကျက်နေတာမို့ သူမတို့ ဘာပြောလေမလဲဆိုတာ သူ စိတ်ဝင်စားမိသွားသည်။ ဖန်ယွန်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်ကာ ပြောခွင့်ပြုလိုက်သည်။

"အင်း ... ဆိုပါဦး"

"မှိုင်းတို့ လေးယောက်က ဟိုးကလေးဘဝကတည်းကနေ အခုချိန်ထိ တစ်ယောက်ကို တစ်ယောက် အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေပါ။ အကြိုက်တူ၊ စိတ်တူ၊ ကိုယ်တူ ဒီလေးယောက်ကြားမှာ တစ်ခုတည်းရှိတဲ့ အကြိုက်တူတာပေါ်လာတိုင်း မဲနှိုက်ပြီး ကံကြမ္မာရဲ့အဆုံးအဖြတ်ကို ယူလေ့ရှိပါတယ်။ အဲဒီလို ဆုံးဖြတ်မှုမှာ ဦးဖန်လည်း အပါအဝင်ပါပဲ"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားတွေကို မှိုင်းတို့ ပြောနေရတာ အကြောင်းရှိပါတယ်။ ဦးဖန်နဲ့ ပတ်သက်ပြီး တကယ်ခံစားချက်ရှိတဲ့သူ ရှိနေလို့ပါ။ အတိုပြောရရင် မဲနှိုက်ကြတယ်။ မဲပေါက်တဲ့သူက ဘန်ဘန်ပါ"

ဘန်ဘန်။ ဖန်ယွန်းက သူသိတာနဲ့ လွဲမှားနေတာမို့ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။ အဲဒါကို သိနေတဲ့မှိုင်းက စကားဆက်ပြောလေသည်။

"မဒီရဲ့လုပ်ရပ်က ဦးဖန်အတွက် စိတ်ဆိုးစရာဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ ဒီစကားတွေကို မဒီ ကိုယ်တိုင်က ပြောခိုင်းလိုက်တာပါ ဦးဖန်။ မှိုင်းတို့လေးယောက်စလုံး ဦးဖန်ကို စိတ်ဝင်စားမိတယ်ဆိုတာ ဝန်ခံပါတယ်။ အဲဒီထဲမှာ မဒီက ဦးဖန်ကို မှိုင်းတို့ထက် ပိုစိတ်ဝင်စားမိခဲ့တယ်။ မိန်းကလေးတွေမှာရှိတဲ့ ၂ ဝင်တဲ့စိတ်ကြောင့် တဒင်္ဂ သူပေါက်ကွဲမိသွားတာပါ။ အဲဒီရူးသွပ်မှုအတွက် မဒီ အများကြီး ခံစားခဲ့ရရှာပါတယ်။ ခုသိပ်ချစ်တဲ့ သူငယ်ချင်းရဲ့ လျစ်လျူရှုခြင်း ခံရတယ်။ အဆိုးဆုံးကတော့ ဘန်ဘန်နဲ့ စကားတွေများပြီး ကျောင်းမှာ ဝန်ခံထိုးရတဲ့ အထိကို သူ လွှတ်ထွက်သွားတာ ...





အမှန်တော့ မဒီ ၂ ဝင်သွားတာပါ။ သူ စိတ်တွေ ဘယ်လောက်ခံစားရမလဲဆိုတာ မှိုင်းတို့ ကိုယ်ချင်းစာကြည့်လို့ ရပါတယ်။ ဘန်ဘန့်ရဲ့လျစ်လျူရှုမှု ခံရတဲ့အခါမှာ သူ ပိုပြီးခံစားသွားရတယ်။ မဒီက ဦးဖန်ကို ပြောခိုင်းလိုက်ပါတယ်။ သူ ရိုင်းမိခဲ့တာတွေအတွက် ခွင့်လွှတ်ဖို့ သေချာမှာလိုက်တယ်။ ပြီးတော့ ဘန်ဘန်ကသာ ဦးဖန်ဆီ ပစ္စည်းတွေ ပို့နေတဲ့သူ ဆိုတာကိုပါ ပြောခိုင်းလိုက်ပါတယ် ဦးဖန်"

စကားတွေ အရှည်ကြီး ပြောလိုက်ရသဖြင့် မောသွားဟန်ဖြင့် မှိုင်းက စကားစခဏရပ်သွားသည်။ သူ့ဘက်က comment တစ်စုံတစ်ရာ မပေးရသေးခင်မှာ ဂုဏ်ကိုးက ဆက်ပြောလေသည်။

"မဒီက ဦးဖန်ကြောင့် ခံစားနေရတဲ့အချိန်မှာ ဘန်ဘန့်ရဲ့ လျစ်လျူရှုမှုကို ခံလိုက်ရတော့ သူ ဘယ်လိုမှ မခံစားနိုင်ဘူး ဖြစ်သွားတာ။ ပြီးတော့ သူ ဘန်ဘန့်ရဲ့လျစ်လျူရှုမှုကို မခံစားနိုင်ဘူး။ ဂုဏ်ကိုးတို့ လေးယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အဆုံးစွန် နားလည်ပေးပြီး ချစ်ကြတဲ့ သူငယ်ချင်းတွေပါ ဦးဖန် ...



www.burmeseclassic.com

www.burmeseclassic.com



အခု ဒီဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကြောင့် ဂုဏ်ကိုးတို့ လေးယောက်ကြားမှာ အစိုင်အခဲ အဖုအထစ်လေးတွေ ရှိသွားပါပြီ။ အဓိက ပြောချင်တဲ့ အချက်ကတော့ မဒီက ဦးဖန်ကို ဝန်ခံတာပါ။ ပြီးတော့ သူ့ကို စိတ်မဆိုးဖို့လည်း ဂုဏ်ကိုးတို့က request လုပ်ပါတယ်"

"ဘန်ဘန်နဲ့ မဒီတို့က ဘာလို့ ရန်ဖြစ်ကြတာလဲ"

"ရန်ဖြစ်တာ မဟုတ်ပါဘူး။ သူတို့ချင်း ခံစားချက်အဝေ မတည့်ဖြစ်သွားတာပါ"

ခံစားချက် အဝေမတည့်ဘူးတဲ့။ ဖန်ယွန်းက ဒီစကားရဲ့အဓိပ္ပာယ်ကို နားလည်သလို ရှိလာကာ အတည်ပြုချက်တစ်ခု တောင်းလိုက်ရသည်။

"ဘန်ဘန်နဲ့ ခံစားချက် အဝေမတည့်ဘူးဆိုတော့ ဘန်ဘန်က ..."

သူ့စကားတောင် မဆုံးသေးခင်မှာ ဂုဏ်ကိုးက လျင်မြန်စွာ ဖြတ်ပြောလေသည်။

"ဒါတော့ ဂုဏ်ကိုး မပြောနိုင်ဘူး။ မဒီနဲ့ ဘန်ဘန်တို့ မကြာခင်မှာ အဆင်ပြေသွားမှာပါ။ ယောကျ်ားတစ်ယောက်





ဝင်လာတာနဲ့ ဂုဏ်ကိုးတို့ တည်ဆောက်လာခဲ့တဲ့ ခင်မင်မှုကို အပျက်မခံနိုင်ဘူး။ ဘန်ဘန့် စိတ်သဘောထားကို အဲဒါကြောင့် ဦးဖန် သိဖို့ မကြိုးစားပါနဲ့တော့"

ဖန်ယွန်းသည် အရမ်းကို ရှုပ်ထွေးလေသော ခံစားချက်အရှုပ်တော်ပုံတွေကြောင့် သက်ပြင်းချကာ ခေါင်းကိုခါယမ်းလိုက်သည်။ သူ့မျက်စိရှေ့မှာ အရမ်းကို သွက်လက်တက်ကြွနေကာ ချစ်ကြတဲ့ ဒီသူငယ်ချင်းလေးယောက်ထဲက ဘယ်သူ့ကိုမှ သူ့အချစ်ကြောင့် အဆိပ်သင့်မသွားစေချင်ပါ။

◆○◆



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၆ )

"မဒီ ... ငါ့ကို ခွင့်လွှတ်ပါဟာ၊ ငါ သိပ်မှားတယ်။ ယောကျ်ားတစ်ယောက်အတွက် ငါ နင့်ကို အဲဒီလိုလျစ်လျူ မရှုခဲ့သင့်ဘူး။ ငါ အရမ်းမှားတယ်"

ဘန်ဘန့်က မဒီတို့ကိုဖက်ကာ ကလေးတစ်ယောက်လို အော်ငိုပြောလေလျှင် မဒီကလည်း မျက်ရည်တွေကျလာကာ ...

"မဟုတ်ဘူး။ ငါက ပိုမှားခဲ့တာပါ ဘန်ဘန့်ရယ်။ သူငယ်ချင်းစည်းကို ဖောက်ခဲ့မိတာ။ နင့်အပေါ်ကို သစ္စာမရှိခဲ့တာ"

"တော်ပြီဟာ။ ငါတို့ ဒီအကြောင်းတွေ မပြောကြေး။ ဦးဖန်ဟာ ငါတို့အတွက်တော့ သဘောကျရုံ ရွှေမင်းသား





ပဲ။ ငါတို့ အရင်လိုပဲ ပျော်ပျော်ရွှင်ရွှင် ပြန်နေကြရအောင် နော်။ ယောကျ်ားတစ်ယောက်အတွက် ငါတို့ နှစ်ပေါင်းများစွာ တည်ဆောက်ထားတဲ့ ခင်မင်မှုကို ငါ ဘယ်တော့မှ မဖျက်ဘူး။ ငါတို့တွေ လေးယောက် တစ်အိပ်မက် မက်ခဲ့တဲ့ အိပ်မက်ကနေ နိုးလာပြီလို့ သဘောထားလိုက်ရအောင်"

ဘန်ဘန့်က အဲဒီလိုပြောလေလျှင် မဒီ့ရဲ့ရင်ထဲမှာ ငိုပြီးတော့တောင် ခံစားရလေသည်။ မဒီကတော့ ၂ တွေဝင်နေခဲ့ပြီး မဒီရဲ့မနာလို မစ္ဆိရစိတ်ကြောင့် ဘန်ဘန့်ရဲ့နှလုံးသားကော၊ ဦးဖန်ရဲ့နှလုံးသားကိုပါ ခံစားစေခဲ့ရတယ်။

"ဘန်ဘန့်ရယ် ... ငါ ... ငါဟာ ..."

"မဒီ ... ငါတို့တွေ အိပ်မက်က နိုးလာပါပြီဆိုဟာ။ ဒီအကြောင်းတွေ ဆက်မပြောတော့ဘူး။ ငါ့အတွက် အချစ်ထက် သူငယ်ချင်းကို ပိုမက်မောပါတယ်။ အချစ်ဆိုတာ နောက်တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် ပြန်လည်ရှင်သန်နိုင်တာပဲလေ။ ပြီးတော့ ဦးဖန်လို ဟိုတယ်ပိုင်ရှင် ကျိုကျိုတက် သူဌေးတစ်ယောက်က ငါတို့လို ကောင်မလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ချွတ်တားအဆင့်လောက်ပဲထားပြီး သိပ်မကြာခင်မှာပဲ သူ ငါတို့ကို မေ့သွားသလို ငါတို့တွေလည်း မေ့သွားမှာပါ”

ဘန်ဘန်က မေ့သွားမှာပါဂလို့သာ ပြောလိုက်ပေမယ့် ကိုယ့်ရဲ့စိတ်အတိုင်းအတာ ဘယ်လောက်ရှိခဲ့တယ်ဆိုတာ ကိုယ်ပဲ သိခဲ့ပေသည်။ ဒါပေမဲ့ ... ဒါပေမဲ့ ...။ ဘန်ဘန်တို့ သူငယ်ချင်းကြားမှာ ဘာအကြောင်းမှ မရှိချင်လို့ ဦးဖန်ဟာ ဘန်ဘန့်ဘဝရဲ့ ချန်ထားရစ်ခဲ့တဲ့ စာမျက်နှာတစ်ခုလိုပဲ သတ်မှတ်ပါရစေတော့။





# “သုံးလကြာပြီးနောက် အခြေအနေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ဘန်ဘန်ရေ။ မလာသေးဘူးလား"

"အေး ... လာနေပြီ။ on the way ။ နှင့်ကားလမ်းတွေက ကျပ်ညပ်နေတာ။ တန်းစီနေရတယ်။ ရောက်တော့မယ် ... ရောက်တော့မယ်"

ဘန်ဘန်က ဖုန်းပိတ်လိုက်ကာ ကားကို ဆက်မောင်းလာခဲ့သည်။ ဒီနေ့က မဒီရဲ့မွေးနေ့ဖြစ်သည်။ အရင်နှစ်တွေကဆို မဒီ့အိမ်မှာပဲ မွေးနေ့ပွဲ လုပ်နေကြကို စတန့်ထွင်ကာ ကန်တော်ကြီးထဲ လာခဲ့ဆိုလို့ ဘန်ဘန့်မှာ ကန်တော်ကြီးထဲ မောင်းချလာရတာဖြစ်သည်။ ဘန်ဘန်က ချိန်းထားတဲ့နေရာ ရောက်လေလျှင် ဘယ်သူမှ မတွေ့သေးတာမို့ ဘယ်ရောက်သွားပြီလဲဆိုပြီး ဖုန်းပြန်ဆက်ရလေသည်။

"ဟင်း ... ဘာလို့ ဖုန်းမကိုင်တာလဲ။ မကြားဘူးလားမဆော် ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဘန်ဘန်က ကိုယ့်ဘာသာ ရေရွတ်ရင်း နောက်တစ်ခါ ဖုန်းထပ်ခေါ်နေတုန်းမှာ ဘန်ဘန့် မြင်ကွင်းထဲကို တစ်စုံတစ်ရာက ဝင်လာလေသည်။ ရှပ်အင်္ကျီအဖြူဆွတ်ဆွတ်ကို စကြာပုဆိုးဖြင့် လိုက်ဖက်ညီစွာ တွဲဖက်ဝတ်ဆင်ကာ လက်ထဲမှာလည်း ရေပုံးတစ်ပုံးကိုင်ကာ ကန်စပ်အနားသို့ လျှောက်သွားလေသည်။ ဘန်ဘန်က အဲဒီ သူ့ရဲ့မျက်နှာကို ကားထဲကနေ အသာလှမ်းကြည့်မိသွားသည်။

ဟင် ... ဦးဖန်။ ဘန်ဘန်က ကိုယ့်ကိုမြင်သွားမှာစိုးတာကြောင့် ခေါင်းကို အသာငုံ့လိုက်ပြီးမှ ဦးဖန်ကို အသာချောင်းကြည့်လိုက်သည်။ ဟိုးအရင်ကလိုမျိုးပဲ ဦးဖန်ဟာ ကန်စပ်နားသွားကာ ရေထဲသို့ ပုံးထဲက ငါးတွေကို လွှတ်ပေးလေသည်။ မမျှော်လင့်ဘဲ ဦးဖန်ကို ဒီလိုပုံစံဖြင့် ဒုတိယအကြိမ် ပြန်မြင်ရလျှင် ဘန်ဘန်ဟာ ရင်ထဲမှာ ဆစ်ခံနဲ့တော့ ဖြစ်သွားရလေသည်။ အချိန်ကာလအားဖြင့် သုံးလလောက် ကြာပေမယ့် ဦးဖန်လိုလူမျိုးဟာ နောက်ကောင်မလေး ရှိသွားမယ်ဆိုတာ သေချာတာမို့ ဘန်ဘန်ဟာ ကျေနပ်ပြုံးတစ်ခုဖြင့် အဝေးကသာ ငေးနေသူအဖြစ် ရှိနေလေသည်။





ဦးဖန်က ငါးလွှတ်ပြီးနောက်မှာ သူ့ကားဆီသို့ သွားလေသည်။ သူ ပြန်တော့မယ်ပေါ့။ ဘန်ဘန်က မြင်ကွင်းထဲက ပျောက်ကွယ်သွားတော့မယ့် ဦးဖန်ကို အသည်းအသန်တွေ ကြည့်မိနေစဉ်မှာ ဦးဖန်ရဲ့ခြေလှမ်းတွေဟာ ကားဆီကနေ ဒီဘက် ဒီဘက်ကိုလျှောက် ... လျှောက်လာလေသည်။

"ဟင် ... သူ ... သူ ... တွေ့သွားလို့လား"

ဘန်ဘန်က အထိတ်တလန့် ဖြစ်နေစဉ်မှာ ဦးဖန်က တကယ်ကြီးပင် ဘန်ဘန့်အနားသို့ ရောက်လာလေသည်။

"ဘန်ဘန် ... မတွေ့တာ ကြာပြီနော်။ ကားပေါ်ကဆင်းပါဦး"

ဘန်ဘန့်ကို လာနှုတ်ဆက်တာမို့ ဘန်ဘန်ဘယ်လိုမှ ရှောင်လို့မရတော့ချေ။ ဦးဖန် ကြည့်ရတာ ဘာမှမဖြစ်သလိုမို့ ဘန်ဘန်က ခံစားသူ သွားလုပ်ပြလျှင် ကိုယ်ပဲ ဂိုးမှာမလို့ ခပ်တင်းတင်း မျက်နှာပေးဖြင့်ပင် ပြန်ပြီး အလိုက်အထိုက် နှုတ်ဆက်လိုက်သည်။

"အင် ... ဒီခဏလာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် … ဟုတ်လား။ ကိုယ်ကတော့ ဒီမှာ ယတြာလာချေတာလေ။ ဗေဒင်ဆရာပေးတဲ့ ယတြာက တစ်ခါလုပ်ရုံနဲ့ သိပ်မထိရောက်ဘူးကွ။ ပြီးခဲ့တဲ့ တစ်ခါကလည်း ကိုယ်ဒီမှာ ငါးလာလွှတ်ဖူးတယ်။ အချစ်ရေးမှာ ကံကောင်းအောင်လေ"

ဟင် … ဘာလဲဟ။ ဘန့်ဘန့်က ရီသလိုလိုစကားကြီးကြောင့် ပြန်ဖို့ဆုံးဖြတ်ကာ စက်နှိုးလိုက်လျှင် ဦးဖန်က စီယာတိုင်ပေါ်တင်လိုက်တဲ့လက်ကို ဖမ်းဆုပ်လိုက်လေသည်။

"ဦးဖန် … ဒါ ဘာလုပ်တာလဲ"

"ကိုယ့်ရဲ့ယတြာလေး ပြည့်သွားအောင် ဘန့်ဘန့် ကူညီပေးပါနော်"

"ဦးဖန် … ရှင် လွှတ်နော်။ ကျွန်မ အော်လိုက်ရမလား"

"ဟော့ … ကောင်မလေးကို လွှတ်လိုက်"

အော်သံစူးစူးနဲ့အတူ ပြူးဖြီးဖြီး မျက်နှာပေးတွေဖြင့် ရောက်လာသူတွေက မဒီ၊ မှိုင်းနဲ့ ဂုဏ်ကိုးတို့ပဲ ဖြစ်လေသည်။ ဂုဏ်ကိုးက ကားထဲသို့ ခေါင်းအသာလျှိုကာ …





"ဟဲ့ … ဘန့်ဘန့်မ၊ ကားပေါ်က ဆင်းဦးလေ။ ဘာထိုင်လုပ်နေတာလဲ"

ဘန့်ဘန့်က နားမလည်စွာဖြင့် ယောင်နန ကားပေါ်က ဆင်းလိုက်ရသည်။ မဒီက ဘန့်ဘန့်အနားသို့ ရောက်လာကာ …

"ချစ်ဆုံး … ဒီနေ့ ငါ့မွေးနေ့အတွက် ဘာလက်ဆောင်ပါလဲ"

"ဟင် … နင်ပဲ present မပေးနဲ့ဆို"

"မရဘူး။ အခု လိုချင်သွားပြီ။ ငါ တောင်းမယ်။ နင် ပေးမှာလား"

မဒီ့ရဲ့ပုံစံက ပြူးစီစီ ဖြစ်နေတာမို့ ဘန့်ဘန့်က အခြေအနေကို နည်းနည်းတော့ ဂရုပြုမိသွားသည်။ ဦးဖန်ကို ဒီနေ့ ဒီနေရာမှာ တွေ့တယ်ဆိုတာ တော်ရုံတန်ရုံ သွေးရိုးသားရိုး တိုက်ဆိုင်မှုမျိုးတော့ မဟုတ်ပေ။ အကွက်တွေ ရှိနေသလိုပဲ။

"မပေးဘူး။ မွေးနေ့မကျွေးလည်းနေတော့၊ ပြန်မယ်"

"ဟယ် … ဟယ် … ဟဲ့ … အဲဒီလို မလုပ်နဲ့လေဟယ်။ နင်ကလည်း …။ ဘန့်ဘန့် အတည်ပြောတာနော်။ ဒါကို

www.burmeseclassic.com



တွေ ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေပဲဟာ။ ငါ အခု ဘာစီစဉ်တယ်ဆိုတာ နင် ရိပ်မှာပါ။ ဟုတ်တယ် ... ဘန်ဘန်။ ငါ့မွေးနေ့မှာ အလိုချင်ဆုံးလက်ဆောင်က နင်နဲ့ ဦးဖန် ချစ်သူတွေ ဖြစ်သွားဖို့ပဲ"

"မဒီ ... နင် ဘာဖြစ်နေတာလဲ"

ဘန်ဘန်က ဦးဖန်ရဲ့ရှေ့မှာမို့ နည်းနည်းတော့ အမ်းတမ်းတမ်း ဖြစ်သွားရလေသည်။ မဒီကတော့ ထုံးစံအတိုင်း ဘာကိုမှ ဂရုမစိုက်ဘဲ ဆက်ပြောလေသည်။

"ဦးဖန်အတွက် နင်ဟာ 4 in 1 ချစ်သူ ဖြစ်ရမယ်။ ဒီကာလတွေမှာ ဦးဖန်က ရေလည်ဆွေးနေတာဟ။ ငါတို့ သူငယ်ချင်းတွေ သူ့ကြောင့် စိတ်ဝမ်းမကွဲစေချင်လို့ သူ နောက်ဆုတ်ပေးနေတာ။ ငါလည်း အခုချိန်မှာ ဘာကိုမှ မခံစားရတော့ဘူး။ ငါ့ရင်ထဲမှာ နင့်ကို ဦးဖန်နဲ့ချစ်သူတွေ ဖြစ်သွားစေချင်တဲ့ ဆန္ဒပဲရှိတယ်။ ငါ့ကို အဲဒီဆန္ဒလေး ပြည့်အောင် ဖြည့်ပေးတဲ့ လက်ဆောင်ပေးပါဟာ"

သူ ပြောချင်ရာ ပြောနေသော မဒီ့ကြောင့် ဘန်ဘန်မှာ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ချေ။





"မဒီရာ ... နင်ကတော့ ဒုက္ခပါပဲ။ ငါတို့ကြားက ကတိကို နင် မေ့ပစ်လိုက်ပြီလား"

"ဘာလဲ ... ဟိုတလောက အူကြောင်ကြောင်တွေဖြစ်ပြီး ငါတို့လေးယောက် လုံးဝရည်းစားမထားဘူးဆိုတဲ့ ကတိလား။ ဟော့အေးနော် ... အဲဒီကတိကိုတော့ ဖျက်မှာပဲ။ သမီးတို့က ရည်းစားထားမှာပဲ"

"ဟုတ်တယ်နော်။ ငါလည်း ရည်းစားထားမှာပဲ"

"ငါလည်း အတူတူပဲနော်"

ဦးဖန်ရှေ့မှာ ပေါချင်သလိုတွေ ပေါပြနေသော အဲဒီသုံးယောက်ကို ဘန်ဘန်က စိတ်ညစ်လာပါသည်။

"ဟဲ့ ... နင်တို့ ဘာဖြစ်နေကြတာလဲ"

"ဦးလေးကြီး ... ဦးလေးကြီးကလည်း သိပ်တုံးတာပဲ။ ဒါကြောင့် ဒီအချိန်ထိ မိန်းမ,မရသေးတဲ့ လူပျိုသိုးကြီး ဖြစ်နေတာ။ နည်းနည်းပါးပါး ကပ်ချုပ်ဦးလေ။ အာ ... ပိန်းလိုက်တဲ့ ပိန္န man ပဲ"

မဒီက ဦးဖန်ကို သွားမြှောက်ပေးနေလျှင် ဦးဖန်က ပြုံးမြမြ မျက်နှာပေးနဲ့အတူ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဂလိုလား"

"ဂလို ... ဂလို ... ကဲ ... ကဲ ... ပြီးရင် ဒီစုံတွဲ western Park ကို လိုက်လာခဲ့နော်။ ဘန်ဘန် ... နင်ရည်းစားမပါရင် ငါ့မွေးနေ့ မလာခဲ့နဲ့ ဒါပဲ"

မဒီ၊ မှိုင်းနဲ့ ဂုဏ်ကိုးက ပြောချင်ရာပြောကာ ဘန်ဘန့်ကို ထားခဲ့လေလျှင် ဘန်ဘန့်မှာ ဟဲ့လို့လည်းမရ ဟန့်လို့လည်းမရဘဲ ဦးဖန်နဲ့ နှစ်ယောက်တည်း ကျန်ခဲ့လေသည်။ ဘန်ဘန်က ဘာလုပ်ရမှန်းမသိစွာ နားထင်ကို လက်ညှိုးဖြင့်အသာ ပွတ်နေစဉ်မှာ ဦးဖန်က ဘန်ဘန့်ရဲ့လက်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်လျှင် ဘန်ဘန်က လန့်သွားကာ ...

"ဟ ... ဘာလုပ်တာလဲ"

"ဘန်ဘန့်ကို ကိုယ် ရည်းစားစကား ပြောမလို့ပါ"

ပေါ်တင်ကြီးကို ရည်းစားစကားပြောမယ် ဆိုသောအခါ ဘန်ဘန်က ရင်တော့ ခုန်လာရပါသည်။ ဘန်ဘန်က ဘာမှဆက်မပြောရသေးခင်မှာ ဦးဖန်က ဘန်ဘန့်အနားသို့ နည်းနည်းတိုးလာကာ ...





"ဘန်ဘန့်ကို ကိုယ် အရမ်းချစ်တယ်။ ကိုယ့်ဘဝရဲ့အချစ်တွေအားလုံး ဘန်ဘန့်ဆီမှာ အပ်နှံပါတယ်"

ဘန်ဘန်က အဲဒီစကားတွေအတွက် ဘာမှမပြောဘဲ ငြိမ်နေကာ ပြုံးစိစိ ဖြစ်နေသည်။ ရင်ထဲမှာတော့ ဘင်ခရာတီးဝိုင်းအလား ဖြစ်နေတာဖြစ်သည်။ ပြီးတော့ ဘန်ဘန်တို့နှစ်ယောက်ရဲ့ဖက်ရှင်ကလည်း အရမ်းအထာကျသည်။ ဦးဖန်က ပုဆိုးနဲ့။ ဘန်ဘန်ကကျတော့ လိမ္မော်ရောင် ဘလောက်စ်လက်ပြတ်ကို စကတ်အတိုလေးဖြင့် လုံးဝအလန်းလွန် အလွန်လန်းနေတာဖြစ်သည်။

"ဟိတ် ... တစ်ခုခု ပြန်ပြောဦးလေ ဘန်ဘန်"

ဘန်ဘန့်ကို မေးခွန်းထုတ်နေတာမို့ ဘန်ဘန်က အားလုံး သဘောတူပေးနေသော ဦးဖန်ကို နည်းနည်းလောက် ရစ်ချင်သေးတာမို့ ...

"ပြောရမယ်ဆိုရင်တော့ ဒီအဆင်နဲ့ ဒီအဆင် လုံးဝ matching မဖြစ်ဘူး။ ဒီလို ပုံတုံးကြီးနဲ့ ဆိုရင်တော့ စိတ်မဝင်စားဘူး"

"ဩော် ... အဲဒီလို ... Ok ... ခဏလေးစောင့်"



www.burmeseclassic.com

www.burmeseclassic.com



ဟင် ...။ ဦးဖန်က ဘန်ဘန့်အနားက ရှတ်ခနဲ ထွက်သွားကာ သူ့ကားဆီ အပြေးသွား၏။ ဘာသွားလုပ်တာပါ လိမ့်။ ဘန်ဘန်က ကားကို လှမ်းကြည့်နေစဉ်မှာပင် ဦးဖန်က အားပေါ်ကနေ ဆင်းလာလေ၏။ အဲ ... ဟယ်တော့။ လုံးဝ လုံးဝ ကို ကြွရွနေသော အစိမ်းနုရောင်ရှပ်ကို skinny style ဂျင်းဖြင့် လုံးဝအထာကျစွာ အကျီသွားလဲလာကာ ဘန်ဘန့်ဆီ ပြန်လာလေ သည်။

"ကဲ ... ဒီလောက်ဆိုရင်တော့ ဖြစ်ပါပြီနော်။ ကိုယ့်ကို အဖြေပေးပါတော့ ဘန်ဘန်ရယ်"

ဘန်ဘန်က ဦးဖန်ကို သဘောတကျဖြင့် စိုက်ငေး ကြည့်မိသွားသည်။ ဘန်ဘန် အရမ်းကံကောင်းတာပဲ။ ဘန်ဘန့် ကို သိပ်ချစ်တဲ့ သူငယ်ချင်းတွေရယ်၊ ဒီလို ဒီလို ချစ်ဖို့ကောင်းတဲ့ mother father gentleman ကြီးကို ပိုင်ဆိုင်ခွင့်ရတာ သိပ်ကံ ကောင်းတာပဲ။

"ဘန်ဘန် ... ဖြေဦးလေကွာ"

"ကားပေါ်တက်လေ။ မဒီတို့ စောင့်နေလောက်ပြီ"





ဘန်ဘန်က ဟိုဘက်တစ်ဖက်ကိုပတ်ကာ ကားထဲ ဝင်ထိုင်လိုက်ပြီး သူ့ကိုမောင်းခိုင်းလျှင် ဦးဖန်က ဟား,ဆိုတဲ့ အာမေဋိတ်နဲ့အတူ ကားထဲဝင်ထိုင်ကာ ...

"အရမ်းကို ကျေးဇူးတင်ပါတယ် ဘန်ဘန်ရယ်။ ကိုယ့်ကို ပြန်ချစ်တဲ့ အတွက်ပေါ့"

ဘန်ဘန်က အပြုံးတစ်ခုနှင့်အတူ သူ့ကို မျက်စိ တစ်ဖက် မှိတ်ပြလိုက်သည်။ မှန်ချထားတဲ့ ကားမှန်တွေဟာ တဖြည်းဖြည်းနဲ့ အပေါ်ကို တက်လာကာ မှန်တင်လိုက်သည်။ ကားကို စတင်ဘီးလှိမ့်လိုက်တာနဲ့ ဘန်ဘန်က သီချင်းဖွင့်လိုက် ၏။

ဘရစ်တနီရဲ့ "Till the world Ends"သီချင်းက မြူးကြွစွာ ပျံ့လွင့်လာသလို ဦးဖန်အပေါ် ထားရှိတဲ့ ဘန်ဘန့်ရဲ့ ချစ်ခြင်းတရားကလည်း ကမ္ဘာကြီးဆုံးသည့်တိုင် အဆုံးမရှိ ချစ်မယ် ဆိုတာ အရမ်းသေချာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးရူးတင်စွာဖြင့်

**မယ်မင်းဘုံ**

21.6.2013. (5:27)A.M

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**

www.burmeseclassic.com